၇ ရက် သတင်းဂျာနယ်

# 7 DAY NEWS JOURNAL

http://www.7daynewsjournal.com

အတွဲ(၁၀)၊ အမှတ်(၄၁)    ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည်    ၁၃၇၃ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက် ၊ ကြာသပတေး၊ (ဒီဇင်ဘာ ၂၉ ၊ ၂၀၁၁)



TRI
MEN'S AND LADIES' WEARS




## မြန်မာနိုင်ငံတွင် အလုပ်လက်မဲ့နှုန်း နှစ်စဉ် လူတစ်သန်းကျော် တိုးနေ

**အောင်သူရ**

**ရန်ကုန်၊ ဒီဇင်ဘာ-၂၀**

လူဦးရေသန်း ၆၀ ဝန်းကျင်ရှိသော မြန်မာနိုင်ငံတွင် တစ်နှစ်လျှင် လူတစ်သန်းကျော်နှစ်စဉ် အလုပ်လက်မဲ့တိုးပွားနေကြောင်း အလုပ်သမားဝန်ကြီးဌာန ဒု-ဝန်ကြီးဦးမြင့်သိန်းက ပြောသည်။

"နှစ်စဉ်လူဦးရေ ၁ ဒသမ ၁ ရာခိုင်နှုန်း တိုးနေတယ်။ တိုးတိုင်းတိုးတိုင်း နှစ်စဉ်အလုပ်လက်မဲ့တစ်သန်းကျော်တိုးနေတယ်" ဟုဒုတိယဝန်ကြီးကဆိုသည်။

**စာ(၁၂)သို့**

**ဝန်ထမ်းခေါ်ကြော်ငြာများအား လူစည်ကားရာနေရာများတွင် လိုက်လံကပ်ပေးခြင်းဖြင့် ဝင်ငွေရှာနေသော လူငယ်တစ်ဦးကို တွေ့ရစဉ်**

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

## အလုပ်သမားပတ်စ်ပို့သက်တမ်း လေးနှစ်ပေးရန် စီစဉ်နေ

**အောင်သူရ**

**ရန်ကုန်၊ ဒီဇင်ဘာ-၂၂**

ပြည်ပနိုင်ငံများတွင် အလုပ်သွားရောက်လုပ်ကိုင်မည့်လုပ်သားများ၏ နိုင်ငံကူးလက်မှတ်သက်တမ်းကို လေးနှစ်ပေးရန် စီစဉ်ဆောင်ရွက်နေကြောင်း အလုပ်သမားဝန်ကြီးဌာနညွှန်ကြားရေးမှူးချုပ် ဦးချစ်ရှိန်ကပြောသည်။

"အလည်အပတ်သုံးနှစ်၊ အလုပ်လုပ်မယ့်သူက လေးနှစ်၊ သင်္ဘောသားအတွက်က ငါးနှစ်ဖြစ်အောင် ဆောင်ရွက်ပေးဖို့ စီစဉ်ထားပါတယ်" ဟုဦးချစ်ရှိန်ကဆိုသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ နိုင်ငံကူးလက်မှတ်ထုတ်ပေးရေး ဌာနရှိ ရဲမှူးတစ်ဦးကို မေးမြန်းသောအခါ "လတ်တလောတော့ မရနိုင်သေးဘူး။ တင်ပြဖို့ လုပ်နေပြီ။ လာမယ့်နှစ်တော့ ရမယ်" ဟုပြန်လည်ဖြေကြားခဲ့သည်။

**စာ(၁၂)သို့**

## ပုပ်ရဟန်းမင်းကြီး၏ ခရစ္စမတ်ဆုတောင်းတွင် မြန်မာနိုင်ငံပြန်လည်ရင်ကြားစေ့ရေး ထည့်သွင်းဆုတောင်း

**ဗာတီကန်၊ ဒီဇင်ဘာ ၂၅**

ပုပ်ရဟန်းမင်းကြီး၏ ၂၀၁၁ခုနှစ်ခရစ္စမတ်အတွက်တောင်းသောဆုတောင်းတွင် မြန်မာနိုင်ငံ ပြန်လည်ရင်ကြားစေ့ရေးကို ထည့်သွင်းဆုတောင်းခဲ့သည်။

ပုပ်ရဟန်းမင်းကြီး၏ခရစ္စမတ်ဆုတောင်းတွင် ဆီးရီးယားနိုင်ငံ ငြိမ်းချမ်းရေးရရှိရေး၊ မြန်မာနိုင်ငံတွင်းတွင် ပြန်လည်ရင်ကြားစေ့ရေး၊ ထိုင်းနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သော ရေကြီးမှုကြောင့်ဖြစ်ပေါ်ခဲ့သော ဒုက္ခများ အမြန်ပြေလည်စေရေးနှင့်ဖိလစ်ပိုင်နိုင်ငံအတွက်ပါ သူ၏ 'To the City and the World" ခရစ္စမတ်ဆုတောင်းတွင် ထည့်သွင်းဆုတောင်းခဲ့သည်။

ပုပ်ရဟန်းမင်းကြီးက ပြည်တွင်းအဓိကရုဏ်းများကြောင့် လူပေါင်း၅၀၀၀ကျော်သေဆုံးခဲ့ပြီဖြစ်သော ဆီးရီးယားနိုင်ငံအတွက် ဘုရားသခင်ထံတွင် ဆီးရီးယားနိုင်ငံ၌ အပစ်အခတ်များရပ်စဲပြီး တိုက်ပွဲများ အဆုံးသတ်ပါစေဟု ဆုတောင်းပေးခဲ့သည်။

Ref; CNN

## ခရစ္စမတ်တေးသံတွေ တိုးတိတ်ခဲ့တဲ့ ည

**ဆိုင်းမိုင်**



**မြစ်ကြီးနားမြို့ စစ်ပြေးဒုက္ခသည်များ တည်ရှိရာ ခရစ်ယာန်ဘုရားကျောင်းတွင် ကချင်ခရစ်ယာန်အသင်းတော်က ခရစ္စမတ် သီချင်းသီဆိုနေစဉ်။ ထိုကဲ့သို့သီဆိုမှုမှာ ယခုနှစ်တွင် ကချင်ပြည်နယ်၌ အနည်းငယ်သာရှိခဲ့သည်။**

"ရွာမှာဆို ခရစ္စမတ်ပွဲကို လေးရက်လောက်လုပ်ကြတယ်။ မနေ့အကပြိုင်ပွဲနဲ့ ဈေးရောင်းပွဲတော်တွေကို အကြီးအကျယ်လုပ်တယ်။ အရမ်းပျော်ဖို့ကောင်းတယ်။ ရွာကိုလွမ်းလိုက်တာ" ဟုဂျာပူကျေးရွာမှ မြစ်ကြီးနား စီတာပူ ဘုရားကျောင်းရောက် စစ်ပြေးဒုက္ခသည် အဘွားအိုတစ်ဦးက ဒီဇင်ဘာ ၂၅ရက်တွင် ခရစ္စမတ်ပွဲတော်ကို သတိတရ ဖွင့်ဟခဲ့သည်။

ခရစ်ယာန်ဘာသာဝင်များ အထွတ်အမြတ်ထားရာ ဒီဇင်ဘာလ၏ ခရစ္စမတ်ပွဲတော်မှာ ယခုနှစ်တွင် ကချင်ပြည်နယ်၌ဖြစ်ပွားနေသော စစ်ပွဲများ၏ဂယက်ကြောင့် ထူးထူးခြားခြားငြိမ်သက်နေသည်။

**အချပ်ပို(A)သို့**

## နည်းပညာတက္ကသိုလ် ဘာသာရပ်ခုနစ်မျိုးကို သက်ဆိုင်ရာတက္ကသိုလ်များတွင် ပေါင်းစည်းဖွင့်လှစ်ရန်စီစဉ်

**နေလင်းထွန်း**

**ရန်ကုန်၊ ဒီဇင်ဘာ - ၂၆**

နည်းပညာတက္ကသိုလ်များရှိဘာသာရပ်ခုနစ်မျိုးအား သက်ဆိုင်ရာ နည်းပညာတက္ကသိုလ်များအလိုက် ပေါင်းစည်းဖွင့်လှစ်သွားမည်ဖြစ်၍ ယင်းဘာသာရပ်သင်ယူနေသော ကျောင်းသား၊ ကျောင်းသူများ ကျောင်းပြောင်းရွှေ့ရမည့်အခြေအနေရှိနေကြောင်း သတင်းရရှိသည်။ လက်ရှိဆရာ၊ဆရာမဦးရေ၊ လက်ရှိကျောင်းသား၊ ကျောင်းသူဦးရေနှင့် လက်ရှိသင်ထောက်ကူပစ္စည်းများအရ ဘာသာရပ်ငယ်များ၏ သင်ကြားရေးကို ထိရောက်စွာဆောင်ရွက်နိုင်ရန် ဘာသာရပ်များအား နည်းပညာတက္ကသိုလ်များအလိုက် ပြောင်းရွှေ့ပေါင်းစည်းဖွင့်လှစ်သွားရန် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ သက်မွေးပညာဦးစီးဌာနမှ ဒီဇင်ဘာ ၂၀ ရက်စွဲဖြင့် ညွှန်ကြားချက်ထုတ်ပြန်ထားသည်။ **စာ(၁၂)သို့**





CNC
JACKET
men's wear
ENVIRONMENT FRIENDLY
www.cncmenwear.com
photo : Naing Naing (R-2) : design : nyein thu


D2
100% Cotton
NEW ITEM
SHOP NOW


Nino
NEW
ARRIVAL
CONTACT
PH:203269.202657..

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.10, No.41 · DECEMBER 29, 2011

**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး၊
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး၊
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး၊

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွား ရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော် နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုး သားရေးလက္ခဏာများ မပျောက် ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး၊
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# အိုင်စီအဖွဲ့ ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံ



*အိုင်စီအဖွဲ့သားများ၊ ၎င်းတို့မိသားစုများနှင့် ဒေါ်အောင်ဆန်းစုကြည်* ဓာတ်ပုံ-အိုင်စီ

**သားငယ်**

**ရန်ကုန်၊ ဒီဇင်ဘာ- ၂၆**

အိုင်းရင်းခရော့စ်တေးဂီတဝိုင်းမှ တီးဝိုင်းမန်နေဂျာဦးကိုကိုလွင် အပါအဝင် အဆိုတော်များ နှင့် အတီးသမားများသည် ယနေ့ညနေပိုင်းက ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခဲ့ကြ ကြောင်း သတင်းရရှိသည်။

"အဓိက ဘာတွေပြောဖြစ်လည်းဆို ဟိုအကြောင်း၊ ဒီအကြောင်းပေါ့။ ပညာရေးရန်ပုံငွေ နဲ့ ပတ်သက်တဲ့ကိစ္စလေးတွေ၊ နောက်ပြီး ကျွန်တော်တို့ ပါဝင်ကူညီနိုင်တာတွေ ပြောဖြစ်ကြ တယ်။ ဒီလောက်ပါပဲ"ဟု ယင်းတွေ့ဆုံမှုနှင့်ပတ်သက်၍ ဦးကိုကိုလွင်က 7Day Newsသို့ပြော ကြားသည်။

ယင်းတွေ့ဆုံမှုတွင် အိုင်စီ၏ ပင်တိုင်အဆိုတော် လေးဖြူ၊ အငဲ၊ မျိုးကြီး၊ ဝိုင်ဝိုင်းတို့ပါဝင် ခဲ့ပြီး တီးဝိုင်းအဖွဲ့ဝင်များ၏ မိသားစုအချို့ ပါဝင်ခဲ့ကြကြောင်း သိရသည်။

ယခုလ ၃၀ ရက်တွင် မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပပြုလုပ်မည့် ရန်ပုံငွေဂီတ ဖျော်ဖြေပွဲတွင် အိုင်စီပါဝင်ခြင်းမရှိသေးဘဲ ရန်ပုံငွေဖျော်ဖြေပွဲပြုလုပ်ရန်အတွက်မူ သီးသန့် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဦးကိုကိုလွင်ကပြောသည်။

"ရန်ပုံငွေပွဲအနေနဲ့ ကျွန်တော်တို့လုပ်ဖြစ်ရင် သီးသန့်ပဲဖြစ်မှာပါ။ သေချာပြီဆိုရင်တော့ အသိပေးမှာပါ"ဟု ၎င်းကဆက်လက်ပြောသည်။

# ပုဂ္ဂလိကကုမ္ပဏီငါးခု အနောက်တိုင်းဆေးဝါး စတင်ထုတ်လုပ်ခွင့်ရတော့မည်

**ဝတ်ရည်**

**ရန်ကုန်၊ ဒီဇင်ဘာ- ၂၁**

ပြည်တွင်းတွင် အနောက်တိုင်းဆေးဝါးများထုတ်လုပ်ရန်အတွက် ပထမဆုံးအကြိမ် အဖြစ် ပုဂ္ဂလိကကုမ္ပဏီငါးခုကို မကြာမီခွင့်ပြုပေးတော့မည်ဖြစ်ကြောင်း မြန်မာ့ရင်းနှီး မြှုပ်နှံမှုကော်မရှင်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"ဆေးဝါးထုတ်လုပ်ဖို့အတွက် လိုအပ်တဲ့စက်ရုံတည်ဖို့ သင့်တော်တဲ့နေရာ၊ ငွေကြေး ပမာဏတွေ၊ ဘယ်ဆေးဝါးကိုထုတ်လုပ်မယ်ဆိုတဲ့အချက်တွေနဲ့တခြားလိုအပ်တဲ့ အချက် အလက်တွေကို လေ့လာနေတယ်။ မကြာခင်ခွင့်ပြုပေးမှာပါ"ဟု ဒုတိယ ညွှန်ကြားရေး မှူးချုပ် ဦးအောင်နိုင်ဦးက 7Day News သို့ ပြောကြား သည်။

လက်ရှိတွင် မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ခွင့်ပြုမိန့်အား စောင့်စားရင်း ကုမ္ပဏီ တစ်ခုကလည်း ခုခံအားကျဆင်းမှုရောဂါဝေဒနာခံစားနေရသူများအတွက် မရှိမဖြစ် လိုအပ်သည့် ARV ဆေးဝါးများထုတ်လုပ်ရန် စက်မှုဝန်ကြီးဌာနလက်အောက် ရှိမြန်မာနိုင်ငံဆေးဝါးထုတ်လုပ်ရေးနှင့် သုတေသနဌာနဝင်းအတွင်းရှိ အဆောက်အအုံ အချို့အား ငှားရမ်းပြီး သုတေသနလုပ်ငန်းများဆောင်ရွက်နေပြီဖြစ်ကြောင်း The Voice ဂျာနယ်တွင် ဖော်ပြထားသည်။

ပုဂ္ဂလိကကုမ္ပဏီငါးခုမှ မည်သည့်ဆေးဝါးများထုတ်လုပ်မည်ကိုမူ ယခုချိန်အထိ မသိရှိရသေးကြောင်း အဆိုပါကော်မရှင်ကပြောသည်။

ပြည်တွင်းတွင် ဆေးဝါးများ ထုတ်လုပ်နိုင်ပါက ဆေးဝါးကုန်ကျမှုတန်ဖိုး ၃၀ရာခိုင် နှုန်းခန့် လျော့နည်းသွားမည်ဖြစ်ကြောင်း ပါမောက္ခဒေါက်တာမြင့်မြင့်ခင်က မြန်မာ နိုင်ငံဆရာဝန်အသင်းတွင် ပြုလုပ်ခဲ့သည့် ဟောပြောပွဲတစ်ခု၌ ပြောကြားခဲ့သည်။

မြန်မာနိုင်ငံအတွက် ပြည်ပမှ နှစ်စဉ် ဆေးဝါးများတင်သွင်းနေရပြီး တရားမဝင် ဝင်ရောက်လာသည့်ဆေးဝါးအတုပြဿနာများ၊ အကြောင်းအမျိုးမျိုးများကြောင့် ဈေးနှုန်း မြင့်မားသည့်ပြဿနာများမှာ သုံးစွဲသူများအား နစ်နာစေသည့်အကြောင်းရင်းများဖြစ် သည်။

လက်ရှိတွင်စက်မှု(၁)ဝန်ကြီးဌာနရှိဘီပီအိုင်ဆေးဝါးထုတ်လုပ်ရေးနှင့်တပ်မတော် ဆေးဝါးထုတ်လုပ်ရေးတို့က ဆေးဝါးများထုတ်လုပ်ပေးနေသည်။



7DAY NEWS JOURNAL
Vol.10, No.41 · DECEMBER 29, 2011

CRIME CORNER

## အမြန်လမ်းမပေါ်ကားမှောက် သုံးဦးသေ နှစ်ဦးဒဏ်ရာရ

ဝတ်ရည်၊ သိမ့်သိမ့်စိုး

ရန်ကုန်၊ ဒီဇင်ဘာ-၂၂

ရန်ကုန်-မန္တလေး အမြန်လမ်းမပေါ်တွင် ယာဉ်တိမ်းမှောက်မှု ထပ်မံဖြစ်ပွားခဲ့ပြီး လူသုံးဦးသေဆုံးခဲ့ကြောင်း သတင်းရရှိသည်။

ဒီဇင်ဘာ ၁၈ရက် ည ၁၂နာရီခွဲတွင် ရန်ကုန်-မန္တလေး အမြန်လမ်း၊ ရန်ကုန်-နေပြည်တော်အပိုင်း မိုင်တိုင်အမှတ် (၁၈၅/၄)၌ ရန်ကုန်မှ နေပြည်တော်သို့ မောင်းနှင်လာသည့် တိုယိုတာဟိုင်းလတ်ယာဉ်သည် အရှိန်ပြင်းပြီး လမ်း၏ညာဘက်ခြမ်းသို့ တိမ်းမှောက်သွားခဲ့သည်။ ယာဉ်ပေါ် ပါလာသည့် အမျိုးသား ငါးဦးတွင် နှစ်ဦးမှာ နေရာတွင်သေဆုံးပြီး သုံးဦး ဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရသူသုံးဦးတွင် တစ်ဦးမှာ ထပ်မံ သေဆုံးခဲ့သည်။ ကျန် ဒဏ်ရာရရှိသူနှစ်ဦးအား အတွင်းလူနာအဖြစ် ကုသနေကြောင်း လယ်ဝေးရဲစခန်းမှ သိရသည်။

"ဖြစ်တာကတော့ အရှိန်လွန်ပြီးမှောက်တာပါ"ဟု လယ်ဝေးရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်တစ်ဦးကပြောသည်။

ဒီဇင်ဘာ ၂၀ ရက်တွင်လည်း နေပြည်တော်မှ မန္တလေးသို့မောင်းနှင်လာသည့် ကိုယ်ပိုင်ယာဉ်တစ်စီးသည် အရှိန်လွန်မောင်းနှင်ရာမှ တိမ်းမှောက်မှုဖြစ်ပွားခဲ့ပြီး လူသေဆုံးမှု မရှိခဲ့ကြောင်း တံတားဦးစေတနာရှင်လူမှုကူညီရေးအသင်းမှ တာဝန်ရှိသူတစ်ဦးက ထပ်မံပြောကြားသည်။

မိုင်တိုင်၁၈၅တွင်ဖြစ်ပွားခဲ့သည့်ယာဉ်တိမ်းမှောက်မှုအား လယ်ဝေးရဲစခန်းမှ(ပ)၃၃၆/ ၂၀၁၁ ပုဒ်မ ၃၃၈/၃၀၄-က ဖြင့် အရေးယူထားပြီး ထိုအမြန်လမ်းတွင် ယာဉ်တိမ်းမှောက်မှုများ မကြာခဏဖြစ်ပွား၍ အများအားဖြင့် ကိုယ်ပိုင်ယာဉ်များ အရှိန်ပြင်း မောင်းနှင်ရာမှဖြစ်ပွားခြင်းဖြစ်ကြောင်း သိရသည်။

ယင်းအမြန်လမ်းတွင်ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လမ်းညွှန် သင်္ကေတအမှတ်အသားများ၊ သတိပေးဆိုင်းဘုတ်များလည်း စိုက်ထူသတိပေးထားသည်။

# စွယ်တော်အလှူငွေနှင့်လက်ဝတ်ရတနာများဖြင့် တရုတ်နိုင်ငံတွင် ရွှေတိဂုံပုံစံတူစေတီတည်မည်

ညီညီဇော်

မန္တလေး၊ ဒီဇင်ဘာ - ၂၃



ဗုဒ္ဓမြတ်စွယ်တော်အတွက် မြန်မာနိုင်ငံမှ ရဟန်းရှင်လူပြည်သူများက လှူဒါန်းငွေများကို လွှဲပြောင်းပေးအပ်စဉ်

တရုတ်ပြည်သူ့ သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်ကို လာရောက် ပူဇော်ကြသည့် မြန်မာနိုင်ငံမှ ရဟန်းရှင်လူပြည်သူများ လှူဒါန်းသည့် ဝတ္ထုငွေများ၊ ရွှေငွေရတနာကျောက်သံပတ္တမြားတို့ဖြင့် တရုတ်နိုင်ငံတွင် ရွှေတိဂုံပုံစံတူစေတီတည်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဟန်နန်ပြည်နယ်၊ လော့ရန်မြို့ (Luoyang City, Henan Province) ရှိ မြင်းဖြူဘုရားကျောင်းတွင် ရွှေတိဂုံစေတီ ပုံစံတူတည်မည်ဖြစ်ပြီး မြေတစ်ဧကပေါ်တွင် တည်မည်ဖြစ်သည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော် ပင့်ဆောင်ရေးကော်မတီဥက္ကဋ္ဌ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်က ရွှေတိဂုံပုံစံတူစေတီတည်မည့်ကိစ္စရပ်နှင့်ပက်သက်၍ "ဉာဏ်တော်အနေနဲ့ကတော့ တိတိကျကျပြောလို့ မရသေးပါဘူး။ ရွှေတိဂုံလိုတော့ ကြီးကြီးမားမား မတည်နိုင်ပါဘူး။ ခန့်မှန်းခြေ အတောင် ၇၀ လောက်ပေါ့"ဟု ပြောကြားသည်။

ဆက်လက်ပြီး သူရဦးမြင့်မောင်က "ပထမအကြိမ်ပင့်ဆောင်စဉ်ကတော့ ကျွန်တော်တို့ မမီလိုက်ပါဘူး။ ၁၉၉၄ခုနှစ် စွယ်တော် အပူဇော်ခံရာမှာ နိုင်ငံတော်အစိုးရအနေနဲ့ စွယ်တော်တိုက်ပြင်ဆင်ဖို့ တည်ဆောက်ဖို့ဆိုပြီး ဒေါ်လာငါးသိန်းလှူလိုက်ပါတယ်။ ကျန်တဲ့ဟာ အသေးစိတ်ကိုတော့ မသိရှိရပါဘူး။ ၁၉၉၆ ခုနှစ်က အပူဇော်ခံတဲ့အချိန်မှာ မသမာသူတွေကြောင့် ဗုံးခွဲဖျက်ဆီးခြင်းကိုလည်း ခံခဲ့ရပါတယ်။ အဲတုန်းကတော့ ဒေါ်လာတစ်သိန်းပဲ လှူလိုက်ပါတယ်။ ကျန်တဲ့ ရတဲ့မြန်မာငွေသိန်းငါးရာကျော်ကိုတော့ ရန်ကုန်၊ မန္တလေးစွယ်တော်ပွားစေတီနှစ်ဆူတည်တဲ့နေရာမှာ ထည့်သွင်းလှူဒါန်းလိုက်ပါတယ်။ အလှူခံရရှိတဲ့ တရုတ်နိုင်ငံကို ကျောက်သံပတ္တမြားတွေကိုလည်း ယူဆောင်မသွားပါဘူး။ ရန်ကုန်၊ မန္တလေး စေတီတော်ကြီးနှစ်ဆူက ထီးတော်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ဌာပနာတော်တွေမှာပဲ ထည့်သွင်းပူဇော်ခဲ့ပါတယ်။ အခု စတုတ္ထအကြိမ်မှာ လှူဒါန်းမှုတွေ ပိုရပါတယ်"ဟုပြောကြားသည်။

တရုတ်နိုင်ငံမှ စွယ်တော်သည် လေးကြိမ်တိုင် အပူဇော်ခံခဲ့သည်။ ပထမအကြိမ်၁၉၅၅ခုနှစ်၊ ဆဋ္ဌသံဂါယနာတင်သည့်အချိန်ဖြစ်သောကြောင့် ရှစ်လတာ အပူဇော်ခံခဲ့သည်။ ပြည်ပတွင် အချိန်အကြာဆုံး အပူဇော်ခံခဲ့ခြင်းဖြစ်သည်။ ဒုတိယအကြိမ် ၁၉၉၄ ခုနှစ် ရန်ကုန်၊ မန္တလေးတို့တွင် ၄၅ ရက်တာ အပူဇော်ခံခဲ့သည်။ တတိယအကြိမ် ၁၉၉၆ ခုနှစ်၌ ရန်ကုန်၊ မန္တလေးတွင် သုံးလတာ (ရက်ပေါင်း၉၀) အပူဇော် ခံခဲ့သည်။ စတုတ္ထအကြိမ် ၂၀၁၁ခုနှစ်မှာ နေပြည်တော်၊ရန်ကုန်၊မန္တလေး သုံးနေရာတွင် ၁၆ ရက်စီ စုစုပေါင်း ၄၈ရက် အပူဇော်ခံခဲ့သည်။

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ စွယ်တော်တိုက်ဆရာတော်သို့ လွှဲပြောင်းပေးအပ်သည့် လှူဒါန်းမှုအစုစုမှာ အမေရိကန်ဒေါ်လာ ၃ဒသမ၉သန်းကျော်(၃,၉၂၂,၂၄၄) နှင့် နိုင်ငံတကာသုံး ငွေကြေး ၆၂ မျိုး၊ လက်ဝတ်ရတနာမျိုးစုံနှင့် ကျောက်မျက်ရတနာမျိုးစုံ၊

စာ(၁၂)သို့

# အိမ်ခြံမြေရောင်းဝယ်မှုတွင် လိမ်လည်မှုများရှိလာ

ပြည်သိမ်း၊ အောင်သူရ

ရန်ကုန်၊ ဒီဇင်ဘာ - ၂၄

ရန်ကုန်မြို့မှ မြို့နယ်အချို့တွင် အိမ်ခြံမြေလက်လွှဲဝယ်ယူရောင်းချမှုများတွင် လိမ်လည်မှုများ မကြာခဏ ကြုံတွေ့နေကြောင်း အိမ်ခြံမြေအကျိုးဆောင်များကပြောသည်။


မြို့ပြင်မြို့နယ်များဖြစ်သည့် သန်လျင်၊ မြောက်ဒဂုံ၊ တောင်ဒဂုံ၊ ဒဂုံစက်မှုဇုန်၊ သီလဝါ စသည့်နေရာတို့တွင် မြေကွက်ဝယ်ယူ ရင်းနှီးမြှုပ်နှံသူများနှင့် လက်လွှဲရောင်းချသူများကြောင့် လွန်ခဲ့သည့်လပိုင်းအတွင်း အရောင်းအဝယ်လွန်စွာကောင်းခဲ့ပြီး ဝယ်လိုအားများလာသဖြင့် တစ်ဆင့်ခံရောင်းချမှုများတွင် လိမ်လည်မှုမျိုးစုံကြုံတွေ့လာကြောင်း မဏ္ဍိုင်အိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီမှ ဦးသန်းဦးကဆိုသည်။

"သန်လျင် အောင်ချမ်းသာ မှာဆို မြေချပါမစ်ကို မိတ္တူပွားပြီး ရောင်းတာတွေတောင်ရှိတယ်"ဟု အထက်ပါပုဂ္ဂိုလ်ကဆိုသည်။

ထို့အပြင် မြို့ရွာနှင့်အိုးအိမ် ဖွံ့ဖြိုးမှုဦးစီးဌာနမှ နိုင်ငံတော်စီမံကိန်းအတွက် ထိန်းသိမ်းထားသော မြေကွက်များကိုလည်း လိမ်လည်ရောင်းချမှုအချို့လည်း ကြုံတွေ့နေရသည်။

"မြောက်ဒဂုံမှာ မြေကွက်ဝယ်တာ။ အိုးအိမ်က သိမ်းထားတာနဲ့ လွတ်တယ်ဆိုလို့ စရန်ပေးပြီး အိုးအိမ်ကိုစုံစမ်းကြည့်တယ်။ ဟိုရောက်တော့ မလွတ်တာသိတော့ စရန်ပြန်တောင်းတာမရဘူးဖြစ်နေတယ်"ဟု ကိုယ်တိုင်ကြုံတွေ့နေသူတစ်ဦးက 7Day News သို့ ပြောသည်။

ပြည်တွင်းစီးပွားရေးလောကတွင် အိမ်ခြံမြေလုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံမှုကို လူအများစုစိတ်ဝင်စားလုပ်ကိုင်လာကြသည်။ ထို့ကြောင့်



မြေဈေးများမှာလည်း တစ်ရှိန်ထိုး မြင့်တက်လာပြီး နိုင်ငံစီးပွားရေးအတွက် စိုးရိမ်စရာပင်ဖြစ်လာကြောင်း စီးပွားရေးလုပ်ငန်းရှင်များကဆိုသည်။

ယင်းကဲ့သို့ အိမ်ခြံမြေတွင် စုပြုံရင်းနှီးမြှုပ်နှံကြခြင်းမှာ ပြည်တွင်း၌ ငွေကြေးအရင်းအနှီး ဈေးကွက်များ (Stock Exchange) မရှိခြင်း၊ စက်မှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းနည်းပါးခြင်း၊ ရန်ကုန်မြို့တွင် အခြားသော ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ မြို့များထက် စီးပွားရေးအခွင့်အလမ်းများ ပိုမိုများပြားလာရန် မျှော်လင့်ချက်များရှိနေခြင်း၊ အခြားလုပ်ငန်း အများစု အလုပ်မဖြစ်ဘဲ အိမ်ခြံမြေရင်းနှီးမြှုပ်နှံမှုမှာ အကျိုးအမြတ်များနေခြင်း စသည်တို့ကြောင့်ဖြစ်သည်။

ထို့အပြင် အခြားသော ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ မြို့များမှ ပြောင်းရွှေ့လာသော လူဦးရေမှာ တစ်နှစ်ထက်တစ်နှစ် တိုးပွားလာခြင်းတို့ကြောင့် ယခုကဲ့သို့ ဈေးနှုန်းတစ်ရှိန်ထိုးမြင့်တက်နေရခြင်းဖြစ်ကြောင်း စီးပွားရေး ပညာရှင်တို့ကဆိုသည်။

# ကချင်ပြည်နယ်ရှိ ဒုက္ခသည်စခန်းတစ်ခုတွင် ဆန်နှင့် စောင်များ အရေးပေါ်လိုအပ်

အောင်သူရ

ရန်ကုန်၊ ဒီဇင်ဘာ - ၂၄

ဒုက္ခသည်တစ်သောင်းခန့်ရှိသော ကချင်ပြည်နယ် မာဂျာရန်းစခန်းတွင် ဆန်နှင့်စောင်များ အရေးပေါ် လိုအပ်လျက်ရှိကြောင်း ယခုရက်ပိုင်း၌ သွားရောက်လှူဒါန်းခဲ့သော မူဆယ်ဒေသခံများကပြောသည်။

"လွယ်ဂျယ်ကနေ သုံးမိုင်လောက်ဝေးတယ်။ လူက များတော့ မလောက်ဖြစ်နေတာ"ဟု မူဆယ်ဒေသခံ ကုန်သည်တစ်ဦးက မာဂျာရန်းစခန်းတွင် ဆန်နှင့် စောင်များ လိုအပ်နေကြောင်း ပြောသည်။

ထို့အပြင် ဝိုင်းမော်မြို့နယ်ရှိရှင်ကျိုင်းရွာဒုက္ခသည်စခန်းနှင့် အခြားစခန်းအချို့မှ စစ်ဘေးဒုက္ခသည်များမှာလည်း အအေးဒဏ်ကြောင့်အရေးပေါ် အကူအညီများလိုအပ်နေကြောင်း မြစ်ကြီးနားမြို့မှ ဒေသခံအချို့က ပြောသည်။

ဒီဇင်ဘာ ၂ ရက်နှင့် ၃ရက်နေ့များတွင် မူဆယ်ဒေသရှိ ကုန်သည်များစုပေါင်းကာ လွယ်ဂျယ်နှင့်လှိုင်းယန်းဒေသများရှိ ဒုက္ခသည်စခန်းများသို့ ဆန်အိတ် ၂၀၀၊ ဆီပုံး ၃၀(၁၀ ပိဿာ)နှင့် ဆေးမျိုးစုံ ကျပ်နှစ်သိန်းကျော်ခန့် သွားရောက်လှူဒါန်းခဲ့သည်။

ထို့အပြင် ငွေသား တရုတ်ယွမ်ငွေနှစ်သောင်းခုနစ်ထောင်၊ မြန်မာကျပ်ငွေ ဆယ့်ခုနှစ်သိန်းခွဲနှင့် အခြားအလှူရှင်များ လှူဒါန်းသော စောင်အထည် ၄၀၀ ခန့်နှင့် အဝတ်အထည်တို့ကို သွားရောက်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

7 DAY NEWS JOURNAL
Vol.10, No.41 · DECEMBER 29, 2011

# ကာယအလှမယ်ပြိုင်ပွဲတွင် ဝတ်စားဆင်ယင်မှု ပြောင်းလဲတော့မည်

## ဘောင်းဘီအတို၊ အင်္ကျီလက်ပြတ်ဝတ်စုံဖြင့် ကာယအလှမယ်များဝတ်ဆင်ယှဉ်ပြိုင်ခွင့်ရမည်

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ ဒီဇင်ဘာ - ၂၄

ပြောင်းလဲပြင်ဆင်လိုက်သည့် ဝတ်စားဆင်ယင်မှုဖြင့် ပြည်တွင်း ကာယအလှမယ်ပြိုင်ပွဲများကို ၂၀၁၂ ခုနှစ်ဇွန်လအတွင်းပြုလုပ်မည့် အိုလံပစ်နေ့အထိမ်းအမှတ်အားကစားပြိုင်ပွဲများတွင် စတင်ကျင်းပနိုင်ရန်စီစဉ်ထားကြောင်း မြန်မာနိုင်ငံကာယဗလနှင့်ကာယအလှအဖွဲ့ချုပ် အမှုဆောင် ဒေါ်ရီရီဝင်းကပြောသည်။

ပြည်တွင်းပြိုင်ပွဲများတွင် နှစ် ၃၀ ကျော်ကြာ မြန်မာဝတ်စုံ အင်္ကျီလက်ပြတ်၊ အထက်အောက်အရောင်ဆင်တူဝတ်စားဆင်ယင်မှုများအား ဘောင်းဘီအတို၊ အင်္ကျီလက်ပြတ်ဝတ်ဆင်ယှဉ်ပြိုင်မှုအဖြစ် ပြောင်းလဲရခြင်းမှာ မြန်မာအမျိုးသမီးများ နိုင်ငံတကာပြိုင်ပွဲများသို့ ထိုးဖောက်ယှဉ်ပြိုင်နိုင်ရန် ရည်ရွယ်ကြောင်း ၎င်းကပြောသည်။

"ပြည်တွင်းမှာ ကာယအလှမယ်တစ်ဦးဟာ မယ်မြန်မာဖြစ်ပြီးရင် သူ့အတွက်ကပြီးသွားပြီ။ ဘာမှဆက်လုပ်စရာမရှိတော့ဘူး။ အိမ်နီးချင်းနိုင်ငံတွေမှာလည်း နိုင်ငံတကာပြိုင်ပွဲ သတ်မှတ်ချက်တွေနဲ့ ယှဉ်ပြိုင်နေကြပြီဖြစ်တဲ့အတွက် ရိုးရာယဉ်ကျေးမှုတွေလည်း မပျောက်စေဘဲ ပြင်ဆင်စီစဉ်ရခြင်းဖြစ်ပါတယ်။ ဒါပေမဲ့ နိုင်ငံတကာမှာ ဘီကီနီနဲ့ပြိုင်တာဖြစ်ပေမယ့်မြန်မာနိုင်ငံမှာတော့ ဘီကီနီမဝတ်ဘူး။ နိုင်ငံက လက်ခံနိုင်တဲ့ပုံစံနဲ့ လုပ်သွားမှာပါ"ဟု ဒေါ်ရီရီဝင်းကပြောသည်။

စာ(၁၂)သို့




(၄၃)ကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ် ကာလဗလမောင်နှင့်ကာယအလှမယ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်မယ်များက ဝတ်စုံသစ်ကို စမ်းသပ်ဝတ်ဆင်၍သရုပ်ပြစဉ်    ဓာတ်ပုံ - စောလှိုင်ဝင်း

# လွတ်လပ်ခြင်းအနုပညာရုပ်ရှင်ပွဲတော် ဇာတ်ကားပေါင်း ၁၈၀ ကျော်ဝင်ရောက်ယှဉ်ပြိုင်

ဝေယံ

ရန်ကုန်၊ဒီဇင်ဘာ- ၂၁

လွတ်လပ်ခြင်းအနုပညာရုပ်ရှင်ပွဲတော် (Art of Freedom ) ရုပ်ရှင်ပွဲတော်သို့ မြန်မာနိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်သည့် ရုပ်ရှင်ကားပေါင်း ၁၈၀ ရှိသော်လည်း ပြည်ပနိုင်ငံများမှပေးပို့ယှဉ်ပြိုင်သောကားများမှာဆက်သွယ်မှု အခက်အခဲများကြောင့် ပြိုင်ပွဲမှပယ်ဖျက်ရန် အခြေအနေဖြစ်နေကြောင်းသတင်းရရှိသည်။

"စာတိုက်ကနေတစ်ဆင့်ပို့တာတွေကဒီဗီဒီတွေဖြစ်နေတဲ့အတွက် ဆင်ဆာကနေတစ်ဆင့်ထုတ်ယူဖို့စာတိုက်ကြီးကအကြောင်းကြားတယ်။ နောက်ပြီး ကိုသူရစာနယ်ဇင်းရှင်းလင်းပွဲမှာပြောသွားခဲ့တဲ့ အွန်လိုင်းမှာ ၁၆ကားလောက်ရောက်နေပြီဆိုတာကလည်း နောက်ထပ် ထပ်ပို့ထားတာတွေရှိနေပေမယ့် မြန်မာပြည်ကွန်နက်ရှင်အနေအရ ဒေါင်းလော့ဒ်ဆွဲဖို့အဆင်မပြေဘူး။ ဒါကြောင့် ပြည်ပအနေနဲ့က လူကြုံနဲ့ ထည့်ပေးလိုက်တဲ့ကားလောက်ပဲပါတော့မယ်"ဟု ရုပ်ရှင်ပွဲတော်မှ အကဲဖြတ်အဖွဲ့ဝင်တစ်ဦးဖြစ်သည့် ဒါရိုက်တာမင်းထင်ကိုကိုကြီးကဆိုသည်။

လွတ်လပ်ခြင်းအနုပညာ ရုပ်ရှင်ပွဲတော်သို့ ပေးပို့ယှဉ်ပြိုင်သည့် ဇာတ်လမ်းများမှာ လာမည့် ဇန်နဝါရီလ ၁ရက်မှ ၃ရက်အထိ ကျင်းပပြသမည့် ရုပ်ရှင်ပွဲတော်အတွက် အလွန်များပြားသည့် ပမာဏဖြစ်နေပြီး ထိုမှ ပေးထားတဲ့ Theme အားဖော်ပြနိုင်မှုနှင့် အရည်အသွေးပေါ် ကို အကဲဖြတ်အဖွဲ့မှ ကိုသူရ(ခ) ဇာဂနာနှင့် မင်းထင်ကိုကိုကြီးတို့က ပထမအဆင့်အနေဖြင့် ရွေးချယ်ကာပြပွဲအတွက်ပြသသွားမည်ဖြစ်သည်။ ပြပွဲအပြီးဒုတိယအဆင့်အနေဖြင့် ဒေါ်အောင်ဆန်းစုကြည်နှင့် အကဲဖြတ်အဖွဲ့ဝင်နှစ်ဦးက ရွေးချယ်အကဲဖြတ်ပြီး Best Shoot ဆု၊ Best Documentary ဆု၊ Audiance Choice ဆုအပြင် အခြားခေါင်းစဉ်တစ်ခုဖြင့် ဆုတစ်ခုလည်း ရွေးချယ်မည်ဖြစ်ကြောင်း သိရသည်။

ထိုပြိုင်ပွဲအတွက် မောင်မောင်ဦး(စန္ဒီးဝိုက်)၊ ကိုပေါက်၊ ဝိုင်းစသည့် နာမည်ကြီးဒါရိုက်တာများပါရိုက်ကူးယှဉ်ပြိုင်ထားကြသည်။ ဇာတ်ကား ၁၈၀ ကိုပထမအဆင့် စိစစ်ရွေးချယ်ပြီးပါက ဒီဇင်ဘာ ၃၁ ရက်ညနေတွင် တော်ဝင်စင်တာခုနစ်ထပ်၌ ကျင်းပမည့် ရုပ်ရှင်ပွဲတော်ဖွင့်ပွဲအား ဒေါ်အောင်ဆန်းစုကြည်နှင့် တာဝန်ရှိသူများ တက်ရောက်ဖွင့်လှစ်မည်ဖြစ်သည်။ ထို့နောက် ဇန်နဝါရီ ၁ရက်မှ ၃ရက်အထိ ပထမအဆင့် ရွေးချယ်ခံရသည့် ဇာတ်ကားများကို တော်ဝင်စင်တာရှိ ရုပ်ရှင်ရုံသုံးရုံတွင် ပြသမည်ဖြစ်ကာ ဇန်နဝါရီလ ၄ရက်၌ ဆုပေးပွဲကျင်းပသွားမည်ဖြစ်သည်။

လွတ်လပ်ခြင်းအနုပညာ (Art of Freedom )ရုပ်ရှင်ပွဲတော်မှာ လွတ်လပ်ခြင်းအပေါ် ဖွင့်ဆိုမှုကို အခြေခံ၍ ရိုက်ကူးဖန်တီးထားသည့်ရုပ်ရှင်ဇာတ်ကားများမှတစ်ဆင့် မြန်မာပြည်သူများအကြား လွတ်လပ်ခြင်း၏အနှစ်သာရ အတွေးအခေါ် အယူအဆများ ပျံ့နှံ့စေရန်ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။ ရုပ်ရှင်ပွဲတော်တွင် ဆုရရှိသူများအား ဒေါ်အောင်ဆန်းစုကြည်က ဆုချီးမြှင့်သွားမည်ဖြစ်ပြီး ဆုရရှိသူများသည် အမေရိကန်နိုင်ငံ နယူးယောက်ရှိ Newyork Institute ၏ကမ်းလှမ်းချက်ဖြင့် အဆိုပါတက္ကသိုလ်တွင် ရုပ်ရှင်သင်တန်း သုံးလဆည်းပူးခွင့်ရမည်ဖြစ်သည်။



7 DAY NEWS JOURNAL
Vol.10, No.41 · DECEMBER 29, 2011

# ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီငါးခုလိုင်စင်ထပ်မံချပေး

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဒီဇင်ဘာ - ၂၄**

လိုင်စင်ချပေးမှုကို တစ်နှစ်နီးပါး ရပ်ဆိုင်းထားသော အလုပ်သမားညွှန်ကြားမှုဦးစီးဌာနက ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီငါးခုကို ယခုလဆန်းပိုင်းက လိုင်စင်များ ထပ်မံချပေးလိုက်ကြောင်း အလုပ်သမားညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

အလုပ်သမားညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများကို လိုင်စင်ချပေးမှု ရပ်ဆိုင်းထားသည်မှာ တစ်နှစ်နီးပါးရှိပြီဖြစ်သည်။

ယခု လိုင်စင်ချထားပေးလိုက်သော ပြည်တွင်းအလုပ်အကိုင်အေဂျင်စီ ၅ ခုမှာ Today Yaung Star, Solution Carrier, Consultancy, Perfect Supply Services နှင့် တောက်ထွန်းအလုပ်အကိုင်အေဂျင်စီတို့ဖြစ်သည်။

"ကျွန်တော်တို့က လျှောက်လွှာတင်ထားတာ တစ်နှစ်နီးပါးရှိပြီ။ အခုမှ ချထားပေးတာ။ မှတ်ပုံတင်လိုင်စင်မရှိရင် ဂျာနယ်တွေမှာ ကြော်ငြာမထည့်ရဘူးဆိုတော့ အဆင်မပြေဖြစ်နေတာ"ဟု ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီတစ်ခုကပြောသည်။

အေဂျင်စီများကို မှတ်ပုံတင်လိုင်စင်ချထားပေးရာတွင် ၎င်းတို့ထံ လာရောက်လျှောက်ထားသောဝန်ထမ်းများထံမှ အခကြေးငွေမယူရန်နှင့် အလုပ်ရှင်ဘက်မှလည်း တစ်လစာထက် ပို၍ တောင်းယူခြင်းမပြုရန် သတ်မှတ်ချက်များပါဝင်ကြောင်းသိရသည်။

ထို့အပြင် အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများထံမှတစ်ဆင့် အလုပ်ရရှိသွားသောသူများ၏ စာရင်းကိုလည်း အလုပ်သမားညွှန်ကြားမှုဦးစီးဌာနသို့ပြန်လည်တင်ပြရန် ဖော်ပြထားကြောင်းသိရသည်။

ပြည်တွင်း အလုပ်အကိုင်အေဂျင်စီများမှာ ယခင်က ဆယ်ခုသာလိုင်စင်ချထားပေးရာမှ ယခု ငါးခု တိုးလာ၍ ဆယ့်ငါးခုရှိနေပြီဖြစ်သည်။

# မင်္ဂလာမွန်ဈေးရှေ့ရှိ ဆောက်လုပ်ရေးလုပ်ငန်း ရပ်ဆိုင်း

**ဥက္ကာကိုကို**

**ရန်ကုန်၊ ဒီဇင်ဘာ - ၂၀**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိမင်္ဂလာမွန်ဈေးသစ်ရှေ့တွင် လမ်းပိတ်ကာ တည်ဆောက်နေသည့် ဆိုင်ခန်းများဆောက်လုပ်ရေးစီမံကိန်းအား ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းလင်းက ယခုလ ၂၀ရက် နံနက် ၁၀ နာရီခွဲတွင် မင်္ဂလာမွန်ဈေးသစ်မှ ဈေးသူဈေးသားများထံသို့ လာရောက်တွေ့ဆုံပြောကြားခဲ့သည်။



**လုပ်ငန်းရပ်ဆိုင်းသွားသော ဆောက်လက်စတိုက်**

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

"အခုလို ဆိုင်ခန်းတွေကို ပိတ်ဆောက်နေတဲ့အတွက် ဈေးကွက်ထိခိုက်သလို မီးဘေးအန္တရာယ်လည်းရှိတယ်။ ဈေးသူ၊ ဈေးသားတွေ အန္တရာယ်ကင်းကင်း ရောင်းချတာပဲဖြစ်စေချင်ပါတယ်။ လူထုက မိမိတို့ဆန္ဒကို စနစ်တကျတင်ပြနိုင်ဖို့အရေးကြီးတယ်။ ဘယ်ကိစ္စကိုမဆို အများဆန္ဒနဲ့အညီ ဆောင်ရွက်ပေးသွားပါမယ်"ဟု ဦးအောင်သိန်းလင်းက ဈေးသူဈေးသားများအား တွေ့ဆုံပွဲပြုလုပ်ကာပြောကြားခဲ့သည်။

အလျား၁၆၃ပေ၊အနံ ၂၄ပေရှိသော ဆောက်လုပ်ရေး လုပ်ငန်းခွင်မှာ မင်္ဂလာမွန်ဈေးသစ်ရှေ့ရှိ ထွက်ပေါက်ကိုပိတ်ဆို့ကာ ယာဉ်ရပ်နားရန် သတ်မှတ်ထားသည့် နေရာပေါ်တွင် အခိုင်အမာလာရောက်ဆောက်လုပ်နေခြင်းဖြစ်ပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ပုဂ္ဂလိကကုမ္ပဏီတို့ အကျိုးတူ ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း ဈေးသူဈေးသားများက အခိုင်အမာပြောကြသည်။

"ပြီးခဲ့တဲ့ နိုဝင်ဘာ ၁၇ ရက်မနက် ဈေးကိုလာတဲ့အချိန်မှာ အထပ်သားတွေနဲ့ကာပြီးစဆောက်ဖို့ပြင်ဆင်နေတာကို တွေ့ကြရပါတယ်။ ဈေးမျက်နှာ စာတစ်ခုလုံးကို ကာထားတဲ့အတွက် အရောင်းအဝယ်ထိခိုက်ပါတယ်။ ဒီထဲက ဈေးသုံးခုစလုံးရဲ့ ကားပါကင်နေရာအဖြစ် သတ်မှတ်ထားတဲ့ နေရာမှာဖြစ်လို့ ယာဉ်အဝင်အထွက်တွေ ခက်နေပါတယ်" ဟု မင်္ဂလာမွန်ဈေးသာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ဈေးမျက်နှာစာအား ပိတ်ဆို့ ဆောက်လုပ်ထားသည့်နေရာတွင်ရှိသော မီးသတ်ပိုက်ငုတ်များမှာ မင်္ဂလာဈေးမီးလောင်ကျွမ်းစဉ်က မီးသတ်ကားများ အရေးပေါ် အသုံးပြုခဲ့ပြီး အဆိုပါမီးသတ်ပိုက်ငုတ်များသာမက ဓာတ်တိုင်နှစ်တိုင်ကိုပါ ဖယ်ရှားခံထားရကြောင်းပြောသည်။

ဈေးသူဈေးသားများသည် ပြုပြင်ပြောင်းလဲရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုစိစစ်ရေးကော်မတီဥက္ကဋ္ဌ တာဝန်ယူထားသောပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ဦးအောင်သိန်းလင်းထံသို့ သွားရောက်တွေ့ဆုံအကူအညီတောင်းခံခဲ့ကြပြီး ဈေးသုံးခုမှ ဆိုင်ခန်းပေါင်း ၁,၁၃၉ ဆိုင်၏ လက်မှတ်ရေးထိုးထားသော တင်ပြချက်များကိုလည်း ပေးပို့ခဲ့ကြသဖြင့် ယခုလ ၂၀ ရက်တွင် ရပ်ဆိုင်းလိုက်ပြီဖြစ်ကြောင်း ဆောင်ရွက်ချက်သတင်းကို ဈေးသူဈေးသားများထံသို့ ဦးအောင်သိန်းလင်းက လာရောက်အကြောင်းကြားခဲ့ခြင်းဖြစ်သည်။

"ရပ်ဆိုင်းတယ်ဆိုပေမယ့် မူလအတိုင်းပဲပြန်လုပ်ပေးစေချင်တယ်။ အဲဒီလို မလုပ်မချင်းတော့ တတ်နိုင်သမျှ ဆောင်ရွက်သွားကြမှာပဲ။ အရင်ပုံစံအတိုင်း ပြန်ဖြစ်ဖို့ကိုပဲ ဈေးသူဈေးသားတွေက လိုချင်ပါတယ်"ဟု ဈေးသာယာရေးအဖွဲ့ အတွင်းရေးမှူးဒေါက်တာနေဝင်းကပြောသည်။

# ရန်ကုန်တိုင်းဒေသကြီး မြစ်ချောင်းများတွင် ယာယီသဲထုတ်ခွင့် ပြန်လည်ခွင့်ပြု

**ပြည့်သိမ်း**

**ရန်ကုန်၊ ဒီဇင်ဘာ - ၂**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိမြစ်၊ချောင်းများတွင် သဲစုပ်ယူခွင့် တားမြစ်ထားရာမှ တစ်လသက်တမ်း ယာယီလိုင်စင်ဖြင့် ပြန် လည်ခွင့်ပြန်ပြုသောကြောင့် သဲတစ်ကျင်းလျှင် ကျပ်၁၀၀၀၀နီးပါး ဈေးပြန်ကျဆင်းလာကြောင်း အိမ်ဆောက်ပစ္စည်းရောင်းချသော လုပ်ငန်းရှင်များကပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း မြစ်၊ ချောင်းများမှ သဲစုပ်ယူခွင့်ကို ယခုနှစ်အောက်တိုဘာလကုန်ပိုင်းမှစတင်၍ တားမြစ်ခဲ့သည်။ ထို့နောက် ဆောက်လုပ်ရေးလုပ်ငန်းသုံး သဲဈေးနှုန်းသည် တဖြည်းဖြည်း မြင့်တက်လာသည်။ ယခင်က သဲတစ်ကျင်းကျပ် ၆၀၀၀ ကျပ်ဝန်းကျင်ရှိရာမှ နိုဝင်ဘာလ တတိယပတ်တွင် သဲတစ်ကျင်း ကျပ် ၃၀,၀၀၀ထိ မြင့်တက်ခဲ့သည်။ ယခုတစ်လလိုင်စင်ခွင့်ပြုပြီးနောက် ရက်ပိုင်းအတွင်းမှာပင် သဲတစ်ကျင်းလျှင် ကျပ် ၂၀,၀၀၀ ဝန်းကျင်ထိ ဈေးပြန်ကျဆင်းလာကြောင်း ဆောက်လုပ်ရေးပစ္စည်းများ ရောင်းချသူလုပ်ငန်းရှင်တစ်ဦးကပြောသည်။

သက်ဆိုင်ရာက သဲစုပ်ယူခွင့်တစ်လသက်တမ်းရှိယာယီလိုင်စင်ထုတ်ပေးထားသောကာလတွင် သဲစုပ်ယူသောလုပ်ငန်းရှင်များသည် တရားဝင်လိုင်စင်လျှောက်ထားရမည်ဖြစ်သည်။ လက်ရှိတရားဝင်လိုင်စင်ရယူပြီး ရွှေပြည်သာအထက်ပိုင်း၌ တူးနေသူသုံးဦးလည်းရှိသည်။

"မူလဈေးကိုတော့ ပြန်ရောက်ဖို့ မလွယ်ဘူး။ ဈေးက တောင့်ခံနေသေးတယ်။ နှစ်သစ်ကူးကာလဆိုတော့ ဝယ်လိုအားနည်းတော့ ဈေးကလည်း ထပ်ကျနိုင်သေးတယ်" ဟု အထက်ပါ ပုဂ္ဂိုလ်က ဆိုသည်။

သဲဈေးနှုန်းများ မြင့်တက်ခဲ့သော ကာလတွင် စာချုပ်များဖြင့် လုပ်ကိုင်ထားသည် ဆောက်လုပ်ရေးလုပ်ငန်းကြီးများမှာ ထိခိုက်မှုမသိသာသော်လည်း တစ်ပိုင်တစ်နိုင် ကန်ထရိုက်လုပ်ငန်းများမှာ အခက်အခဲများဖြစ်ခဲ့ကြောင်းဆောက်လုပ်ရေးလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

သဲစုပ်ယူခွင့်ကို တားမြစ်ရခြင်းသည် ကမ်းပါးပြို၊ ကမ်းပါးစားခြင်း၊ သင်္ဘောကြီးများ သွားလာမှု ပိတ်ဆို့မှုမဖြစ်စေဖို့စိစစ်ရန်ဖြစ်ပြီး ပိတ်ပင်တားမြစ်ခံခဲ့ရသည့် မြစ်၊ချောင်းများမှာ ရန်ကုန် တိုင်းဒေသကြီးအတွင်းရှိ ပဲခူးမြစ်၊ ပန်းလှိုင်မြစ်၊ လှိုင်မြစ်၊ ပုဇွန်တောင်ချောင်းတို့ဖြစ်ကြောင်း ရေအရင်းမြစ်နှင့် မြစ်၊ ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရန်ကုန် တိုင်းဒေသကြီး)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။(7Day News ဂျာနယ် အတွဲ ၁၀၊ အမှတ် ၃၁ တွင် ဖော်ပြပြီး)



**သဲစုပ်သောစက်လှေတစ်စီး လုပ်ငန်းခွင်ဝင်နေစဉ်**

# ချင်းတွင်းမြစ်ရေတိုက်စား၍ လယ်မြေကေရာချီ ဆုံးရှုံး

**အေးမြတ်သူ**

**ရန်ကုန်၊ ဒီဇင်ဘာ - ၂၆**

ချင်းတွင်းမြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးများပြိုကျကာ လယ်မြေဧကများစွာ ဆုံးရှုံးနေ၍ မကွေးတိုင်း ရေစကြိုမြို့နယ်ရှိ ကျေးရွာအချို့မှ ဒေသခံတောင်သူများ အခက်အခဲနှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း ဒေသခံအချို့က ပြောသည်။

ရေစကြိုမြို့နယ်အတွင်းရှိ ကွဲကုန်းရွာနှင့် ကျောက်ဖူးရွာတို့ရှိ လယ်မြေဧက ၂၀၀ ဝန်းကျင်၊ ဖြုံဘူးကျေးရွာရှိလယ်မြေဧက ၁၅၀ ခန့်မှာ ချင်းတွင်းမြစ်ရေတိုက်စားခြင်းကိုခံခဲ့ရကြောင်းဒေသခံအချို့ကပြောသည်။

"မြို့နယ်ရုံးက အခုချိန်ထိ မဆောင်ရွက်သေးဘူး။ ဒီဇင်ဘာ ၁ ရက်က လာကြည့်တယ်။ ဘာမှလည်း ကျွန်တော်တို့ကို လုပ်ကိုင်မပေးသေးဘူး။ အတော့်ကိုဒုက္ခရောက်နေတယ်"ဟု ကျောင်းဆရာဦးမြင့်စိန်ကပြောသည်။

လယ်သမားများမှာ မြစ်ရေတိုက်စားမှုကြောင့် လယ်များဆုံးရှုံး၍ အလုပ်လက်မဲ့ဖြစ်နေသည်မှာ တစ်လကျော်သွားပြီဖြစ်သည်။ ယင်းရေတိုက်စားမှုကြောင့်ကွဲကုန်းနှင့် ကျောက်ဖူးကျေးရွာတို့မှာ လယ်မြေသတ်မှတ်ရာတွင် အငြင်းပွားမှုများ ဖြစ်ပွားနေကြောင်းလည်း သတင်းရရှိသည်။

အဆိုပါကျေးရွာများတွင် မြစ်ရေတိုက်စားမှုမှာ ယခင်နှစ်များက ကြုံဖူးသော်လည်း ယခုအကြိမ်မှာ ဆုံးရှုံးမှုအများဆုံးဖြစ်ကြောင်းဒေသခံများကပြောသည်။ ထိုဒေသတွင် ကောက်ပဲသီးနှံ အဓိကစိုက်ပျိုးပြီး ယခုကာလတွင် ကြက်သွန်နီ အဓိကစိုက်ပျိုးလျက်ရှိသည်။

7 DAY NEWS JOURNAL
Vol.10, No.41 · DECEMBER 29, 2011



# ဖုံးဒဏ်ရာရရှိထားသောမခင်မြတ်နွယ်စကားမပြောနိုင်သေး

ဥက္ကာကိုကို၊ ဝေယံ၊ သန်းဌေး

**ရန်ကုန်၊ ဒီဇင်ဘာ- ၂၅**

ကမာရွတ်လှည်းတန်းမီးပွိုင့်အနီးရှိ အများသုံးသန့်စင်ခန်းအတွင်း ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာအပြင်းအထန်ရရှိထားသော မခင်မြတ်နွယ်မှာ ရန်ကုန်ပြည်သူ့ဆေးရုံကြီး တွင် အရေးပေါ်ခွဲစိတ်မှုများပြုလုပ်ပြီးနောက် အထူးကြပ်မတ်ကုသနေကြောင်း သူမ၏မိသားစုဝင်များက 7Day News သို့ ပြောကြားသည်။

“သမီးက စဖြစ်ကတည်းက စကားမပြောနိုင်သေးတာ အခုအထိပါပဲ” ဟု ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရထားသော အသက်(၂၄ နှစ်)အရွယ် မခင်မြတ်နွယ်၏မိခင် ဒေါ်စန်းမြင့် (၄၈ နှစ်) က ပြောသည်။ မခင်မြတ်နွယ် သတိရလာပါက ခေါင်းညိတ်ခြင်းနှင့် လက်ထောင်ပြခြင်းများသာ တတ်နိုင်ပြီး တစ်ခါတစ်ရံ ဇဝေဇဝါဖြစ်နေပုံရကြောင်း ဒေါ်စန်းမြင့်က ပြောသည်။ ဗုံးပေါက်ကွဲမှု ဖြစ်ခဲ့သော ဒီဇင်ဘာ ၂၁ ရက် နံနက် ၁၁ နာရီဝန်းကျင်တွင် မခင်မြတ်နွယ်သည် ငွေကောက်ခံသော စားပွဲပေါ်တွင် ထမင်းစားနေကြောင်း ခြေဟန်လက်ဟန်ဖြင့် ပြောကြားသည်ဟု သူမ၏ မိခင်ဖြစ်သူက ပြောသည်။



ဓာတ်ပုံ - ထက်ခေါင်လင်း

*ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာအပြင်းအထန်ရရှိသွားသော မခင်မြတ်နွယ်ကို အရေးပေါ်လူနာတင်ယာဉ်ပေါ်သို့ တင်ဆောင်နေစဉ်*

အသက်(၂)နှစ်သားအရွယ် ယောကျ်ားလေးတစ်ဦး၏ မိခင်ဖြစ်သူ မခင်မြတ်နွယ်တို့ မိသားစုသည် ပုသိမ်မြို့နယ်၊ ကန်ကြီးဒေါင့်တိုက်နယ်၊ ကံရွာတွင် နေထိုင်သည်။ သူမ ရန်ကုန်မြို့သို့ လာရောက်အလုပ်လုပ်သည်မှာ နှစ်လသာရှိသေးပြီး မဟာဗန္ဓုလပန်းခြံဝင်းအတွင်း သန့်စင်ခန်းမှ လှည်းတန်းသန့်စင်ခန်းသို့ပြောင်းလာသည်မှာ သုံးရက်သာရှိသေးကြောင်း သူမ၏ ခင်ပွန်းအသက် (၂၇ နှစ်) အရွယ် ကိုလင်းထိုက်က ပြောသည်။

ယခုကဲ့သို့ ဗုံးပေါက်ကွဲမှုကြောင့် မခင်မြတ်နွယ်၏ ယာဘက်မျက်လုံးနှင့်ယာဘက်နားတစ်ဖက်ဆုံးရှုံးခဲ့ရပြီး ပါးပြင်၊ လည်ပင်းနှင့်ပခုံးတွင်လည်းဒဏ်ရာရရှိထားကြောင်း သူမ၏မိသားစုဝင်များက ပြောသည်။

အဆိုပါ ဗုံးပေါက်ကွဲမှုကြောင့် အသက်(၃၀နှစ်)ရှိ မမြစန်းရီမှာနေရာတွင် ပွဲချင်းပြီးသေဆုံးခဲ့သည်။ သန့်စင်ခန်းအတွင်း မပေါက်ကွဲသေးသည့်လက်လုပ်ဗုံးတစ်လုံးကိုလည်း အချိန်မီ သိမ်းဆည်းနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ ၂၀၁၁ ခုနှစ်အောက်တိုဘာ ၃၀ ရက် ညနေ ၄ နာရီခန့်က လည်းရန်ကုန်မြို့တော်ခန်းမဘေးတွင် ဗုံးတစ်လုံးတွေ့ရှိသောကြောင့် ညနေ ၇ နာရီခန့်တွင် ဖောက်ခွဲမှုနှစ်ဆင့် ပြုလုပ်ဖယ်ရှားခဲ့ရသည်ဟုဆိုသည်။

## နစ်ကုန်မုန်တိုင်း မြန်မာနိုင်ငံသို့ မဝင်နိုင်ဟု ဦးထွန်းလွင် ခန့်မှန်း

အောင်သူရ

**ရန်ကုန်၊ ဒီဇင်ဘာ - ၂၆**

ဘင်္ဂလားပင်လယ်အော်တွင် ယခုနှစ်အတွင်း တတိယအကြိမ်မြောက်ဖြစ်ပေါ်နေသော မုန်တိုင်းမှာ အိန္ဒိယနိုင်ငံတောင်ပိုင်းနှင့် သီရိလင်္ကာနိုင်ငံသို့ဦးတည်နိုင်ကြောင်း မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်ကပြောသည်။

“အခုဖြစ်တဲ့နေရာက မြန်မာနိုင်ငံနဲ့ဝေးတယ်။ အနောက်မြောက်ဘက်ကိုရွေ့မယ်လို့မှန်းထားတယ်။ အဲဒီအတိုင်းရွေ့ရင် မြန်မာနိုင်ငံမှာဘာမှ သက်ရောက်မှုမရှိဘူး”ဟု ဦးထွန်းလွင်ကဆိုသည်။ မုန်တိုင်းသတင်းများထုတ်ပြန်ပေးလေ့ရှိသော Wunderground ဝက်ဘ်ဆိုက်ကလည်း အနောက်ဘက်သို့ရွေ့မည်ဟု ခန့်မှန်းထားသည်။

အဆိုပါမုန်တိုင်းသည် ယခုနှုန်းထားအတိုင်း ရွေ့လျားနေပါက နှစ်ရက်အတွင်းကမ်းခြေသို့ဝင်ရောက်နိုင်သည်။ “တစ်ခု သတိထားရမှာက ဒီအတိုင်းမသွားဘဲ ပြန်ကွေ့လာမှာပဲ စိုးရိမ်ရတယ်”ဟု ဦးထွန်းလွင်ကဆိုသည်။ အဆိုပါမုန်တိုင်းအရှိန်ကြောင့် ရခိုင်ပြည်နယ်၊ ဧရာဝတီ၊ ရန်ကုန်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် မိုးအုံ့နေသည်။

“နှစ်ရက်လောက်မိုးအုံ့ရင်တော့ ပဲခင်းတွေပိုးကျမှာ ကျိန်းသေပဲ” ဟု ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်းနှင့် ဧရာဝတီတိုင်းဒေသကြီးမှ ပဲစိုက်တောင်သူတစ်ဦးက ပြောသည်။ ဘင်္ဂလားပင်လယ်အော်တွင် ဇွန်- နှင့် အောက်တိုဘာလတို့တွင် မုန်တိုင်းများ ဖြစ်ပေါ်ခဲ့သော်လည်း နိုဝင်ဘာလတွင် တစ်လုံးမျှမဖြစ်ပေါ်ဘဲ ဒီဇင်ဘာလ၌ မုန်တိုင်းတစ်လုံး ဖြစ်ပေါ်ခြင်းမှာ ထူးခြားမှုဖြစ်သည်။

**ထူးခြားမှုများပြည့်နှက်ခဲ့သော ၂၀၁၁ ခုနှစ်အတွက် နှစ်ချုပ်အထူးထုတ်စာစောင်ကို လာမည့်အပတ် 7Day News ဂျာနယ် အတွဲ(၁၀)၊ အမှတ်(၄၂)တွင် တင်ဆက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။**



7DAY NEWS JOURNAL
Vol.10, No.41 · DECEMBER 29, 2011

၂၀၁၁ ခုနှစ် ဒီဇင်ဘာလ(၂၈)ရက်မှ ၂၀၁၂ဇန်နဝါရီလ(၃)ရက်အထိ

## မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းမှာအားကောင်းတဲ့လေဖိအား နည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နေပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ် တစ်ခုအဖြစ်ရောက်ရှိလာနိုင်ပါတယ်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းမှာ သာယာနိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်နဲ့ ကပ္ပလီပင်လယ်ပြင်တွေမှာ တိမ်အသင့်အတင့် ဖြစ်ထွန်းပါ့မယ်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မွန်-တနင်္သာရီကမ်းရိုးတန်းနဲ့ကမ်းလွန်ပင်လယ်ပြင်တွေမှာ ရံဖန်ရံခါ အရှေ့လေပြင်းများ ကျရောက်နိုင်ပြီး ခေတ္တခဏမျှလှိုင်းအသင့်အတင့် ရှိနိုင်ပါတယ်။ ရေပြင်မြေပြင်လေဟာ တစ်နာရီ ၂၀ မိုင်မှ ၂၅ မိုင်ခန့် အထိ တိုက်ခတ်နိုင်ပါတယ်။ ကျန်မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နဲ့ ကမ်းလွန်ပင်လယ်ပြင်တွေမှာ ရာသီဥတုသာယာနိုင်ပြီး လှိုင်းအနည်းငယ်သာရှိနိုင်ပါတယ်။ ရေပြင်မြေပြင်လေဟာ တစ်နာရီ ၁၀ မိုင်မှ ၁၅ မိုင်ခန့် အထိ တိုက်ခတ်နိုင်ပါတယ်။

**မုန်တိုင်းဖြစ်ပေါ်နိုင်မှုအခြေအနေ**

လေထုအတွင်းရှိရေငွေ့ပါဝင်မှုအခြေအနေလေ့လာချက်များအရ အာရေဗျပင်လယ်၊ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနဲ့တောင်တရုတ်ပင်လယ်ပြင်အတွင်းမှာ ရေငွေ့များထူထပ်စွာဖြစ်ပေါ်နေပြီး ဘင်္ဂလားပင်လယ်အော်မှာ ရေငွေ့တွေ သိသိသာသာတိုးလာတာတွေ့ရပါတယ်။

ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းမှာ ဖြစ်လာမယ့် အခြေအနေဟာ ပိုမိုကောင်းလာနေတာကိုတွေ့နေရပါတယ်။ အဲဒီမုန်တိုင်းငယ်ဟာ ၂၀၁၁ ခုနှစ်အတွင်း ဘင်္ဂလားပင်လယ်အော်ထဲမှာ တတိယမြောက်မုန်တိုင်း ဖြစ်လာပြီး အနောက်မြောက်ဘက်ကိုသာ ရွေ့သွားမယ်လို့ ခန့်မှန်းရတဲ့အတွက်မြန်မာနိုင်ငံအပေါ် အကျိုးသက်ရောက်မှုမရှိနိုင်ဘူးလို့ လက်ရှိအခြေအနေများအရ ခန့်မှန်းရပါတယ်။ ဒါကြောင့် စောင့်ကြည့်အဆင့်ပဲ ထားပါသေးတယ်။

**ဆောင်းမုတ်သုံအားကောင်းဆဲဖြစ်ပါတယ်**

တရုတ်ပြည်မကြီးအလယ်ပိုင်းမှာဖြစ်ပေါ်နေတဲ့ လေဖိအားများ ရပ်ဝန်းကြီးမှတစ်ဆင့် အရှေ့မြောက်လေအေးများဟာ ထိုင်းနိုင်ငံ ထိုင်းပင်လယ်ကွေ့အထိတိုးဆင်းလာနေတဲ့အတွက် ထိုင်းနိုင်ငံဘက်မှာ ပြင်းထန်တဲ့ဆောင်းလေအေးဒဏ်ကိုခံစားနေရပါတယ်။ တစ်ခါတစ်ရံမှာတော့ မြန်မာနိုင်ငံဘက်ဆီကိုပါ တိုးဝင်လာတတ်ပြီး မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသများမှာ ညအပူချိန်များကို ကျဆင်းစေပါတယ်။ လာမယ့်ရက်သတ္တပတ်အတွင်း မြန်မာနိုင်ငံအရှေ့ပိုင်းနဲ့ မြောက်ပိုင်းဒေသတွေမှာ ညအပူချိန်များကျဆင်းမှုကြောင့် အအေးပိုမှုတစ်ကြိမ်ကြုံတွေ့နိုင်ပါတယ်။

**မိုးရွာသွန်းမှုအခြေအနေ**

ပြီးခဲ့တဲ့ ဒီဇင်ဘာလ(၁၇)ရက်မှ (၂၃)ရက်အထိ ကာလအတွင်း ကချင်ပြည်နယ်အရှေ့မြောက်ပိုင်းစွန်းဒေသ၊ ရှမ်းပြည်နယ်အရှေ့ပိုင်းဒေသ၊ ရခိုင်ပြည်နယ်မြောက်ပိုင်းနဲ့ တနင်္သာရီတိုင်း တောင်ပိုင်းဒေသတွေမှာ မိုးရေချိန် ၀ဒသမ ၂ လက်မ မှ ၀ဒသမ၈ လက်မခန့် အထိ ဆီးနှင်းမိုးနဲ့မိုးအနည်းငယ်ရွာသွန်းခဲ့ပါတယ်။ ကျန်ဒေသများမှာတော့ သာယာခဲ့ပါတယ်။

**လာမယ့်ရက်သတ္တတစ်ပတ်အတွက်ခန့်မှန်းချက်**

လာမယ့် ခန့်မှန်းကာလ ရက်သတ္တပတ်အတွင်း မြန်မာနိုင်ငံဘက်ဆီကို အရှေ့ဘက်က ရွေ့လျားလာနိုင်တဲ့ မုန်တိုင်းအကြွင်းအကျန်တိမ်တိုက်များမရှိနိုင်ပေမယ့် ဘင်္ဂလားပင်လယ်အော်ထဲမှာ လက်ရှိအခြေအနေအရ မုန်တိုင်းဖြစ်နိုင်ဖို့ အခြေအနေတွေ ရှိနေတာကိုတွေ့ရပါတယ်။ လာမယ့်ရက်သတ္တတစ်ပတ်အတွင်းမြန်မာနိုင်ငံမြောက်ပိုင်းဒေသများဖြစ်ကြတဲ့ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နဲ့ ကရင်ပြည်နယ် အရှေ့ပိုင်းဒေသတွေမှာ အရှေ့မြောက်လေများ တိုးဝင်မှုကြောင့် ဆီးနှင်းမိုးများ (၅)ရက်ခန့် ကျရောက်နိုင်ပြီး တနင်္သာရီတိုင်းမှာ(၃)ရက်ခန့် မိုးအနည်းငယ်ရွာနိုင်ပါတယ်။ ကျန်ဒေသတွေမှာ အများအားဖြင့် သာယာနိုင်ပါတယ်။

**နေ့အပူချိန်များ**

နေ့အပူချိန်များအနေနဲ့ကတော့ မြန်မာနိုင်ငံမြောက်ပိုင်းနဲ့ အထက်ပိုင်း ဒေသများမှာ ဖြစ်မြဲရဲ့အောက်လျော့နည်းနိုင်ပြီး အအေးပိုနိုင်ပါတယ်၊ အလယ်ပိုင်းဒေသများမှာတော့ ဖြစ်မြဲခန့်နဲ့အောက်ပိုင်း ဒေသများမှာ ဖြစ်မြဲထက် အနည်းငယ်ကျော်လွန်ပြီး အအေးပေါ့နိုင်ပါတယ်။

**မြစ်ရေအခြေအနေ**

မြန်မာနိုင်ငံတစ်ဝန်းရှိမြစ်တို့တွင် လက်ရှိရေအမှတ်များဟာ ဆက်လက်ကျဆင်းနေပြီး ပြည်တွင်းရေကြောင်းသွားလာရေးအတွက် မြစ်ကြီးများအချို့မှာ ရေနည်းမှုအန္တရာယ်နဲ့ ကြုံတွေ့နိုင်ပါတယ်။

**တောင်တရုတ်ပင်လယ်ပြင်အခြေအနေ**

မြောက်ပစိဖိတ်သမုဒ္ဒရာအနောက်ပိုင်းနဲ့ တောင်တရုတ်ပင်လယ်ပြင်တွင် မုန်တိုင်းများ မြန်မာနိုင်ငံဘက်ဆီကို ရောက်ရှိလာနိုင်ဖွယ်ရာမရှိပါဘူးလို့ ခန့်မှန်းရပါတယ်။

**ဒေါက်တာထွန်းလွင်**

# ဘဏ်အတိုးနှုန်း ၂ရာခိုင်နှုန်းထပ်မံလျှော့ပေး

**ပြည်သိမ်း၊ အောင်သူရ**

**ရန်ကုန်၊ ဒီဇင်ဘာ - ၂၄**

ဘဏ်အတိုးနှုန်းများကို လာမည့် ဇန်နဝါရီ ၁ရက်ကစတင်၍ ၂ ရာခိုင်နှုန်းထပ်မံလျှော့ချမည်ဖြစ်ကြောင်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဌာနပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက နေပြည်တော်တွင် ကျင်းပသော ဘဏ္ဍာရေးကြီးကြပ်ရေးကော်မတီနှင့်မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင်အဖွဲ့၏ (၁၃၅)ကြိမ်မြောက် အစည်းအဝေး၌ပြောကြားသည်။

နိုင်ငံ၏ စီးပွားရေး အရှိန်မြှင့်တင်နိုင်ရန်အတွက် ၂၀၁၂ ဇန်နဝါရီ ၁ ရက်ကစ၍ ဗဟိုဘဏ်အတိုးနှုန်းကို ယခင် ၁၂ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းသို့ လျှော့ချသတ်မှတ်လိုက်ခြင်းနှင့်အတူ ဘဏ်များ၏ အပ်ငွေနှင့် ချေးငွေအတိုးနှုန်းများကိုလည်း ၂ ရာခိုင်နှုန်းစီ လျှော့ချတော့မည်ဖြစ်သည်။

၂၀၁၁ စက်တင်ဘာ ၁ ရက်မှ စ၍ ဘဏ်များ၏ အတိုးနှုန်းကို ချေးငွေအပေါ် ၁၅ ရာခိုင်နှုန်း၊ အပ်ငွေ ၁၀ ရာခိုင်နှုန်းဟု ဗဟိုဘဏ်က လျှော့ချသတ်မှတ်ခဲ့သည်။ ယခင်က ချေးငွေ အတိုးနှုန်းမှာ ၁၇ ရာခိုင်နှုန်းနှင့် အပ်ငွေ အတိုးနှုန်းမှာ ၁၂ ရာခိုင်နှုန်းဖြစ်သည်။ ယခု ဒုတိယအကြိမ် ဘဏ်အတိုးနှုန်းထပ်မံလျှော့ပေးမှုကြောင့် လာမည့် ဇန်နဝါရီ ၁ ရက်မှစ၍ ဘဏ်အတိုးနှုန်းမှာ ချေးငွေ ၁၃ရာခိုင်နှုန်းနှင့် အပ်ငွေအပေါ် ၈ ရာခိုင်နှုန်းရှိမည်ဖြစ်သည်။

မြန်မာနိုင်ငံဘဏ်များ၏ အတိုးနှုန်းမှာ အိမ်နီးချင်းနိုင်ငံများထက် ကြီးမားနေသဖြင့် နိုင်ငံခြားသားများ လာရောက်အပ်နှံမှုများ ရှိနေကြောင်း ဘဏ်ပညာရှင်နှင့် လုပ်ငန်းရှင်ကြီးများ ထောက်ပြပြီး နောက်ပိုင်းတွင် စက်တင်ဘာ ၁ ရက်ကစ၍ ဗဟိုဘဏ်အတိုးနှုန်းများကို ၂ ရာခိုင်နှုန်းစီ လျှော့ချပြင်ဆင်သတ်မှတ်ခဲ့သည်။

"တိုင်းပြည်စီးပွားရေးတက်ချင်ရင် အတိုးနှုန်းလျှော့ရမယ်။ ဒီလိုလျှော့တော့ စရိတ်စကတွေကျတာပေါ့"ဟု ကမ္ဘောဇဘဏ်မှ ဒုဥက္ကဋ္ဌ ဦးသန်းလွင်က မှတ်ချက်ပေးသည်။

စက်တင်ဘာလက အတိုးနှုန်းများ လျှော့ချသတ်မှတ်ပေးခဲ့သော်လည်း စီးပွားရေးတိုးတက်မှုနှုန်းသည် အနည်းငယ်တုံ့ဆိုင်းနေသည်ကို တွေ့ရကြောင်း ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ပြောသည်။

အခြားသောနိုင်ငံများထက် အတိုးနှုန်းကြီးမားနေသော်လည်း ဘဏ်အတိုးနှုန်းများ လျှော့ချပေးခြင်းသည် စီးပွားရေးလုပ်ကိုင်နေသူများအတွက် အဆင်ပြေလာစေရန် ဦးတည်လာကြောင်းလည်း မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းရှင်အသင်းမှ ဗဟိုအလုပ်အမှုဆောင်တစ်ဦးကပြောသည်။

"အတိုးနှုန်းတက်တက်၊ ကျကျ ကျွန်တော်တို့လုပ်ငန်းရှင်တွေအတွက်တော့ ဘာမှသက်ရောက်မှုမရှိဘူး"ဟု လှိုင်သာယာစက်မှုဇုန်မှ ပြည်တွင်းထုတ်ကုန်လုပ်ငန်းရှင်တစ်ဦးကဆိုသည်။

ပြည်တွင်းရှိ ဘဏ်များသည် ချေးငွေချေးရာတွင် လုပ်ငန်း၏ အလားအလာနှင့် အောင်မြင်မှုအပေါ် မကြည့်ဘဲ ပိုင်ဆိုင်မှုအပေါ်တွင်သာ အဓိက တန်ဖိုးသတ်မှတ်၍ ချေးကြသည်။ မြေ၊ စက်ရုံ စသည့် မရွှေ့ပြောင်းနိုင်သော ပစ္စည်းတို့၏ ကာလပေါက်ဈေးကို ဖြတ်၍ ရောင်းဈေးပေါ်တွင်သာ ရာခိုင်နှုန်းသတ်မှတ်ပြီး ချေးငွေ ချေးပေးခြင်းဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်ကဆိုသည်။

နိုင်ငံတကာတွင် လုပ်ငန်းရှင်များအပေါ် ချေးငွေချေးပေးရာ၌ လုပ်ငန်းအခြေအနေ၊ လုပ်ငန်း၏ အနာဂတ် စသည်တို့ကို ကြည့်ပြီး ချေးငွေများ ထုတ်ပေးခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

# လူကူးမျဉ်းကြားမှ လမ်းမကူးပါက အရေးယူမည်ဟုဆို

**သိမ့်သိမ့်စိုး၊ ယုဇန**

**ရန်ကုန်၊ ဒီဇင်ဘာ - ၂၄**

လမ်းမကြီးများပေါ်တွင် လမ်းကူးရာ၌ လူကူးမျဉ်းကြားမှ မကူးပါက လာမည့် ၂၀၁၂ ဇန်နဝါရီ ၁ ရက်မှစ၍ အရေးယူမှုများပြုလုပ်သွားမည်ဖြစ်ကြောင်း ကြီးမှဲ့ကြေးနန်းနှင့်ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံးမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"အဓိကကတော့ ယာဉ်တိုက်မှုတွေနည်းအောင် လုပ်တဲ့သဘောပဲ"ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။



မြို့လယ်မီးပွိုင့်တစ်ခုတွင် လမ်းဖြတ်ကူးနေသူများ ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

လမ်းကူးရာတွင် လူကူးမျဉ်းကြားပေါ်မှ မကူးပါက အရှိန်ပြင်းမောင်းနှင်လာသော ယာဉ်များနှင့် တိုက်မိကာ ယာဉ်တိုက်မှုများဖြစ်ပေါ်လေ့ရှိခြင်းကြောင့် ယခုကဲ့သို့ အရေးယူရခြင်းဖြစ်ကြောင်းသိရသည်။

လူကူးမျဉ်းကြားမှမကူးပါက လမ်းကူးသူများကို တစ်ဦးလျှင် ဒဏ်ငွေနှစ်ထောင်ကျပ် ဒဏ်ရိုက်မည်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။

ထို့အတူ လူကူးမျဉ်းကြားများတွင် အရှိန်ပြင်းမောင်းနှင်လာသော ယာဉ်များကိုလည်း တွေ့ရှိပါက ဒဏ်ငွေ ၂၁,၅၀၀ ကျပ်ဖြင့် ဒဏ်ရိုက်အရေးယူမည်ဖြစ်သည်။

လမ်းကူးသူများအနေဖြင့် ခုံးကျော်တံတားရှိသောနေရာများတွင်လည်း တံတားပေါ်မှသာ ဖြတ်သန်းသွားရမည်ဟု ၎င်းက ဆက်လက်ပြောသည်။

အဆိုပါစီမံချက်အတွက် ဒီဇင်ဘာ နောက်ဆုံးပတ်မှစ၍ ပညာပေးအစီအစဉ်များ လုပ်ဆောင်နေပြီဟုဆိုသည်။

ယင်းကိစ္စများကို အရေးယူရာတွင် ယာဉ်ထိန်းရဲများသာမက မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာနအပြင် အစိုးရမဟုတ်သော အဖွဲ့အစည်းများ(NGO)နှင့်ပါ ပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း အထက်ပါတာဝန်ရှိသူက ဆက်လက်ပြောသည်။

# အင်္ဂလိပ်စာ ဆရာ၊ ဆရာမများ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

**နေလင်းထွန်း**

**ရန်ကုန်၊ ဒီဇင်ဘာ- ၂၀**

အင်္ဂလိပ်ဘာသာစကားသင်ကြားနေသော ဆရာ၊ ဆရာမများအတွက် အလုပ်ရုံဆွေးနွေးပွဲကို လာမည့် ဇန်နဝါရီ ၂၂ရက်တွင် ဒဂုံမြို့နယ်၊ တော်ဝင်လမ်းရှိ အမေရိကန်စင်တာ၌ ကျင်းပမည်ဖြစ်သည်။

အင်္ဂလိပ်ဘာသာစကား သင်ကြားမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို နံနက် ၈နာရီခွဲမှ နေ့လယ် ၁နာရီထိ ကျင်းပပြုလုပ်မည်ဖြစ်ပြီး ဆရာ၊ ဆရာမများအတွက် သင်ကြားရေးဆိုင်ရာ နည်းစနစ်များ၊ ပြည်ပပညာသင်အခွင့်အလမ်းများဆိုင်ရာ ဗဟုသုတများအကြောင်းကို ဆွေးနွေးပြောကြားမည်ဖြစ်သည်။ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်လိုသော ဆရာ၊ ဆရာမများအနေဖြင့် အမေရိကန်စင်တာတွင် မေးမြန်းစုံစမ်းနိုင်ပြီး WhittigEL@state.gov သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ ပြည်တွင်း၌ အင်္ဂလိပ်ဘာသာစကား သင်ကြားပို့ချနေသူများအတွက် အလုပ်ရုံဆွေးနွေးပွဲ များကို ဗြိတိသျှကောင်စီ(မြန်မာ)ကလည်း ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံတွင် ELTeCS (English Language Teaching Contacts Scheme)အသင်းဝင် ၁,၅၀၀ ကျော်ရှိပြီဖြစ်ကြောင်းသိရသည်။

အဆိုပါအဖွဲ့အစည်းတွင် ကျောင်းပညာရေးကဏ္ဍနှင့် ကျောင်းပြင်ပ ပညာရေးကဏ္ဍများ၊ တက္ကသိုလ်များနှင့် ကျောင်း များမှ ဆရာများပါဝင်နေပြီး ပုံမှန် အစည်းအဝေး ပြုလုပ်ခြင်း၊ လုပ်ငန်းဆွေးနွေးပွဲကျင်းပခြင်း၊ သင်တန်းပို့ချခြင်း၊ ဆရာ၊ ဆရာမများ စာသင်ခန်းတွင် သင်ကြားရေး ကျွမ်းကျင်မှုများ တိုးတက်ကောင်းမွန်စေရန် ပညာရပ်နယ်ပယ်တွင်တစ်ဦးနှင့်တစ်ဦး တွေ့ဆုံ၍ ပံ့ပိုးမှုပေးရန် အခွင့်အလမ်းများ ဖန်တီးလျက်ရှိသည်။

Life
7DAY NEWS JOURNAL
Vol.10, No.41 · DECEMBER 29, 2011



# ယနေ့ကျေးလက်လူငယ်များ

ဘုန်းမိုးသွန်း(မုံရွာ)

**ယခုနှစ် နတ်တော်လထဲတွင် ချင်းတွင်းနှင့် ရောဝတီမြစ်ဆုံအပါအဝင် နေရာအနှံ့ခရီးဆန့်ဖြစ်ခဲ့သည်။ အထူးသဖြင့် ကျေးလက်တောရွာများသို့ အရောက်များခဲ့ပါသည်။ ကျေးလက်ဒေသများ အတော်များများ တိုးတက်လာ သည်ကို တွေ့မြင်ခဲ့ရသည်။ အထူးသဖြင့် မြို့ပြနှင့် နီးသော ရွာလေးများက ပိုပြီးတိုးတက်လာသည်ကို တွေ့ရသည်။ လူနေမှု အဆင့်အတန်းမှာ ရုပ်ဝတ္ထုသဘောအရ ပိုပြီးပီပြင်လာခြင်းများရှိသလို ဆုတ်ယုတ်ပျက်စီး သွားသော အခြေအနေများလည်း မြင်တွေ့လာရသည်။**

ကျေးလက်ဒေသတိုးတက်လာခြင်းများနှင့်အတူ ဖျော်ဖြေရေးကဏ္ဍသည်လည်း ကျေးရွာများတွင် မြို့ပြနှင့်အပြိုင် တိုးတက်လာ သည်။ စာရေးသူငယ်ငယ်က ဗီဒီယိုကြည့်လိုလျှင် အနီးအနားက ဗီဒီယိုရုံကို သွားကြည့်ကြရသည်။ ယခုအခါ တီဗီ၊ အီးဗီဒီစက်များကလည်း တစ်အိမ်တစ်လုံးဖြစ်လာသည်။ အိမ်နားက ဗီဒီယိုရုံမှာလည်း ကြည့်သူမရှိ နည်းပါးလာသဖြင့် ဆက်၍မပြတော့ပေ။ မြို့ပြနှင့်နီးသော ရွာများတွင်လည်း လက်ဖက်ရည်ဆိုင်များ၊ ဘိလိယက်ခုံများ၊ လက်တောက်ခုံများ၊ ဂိမ်းဆိုင်များ အစီအရီ ပေါ်ပေါက်လာသည်။

ကျေးလက်တွင် တစ်အိမ်နှင့်တစ်အိမ် အပြိုင်အဆိုင် စီးပွားရှာကြ၊ အလုပ်လုပ်ကြ၊ ကြိုးစားကြသဖြင့် တိုးတက်မှုလည်း မြန်ဆန်လာသည်။ ဘုန်းတော်ကြီးကျောင်းရှိ စာကြည့်တိုက်သည်လည်း ညနေ လေးနာရီမှ ည ရှစ်နာရီအထိ ဖွင့်ပေးထားသည်။ နေ့ချင်းညချင်း မြို့ပြနှင့်အပြိုင် စာအုပ်များကို ဖတ်ခွင့်ရကြသည်။ သို့သော် အကျိုးပြုစာပေများ၊ ကျောင်းသားနှင့်ဆိုင်သော စာစီစာကုံးစာအုပ်များ စသည်များထက် အပျော်ဖတ် ကာတွန်း၊ဝတ္ထုများက ပိုပြီးငှားရမ်းရသည်ဟု သိရသည်။ တိုးတက်ခြင်းနှင့် ကပ်ပါလာသော အသုံးချမှုပုံရိပ်တစ်ခုဖြစ်သည်။

မိသားစုကို ဦးဆောင်နေရသူ လူငယ်တစ်ယောက်ကမူ ရွာတွင်း လူနေမှုနှင့်ပတ်သက်၍ “အရင်ကလို ပျော်စရာတော့ မကောင်းတော့ဘူး။ တစ်အိမ်နဲ့ တစ်အိမ် ပြိုင်ဆိုင်ပြီး စီးပွားရှာနေရတာနဲ့ လူမှုရေးတွေ လစ်ဟင်းကုန်တယ်။ ရွာကလေးက ကျဉ်းကျဉ်းကလေး ဆိုပေမယ့် သာရေး၊နာရေးရှိမှသာ အသွားအလာ လုပ်ဖြစ်တယ်။သာရေးဆိုရင် မသွားဖြစ်တာက များတယ်။ ဒါတောင် ကိုယ့်အတွက် သိပ်အရေးမပါတဲ့သူဆိုရင် မသွားဖြစ်တော့ဘူး။ အဲဒီလိုကနေ လူမှုရေးတွေက ခေါင်းပါးလာကြတယ်”ဟု ချစ်စရာတောဓလေ့ ပျောက်ကွယ်လာရခြင်းကို ရင်ဖွင့်စကားဆိုသည်။ ဟုတ်ပါသည်။ စာရေးသူ တွေ့ရသည်မှာ ညနေခုနစ်နာရီ ကိုးရိုးယားကားလာချိန် ရောက်လျှင် အိမ်တိုင်းက တံခါးကိုယ်စီ ပိတ်လိုက်ပြီ။ ငယ်ငယ်ကလို လည်လည်ပတ်ပတ် ဝင်ထွက်သွားလာကြတာကိုလည်း သိပ်မတွေ့ရတော့ပေ။ လူငယ်များနှင့် လမ်းမှာ တွေ့လျှင် ငယ်ငယ်က ရင်းနှီးဖော်ရွေစွာ နှုတ်ဆက်တတ်သော်လည်း ယခုမူ နှုတ်ဆက်မှုလည်း နည်းပါးလာပြီး သူတို့စီးလာသော ဆိုင်ကယ်ကိုပင် မနည်းရှောင်နေရပြန်သည်။ တစ်ခါတစ်ရံ အိတ်ဇောပိုက်ကို ဖြုတ်ပြီး ဆူညံစွာ မောင်းနှင်လာသော ဆိုင်ကယ်သံဖြင့် ပတ်ဝန်းကျင်ကို နှောင့်ယှက်နေတတ်သေးသည်။

လမ်းသွားရင်းက စီးကရက်၊ ဆေးလိပ် လက်ကြားညှပ်လာကြသူ လူငယ်များလည်း အများအပြား တွေ့ရလာသည်။ လူကြီးသူမများကို ရိုသေလေးစားမှု အားနည်းလာသည်။ ငါတို့ကို စာမသင်လျှင် ငါတို့ ဆရာမဟုတ်ဟူသော အတွေးများလည်း လူငယ်အချို့တွင် ရှိလာသည်။ စာရေးသူပဲ မြို့မှာအနေများနေ၍လား မပြောတတ်ပါ။ ယခု ကျောင်းသားငယ်များ ဆွေမျိုးပင် ပြန်ပြီးစပ်ပြနေရသည်။ နွေးထွေးမှုများ ပျောက်ကွယ်စပြုလာသော ကျေးလက်က ဖြစ်စဉ်တစ်ခုဖြစ်သည်


စာ(၁၁)သို့



## ဒီလိုလေး ချက်ကြရအောင်

ဝိုက်ဖီ

### ငှက်ပျောဖူးသုပ်



မြန်မာ့ရိုးရာအသုပ်မျိုးစုံကထမင်းမြိန်စေတာကြောင့် နေရာဒေသမျိုးစုံမှာ သူ့ဒေသနဲ့သူပုံစံမျိုးစုံနဲ့အသုပ်မျိုးစုံကိုပြုလုပ်စားသောက်လေ့ရှိပါတယ်။ အဲလိုအသုပ်မျိုးစုံတွေထဲကမှ နူးညံ့ပြီးအရသာကောင်းလှတဲ့ငှက်ပျောဖူးသုပ်လေးကိုဝိုက်ဖီကပြင်ဆင်ထားတာပါ။

ငှက်ပျောဖူးသုပ်ဖို့အတွက် ရခိုင်ငှက်ပျောဖူးတစ်ခြမ်း၊ ကြက်သွန်ဖြူဆီချက်၊ ကြက်သွန်နီကြော်၊ မြေပဲဆန်ထောင်းအနည်းငယ်၊ သံပရာသီးတို့ပဲလိုအပ်ပါတယ်။


ငှက်ပျောဖူးကို အပေါ်ယံပပ်လပ်တွေခွာပြီးအတွင်းပိုင်းအသားနုနုကိုပြုတ်ပါမယ်။ နူးလွယ်တဲ့အတွက် ငါးမိနစ်လောက်ပြုတ်ပြီးရင် ခပ်ရိတ်ရိတ်လေးတွေလှီးပါမယ်။ လှီးထားတဲ့ငှက်ပျောဖူးကိုသုပ်မယ်ဆိုရင်တော့ အပေါ်မှာရေးထားတဲ့ အမယ်တွေစုံလင်အောင်ထည့်ပြီး နယ်ဖတ်သုပ်ရုံပါပဲ။ ခပ်စိမ့်စိမ့်လေးပဲစားလိုသူတွေအတွက်ကတော့ ငရုတ်သီးစိမ်းထည့်စရာမလိုပါဘူး။ ချဉ်ချဉ်စပ်စပ်လေးစားလိုသူတွေကတော့ ငရုတ်သီးစိမ်းနဲ့ သံပရာသီးကို ခပ်ကဲကဲလေးထည့်ပေးလိုက်ရုံပါပဲ။

စားနေကျလက်သုပ်တွေက ရိုးအီနေပြီဆိုတဲ့သူတွေအတွက် အရသာတစ်မျိုးထူးတဲ့ငှက်ပျောဖူးသုပ်နဲ့အဆင်ပြေကြမယ်ထင်ပါတယ်။

## ဈေးဝယ်ထွက်မယ် မထူမပါးအနွေးထည်လှလှလေးတွေ ရှိတဲ့နေရာ







ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**မေပယ်လ်**

ဒီဇင်ဘာလကုန်ရက်တွေနီးလာပြီး နှစ်သစ်ကူးပြောင်းဖို့အချိန်တောင် ရောက်လာတော့ပေမယ့် ဒီနှစ်ဆောင်းရာသီက အေးလွန်းတယ်ဆိုတဲ့အနေအထားထိမရောက်သေးပါဘူး။

အေးချမ်းသာယာတဲ့မနက်ခင်းလေးတွေမှာ အပြင်တွေပဲသွားသွား၊ ရုံးတက်တာပဲဖြစ်ဖြစ်အနွေးထည်အထူကြီးဝတ်ဖို့မလိုအပ်ပေမယ့် အချမ်းသက်သာတဲ့အပြင် စတိုင်လ်ကျကျလေးဖြစ်စေမယ့် မထူမပါးအနွေးထည်လေးတွေရှိတဲ့နေရာကို လမ်းညွှန်ပေးချင်ပါတယ်။

ထိုင်းနိုင်ငံထုတ်သားရေ(Leather)ကုတ်အင်္ကျီလေးတွေ၊ ခေါင်းစွပ် ဆွယ်တာ လှလှလေးတွေကိုအကြိုက်တွေ့ကြမှာပါ။ ဈေးနှုန်းတွေကလည်း Leatherကုတ်အင်္ကျီဆို ၁၄,၅၀၀ကျပ်၊ ခေါင်းစွပ်ဆွယ်တာလေးတွေဆို ၉,၅၀၀ ကျပ်ကနေ ၁၂,၅၀၀ ကျပ်အထိရောင်းချတယ် လို့ဆိုပါတယ်။

ဒ့ါအပြင်လူငယ်ကြိုက်အမှတ် တံဆိပ်တစ်ခုဖြစ်တဲ့ Body Glove အနွေးထည်နဲ့ စတိုင်လ်ထုတ်ချင်တယ်ဆိုရင်လည်း အမျိုးသားဝတ်တွေကကျပ်၄၀,၀၀၀ ကျော်နဲ့ အမျိုးသမီးဝတ်ဆိုရင် ၃၈,၅၀၀ ကျပ်နဲ့ဝယ်နိုင်ပါသေးတယ်။

အအေးပေါ့တဲ့ဆောင်းမှာ တစ်နေကုန်ဝတ်လို့အဆင်ပြေမယ့်အနွေးထည်လှလှတွေကိုတော်ဝင်စင်တာ ပထမထပ်က Bambini ဆိုင်မှာဝယ်လို့ရပါတယ်လို့ ဒီတစ်ပတ်ဈေးဝယ်ဖို့ လမ်းညွှန်ပေးလိုက်ပါတယ်။

7 DAY NEWS JOURNAL
Vol.10, No.41 · DECEMBER 29, 2011




# ပန်းချီမောင်မောင်သိုက် အမှတ်တရပန်းချီပြပွဲကျင်းပ

ဥက္ကာကိုကို

**ရန်ကုန်၊ ဒီဇင်ဘာ - ၂၀**

ကွယ်လွန်သူ ပန်းချီဆရာမောင်မောင်သိုက် အမှတ်တရပန်းချီပြပွဲကို ယခုလ ၂၁ရက်မှ ၂၅ ရက်အထိ ရန်ကုန်မြို့၊ ဗိုလ်ချုပ်အောင်ဆန်းဈေးရှိမြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံး ဗဟိုပြခန်းတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ပန်းချီဆရာမောင်မောင်သိုက်သည် စာနယ်ဇင်းသရုပ်ဖော်ပုံများနှင့် ပန်းချီကားများစွာကို ရေးဆွဲခဲ့ပြီး ၎င်းကို ဂုဏ်ပြုသောအားဖြင့် ယခုပြပွဲကို ကျင်းပရခြင်းဖြစ်ကြောင်းသိရသည်။

**တစ်ဖက်သို့**

# ဈေးဝယ်စင်တာနှင့်ဈေးဆိုင်များအကြွေအစားရောင်းကုန်များသာပေးနေဆဲ

ညီညီဇော်

**မန္တလေး၊**
**ဒီဇင်ဘာ - ၂၄**

တစ်ရာတန်၊ နှစ်ရာတန်ကဲ့သို့ ငွေစက္ကူအသစ်များ စားသုံးသူများလက်ထဲသို့ ရောက်ရှိနေပြီဖြစ်သော်လည်း စူပါမားကက်အချို့နှင့် စတိုးဆိုင်ကြီးအချို့သည် ငွေအကြွေရှားပါးချိန်ကကဲ့သို့အကြွေအစားထိုးရောင်းကုန်များ အမ်းနေကြဆဲပင်ဖြစ်ကြောင်း ကိုယ်တိုင်ကြုံတွေ့ခဲ့သူများကပြောသည်။

"ကျွန်တော် အကျီသွားဝယ်တာ ၇,၈၀၀ ကျလို့ ၈,၀၀၀ ပေးလိုက်တာ ၂၀၀ မအမ်းနိုင်လို့ဆိုပြီး ချိုချဉ်ယူပါတဲ့။ ချိုချဉ်က ၂၀၀ မှ မတန်တာ။ ချိုချဉ်မစားဘူး ချောင်းဆိုးနေတယ်ပြောတော့ တစ်ရှူးယူတဲ့။ တစ်ရှူးလည်းမယူဘူးဆိုတော့ ဆေးလိပ်ပေးပြန်ရော။ ဒါနဲ့ ဘာမှမဝယ်တော့ဘူးဗျာဆိုပြီး ပြန်ထွက်လာခဲ့တယ်"ဟု အသက် ၂၃နှစ်အရွယ် အမျိုးသားတစ်ဦးက ပြောသည်။

"ဒေါ်ကြီးဆို မုန့်တီတစ်ပွဲ တစ်ရာရောင်းတာ တစ်ထောင်တန်ပေးလည်း ကိုးရာအမ်းလိုက်တာပဲ။ အကြွေတွေ ရှိနေပြီပဲ။ အမ်းရမယ်လေ။ ဆိုင်ကြီးတွေကတော့ တစ်ထောင်ပေးလိုက်ရင် တစ်ထောင်ဖိုးလုံး ကုန်အောင်ရောင်းချင်တော့ အကြွေမရှိလို့ တစ်ခုခုယူဦးကြည့်ပြောကြတာ" ဟု ပြောသည်။

အမရပူရမြို့ရှိ ဈေးသည်တစ်ဦးက ငွေအကြွေအစားထိုး အမ်းလေ့ရှိသည့်ပစ္စည်းများမှာ မူလအကြွေတန်ဖိုးထက် နည်းနိုင်သမျှ နည်းသောပစ္စည်းများကို အသုံးများလာကြကြောင်း ပြောသည်။

"ဥပမာဆိုရင် ကော်ဖီမစ်ဆို ဈေးနည်းနိုင်သမျှနည်းတဲ့တံဆိပ်ကိုသုံးတယ်။ တခြား တစ်ရှူးတို့ ဘောလ်ပင်တို့လည်း ဒီအတိုင်းပဲ။ တစ်ရာတန်ငွေအကြွေမရှိလို့ ဆိုပြီး အမ်းလိုက်တဲ့ပစ္စည်းက ၆၀၊ ၇၀ တန်တဲ့ပစ္စည်းတွေဖြစ်နေတယ်" ဟု ဆိုသည်။

အကြွေအစားထိုးပစ္စည်းအဖြစ် ကော်ဖီမစ်၊ တစ်ရှူး၊ ဘောလ်ပင်၊ ခေါင်းလျှော်ရည်အပြင် ၂၀၀ ကျပ်တန် တရားစာအုပ်ငယ်များကိုပါ အမ်းလေ့ရှိကြသည်။

ရက်မြတ်မင်္ဂလာဆုတောင်းလွှာ

လေးစားချစ်ခင်တန်ဖိုးထားရပါသော ကျေးဇူးရှင်
ဖေဖေဦးမောင်မောင်စံနှင့် မေမေဒေါ်ဝါဝါ (မြသော်တာစာပေ) တို့၏
(၃၁.၁၂.၂၀၁၁)ရက်တွင်ကျရောက်မည့် (၂၃)နှစ်မြောက်မင်္ဂလာရက်မြတ်မှသည်
ရတုများစွာတိုင်အောင် ခိုင်မြဲသောသစ္စာတရား နွေးထွေးသောမေတ္တာများဖြင့်
မြတ်နိုးတန်ဖိုးထားရပါသော မိသားစုနှင့်အတူ မင်္ဂလာနေ့ရက်ပေါင်းများစွာ လျှောက်လှမ်းနိုင်ပါစေကြောင်း
ဆုမွန်ကောင်းတောင်းလျက်
သားကြီး - မောင်ခဲမင်းဖြိုး (ဓာတ္တုစက်မှု)
သမီးငယ် - မစုရာနှင်းစံ (ကွန်ပျူတာတက္ကသိုလ်)



## တစ်ဖက် မှ

ပြပွဲတွင်ပန်းချီမောင်မောင်သိုက်၏ပန်းချီကားများအပြင်စာနယ်ဇင်းသရုပ်ဖော်ပန်းချီဆရာများ၏ ပန်းချီကားများကိုပါတွဲ ဖက်ပြသသွားမည်ဖြစ်သည်။

ပန်းချီကား ရောင်းချရသည့်ငွေများကို ပန်းချီမောင်မောင်သိုက်၏ မိသားစုများထံသို့ တစ်ဝက်တိတိပေးအပ်မည်ဖြစ်ပြီး ကျန်တစ်ဝက်ကို ကွယ်လွန်ပြီးစာနယ်ဇင်းသရုပ်ဖော်ပန်းချီဆရာကြီးများဖြစ်ကြသည့် ပန်းချီတင်မောင်မျင့်၊ ပန်းချီစံတိုး၊ ပန်းချီဝသုန်၊ ပန်းချီ မောင်မောင်သိုက်တို့၏ အမှတ်တရပန်းချီပြပွဲအတွက် သုံးစွဲမည်ဟုသိရသည်။

ကွယ်လွန်သူ စာနယ်ဇင်းသရုပ်ဖော်ပန်းချီဆရာကြီးလေးဦး အမှတ်တရပန်းချီပြပွဲကို ၂၀၁၂ ခုနှစ် ဩဂုတ်လတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။



ဓမ္မ

အသိတစ်လုံး အမြတ်ဆုံး တစ်လုံးသိ အကျိုးရှိ၏

## ပြောင်းလဲခြင်းများကိုမြင် နေ့သစ်များကိုဖြတ်ကျော်ခြင်း. . .

နှစ်ဟောင်းတွေကျန်ခဲ့ပြီး နှစ်သစ်ရောက်လာတော့မယ်။ စက္ကန့်၊ မိနစ်၊ နာရီတွေ ရက်၊လ၊နှစ်တွေ ပြောင်းလဲနေတာနဲ့အမျှ ခန္ဓာကြီးလည်း ပြောင်းလဲသွားခဲ့ပါပြီ။ တစ်နေ့၊ တစ်လ၊ တစ်နှစ်ကုန်သွားရင် ဘယ်လောက်ပြောင်းလဲသွားပြီလဲဆိုတာ တွက်ချက်ခန့်မှန်းကြည့်နိုင်ပါတယ်။ မကြာလှတဲ့မိနစ်ပိုင်း၊ နာရီပိုင်းအတွင်းမှာတောင် အမျိုးမျိုးအဖုံဖုံ ဖြစ်ပျက်ပြောင်းလဲနေတဲ့ခန္ဓာပါ။ အခု ပူ၊ အခု အေး၊ အခု ညောင်းနဲ့ အမြဲမပြတ်နှိပ်စက်နေတဲ့ခန္ဓာပါ။ တကယ်အပြောင်းအလဲတွေမြန်လွန်းတာက ရုပ်ခန္ဓာ၊ နာမ်ခန္ဓာတွေပဲဖြစ်ပါတယ်။ ခန္ဓာကြီးအတွက်ပဲ ဂရုစိုက်နေပြီး ကုသိုလ်တရားမရှာရင် သူများအစာအတွက် ကိုယ်က ပြင်ပေးနေတာနဲ့တူနေတယ်ဆိုတာ မြင်အောင်ကြည့်တတ်ဖို့လိုတယ်။

ခန္ဓာဖြစ်စဉ်တွေက မမြဲတဲ့သဘောကိုပြနေတယ်။ ဖြစ်ခြင်း၊ ပျက်ခြင်းတွေနဲ့ နှိပ်စက်နေလို့ ဆင်းရဲတဲ့သဘောကိုပြနေတယ်။ ကိုယ် မကြံချင်၊ မခံစားချင်တဲ့အခြေအနေတွေကို ရှောင်လွှဲလို့မရနိုင်အောင် ဖန်တီးတတ်တယ်။ ကိုယ့်အကြိုက်မဟုတ်တာတွေ၊ကိုယ့်အလိုမလိုက်တာတွေ ကိုပြနေတယ်။ ခန္ဓာထဲမှာရှိနေတဲ့ ရုပ်နာမ်ဓမ္မတို့ရဲ့ မမြဲဆင်းရဲ၊ အစိုးမရ တာတွေကို ဆင်ခြင်သုံးသပ်ပြီးတော့ ဒါဟာ ဆင်းရဲခြင်းအမှန်တရားတွေပါလားဆိုတာ မြင်တတ်ရမယ်။ ဆင်းရဲဒုက္ခတွေဖြစ်လာတာဟာ တဏှာ လောဘ၊ သမုဒယတွေနဲ့ တပ်မက်နေလို့ ချစ်ခင်တွယ်တာနေလို့ပဲဖြစ် တယ်။ တဏှာသမုဒယတွေကို ပယ်နိုင်မှ ချမ်းသာမယ်၊ ချမ်းသာခြင်း အစစ်အမှန်ကိုရဖို့အတွက် ဒုက္ခချုပ်ငြိမ်းရာကျင့်စဉ်ကို ကျင့်မှဖြစ်မယ်။ ဝိပဿနာတရားတွေ ရှုပွားမှဖြစ်မယ်ဆိုတဲ့ သစ္စာလေးပါးအမှန်တရားကို သိမြင်နားလည်ဖို့လိုတယ်။ တစ်နှစ်ကုန်သွားရင် တစ်နှစ်တော့ ကုန်သွားပြန်ပြီ။ ငါ ဒီနှစ်ဘာတွေရလိုက်သလဲ၊ ကုသိုလ်တွေလား၊ အကုသိုလ်တွေလား၊ တရားတွေကျင့်ပြီး တစ်နှစ်ကုန်သွားတာလား၊ မတရားတာတွေကျင့်ပြီး တစ်နှစ်ကုန်သွားတာလားလို့ တွက်ချက်ကြည့်ဖို့လိုတယ်။ နှစ်သစ်မှာ အချိန်နဲ့အမျှ တရားဓမ္မတွေအရယူနိုင်ကြ၊ တန်ဖိုးရှိတာတွေ ရယူနိုင်ကြဖို့ အားသစ်တွေရှိနေရမယ်။

ရည်ညွှန်းကိုးကား။ 'ဓမ္မလမ်းပေါ်မှာ' ဓမ္မဒူတဒေါက်တာအရှင်ပညိဿရ

## စာ-၉၊ ယနေ့ကျေးလက်လူငယ်များ မှ

ယခု မြို့ပြနှင့်နီးသော ကျေးလက်ကလေးငယ်များ ကံကောင်းကြပါသည်။ စာရေးသူငယ်ငယ်က မုံရွေး ကြေးမုံ အထက သို့ မနက် ၇ နာရီကစ၍ ခြေလျင်သွားပြီး ကျောင်းတက်ခဲ့ရသော်လည်း ယခုကလေးငယ်များမှာ ဆိုင်ကယ်၊ စက်ဘီးများဖြင့် သွားရောက် ကျောင်းတက်နေနိုင်ကြပြီဖြစ်သည်။ သို့သော်မိဘများကလူငယ်များအား အတန်းကြီးသည်အထိ ကျောင်းထားကာမှ စိတ်လေလွင့်ကာ ပညာရေးအခွင့်အလမ်းကို ရအောင် မယူကြတတ်ကြသည်မှာ စိတ်မကောင်းဖွယ်ရာဖြစ်သည်။ ကျောင်းထွက်၊ ကျောင်းပြေးကြသည့်ဖြစ်စဉ်များကိုအများအပြား ကြားလာရသည်။

မြို့ပြနှင့်အပြိုင် ကျေးလက်ဒေသများ တိုးတက်လာခြင်းသည် ကောင်းမွန်သော လက္ခဏာဖြစ်သော်လည်း တိုးတက်ခြင်းနှင့်အတူ ဆုတ်ယုတ်ပျက်စီးခြင်းများလည်း ပါလာတတ်သည်။ ချမ်းသာသော မိသားစုက အိမ်တွင် ဂိမ်းစက်များ ဝယ်ထားပေးသည်။ တချို့ကလေးငယ်များက ဂိမ်းဆိုင်သို့ သွားရောက် ကစားကြသည်။ ဂိမ်းကစားခြင်းအတွက် ကလေးငယ်များမှာ အပြစ်မရှိ။ သို့သော် ဂိမ်းကစားခြင်းကို အကြောင်းပြုပြီး တခြားသော အချိန်ဖြုန်းတီးမှုများလည်း ရှိလာသည်။ ဂိမ်းစွဲပြီး ကျောင်းစာကို စိတ်ဝင်စားမှုနည်းပါးခြင်းများလည်းရှိလာသည်။ အထူးသဖြင့် အရွယ်ရောက်လုနီး ကိုးတန်း၊ ဆယ်တန်းကျောင်းသားများဖြစ်သည်။ ကျောင်းမတက်သော လူငယ်များနှင့် ကျောင်းတက်သော လူငယ်များ၊ ဆယ်တန်းပြီး ကျောင်းသားများ ပုံစံခြင်း မတူညီကြပါ။ သို့သော် ကိုးရီးယားဇာတ်လမ်းတွဲများထဲကလို သူ့အုပ်စု ကိုယ့်အုပ်စုလေးများစုပြီး မိဘရှာထားသောငွေကြေးဖြင့်ဖက်ရှင်ထုတ်နေကြသည်။ ဆယ်တန်းကျောင်းသားက တက္ကသိုလ် ကျောင်းသားများ အပြင်က လူငယ်များကို ပေါင်းသင်းသည်။ ကျောင်းသားစိတ် မဝင်ဘဲ သူတို့နှင့်အတူ တုပလိုက်နေထိုင်လာသဖြင့်ယိမ်းယိုင်လာသည်။ ကျောင်းစာ ကြိုးစားရမည့်အစား အပျော်အပါးဘက်ကို အချိန်ပေးလာကြသည်။

ထိုအချိန်တွင် ကျေးလက်ကျောင်းသား မိဘများကလည်း တစ်နေ့လုပ်၊ တစ်နေ့စား သို့ မဟုတ်၊ တစ်နေ့ကုန် အလုပ်များ ဇယ်ခတ်သလို အလုပ်လုပ်နေရသဖြင့် သားသမီးများကို ဂရုစိုက်နိုင်မှုများလည်း နည်းပါးလာသည်။ ဂရုမစိုက်နိုင်ခြင်းကို အခွင့်အရေးယူပြီး ဂိမ်းဆိုင်သွားသည်။ ဘီလိယက်ဆိုင်သွားသည်။ အမ်ပီဖိုးများဖြင့်လည်း အလွယ်တကူ သီချင်းများ နားထောင်ရင်း အချိန်ဖြုန်းတီးမှုများလည်း ရှိလာသည်။ အကယ်၍ ကျောင်းသားလူငယ်များ ပညာသင်ချိန်တွင် အချိန်ဖြုန်းတီးမှုများပြားလာပါက သူတို့ ပညာရေး နှောင့်နှေးသွားနိုင်သည်။ အမ်ပီဖိုးအတွင်းသို့ သွင်းလာသော သီချင်းသံများ၊ မလျော်သာအရုပ်ပုံများက အနာဂတ်လူငယ်လေးများ၏ စိတ်ကို ပျက်စီးခြင်းဘက်သို့ ယိမ်းယိုင်သွားစေသည်။ ပျက်စီးသွားနိုင်သည်။

ကလေးသူငယ်များ မှုခင်းဖြစ်ပွားရခြင်းမှာလည်း အမ်ပီဖိုးတွင်း သွင်းလာသော မကြည့်သင့်သောအရုပ်များကြောင့်ဖြစ်သည်။ ကွန်ပျူတာဆိုင်များကလည်း မိမိတို့စီးပွားဖြစ်လျှင် ပြီးရောဆိုသည့် သဘောဖြင့် မသင့်တော် မလျော်သော ရုပ်ပုများထည့်ကာ ဆွဲဆောင်လာကြသည်။ မိဘများကလည်း အလုပ်လုပ်ပြီး သားသမီးများကို ပညာရေး ပြည့်စုံအောင်ထားပေးနေရုံမျှနှင့် ကျေနပ်မနေကြဘဲ နွေးထွေးသော မိသားစုမေတ္တာပေးရန် လိုအပ်နေသေးသည်ကို သတိပြုမိကြရန်လိုလာသည်။ သူတို့လေးတွေသည် အနာဂတ်နိုင်ငံတော်အတွက် သားကောင်းရတနာလေးများဖြစ်သည်။

လူလတ်အရွယ် ကျေးလက်နေ မိဘတစ်ဦးကမူ "တခြားမိသားစုများ နည်းတူ တီဗီ၊ အပေါ်စက်၊ အောက်စက်၊ ဆိုင်ကယ်၊ မီးစက် စသည်များ ပြည့်စုံအောင်အပြိုင်အဆိုင် ကြိုးစားကြရင်းက ကျေးလက် မိသားစုများမှာ လူမှုရေး၊ ပညာရေး၊ သားရေးသမီးရေးများအတွက် အလွဲလွဲအချော်ချော် ဖြစ်ကုန်သည်"ဟု ရင်ဖွင့်သည်။ ယခုဆိုလျှင် ကျေးလက် လူငယ်များ အိမ်ထောင်ပြုမှုမှာလည်း အရွယ်ရောက်သည်ထက် ပိုစောလာသည်။ ရှစ်တန်းကျောင်းသားတစ်ဦး စိတ်လေပြီး ကျောင်းထွက်လိုက်သည်။ မိဘများက "ကျောင်းထားတာ ကျောင်းမတက်ချင်မှတော့ အလုပ်ပဲခိုင်းရတော့မှာ"ဟု အလုပ်ခိုင်းလိုက်ကြရတော့သည်။ အလုပ်လုပ်ရာမှ ကိုးတန်းအရွယ်တွင် အိမ်ထောင် ကျသွားသည်။ အသက် ၁၈ နှစ်ပင် မပြည့်သေး။ ပညာရေးပန်းတိုင်မှာသူ့အတွက် နတ္ထိဖြစ်သွားသည်။ ၁၃ နှစ်အရွယ်လူငယ်နှင့် ၂၀ နှစ်အရွယ် မိန်းကလေးတို့မင်္ဂလာပွဲကိုလည်း အံ့သြစွာ တွေ့မြင်လာရသည်။ ဥပဒေကြောင်းအရ အပြစ်ရှိသော်လည်း အရွယ်မရောက်မီ လက်ထပ်ခွင့်ပေးသော အုပ်ထိန်းသူများကြောင့် လူငယ်တို့ ခံစားရမည့် လောကဓံကား မတွေးရဲလောက်အောင်ဖြစ်သည်။

ကျောင်းမထားနိုင်သော ကလေးငယ်များ၊ ပညာရေးစိတ်ပါဝင်စားမှုမရှိသော လူငယ်များသည် "အကြွင်နာနဲ့ ပညာမခွဲခြားနိုင်တော့ဘဲ စိတ်ဆန္ဒတိုင်းလိုက်ကာ အိမ်ထောင်ပြုတာတွေ စောလာတာဖြစ်တယ်"ဟု စာပေဝါသနာရှင် လူငယ်တစ်ဦးက ဆိုသည်။

ကျောင်းသားမိဘတစ်ဦးကမူ ငွေရှိလျှင် အရာရာဖြစ်နိုင်သည်။ ထို့ကြောင့် သူ့သားများ ပညာရေးစိတ်ဝင်စားမည်ကို မလိုလား။ ပညာရေးကို စိတ်ဝင်စား၍ စာကြိုးနေစားလျှင် ကျောင်းဆက်ထားရမည်။ တက္ကသိုလ်ဆက်ထားရမည်။ ငွေကုန်ကြေးကြများမည်ဟု ယူဆကာ တီဗီ၊ အပေါ်စက်၊ အောက်စက် အပြည့်အစုံ ဝယ်ပေးထားသည်။ သူ့သားသမီးများ အလုပ်လုပ်မှ ချမ်းသာမည်ဟု ယူဆထားသည်။

ထိုသို့ပညာရေးစိတ်ဝင်စားမည် စိုးရိမ်သော တလွဲအယူအဆရှိသူ မိဘ၏ သားသမီးများသည် မြို့တက်ပြီး ကာရာအိုကေဆိုင်၊ ဘီယာဆိုင်၊ အနှိပ်ခန်းများသို့ သွားလာတတ်နေခဲ့ပြီ။ အသောက်အစားလေးလည်း အနည်းအကျဉ်းဖက်လာသည်ဟု မိတ်ဆွေက ပြောပြသည်။ ငွေကြေးမနကြောင့်ပျက်စီးသွားခြင်းဖြစ်သည်။ စည်းစိမ်ဥစ္စာသည် ပညာမရှိသူကို သာဖျက်ဆီးနိုင်သည်။ ဘဝပျက်စေနိုင်သည်။ ပညာအဆင်အခြင်ရှိသူကို မဖျက်ဆီးနိုင်ဟု ဘုရားရှင် မိန့်တော်မူခဲ့သည်။ ပညာဆင်ခြင်မှုနှင့် မထိန်းနိုင်လျှင် အနေးနှင့်အမြန် ပျက်စီးသွားနိုင်သည်။ လူငယ်တွေ အားကိုးရမည်ဖြစ်ပါလျက် အားမကိုးရ ဖြစ်နေသည်။ ပညာရေး အလေးမထားတတ်သော မိဘများကြောင့်လည်း လူငယ်များပိုပြီး ပျက်စီးနိုင်ပြန်သည်။

"ငယ်စဉ်ကာလက မိဘတို့ တတ်မသင်၊ စင်စစ်ကယ် ရန်သူတဲ့" ဟူသော မိဘများ၊ သား၊ သမီးကို ပညာမသင်ပေးလျှင် ရန်သူပင်မည်ကြောင်း စဉ့်ပါဆရာတော်၏ ဆုံးမစာကို သတိတရ ရှိနေမိတော့သည်။

တစ်ရက်က ညီငယ်နှင့် ဖုန်းဆက်ဖြစ်သည်။ ရွာထဲက ကိုးတန်း၊ဆယ်တန်းကျောင်းသားများ ကျောင်းထွက်မှုများခြင်း၊ ကျောင်းမတက်ဘဲ၊ ကျောင်းပြေးခြင်း များပြားလာမှုနှင့် ပတ်သက်ပြီး "သူတို့ မပျက်စီးရအောင် တွဲခေါ်ပြီးတော့ သင်ပေးမလို့ဘဲ၊ ဒါပေမဲ့ ကလေးတွေက လမ်းပေါ်မှာချည်းတွေ့နေရတယ်။ နောက်ပြီး သူတို့ပေါင်းတဲ့သူတွေကလည်းအရွယ်တူအတန်းတူတွေ မဟုတ်တော့ မလွယ်ဘူး။ ကိုယ်နိုင်တဲ့ လူပဲ ကိုယ်သင်ပေးဖြစ်တယ်၊ ဒီလို မဟုတ်ရင်သင်ပေးတဲ့လူပါသိက္ခာကျနေဦးမယ်"ဟု ကလေးငယ်များကို အားလပ်ချိန်များတွင် အခမဲ့ဂိုက်လုပ်ပေးနေသော ညီက ဆိုသည်။

ယခုအခါ လူငယ်များအတွက် အခွင့်အလမ်းများက ပိုပြီး ရှိလာချိန်ဖြစ်သည်။ နည်းပညာ တိုးတက်လာခြင်းနှင့် အတူ ကျေးလက်များလည်း လိုက်ပါတိုးတက်လာရမည်ဖြစ်သည်။ "လူငယ် လူရွယ်ပဲ လွတ်လွတ်လပ်လပ်နေချင်ကြမှာ ပေါ့"ဟုဆိုသော်လည်း စည်းကမ်းရှိသော လွတ်လပ်ခြင်း၊ အပြစ်ကင်းသော ပျော်ရွှင်ခြင်းများ ဖြစ်ရန်လိုပါသည်။ အရွယ်နှင့် ကိုက်ညီသော လွတ်လပ်ပျော်ရွှင်မျိုး ဖြစ်သင့်ပါသည်။ သို့မဟုတ်လျှင် မိမိတို့၏ လွတ်လပ်ခြင်းသည် မလွတ်လပ်ခြင်းသို့၊ ပျော်ရွှင်ရခြင်းများသည် ဝမ်းနည်းပူဆွေးရခြင်းများသို့ ပြောင်းလဲသွားတတ်သည်။ ငယ်ရွယ်စဉ် အခွင့်အရေးရှိခိုက် ပညာရေး၊ အသိပညာ၊ အတတ်ပညာများကို ကြိုးစားအားထုတ်ထားသင့်သည်။ သို့မှသာ အလုပ်အကိုင်အခွင့်အလမ်းများရရှိလာမည်ဖြစ်သည်။ သို့မဟုတ်လျှင် အလုပ်အကိုင် အခွင့်လမ်းကို မဆိုထားနှင့် ဆင်းရဲမှုပပျောက်ရေးစနစ်တွင်မပါဝင်နိုင်ဘဲ ဆင်းရဲသံသရာလည်နေပေလိမ့်ဦးမည်။

ပြောင်းလဲလာသော အုပ်ချုပ်ရေးယန္တရားကြောင့် လူငယ်တို့ အခွင့်အလမ်းပိုရှိလာချိန်တွင် မည်သည့်ပညာရပ်မဆို လေ့လာထားသင့်သည်။ နောင်အခါ ဘာသာစကား တတ်ကျွမ်းသူများ၊ ပညာတကယ်တတ်မြောက်သူများကို အလိုရှိလာချိန်၊ ပညာကို အလေးပေးအားထားလာချိန်တွင် နောက်ကောက်ကျ မကျန်ရစ်ရန် အရေးကြီးသည်။ ပညာကို မည်သည့်နေရာက ရယူမည်နည်း။ အလွယ်တကူ ရယူနိုင်သော နေရာများလည်း ရှိလာသည်။ ကြိုးစားအားထုတ်သော လူငယ်များအား ထောက်ပံ့ပေးချင်သော သူများလည်း ယခင်ကထက် ပိုပြီး တိုးလာနေသည်။ လူငယ်တို့ လိုချင်နေသော အရာဝတ္ထုသည် လူငယ်တို့ကမှကိုယ့်တာဝန်ဟု အသိစိတ်ဓာတ်မရှိလျှင် လိုချင်သော အရာများက လွယ်လွယ်နှင့် ရလာမည်မဟုတ်ပေ။

ကျေးလက်လူငယ်များ မြို့ပြတက်ပြီး အင်တာနက်အသုံးပြုလာခြင်းသည်လည်း ကောင်းမွန်သောလက္ခဏာဟု ဆိုနိုင်သော်လည်း လူငယ်အများစုက ချက်တင်ထိုင်ခြင်းအဆင့်လောက်ဖြင့် ကျေနပ်နေကြပြီး အခြား အလွဲအသုံးချမှုများလည်း ရှိလာနေသည်။ အင်တာနက်စနစ်ကြောင့် အတတ်ပညာမျိုးစုံ၊ အသိပညာမျိုးစုံ ပွင့်အန်ထွက်ကျလာသော်လည်း လက်ခံရယူအသုံးချခြင်းများမပြုကြဘဲ လူငယ်အများစုက ဖျော်ဖြေရေးသက်သက် သာ အသုံးချနေကြသည်ကို အားမလိုအားမရ တွေ့ရှိနေရသည်။ အင်တာနက်မှတစ်ဆင့် စိတ်ဆန္ဒများကို အလိုလိုက်ရာမှ မဖြစ်သင့်သော အမှားများ ဖြစ်ကုန်ပြီး မိန်းကလေးငယ်အချို့ ပျက်စီးကာ ဘဝပျက်ကြသည်အထိ မြင်တွေ့ကြားသိနေရသည်။

မြို့ပြနှင့် မနီးမဝေး ကျေးလက်ဒေသရွာများနှင့် လူငယ်များတွင် တိုးတက်ခြင်းနှင့် ပျက်စီးခြင်း ရောယှက်ဖြစ်ပေါ်လျက်ရှိလာနေသည်ကို သတိပြုရမည်ဖြစ်သည်။ ဗုဒ္ဓဘာသာတရား၏ အဆုံးအမများဖြင့် တည်ဆောက်ထားသော မြန်မာ့ယဉ်ကျေးမှုသည် လူငယ်များ၏ တိုးတက်ခြင်း၊ ဆုတ်ယုတ်ခြင်းများနှင့်အတူ ပျောက်ကွယ်မသွားသင့်ပေ။ သက်ဆိုင်ရာ လူကြီးမိဘများက လူငယ်များအား အစဉ်လာကောင်းများနှင့်အညီ ခေတ်မီတိုးတက်သော အောင်မြင်မှုများဆီသို့ ဦးတည်ချီတက်နိုင်ရန် ဝိုင်းဝန်း စောင့်ရှောက်ကြရမည်ဖြစ်သည်။ မျက်ခြည်မပြတ် နွေးထွေးစွာ ဂရုတစိုက်ရှိနေဖို့ လိုအပ်လာပါသည်။ အနာဂတ်နိုင်ငံတော်အတွက် လူငယ်များကို အားကိုးရပါလိမ့်မည်။ သို့အတွက် လူငယ်များ တိုးတက်နေရပါမည်။ အသိပညာ၊အတတ်ပညာကိုရရှိအောင် ကြိုးစားအားထုတ်စေချင်သည်။ သို့မှသာ သာယာလှပသော အနာဂတ် အခွင့်အလမ်းကို ပိုင်ပိုင်နိုင်နိုင် ဆုပ်ကိုင်နိုင်သော လူတော် လူကောင်းများ တိုးပွားလာလိမ့်မည်ဟု မျှော်လင့်ရပါသည်။ လက်ရှိရရှိနေသော အခြေအနေ၊ အခွင့်အလမ်း မှန်သမျှသည် တစ်ချိန်က လူငယ်တို့၏ လုပ်ရပ်များ ယခု ထင်ဟပ်လာခြင်းဖြစ်သည်။ ထိုအမွေကို ယခု ရရှိနေခြင်းဖြစ်သည်။

နောင်အနာဂတ် ကောင်းခြင်း၊ ဆိုးခြင်းသည် ယခု လူငယ်များ လက်ဝယ်တွင် ရှိနေသည်ဟု ဆိုလျှင် လူငယ်များ မည်သို့ ဖြေကြမည်နည်း။ လူကြီးများက လူငယ်များအား မည်သို့ လက်တွဲခေါ်ဆောင်သွားကာ မည်သို့သော အမွေကို ပေးထားခဲ့ကြမည်နည်းဟု တွေးနေမိပါတော့သည်။

7 DAY NEWS JOURNAL
Vol.10, No.41 · DECEMBER 29, 2011

## စာ-၄၊ စွယ်တော် အလှူငွေနှင့်လက်ဝတ်ရတနာများဖြင့် တရုတ်နိုင်ငံတွင် ရွှေတိဂုံပုံစံတူစေတီတည်မည် မှ



ခန့်မှန်း တန်ဖိုး ကျပ် ၂၂၂၉သန်း (၂,၂၂၉, ၂၀၄,၆၀၀ကျပ်)၊ ဗုဒ္ဓဆင်းတုတော်ထုရန် ကျောက်စိမ်းထည်နှင့် ကျောက်စိမ်းပလ္လင်တော်စသည့်တို့အတွက် ခန့်မှန်းတန်ဖိုး ယူရို ၃ဒသမ ၂သန်းတန်ဖိုးရှိ ကျောက်စိမ်းတုံးနှစ်တုံးနှင့် ဆင်းတုတော်ထားရှိမည့်ကျောင်းဆောင်၊ ဆင်းတုတော်ထုတ်လုပ်မှုကုန်ကျစရိတ်တို့ကိုပါ လွှဲပြောင်းလှူဒါန်းခဲ့သည်။

အဆိုပါလွှဲပြောင်း လှူဒါန်းမှုအစုစုတို့မှာ ဒီဇင်ဘာ ၂၀ရက်အထိ ဗုဒ္ဓမြတ်စွယ်တော်ဖူးလာသူ ရဟန်းရှင်လူပြည်သူများ၏ လှူဒါန်းမှုတို့ဖြစ်သည်။ ကျန်ရှိသည့် လှူဒါန်းငွေနှင့် ရွှေ၊ ငွေ၊ ကျောက်မျက်ရတနာပစ္စည်းများအား ဆက်လက်လွှဲပြောင်းပေးအပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

"ပထမတော့ အလှူငွေတွေအားလုံးကို ထားခဲ့မယ့်အစီအစဉ်ရှိတယ်။ အခုတော့ တရုတ်နိုင်ငံမှာ ထေရဝါဒဗုဒ္ဓဘာသာ ထွန်းကားရေးအတွက် ရွှေတိဂုံပုံတူစေတီတော်တည်ထားကိုးကွယ်မှာမို့လှူဒါန်းပေးအပ်လိုက်မှာဖြစ်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းကလည်းပြောသည်။

## အယ်ဒီတာထံ ပေးစာ

### ရန်ကုန်မြို့တော်သန့်ရှင်းလှပဖို့နှင့် နည်းလမ်းတစ်ခု

မြို့တော်ကြီး သန့်ရှင်းသာယာလှပရေးအတွက် လူတိုင်း လူတိုင်းတွင်တာဝန်ရှိပါသည်။ သို့သော်လူတိုင်းနီးပါးစည်းကမ်းမရှိပြုမူနေထိုင်နေကြသည့်အတွက် မြို့တော်ကြီးမှာ မသန့်ရှင်း၊ မသာယာ မလှပဘဲ အရုပ်ဆိုးပြီး အကျည်းတန်နေပါသည်။ ဒီဇင်ဘာ ၁၆ ရက်နေ့ထုတ် ဂျာနယ်တစ်စောင်တွင် ရန်ကုန်မြို့တော်၌ ဆောင်ရွက်နေသည့် သန့်ရှင်းသာယာရေးစီမံချက်အရစည်းကမ်းမဲ့အမှိုက်ပစ်၊ အပေါ့၊ အလေးစွန့်သူနှင့်ကွမ်းတံတွေးထွေးသူများအား စောင့်ကြည့်ဖမ်းဆီးရန်အတွက် အစိုးရပင်စင်စားဝန်ထမ်းများကိုခန့်မည်။ ဖမ်းဆီးရမိလျှင်ဒဏ်ရိုက်ရသောငွေ၏ ၁၀ ရာခိုင်နှုန်းပေးမည်သတင်းကို ဖတ်ရသည့်အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး ယခုလိုအကြံပြုရေးသားတင်ပြရခြင်းဖြစ်ပါသည်။

ယနေ့ ဂျာနယ်တစ်စောင်ကို ငွေကျပ် ၅၀၀ မှ ၇၀၀ အထိပေးပြီးဖတ်ရသည့်အတွက် လက်လုပ်၊ လက်စား အခြေခံလူတန်းစားများ ယင်းဂျာနယ်များကို ဝယ်ပြီးမဖတ်နိုင်ပါ။ စည်းကမ်းမဲ့များအား စောင့်ကြည့် ဖမ်းဆီးဖို့အတွက် ပညာပေး ကာလမရှိဘဲ အမှန်တကယ်ဖမ်းဆီးမှာဖြစ်သည့်အတွက် စောင့်ကြည့်ဖမ်းဆီးမည့်သတင်းနှင့် အခြားပြည်သူများ လိုက်နာရမည့်စည်းကမ်းချက်များကို ဈေးနှုန်းချိုသာပြီး အခြေခံလူတန်းစားများပါ ဖတ်နိုင်သော နိုင်ငံပိုင်သတင်းစာများတွင် ထည့်ပေးခြင်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများမှတစ်ဆင့် ပြည်သူများကို အသိပေးအကြောင်းကြားခြင်းများကို သက်ဆိုင်ရာမှ ကြိုတင်ဆောင်ရွက်ပေးစေချင်ပါသည်။ ပြည်သူများ လိုက်နာရမည့် စည်းကမ်းများကို တစ်ဆင့်ပြီးတစ်ဆင့် ချမှတ်မှသာ လူတိုင်းသိရှိနားလည်ပြီး ရေရှည်တွင် လိုက်နာဆောင်ရွက်နိုင်ကြမှာဖြစ်ပါသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်၍ သန့်ရှင်းသာယာလှပသောနိုင်ငံတော်ကြီးဖြစ်လာစေရန် လူတိုင်းတွင် တာဝန်ရှိပါသည်။ မိမိတို့အိမ်ဝန်းကျင်၊ လမ်းနှင့်ရပ်ကွက်သန့်ရှင်းရေးမှာ မြို့နေလူထုထံတွင်လည်း တာဝန်ရှိသည်။ ထို့ကြောင့် လူတိုင်း၊ လူတိုင်း တာဝန်သိသိ သိက္ခာရှိရှိဖြင့် လက်တွဲညီညီ ဆောင်ရွက်သွားကြပါက စင်ကာပူနိုင်ငံက ပြန်လည်စံထားရသော နိုင်ငံတစ်နိုင်ငံဖြစ်လာရန်မှာ မလွဲ ကေန်ပင်ဖြစ်ပါသည်။

**လေးစားစွာဖြင့်**
**မြို့တော်သူ**

## ရန်ကုန်တက္ကသိုလ် သတ္တဗေဒ ကျောင်းသား၊ ကျောင်းသူဟောင်းများ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်မည်

**ရန်ကုန်၊ ဒီဇင်ဘာ- ၂၃**

ရန်ကုန်တက္ကသိုလ်(ပင်မ၊ လှိုင်၊ ကြည့်မြင်တိုင်၊ ဗိုလ်တထောင်၊ လုပ်သားကောလိပ်)သတ္တဗေဒကျောင်းသား/သူဟောင်းများ၏ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၅. ၂. ၂၀၁၂ (တနင်္ဂနွေနေ့)နံနက်၉နာရီတွင် တက္ကသိုလ်များဓမ္မာရုံ(ရန်ကုန်)၌ ကျင်းပမည်ဖြစ်သည်။

ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများ၊ ကျောင်းသား/သူဟောင်းများ မပျက်မကွက်တက်ရောက်ကြပါရန်ဖိတ်ကြားထားသည်။ ဆရာကန်တော့ပွဲသို့ အလှူငွေများထည့်ဝင်လိုပါက ဦးကျော်ဘုန်းလင်း၊ ဖုန်း-၀၁-၂၀၃၃၀၃၊ ဒေါ်ညွန့်ညွန့်ရည်၊ ဖုန်း-၀၉-၈၅၃၇၂၆၉၊ ဒေါ်ဖြိုးရွှေစင်ဝင်း၊ ဖုန်း-၀၉-၅၀၅၀၄၅၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

## မျက်နှာဖုံး-မြန်မာနိုင်ငံတွင် အလုပ်လက်မဲ့နှုန်း နှစ်စဉ် လူတစ်သန်းကျော် တိုးနေဟုဆို မှ

မြန်မာနိုင်ငံတွင် ၂၀၀၉-၂၀၁၀ စာရင်းများအရ လူဦးရေ သန်း ၆၀နီးပါးရှိပြီး ထိုလူဦးရေ၏ ၆၁ရာခိုင်နှုန်းသည် အလုပ်လုပ်နိုင်သော လူဦးရေဖြစ်ကာအမှန်တကယ်အလုပ်လုပ်နေသူမှာ သန်း၃၀ကျော်သာရှိကြောင်း သက်ဆိုင်ရာက ထုတ်ပြန်သော စာရင်းများအရသိရသည်။

ထိုအလုပ် လုပ်နိုင်သူများထဲတွင် သုံးသန်းကျော်မှာ ရွှေ့ပြောင်းလုပ်သားအဖြစ် နိုင်ငံခြားတွင် သွားရောက်လုပ်ကိုင်နေကြပြီး ထိုအထဲ၌ ခုနစ်သိန်းခန့်သာ တရားဝင်သွားရောက်လုပ်ကိုင်နေကြကြောင်း အလုပ်သမားဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ထို့ကြောင့် မြန်မာနိုင်ငံအနှံ့အပြားရှိ အလုပ်သမားရုံး ၇၇ရုံးတွင် အလုပ်အကိုင်အခွင့်အလမ်းကြော်ငြာများ ကပ်ထားပေးသွားမည်ဖြစ်ပြီး ထိုရုံးများတွင် အလုပ်အကိုင်လျှောက်ထားနိုင်ကြောင်း အလုပ်သမားဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်ရှိန်ကပြောသည်။

## မျက်နှာဖုံး-နည်းပညာတက္ကသိုလ် ဘာသာရပ်ခုနစ်မျိုးကို သက်ဆိုင်ရာတက္ကသိုလ်များတွင် ပေါင်းစည်းဖွင့်လှစ်ရန်စီစဉ် မှ

ကျောင်းသား၊ ကျောင်းသူများ နည်းပညာတက္ကသိုလ်များသို့ ပြောင်းရွှေ့၍ ဘာသာရပ်များ ပေါင်းစည်းဖွင့်လှစ်ရန်အတွက် လိုအပ်သည်များကို အချိန်မီဆောင်ရွက်ရန်နှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ပြန်လည်တင်ပြသွားရန် အဆိုပါဌာနမှ သက်ဆိုင်ရာ နည်းပညာတက္ကသိုလ်များသို့ အကြောင်းကြားထားခြင်းဖြစ်သည်။

ဘာသာရပ်များ ပေါင်းစည်းသင်ကြားရေးအစီအစဉ်အရ ကျောင်းသား၊ ကျောင်းသူများ ကျောင်းပြောင်းရွှေ့ရမည်ဖြစ်ပြီး ရုတ်တရက်အခြေအနေကြောင့် ကျောင်းသားအချို့ အခက်အခဲကြုံတွေ့နေကြောင်း နည်းပညာတက္ကသိုလ်တစ်ခုမှလက်ထောက်ကထိကဆရာတစ်ဦးကပြောသည်။

"သမီးတို့ဆီကနေ ရန်ကုန်ကိုသွားတက်ဖို့က ငွေရေးကြေးရေးရော၊ အခြေချဖို့ရော အခက်အခဲရှိတယ်။ ကျောင်းထွက်လိုက်ရင်လည်း လက်မှတ်ပဲရမှာ၊ ဘွဲ့ရမှာမဟုတ်တော့ဘူး။သမီးတို့သူငယ်ချင်းတွေ လက်မှတ်စုထိုးပြီး အသနားခံစာတင်ဖို့လုပ်နေတယ်" ဟု B.Tech (Bachelor of Techonology) ဒုတိယနှစ်တက်ရောက်နေသော ကျောင်းသူတစ်ဦးကပြောသည်။

ပေါင်းစည်းသင်ကြားမည့်ဘာသာရပ်များမှာ ဇီဝနည်းပညာ (Bio Technology)၊ အထည်အလိပ်(Textile)၊ ရေနံဓာတု(Petroleum)၊စက်မှုနည်းပညာ(Mechatronics)၊သတ္တုဗေဒ(Metallurgy) ဓာတုဗေဒ(Chemical)နှင့် ဗိသုကာ(Architecture)တို့ဖြစ်ကြောင်း ညွှန်ကြားချက်တွင် ဖော်ပြထားသည်။

## စာ-၅၊ ကာယအလှမယ်ပြိုင်ပွဲတွင် ဝတ်စားဆင်ယင်မှု ပြောင်းလဲတော့မည် မှ

ထိုသို့ ပြောင်းလဲလိုက်သည့် ဝတ်စားဆင်ယင်မှုသရုပ်ပြပွဲကို ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလအ တွင်း ရန်ကုန်တွင် ပြုလုပ်မည့်(၁၁) ကြိမ်မြောက် အရှေ့တောင်အာရှကာယဗလ တံခွန်စိုက်ပြိုင်ပွဲ၌ အပြည်ပြည်ဆိုင်ရာ တာဝန်ရှိသူများအား မိတ်ဆက်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

ထပ်မံ၍ သတ်မှတ်ချက်များတွင် ယခင်က ဆံထုံးနေရာ၌ မိမိစိတ်ကြိုက် ထုံးဖွဲ့အလှဆင်နိုင်ပြီး လိုအပ်သော အဆင်တန်ဆာများကို ဝတ်ဆင်ခွင့်ပြုထားကာ ငါးလက်မထက်မမြင့်သော ဒေါက်မြင့်ဖိနပ်စီး၍ ယှဉ်ပြိုင်နိုင်ကြောင်းသိရသည်။

နိုင်ငံတကာ အမျိုးသမီးပြိုင်ပွဲများ၌ ကာယအလှမယ်ပြိုင်ပွဲ သုံးမျိုးရှိသည့်အနက် မြန်မာနိုင်ငံအနေဖြင့် ကာယအလှမယ်ပြိုင်ပွဲ နှစ်မျိုးဖြစ်သည့် Model Physique နှင့် Fitness Physique ပြိုင်ပွဲများ၏ ယှဉ်ပြိုင်ပုံကိုအခြေခံပြီး ပြောင်းလဲယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း အဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"ပြီးခဲ့တဲ့ ပြည်နယ်နဲ့ တိုင်း ပြိုင်ပွဲမှာ ပုံစံသစ်နဲ့ သရုပ်ပြပွဲ လုပ်ပြခဲ့ပါတယ်။ ပရိသတ်တွေလည်း လက်ခံအားပေးကြတာ တွေ့ရပါတယ်။ အားကစားကို အားကစားလို မြင်တတ်ဖို့လည်း လိုအပ်ပါတယ်။ တချို့က ကာယအလှမယ်ပြိုင်ပွဲဆိုရင် တခြားအဓိပ္ပာယ်တစ်မျိုးနဲ့မြင်တတ်ကြတာမျိုးရှိကြတယ်"ဟု အဆိုပါတာဝန်ရှိသူကပြောသည်။

## မျက်နှာဖုံး-အလုပ်သမား ပတ်စ်ပို့သက်တမ်း လေးနှစ်ပေးရန် စီစဉ်နေ မှ

ရန်ကင်းမြို့နယ်ကျောက်ကုန်းရှိလေ့ကျင့်ရေးသင်တန်းကျောင်းတွင် အလုပ်သမားဝန်ကြီးဌာနမှ ဒုဝန်ကြီးနှင့် တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့(ILO)မှ တာဝန်ရှိသူများနှင့် အေဂျင်စီများတက်ရောက်သော ဆွေးနွေးပွဲ၌ တက်ရောက်လာသော အေဂျင်စီမှ တာဝန်ရှိသူများက နိုင်ငံကူးလက်မှတ်အား ယခုထက်စောလျင်စွာထုတ်ပေးနိုင်ရန် တင်ပြခဲ့သည်။

ယခင်က နိုင်ငံကူးလက်မှတ်လျှောက်ထားရာတွင် တစ်လကြာမြင့်သော်လည်း ယခုနှစ်နှစ်လယ်ပိုင်းမှစ၍ သုံးပတ်နှင့်ရရှိရန် ဆောင်ရွက်ပေးခဲ့သည်။

ယခုလက်ရှိ နိုင်ငံကူးလက်မှတ်သက်တမ်းမှာ သုံးနှစ်ဖြစ်ပြီး အလည်အပတ်ဗီဇာလျှောက်ထားရာတွင် အနည်းဆုံး ခြောက်လသက်တမ်းကျန်ရှိရမည်ဖြစ်ပြီး အလုပ်သမားများအနေဖြင့် တစ်နှစ်သက်တမ်းကျန်မှ သွားရောက်လုပ်ကိုင်ခွင့်ရကြမည့်ဖြစ်သည်။

# Health

7 DAY NEWS JOURNAL

Vol.10, No.41 · DECEMBER 29, 2011




# ခရီးသွားရင်း ဝမ်းမချုပ်စေဖို့

မေဝင်းမွန်

ကျောင်းပိတ်ရက်၊ အလုပ်ပိတ်ရက်များသည့် ခရီးသွားကာလ ရောက်လာပြီဖြစ်ရာ ခရီးထွက်သူတိုင်း ကျန်းမာပျော်ရွှင်စွာ သွားလာနိုင်မှုမှာ အရေးကြီးသည့်အချက်တစ်ခုဖြစ်သည်။

ခရီးသွားနေသည့်ကာလတွင် လူအများစုကြုံတွေ့ရသော ကျန်းမာရေးပြဿနာတစ်ခုမှာ ဝမ်းချုပ်ခြင်းပင်ဖြစ်သည်။ ဝမ်းချုပ်ခြင်းမှာ အသက်အရွယ်အပိုင်းအခြားမရှိဘဲ လူတိုင်းဖြစ်လေ့ဖြစ်ထရှိကြပြီး ယင်းသို့မဖြစ်စေရန် ပုံမှန်စားသောက်မှုအလေ့အကျင့်နှင့်လည်း ကာကွယ်နိုင်သည်ဟုဆိုသည်။

ဝမ်းသွားခြင်းဟူသည် စားသမျှအစာများ အစာအိမ်ထဲတွင် ပြည့်သွားချိန်၌နောက်ထပ်စားသောက်နိုင်ဖို့ရာ အစာဟောင်းများကို စွန့်ထုတ်ပစ်ခြင်းဖြစ်သည်။ ဝမ်းချုပ်ခြင်းမှာ အစာဟောင်းများက အူလမ်းကြောင်းအတိုင်း ပုံမှန်လုပ်ရိုးလုပ်စဉ်အတိုင်း ပြင်ပသို့စွန့်ထုတ်နိုင်ခြင်း မရှိခြင်းကြောင့်ဖြစ်ပြီး အချိန်ကြာရှည်စွာကား၊ ရထား၊ လေယာဉ်စီး၍ ခရီးသွားရခြင်း၊ ခရီးထွက်နေစဉ် နေ့စဉ်ပုံမှန်စားသောက်နေထိုင်သည့်ပုံစံမှ အပြောင်းအလဲဖြစ်သည့်အခြေအနေကြောင့်လည်း ဖြစ်လေ့ရှိသည်ဟုသိရသည်။

"စိတ်နဲ့လည်းဆိုင်တယ်။ ကိုယ်နဲ့မတူတဲ့ပတ်ဝန်းကျင်ကြောင့်လည်းဖြစ်တယ်။ ဝမ်းချုပ်တာက လူတိုင်းဖြစ်လေ့ဖြစ်ထရှိပါတယ်။ ကိုယ်သွားနေကျအိမ်သာမဟုတ်ရင်အိမ်သာတက်လို့မရဘူး။ အိမ်သာက သန့်ရှင်းသည်ဖြစ်စေ၊ မသန့်ရှင်းသည်ဖြစ်စေ သွားနေကျမဟုတ်ဘူးဆိုရင် ဝမ်းချုပ်တာဖြစ်တတ်ပါတယ်" ဟုအထွေထွေရောဂါကုဆရာဝန်ဒေါက်တာခင်ဇော်ကပြောသည်။

"ခရီးသွားတိုင်းအကျင့်ပါနေတယ်။ နေရာအပြောင်းအလဲ၊ အိမ်သာအပြောင်းအလဲမှာ ဘယ်လိုမှကို ဝမ်းသွားလို့မရဘူးဖြစ်တာ။ နှစ်ရက်၊ သုံးရက်နေတာတောင်မသွားဘူး။ ဝမ်းပျော့ဆေး အမြဲဆောင်သွားရတယ်။ ခရီးသွားရင် ရေသောက်ဖို့ကလည်း မေ့မေ့နေတယ်။ ရေများများသောက်ပေးတာအကောင်းဆုံးပါပဲ" ဟုခရီးသွားစဉ်ဝမ်းချုပ်တတ်သူ အမျိုးသမီးတစ်ဦးကပြောသည်။

အသက်အရွယ်မရွေးဝမ်းချုပ်တတ်သည်ဆိုသော်လည်း အသက် ၅၀၊ ၆၀ အရွယ်များတွင် ဝမ်းချုပ်မှုပိုမိုဖြစ်သဖြင့် ဝမ်းပျော့ဆေးကို အိပ်ရာဝင်တိုင်း သောက်သုံးစေခြင်းမျိုးလည်း ရှိကြောင်း သိရသည်။

"ခရီးသွားတဲ့အခါကျရင် အစားအသောက်ကိုတော့ ဂရုစိုက်တယ်။ ဝမ်းသွားတာပဲဖြစ်ဖြစ်၊ ဝမ်းချုပ်တာပဲဖြစ်ဖြစ် ကိုယ့်အတွက်မကောင်းပါဘူး။ နေရာထိုင်ခင်း အခြေအနေပေါ်လည်း မူတည်ပါတယ် "ဟုအသက် ၂၉ နှစ်အရွယ် ကုမ္ပဏီဝန်ထမ်းအမျိုးသားတစ်ဦးကပြောသည်။

ခရီးသွားစဉ် ဝမ်းချုပ်တတ်သူများအဖို့ ခရီးသွားရန်ရက်အနည်းငယ်အလိုကတည်းက အမျှင်ဓာတ်ပါသောအစားအစာများကို ပိုမိုစားပေးခြင်း၊ လမ်းခရီးတွင်စား သောက်ရန် ကျန်းမာရေးနှင့်ညီညွတ်သော အမျှင်ဓာတ်ပါအစားအစာများ ယူဆောင်သွားခြင်း၊

# ရန်ကုန်မြို့ရှိ တက္ကသိုလ်၊ ကောလိပ်များ၌ ကျန်းမာရေးစောင့်ရှောက်မှု အားမနည်းဟုဆို

ဝတ်ရည်

**ရန်ကုန်၊ ဒီဇင်ဘာ-၂၂**

တက္ကသိုလ်များနှင့်ဒီဂရီကောလိပ်များတွင် ဆေးရုံ၊ ဆေးခန်း ဆရာဝန်ဖြည့်ဆည်းထားရှိမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုများမှာ အားနည်းသည့်အနေအထားတွင် မရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက ပြောကြားသည်။

စမ်းချောင်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမင်းအောင်က တက္ကသိုလ်များအား လိုအပ်နေသေးသည့် အားကစားကွင်း(သို့) အားကစားအဆောက်အအုံ(သို့) ဆရာဝန်ကြီးများ ကြီးကြပ်သည့် တက္ကသိုလ်ဆေးရုံစသည့် လိုအပ်ချက်များနှင့်ပတ်သက်ပြီး မည်သို့ဆောင်ရွက်မည်ဆိုသည့်အမေးအား လွှတ်တော်ဥက္ကဋ္ဌက နိုဝင်ဘာ ၃ ရက်တွင် ထိုကဲ့သို့ ပြန်လည်ဖြေကြားခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် ရန်ကုန်တက္ကသိုလ်စတင်ပေါ်ပေါက်သည့်အချိန်မှ စတင် ဖွင့်လှစ်ခဲ့သော တက္ကသိုလ်များ ဆေးရုံ၌ ပြင်ပလူနာဌာန၊ အရေးပေါ်ဌာနနှင့် အတွင်းလူနာဆောင်များ၊ သွားဘက်ဆိုင်ရာဌာန စသည်များ ဖွင့်လှစ်ထားပြီး ကျန်းမာရေးစောင့်ရှောက်မှုပေးနေကြောင်း ၎င်းက ပြောကြားသည်။

ရန်ကုန်စီးပွားရေးတက္ကသိုလ်(ရွာသာကြီး)တွင်လည်း ဆရာဝန်တစ်ဦး၊ သွားဆရာဝန်တစ်ဦး၊ သူနာပြု လေးဦးနှင့် အထွေထွေလုပ်သားခြောက်ဦးပါဝင်သောဆေးခန်းတစ်ခန်း၊ ဒဂုံတက္ကသိုလ်တွင်လည်းဆရာဝန်လေးဦးနှင့်သူနာပြုခုနစ်ဦးပါဝင်သော ဆေးခန်းတစ်ခန်းအပါအဝင် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်အတွက် သန်လျင်ပြည်သူ့ဆေးရုံကြီးနှင့် အမျိုးသားစီမံခန့်ခွဲမှု ပညာကောလိပ်အတွက် ရန်ကုန်အရှေ့ပိုင်းဆေးရုံတို့မှ တာဝန်ယူစောင့်ရှောက်ပေးနေသဖြင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်များအတွက်ကျန်းမာရေးစောင့်ရှောက်မှုအားနည်းသည့် အနေအထားတွင် မရှိခြင်းဖြစ်ကြောင်း နိုဝင်ဘာ ၃ ရက်တွင် ပြုလုပ်ခဲ့သည့် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက အဆိုပါ မေးမြန်းချက်အား စာဖြင့်ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။



# အချိန်နီးပြီလား. . . သတိထား

ဝတ်ရည်

အမျိုးသမီးတစ်ဦး အပျိုဖော်ဝင်သည့်အချိန်မှစတင်၍ လစဉ်ဖြစ်ပေါ်လေ့ရှိသော ရာသီလာခြင်းသည် အမျိုးသမီးတိုင်း ရှောင်လွှဲမရနိုင်သည့်ဓမ္မတာတစ်ခုပင်ဖြစ်သည်။

ရာသီလာခြင်းသည် လစဉ်အမြဲမပြတ်ဖြစ်ပေါ်နေသည့်အရာဖြစ်သော်လည်း ထိုအချိန်တွင် ဖြစ်ပေါ်သည့်နာကျင်မှုများကြောင့် အမျိုးသမီးအချို့မှာ ထိုအချိန်ကျရောက်မည်ကိုလစဉ်လတိုင်း ထိတ်လန့်စွာဖြင့် စောင့်ဆိုင်းနေကြရသည်များလည်းရှိသည်။

သားဖွားမီးယပ်ဆိုင်ရာ ဆရာဝန်ကြီးများ၏အဆိုအရ ထိုကဲ့သို့နာကျင်မှုများသည် အမျိုးသမီးလေးဦးတွင် သုံးဦးနှုန်းဖြစ်ပွားလေ့ရှိကြပြီး အများစုမှာရောဂါတစ်စုံတစ်ရာမရှိဘဲ နာကျင်ကိုက်ခဲမှုများ ခံစားကြရခြင်းဖြစ်ပြီး အချို့မှာ ရောဂါအကြောင်းအရင်းတစ်ခုခုကြောင့်နာကျင်မှုများအား ပြင်းပြင်းထန်ထန်ခံစားရလေ့ရှိကြောင်း သိရသည်။

"အများစုကတော့ နည်းနည်းပါးပါးလောက်ပဲ ကိုက်ခဲမှုခံစားရတယ်။ ဒီထဲမှာမှ နာကျင်မှုခံစားရတဲ့ မိန်းကလေးခြောက်ယောက်မှာတစ်ယောက်လောက်ကတော့ နေ့စဉ်ပြုလုပ်နေတဲ့အလုပ်တွေကိုတောင် မလုပ်နိုင်အောင်ပြင်းထန်တဲ့ကိုက်ခဲမှုတွေခံစားရတယ်" ဟုသားဖွားမီးယပ်ဆရာဝန်ကြီး တွဲဖက်ပါမောက္ခ ဒေါက်တာစိုးလွင်ကပြောသည်။

ရာသီလာချိန် မည်သည့်ရောဂါမှမရှိဘဲနာကျင်ကိုက်ခဲခြင်းသည်ရာသီလာချိန်တွင်သားအိမ်အတွင်းမှထွက်လာသည့်ဟော်မုန်းဓာတ်တစ်မျိုးများပြားလာခြင်းကြောင့်ဖြစ်ပြီး ထိုဟော်မုန်းများကြောင့် သားအိမ်ကြွက်သားများကျုံ့ရာမှ နာကျင်မှုဝေဒနာအား ခံစားကြရခြင်းဖြစ်ကြောင်း သိရသည်။ ထိုသို့နာကျင်လာသည့်အခါ အဆိုပါဟော်မုန်းများ လျော့နည်းသွားစေသည့် ဆေးဝါးများ (Ponstan,Meftal, Dolfenal, Pontalon) အစရှိသည့် ဆေးဝါးများအသုံးများကြပြီး အချို့မှာလည်း အလွယ်တကူရသည့် ဘိုင်အိုဂျက်စစ်ကဲ့သို့သော အကိုက်အခဲပျောက်ဆေးများအသုံးပြု၍ နာကျင်မှုသက်သာအောင် ပြုလုပ်ကြသည်များလည်း ရှိသည်။

နာကျင်ကိုက်ခဲမှုအား သက်သာစေရန်အတွက်ထိုကဲ့သို့ ဆေးဝါးများ အသုံးပြုကြသည့်အခါ အစာအိမ်ထိခိုက်မှုမရှိစေရန် အတွက် ဂရုပြုရန်လိုအပ်သည်။ ဆေး၏ ဘေးထွက်ဆိုးကျိုးသည် တာရှည်စွဲသောက်လျှင် အစာအိမ်ရောဂါရစေနိုင်သည့်အတွက် နေ့စဉ်သောက်သုံးခြင်းမပြုသင့်ဘဲ ဗိုက်အောင့်ခြင်းမဖြစ်စေရန် အစာအိမ်ဆေး တစ်မျိုးမျိုးဖြင့် တွဲဖက်သောက်သုံးနိုင်ကြောင်း သိရသည်။

စာ(၃၀)သို့




Regional
7 DAY NEWS JOURNAL
Vol.10, No.41 · DECEMBER 29, 2011

# မူးယစ်ဆေးဝါးရောင်းဝယ်သည်ဟု ယူဆသော လူငယ်ခုနစ်ဦးအားဖမ်းဆီး

**ကြီးမြင့်နိုင်**

**လွိုင်ကော်၊ ဒီဇင်ဘာ-၂၀**

ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ မိုင်းလုံးရပ်ကွက်ရှိနေအိမ်တစ်အိမ်အား ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးဝါး ၂၄ ပြားနှင့် မူးယစ်ဆေးသုံးစွဲရာတွင်အသုံးပြုသည်ဟု ယူဆရသောပစ္စည်းကိရိယာများနှင့်အတူ သုံးစွဲရောင်းဝယ်သည်ဟုယူဆရသော အမျိုးသား ၇ ဦးအား ဖမ်းဆီးခဲ့သည်ဟု သတင်းရရှိသည်။

ကယားပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ်အေးလွင်ခေါင်းဆောင်သောပူးပေါင်းအဖွဲ့သည်ဒီဇင်ဘာ ၆ ရက်၊ မွန်းလွဲ ၂နာရီခန့်တွင် မူးယစ်ဆေးဝါးသတင်းအရ မိုင်းလုံးရပ်ကွက်နေ ဦး . . . ၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအိမ်တွင် အိမ်ရှင်မောင် . . . နှင့်အတူ သူငယ်ချင်းသုံးယောက်တို့ကိုတွေ့ရှိပြီး မူးယစ်ဆေးသုံးစွဲရာတွင် အသုံးပြုသည်ဟု ယူဆရသည့် ပစ္စည်းကိရိယာ ၅ခုနှင့် အိမ်ရှင်မောင် . . ထံမှ မူးယစ်ဆေးဝါးရောင်းဝယ်ရာမှရရှိသည်ဟု ယူဆရသော ငွေကျပ် ၉၀,၅၀၀ တို့ကို ဖမ်းဆီးသိမ်းဆည်းခဲ့သည်ဟုဆိုသည်။ ဖမ်းဆီးရမိထားသူ မောင် . . . ၏ အစစ်ခံထွက်ဆိုချက်အရ ၎င်းအိမ်နေမောင် . . . သည် စိတ်ကြွရူးသွပ်ဆေးပြားများ ဝယ်ယူနေကြောင်းသိရ၍ သက်သေများနှင့်အတူ ဆက်လက်စောင့်ဆိုင်းနေခဲ့သည်။ ၎င်းပြန်လည်ရောက်ရှိလာစဉ် စစ်ဆေးရှာဖွေရာ ဝတ်ဆင်ထားသော ရှပ်အင်္ကျီ ဝဲဘက် အိတ်ကပ်တွင်းမှ WY စာတန်းပါ ဆေးပြားနှစ်ပြား၊ ရှပ်အင်္ကျီ ယာဘက်အိတ်ကပ် အတွင်းမှ WYစာတန်းပါ ဆေးပြားခြောက်ပြား၊စုစုပေါင်းရှစ်ပြားကို သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိထားသူနှစ်ဦး၏ ထွက်ဆိုချက်အရ ၎င်းအိမ်နေ အခြားလူငယ်တစ်ဦးကလည်းဇမ်စတား ၁၂၅ နီညိုရောင် ဆိုင်ကယ်ဖြင့် စိတ်ကြွရူးသွပ်ဆေးပြားသွားရောက်ဝယ်ယူနေကြောင်း သိရှိရသဖြင့်ဆက်လက်စောင့်ဆိုင်းနေခဲ့သည်။ ၎င်းပြန်လည်ရောက်ရှိလာချိန်တွင်စစ်ဆေးရှာဖွေရာဝတ်ဆင်ထားသည့် ညိုညစ်ရောင် ဘောင်းဘီအိပ်ကပ်အတွင်းမှအနက်ရောင်နှာခေါင်းစည်းဖြင့် ပတ်ထားသော WYစာတန်းပါဆေးပြား၁၅ပြားကို ရှာဖွေတွေ့ရှိဖမ်းဆီးနိုင်ခဲ့သည်ဟုဆိုသည်။

ထို့ကြောင့် အထက်ပါလူငယ်၇ဦးအားဖမ်းဆီးရမိခဲ့ပြီး လွိုင်ကော်ရဲစခန်းက မယ(ပ)၈/၂၀၁၁၊ မူးယစ်ပုဒ် မ၁၅/၁၆(ဂ)/၂၀(က)/၂၁အရဆက်လက်စုံစမ်းစစ်ဆေးကြောင်း သတင်းရရှိသည်။

# ပြောင်းရွှေ့ဒေသခံများ ကြေးနီစီမံကိန်း အလုပ်အကိုင်မျှော်လင့်

**ရွှေဖြိုးမောက်**

**မုံရွာ၊ ဒီဇင်ဘာ-၁၉**

လက်ပန်းတောင်းတောင် ကြေးနီသတ္တုတူးဖော်ရေးစီမံကိန်းကြောင့် စိုက်ပျိုးမြေဧက ၄၅၀၀ ကျော်နှင့် ထန်းပင်ထောင်ပေါင်းများစွာ ဆုံးရှုံးခဲ့ရသော ကျေးရွာပြည်သူများနှင့်ရွာလုံးကျွတ်ပြောင်းရွှေ့ခဲ့ရသည့် ဝက်မွေး၊ ကံတော၊ ဆည်တည်း၊ ဇီးတောရွာများမှ ဒေသခံများ၊ ရွာအသစ်ပြောင်းရွှေ့တည်ဆောက်ရန်မြေနေရာပေးလိုက်ရသောကျေးရွာများမှ တောင်သူများအနေဖြင့် နစ်နာမှုအများအပြားကြုံတွေ့နေရ သတင်းရရှိသည်။



*လက်ပန်းတောင်းတောင် ကြေးနီစီမံကိန်းကို အဝေးမှတွေ့မြင်ရစဉ်*

ထို့ကြောင့် ယင်းရွာသားများအနေဖြင့် စီမံကိန်းအတွင်း အလုပ်အကိုင်အခွင့်အလမ်းများတွင်ဦးစားပေးအဆင့်ရရှိလုပ်ကိုင်လိုကြောင်းနှင့်အလုပ်အကိုင်ရရန် မျှော်လင့်လျက်ရှိကြောင်း ဒေသခံအချို့က ပြောသည်။

"လောလောဆယ်တော့ စီမံကိန်းဦးစီးလုပ်တဲ့ အဖွဲ့နဲ့ နီးစပ်ရာတွေကိုပဲ အလုပ်ခေါ်တယ်ကြားနေတယ်။ တကယ် နစ်နာတဲ့ ရွာတွေက လူတွေကို ဦးစားပေးတာ မရှိသေးဘူး။ ရွာက ဆယ်တန်းအဆင့်ကလေးသုံးယောက်တော့ ဝင်လုပ်တာ အိမ်သန့်ရှင်းရေးနဲ့ ဘဲကျောင်းတဲ့အလုပ်ပဲရတယ်ပြောတယ်။ နေ့စားအဖြစ်ပေးတယ်။ ထမင်းချိုင့် ယူသွားရတယ်။ ရွာလုံးကျွတ်ပြောင်းရွှေ့ခဲ့ရတဲ့ ရွာလေးရွာမှာဆိုရင် ဆယ်တန်းအောင်နဲ့ဘွဲ့ရလူငယ် ၄၇ ဦး ရှိပါတယ်"ဟု ဒေသခံတစ်ဦးကပြောကြားသည်။

## ထားဝယ်တက္ကသိုလ်ကြို/ပို့ယာဉ် စီစဉ်ပေးစေလို

**ကိုနဂါး**

**ထားဝယ်၊ ဒီဇင်ဘာ- ၂၀**

ထားဝယ်တက္ကသိုလ်တွင် ကြို/ပို့ယာဉ်(ဖယ်ရီ)မရှိတော့သဖြင့် ကိုယ်ပိုင်ယာဉ်မရှိသော ဆရာ၊ ဆရာမများနှင့် ကျောင်းသား/သူများ ကျောင်းသွား၊ ကျောင်းပြန် အခက်အခဲဖြစ်နေကြကြောင်း သတင်းရရှိသည်။

"ဖယ်ရီရှိတုန်းကလည်း ကျောင်းကို အသွားအပြန် ၄၀၀ ကျပ်ပေးရတာပါပဲ။ ကားကြိုတာလည်း အချိန်မှန်တယ်။ ကားမဆွဲပေးတော့တဲ့ အခုချိန်မှာတော့ ကျောင်းသွားတက်ချိန်တိုင်း စိတ်ညစ်နေရတယ်။ သုံးဘီးဆိုင်ကယ်ကို စုပြီး ငှားသွားရင် တစ်ယောက် ၃၀၀ ကျတယ်။ တစ်ခါတလေ ကျောင်းဆင်းလို့ အိမ်ကိုပြန်တဲ့အခါ အငှားယာဉ်နဲ့မတွေ့လို့ အဝေးကြီးကို လမ်းလျှောက်ပြီးပြန်ရတဲ့အခါလည်းရှိပါတယ်။ ကြိုပို့အစီအစဉ်ကို ဘယ်တော့ ပြန်စမလဲတော့မသိဘူး"ဟု ကျောင်းသူတစ်ဦးကပြောသည်။

ကျောင်းကြို/ပို့ယာဉ်ကိစ္စကို ၂၀၁၁ စက်တင်ဘာ ကျောင်းပိတ်ကတည်းက ရပ်ဆိုင်းထားခဲ့၍ ဆရာမအချို့ပင် ဆိုင်ကယ်ရှိသော ကျောင်းသား၊ ကျောင်းသူများနှင့် လမ်းကြုံလိုက်နေကြရကြောင်းနှင့် ထားဝယ်တက္ကသိုလ်သို့ ပြောင်းရွှေ့လာကြသည့် ပညာရေးဝန်ထမ်းများသည် လည်းနေထိုင်မည့်အဆောင်ခန်းအတွက် အခက်အခဲကြုံနေရကြောင်း တက္ကသိုလ်အသိုင်းအဝိုင်းမှသိရသည်။

## အအေးပိုသောဆောင်းကြောင့် ကုလားပဲစိုက်ခင်းအချို့ အထွက်လျော့နိုင်

**ရန်နိုင်ကျော်**

**မုံရွာ၊ ဒီဇင်ဘာ-၂၁**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ယခုနှစ်ဒီဇင်ဘာလ၁၅ရက်နောက်ပိုင်း သိသိသာသာအအေးပိုလာကာ နှင်းများကျဆင်းပြီး ညအပူချိန်ကျဆင်းသည့်နောက်ပိုင်း မုံရွာမြို့ အနီးတစ်ဝိုက်စိုက်ပျိုးသော ကုလားပဲစိုက်ခင်းအချို့ ပျက်စီးဆုံးရှုံးမှုကြုံတွေ့ရပြီး လာမည့်သီးနှံပေါ်ချိန်တွင် ကုလားပဲ အထွက်လျော့ကျနိုင်ကြောင်း မုံရွာမြို့ဒေသခံ ကုလားပဲစိုက်တောင်သူများ ပြောကြားသည်။

"ပြီးခဲ့တဲ့မိုးနှောင်းမှာ မိုးကောင်းလို့ မြေအစိုဓာတ်ပိုတာရော စိုက်ချိန်နောက်ကျတာရောကြောင့် ကုလားပဲပင်တွေ သေတာများတယ်။ ဒီဇင်ဘာလလယ်မှာက နေ့မှာအပူချိန်မြင့်ပြီး ညပိုင်းမှာ နှင်းကျတာများတော့ မြေခိုးရိုက်ပြီး ကုလားပဲပင်အမြစ်တွေမှာ မှိုရစ်ပြီး သေတာများတယ်။ မှိုဆေးတွေဖျန်းပေမယ့် ရာသီကြောင့်ဖြစ်တာဆိုတော့ ကုလားပဲပင်တွေ အပျက်အစီးများပြီး သီးနှံပေါ်ချိန်မှာ အထွက်လျော့နိုင်တယ်"ဟု မုံရွာမြို့နယ် ချင်းတွင်းမြစ်ရေဝင်ဒေသကျွန်းကြီး ကျေးရွာဒေသခံကုလားပဲစိုက်တောင်သူတစ်ဦးက ပြောသည်။

*စာ(၁၈) သို့*



7 DAY NEWS JOURNAL
Vol.10, No.41 · DECEMBER 29, 2011

# မုံရွာ – ရန်ကုန် ခရီးသည်တင်ယာဉ်အချို့ ခဲနှင့်ပစ်ပေါက်ခံရ

မျိုးမင်းဦး

မုံရွာ၊
ဒီဇင်ဘာ - ၁၇

မုံရွာ-ရန်ကုန် ခရီးသည်တင်ယာဉ်နှစ်စီးအား ယခုနှစ် ဒီဇင်ဘာလအတွင်း မုံရွာ-မန္တလေး လမ်းပိုင်း ညောင်ပင်ဝန်း ကျေးရွာအနီးတွင် ညအချိန်၌ ခဲနှင့်ပစ်ပေါက်သူများကို အရေးယူဆောင်ရွက်ပေးပါရန် ရွှေစင်စကြာယာဉ်လိုင်းက စစ်ကိုင်းမြို့ အမှတ်(၁)ရဲတပ်ဖွဲ့စခန်းသို့ ဒီဇင်ဘာလ ၁၆ ရက်တွင် အမှုဖွင့်တိုင်ကြားခဲ့ကြောင်း သတင်းရရှိသည်။

"ညောင်ပင်ဝန်းကျေးရွာတောင်ဘက်အထွက် လယ်ကြီးဇရပ်နဲ့ နှစ်ဖာလုံအကွာမှာ ဒီဇင်ဘာ ၉ ရက်က တစ်ကြိမ် ခဲနဲ့ပစ်ပေါက်ခံခဲ့ရတယ်။ ကားဘေးမှန်တွေ ကွဲအက်သွားလို့ ညောင်ပင်ဝန်းရဲစခန်းတိုင်ကြားတော့ နောက်တစ်ကြိမ် ဖြစ်ပွားခဲ့ရင် ထိထိရောက်ရောက်အရေးယူပေးမယ်လို့ ပြောခဲ့တယ်။ ဒီဇင်ဘာ ၁၅ ရက်ညပိုင်းမှာ နောက်တစ်ကြိမ် ယာဉ်ကို ခဲနဲ့ပစ်ပေါက်တဲ့အတွက် ဒီဇင်ဘာ ၁၆ ရက်မှာ အမှုဖွင့်အရေးယူဖို့ စစ်ကိုင်းမြို့ အမှတ်(၁)ရဲစခန်းမှာ တိုင်ကြားခဲ့ပါတယ်။ ခဲနဲ့ ပစ်ပေါက်ခံရတဲ့ ကားနှစ်စီးစလုံးမှာ မုံရွာမြို့က ညနေ ၆ နာရီခွဲထွက်ခွာတဲ့ယာဉ်တွေဖြစ်ပြီး ခဲနဲ့ ပစ်ပေါက်ရာနေရာကို ည ၈ နာရီခွဲအချိန်မှာ ရောက်ရှိခဲ့တာဖြစ်ပါတယ်။ ခဲနဲ့ ပစ်ပေါက်သူတွေကို လိုက်ပြီး ရှာဖွေခဲ့ပေမယ့် ထွက်ပြေးတိမ်းရှောင်သွားတယ်" ဟု မုံရွာ-ရန်ကုန်ရွှေစင်စကြာယာဉ်လိုင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

စစ်ကိုင်းခရိုင်၊ ညောင်ပင်ဝန်းကျေးရွာတောင်ဘက် လယ်ကြီးဇရပ် (ခရီးသည် နားနေဆောင်) အနီးရွှေစင်စကြာ ခရီးသည်တင်ယာဉ်လိုင်းမှ ယာဉ်မောင်းဦးအောင်သန်းဦး၊ ယာဉ်နောက်လိုက် ဦးဇော်မင်းဦး မောင်းနှင်သော ယာဉ်အမှတ်(၉ခ/၄၂၆၆) သည် ဒီဇင်ဘာ ၉ ရက် ည ၈ နာရီခွဲအချိန်တွင်လည်းကောင်း၊ ယာဉ်မောင်းဦးဇော်ဝင်းမောင်းနှင်သော ယာဉ်အမှတ်(၈င/၂၈၁၇) သည် ဒီဇင်ဘာ ၁၅ ရက် ည ၈ နာရီခွဲအချိန်တွင်လည်းကောင်း လမ်းဘေးမှ ခဲနှင့် ပစ်ပေါက်မှုကြောင့် မော်တော်ယာဉ်ဘေးဘက် မှန်များကွဲကြေပျက်စီးခဲ့သည်။ သို့သော် ခရီးသည်များ ဒဏ်ရာရရှိခြင်းမရှိခဲ့ပေ။ အဆိုပါမော်တော်ယာဉ်များအား ခဲနှင့် ပစ်ပေါက်သူများအား ထိထိရောက်ရောက်စစ်ဆေးအရေးယူဆောင်ရွက်ပေးပါရန် ရွှေစင်စကြာယာဉ်လိုင်းမှ စစ်ကိုင်းမြို့ အမှတ်(၁)ရဲတပ်ဖွဲ့စခန်းသို့ အမှုဖွင့်တိုင်ကြားခဲ့ထားသည်။

"ဒီနှစ် စက်တင်ဘာလအတွင်းမှာ မိတ္ထီလာမြို့အဝင် အမြန်လမ်းမကြီးပေါ်မှာ မုံရွာမြို့က ရန်ကုန်မြို့ကိုထွက်ခွာလာတဲ့ကားတစ်စီးကိုခဲနဲ့ပစ်ပေါက်တဲ့အတွက် ယာဉ်ရှေ့မှန်ကြီး ကွဲသွားတယ်။ စက်တင်ဘာ ၂၅ ရက်ကလည်း ရေဦးကနေ မုံရွာ-ရန်ကုန် ထွက်ခွာလာတဲ့ကားတစ်စီးကို မုံရွာမြို့ ပြည်ထောင်စုလမ်းမကြီးအတိုင်း ဖြတ်သန်းသွားတဲ့အခါ ဘုရားနီဘုရားအနီးမှာ ညနေ ၄ နာရီဝန်းကျင် ခဲနဲ့ ပစ်ပေါက်တဲ့အတွက် ကားရဲ့ ဘေးမှန်ကွဲသွားတယ်။ ဒီဇင်ဘာ ၇ ရက်ကလည်း စစ်ကိုင်းခရိုင်၊ ညောင်ပင်ဝန်းကျေးရွာတောင်ဘက် လယ်ကြီးဇရပ်အနီးမှာ ခဲနဲ့ပစ်ပေါက်တဲ့အတွက် ကားရဲ့ ရှေ့မှန်ကြီးကွဲသွားတယ်။ ကားတွေကို ခဲနဲ့ပစ်ပေါက်ချိန်မှာ ခဲပစ်သူတွေအားလုံးကို လိုက်လံရှာဖွေတဲ့အခါ မတွေ့တဲ့အတွက် တစ်ကြိမ်မှ အမှုဖွင့်တာမရှိသေးဘူး။ ပျက်စီးသွားတဲ့ကားမှန်ကို ယာဉ်လိုင်းတွေကပဲ ပြန်လည်ပြင်ဆင်ပေးရတယ်။ ဒီနှစ်အတွင်း အောင်ရတနာခရီးသည်တင်ယာဉ်လိုင်းမှာ ခရီးစဉ်တစ်လျှောက် ခရီးသည်တွေနဲ့ အဆင်မပြေတာလည်းမရှိသလို ဝန်ဆောင်မှုတွေအနေနဲ့လည်း အကောင်းဆုံးဖြစ်အောင်ကြိုးစားနေချိန်မှာ လမ်းဘေးက ခဲနဲ့ ပစ်ပေါက်သူတွေကြောင့် ယာဉ်တွေ သုံးကြိမ်ပျက်စီးမှုနဲ့ကြုံခဲ့ရတယ်။ အခုလတွင်း မုံရွာ-ရန်ကုန်ကားတွေ အားလုံးထဲမှာ ခဲနဲ့ပစ်ပေါက်သူကို အမှုဖွင့်တိုင်ကြားတာ ရွှေစင်စကြာယာဉ်လိုင်းပဲရှိတယ်"ဟု ရေဦး-မုံရွာ-ရန်ကုန်ခရီးသည်တင်ယာဉ်လိုင်းဖြစ်သော အောင်ရတနာခရီးသည်တင်ယာဉ်လိုင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးပေါ်ရှိ ၁၄၅ မိုင်နှင့် ဖြူးလမ်းခွဲအကြားတို့တွင် ယင်းသို့ကြုံတွေ့ရဖူးကြောင်း ယာဉ်လိုင်းတစ်ခုမှ တာဝန်ရှိသူကပြောသည်။

"ပြီးခဲ့တဲ့ ဒီဇင်ဘာလဆန်းပိုင်းလောက်မှာ မန္တလေး-နေပြည်တော်-ရန်ကုန် အမြန်လမ်းမကြီးပေါ်မှာ လမ်းဘေးက လူနှစ်ဦးတက်လာတာမြင်တာနဲ့ လမ်းဘေးက ခဲနဲ့ပစ်သူထင်ပြီးယာဉ်ကိုတိမ်းရှောင်ရာက ရှေ့က မောင်းနေတဲ့ခရီးသည်တင်ယာဉ်ကိုတိုက်မိပြီး တိမ်းမှောက်သွားတာကြုံခဲ့ရတယ်။ ရန်ငြိုးရန်စလည်း မရှိဘဲ ခဲနဲ့ ပစ်ပေါက်တဲ့အတွက် ခရီးသည်တင်ယာဉ်တွေ တိမ်းမှောက်မှုတွေ၊ ခဲပစ်ပေါက်တဲ့အတွက် ဖြစ်ပေါ်လာတဲ့ မှန်ကွဲ မှန်စတွေကြောင့် ခရီးသည်တွေ ဒဏ်ရာအနာတရဖြစ်စေခဲ့တယ်။ လမ်းဘေးက ခဲနဲ့ ပစ်ပေါက်သူတွေ ပပျောက်ရေးအတွက် ခရီးစဉ်တစ်လျှောက်မှာ ဖြစ်ပွားခဲ့တဲ့နေရာနဲ့ အနီးဆုံး ရဲတပ်ဖွဲ့စခန်းကို ဆက်သွယ်အကြောင်းကြားသင့်တယ်။ ရန်ကုန်-မုံရွာခရီးစဉ်မှာ ညအချိန်သွားလာတဲ့ ခရီးသည်တင်ယာဉ်တွေကို အဓိကထားခဲနဲ့ ပစ်ပေါက်ခဲ့တာ" ဟု မုံရွာ-ရန်ကုန် ခရီးသည်တင်ယာဉ်မောင်းတစ်ဦးကပြောသည်။

## ဘင်္ဂလားဒေ့ရှ်ဈေးကွက်မျှော်၍ ရခိုင်တွင် ဖရဲတိုးချဲ့စိုက်ပျိုး

မောင်ကံ

မောင်တော၊ ဒီဇင်ဘာ- ၂၂

ဒေသတွင်း ဈေးကွက် တစ်ခုတည်း၌သာ ရောင်းခဲ့ရသည့် ဖရဲသီးများကို လွန်ခဲ့သည့် ၂နှစ် ခန့်မှ မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ် ဈေးကွက်သို့ တင်ပို့လာနိုင်သည့်အတွက် ရခိုင်ဒေသ၌ ဖရဲများကို တိုးချဲ့စိုက်ပျိုးလာကြသည်။

ဖရဲကို မိုးရာဦးအပြီးလယ်ကွင်းများတွင် အများဆုံး စိုက်ပျိုးကြပြီး ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသများ၌ ရေချိုအရင်းအမြစ်များရှိသည့် ကျောက်တော်၊ မြောက်ဦး၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်နှင့် ဘူးသီးတောင်မြို့နယ်များတွင် အများဆုံး စိုက်ပျိုးလာကြကြောင်း သိရသည်။

"ကျောက်တော်-စစ်တွေ ကားလမ်းတစ်လျှောက် ကစ္ဆပနဒီမြစ်ကမ်းတစ်လျှောက် လယ်ကွင်းတွေအားလုံးမှာ ဖရဲသီးကို အများဆုံးစိုက်ကြပါတယ်။ ဖရဲက ရေအများကြီးကြိုက်တဲ့ သီးနှံဖြစ်တဲ့အတွက် ရေများများရရှိနိုင်တဲ့ဒေသတွေမှာ အများဆုံးစိုက်တာဖြစ်ပါတယ်"ဟု ဖရဲစိုက်တောင်သူတစ်ဦးက ပြောသည်။ ယခုရာသီမှာ ဖရဲပင်များစတင်စိုက်ပျိုးနေချိန်ဖြစ်သော်လည်း မောင်တောနယ်စပ်ဈေးကွက်တွင်ရောင်းချနေရပြီး ဘင်္ဂလားဒေ့ရှ်ဈေးကွက်သို့ လာမည့် မတ်လလောက်တွင် တင်ပို့နိုင်ရန် ရည်ရွယ်ထားကြောင်း ဖရဲသီးကုန်သည်တစ်ဦးက ပြောသည်။







7DAY NEWS JOURNAL
Vol.10, No.41 · DECEMBER 29, 2011




# ပြည်ပကျောင်းသွားတက်သူ အများစု အသက်မွေးဝမ်းကျောင်း ဘာသာရပ်များကို ရွေးချယ်

**နေလင်းထွန်း**

**ရန်ကုန်၊ ဒီဇင်ဘာ- ၂၀**

ပြည်ပနိုင်ငံများတွင် သွားရောက်ပညာသင်ယူကြသော မြန်မာကျောင်းသား အများစုသည် ကောလိပ်ကျောင်းများ၌ ဒီပလိုမာ အဆင့်သင်တန်းများကို တက်ရောက်နေကြပြီး အသက်မွေးဝမ်းကျောင်းဘာသာရပ်များကို ရွေးချယ် သင်ယူကြကြောင်း နိုင်ငံတကာပညာရေး လေ့လာမှုစစ်တမ်းတစ်ခုအရ သိရသည်။



ဓာတ်ပုံ - guardian.co.uk

မြန်မာကျောင်းသား ၅၀ ရာခိုင်နှုန်းခန့်မှာ ကောလိပ်ကျောင်းများတွင် ဒီဂရီဘွဲ့သင်တန်းဆက်လက်တက်ရောက်နိုင်သည့် ဒီပလိုမာသင်တန်းများကို သင်ယူနေပြီး အလယ်အလတ် အဆင့် တက္ကသိုလ်များတွင် ကျောင်းသား ၂၅ ရာခိုင်နှုန်းနှင့် ထိပ်တန်းအဆင့် တက္ကသိုလ်များ၌ ကျောင်းသား ၁၅ ရာခိုင်နှုန်းခန့် သွားရောက်ပညာသင်ယူနေကြောင်း စစ်တမ်း၌ ဖော်ပြထားသည်။

အသက်မွေးဝမ်းကျောင်း ဘာသာရပ်သင်ယူရန် ရည်ရွယ်သောကျောင်းသားမှာ ၅၀ ရာခိုင်နှုန်းကျော်ရှိနေပြီး အကယ်ဒမစ်ဘာသာရပ်များ သင်ယူရန် ရည်ရွယ်သောကျောင်းသားမှာ ၃၀ ရာခိုင်နှုန်းနီးပါးရှိကြောင်း သိရသည်။ မြန်မာကျောင်းသားများ အဓိကလေ့လာသင်ယူကြသော ဘာသာရပ်များမှာ စီးပွားရေးစီမံခန့်ခွဲမှု၊ အင်ဂျင်နီယာ၊ ဆေးပညာနှင့် ဆက်စပ်သောဘာသာရပ်များ၊ သတင်းနည်းပညာ၊ ဟိုတယ်နှင့် ခရီးသွားစီမံခန့်ခွဲမှု ဘာသာရပ်တို့ဖြစ်ကြောင်းသိရသည်။

ပြည်ပတက္ကသိုလ်၊ ကောလိပ်များ၌ သွားရောက်ပညာသင်ယူရန်အတွက် ပညာရေးဝန်ဆောင်မှုလုပ်ငန်းများ၏ လမ်းညွှန်မှုရယူရာတွင် ကျောင်းသား ၆၀ ရာခိုင်နှုန်းခန့်သည် သင့်လျော်သောလမ်းညွှန်မှုကို မရရှိကြောင်း အဆိုပါစစ်တမ်းတွင်သုံးသပ်ထားသည်။

# ပြည်ပရောက်မြန်မာအလုပ်သမားများ ပြန်ပို့ငွေ ဘဏ်များမှ တစ်ဆင့်လွှဲနိုင်ရန် အချိန်ယူရမည်

**အောင်သူရ**

**ရန်ကုန်၊ ဒီဇင်ဘာ- ၂၄**

ပြည်ပနိုင်ငံများတွင် အလုပ်လုပ်ကိုင်နေသော မြန်မာလုပ်သားများ ရရှိသည့် ဝင်ငွေအား ပြည်ပဘဏ်များမှ မြန်မာနိုင်ငံရှိဘဏ်များသို့ ငွေလွှဲနိုင်ရန် အနည်းဆုံး လေးလခန့်ကြာမြင့်ဦးမည်ဖြစ်ကြောင်း ပုဂ္ဂလိကဘဏ်များမှ တာဝန်ရှိသူများက ပြောသည်။

"ဟိုဘက်ဘဏ်ကနေ ဒီကဘဏ်ကိုငွေလွှဲဖို့ဆိုတာလက်တွေ့ ကျတော့သိပ်မလွယ်ဘူး။ တစ်ဖက်က ယုံကြည်မှုရှိမှလုပ်လို့ရတာ" ဟု ကမ္ဘောဇဘဏ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ငွေလွှဲပို့နိုင်ရန်မြန်မာနိုင်ငံရှိ ဘဏ်များမှာ ပြည်ပနိုင်ငံများတွင် ဘဏ်ခွဲဖွင့်စရာမလိုဘဲ အွန်လိုင်းစနစ်ဖြင့် ဆောင်ရွက်နိုင်ကြောင်း အဆိုပါတာဝန်ရှိသူကပြောသည်။ ထို့အပြင် သက်ဆိုင်ရာ နိုင်ငံများက ခွင့်ပြုချက်ရရှိမှသာ တရားဝင်လုပ်ခွင့်ရမည်ဖြစ်ကြောင်းနှင့် ယခုအခါ ညှိနှိုင်းနေဆဲသာရှိသေးကြောင်း သမဝါယမဘဏ်မှ ဦးဆောင်ညွှန်ကြားရေးမှူးဦးဖေမြင့်က ဆိုသည်။

နိုင်ငံခြားငွေရောင်းဝယ်ခွင့်လိုင်စင်ရရှိထားသော သမဝါယမဘဏ်၊ ကမ္ဘောဇဘဏ်၊ ရောဝတီဘဏ်နှင့် အာရှစိမ်းလန်းမှု ဖွံ့ဖြိုးရေးဘဏ်တို့မှ စင်ကာပူ၊ ထိုင်းနှင့်မလေးရှားနိုင်ငံတို့ရှိ မြန်မာအလုပ်သမားများထံမှမြန်မာနိုင်ငံရှိ မိသားစုထံငွေလွှဲပို့မှုအစီအစဉ် ဆောင်ရွက်ရန်သက်ဆိုင်ရာက ခွင့်ပြုထားကြောင်း သိရှိရသည်။ ပြည်ထောင်စုအစိုးရအဖွဲ့က ပြည်ပနိုင်ငံတွင် အလုပ်လုပ်နေသော မြန်မာနိုင်ငံသားများထံမှ ကောက်ခံသော ဝင်ငွေခွန်အား ၂၀၁၂ ဇန်နဝါရီ ၁ ရက်မှစ၍ ကင်းလွတ်ခွင့်ပေးလိုက်သည်။

## Free Classified — ဝန်ထမ်းအလိုရှိသည် — အခမဲ့ကြော်ငြာကဏ္ဍ

**ဝန်ထမ်းအမြန်အလိုရှိသည်**
Admin Staff - မ (၂)ဦး၊ ဘွဲ့ရ၊ အတွေ့အကြုံရှိရမည်။ အင်္ဂလိပ်စာကောင်းရမည်။ ကွန်ပျူတာကျွမ်းကျင်ရမည်။
**ဖုန်း-၂၀၁၃၃၆(ရုံးချိန်အတွင်း)**

---

Graphic Designer နှစ်ဦး အလိုရှိသည်။ (ကျား/မ)
လစာ-၃၀၀,၀၀၀ (အတွေ့အကြုံရှိသူ)။ **ဖုန်း-၀၉-၇၃၁၄၈၁၂၈**

---

မန်နေဂျာ(H.R/Admin) Any Graduate၊ ရုံးလုပ်ငန်းကျွမ်းကျင်၊
**ဖုန်း-၀၁-၅၂၆၆၄၈**

---

Service Engineer -ကျား(၁၀)ဦး၊ Mechanic -ကျား(၁၀)ဦး၊
**ဖုန်း- ၉၅၁ ၅၂၃၀၇၂၊ ၅၃၇၄၆၆**

---

မြိုင်မဟာ-အိမ်ခြံမြေ အကျိုးဆောင်အတွက်-Marketing -ကျား(၅)ဦး၊ မ(၂)ဦး၊
**ဖုန်း-၀၉-၇၃ ၁၄၇၉၀၄၊ ၀၉-၇၃၀၈၈၉၇၂**

---

စားသောက်ဆိုင်အတွက် တရုတ်စားဖိုမှူး-ကျား(၁)ဦး၊ ယိုးဒယားစားဖိုမှူး-ကျား(၁)ဦး၊ မီးဖိုချောင်အကူ(ခေါက်ကူ)-ကျား(၁)ဦး၊ စားပွဲထိုး-ကျား(၁)ဦး၊
**ဖုန်း-၇၃၀၅၆၅၄၃**

---

KONOMI Beauty Spa -ဘာသာ စုံကျွမ်းကျင်-မ(၃)ဦး၊ ဆံပင်ညှပ် ကျွမ်းကျင်-မ(၃)ဦး၊ Body Massage, Foot Massage -မ(၃)ဦး၊ **ဖုန်း- ၀၉ ၈၆ ၂၂၇၁၀**

---

New Wave Services Co.,Ltd အတွက် Sales & Marketing Executive -M/F(5)Posts,
**Ph: 555918, 546340**

---

Office staff-မ(၁)ဦး၊ Data Processing -မ(၁)ဦး၊ Research Programmer -(၂)ဦး၊ Linguist -(၁)ဦး၊ **ဖုန်း-၀၁ ၂၁၄၅၈၅**

---

Aung Hein Min Co., Ltd-Part Admin Female(1), Cheif Accountant Female(1),
**Ph: 682996, 528568**

---

သန့်ရှင်းရေးဝန်ထမ်း-မ(၂)ဦး၊ နယ်မှဖြစ်ပါက အဆောင်ရှိသည်။ ရွှေပုပ္ပါး အထူးကုဆေးခန်းတွင် တာဝန်ထမ်းဆောင်ရန်၊
**ဖုန်း-၅၅၆၃၁၆၊ ၅၅၆၀၀၁**

---

ရွှေပုပ္ပါးအထူးကုဆေးခန်းအတွက် Accountant (Audit) -မ(၂)ဦး၊
**ဖုန်း-၅၅၆၃၁၆၊ ၅၅၆၀၀၁**

---

Myanmar Outdo Co.,Ltd-စာစီစာရိုက်နှင့်အင်္ဂလိပ်စာကျွမ်းကျင်
ဘာသာပြန်နိုင်သူ- ကျား/မ(၅)ဦး၊ အင်္ဂလိပ်စကားပြောကျွမ်းကျင် အရောင်းစာရေး-မ(၅)ဦး၊
**ဖုန်း- ၀၁ ၅၃၂၀၇၈**

---

နာရီဆိုင်အရောင်းစာရေး -မ(၂)ဦး၊
**ဖုန်း-၀၁ ၆၆၇၄၉၈၊ ၀၉ ၅၅၀၂၈၇၈**

---

အိမ်ခြံမြေလုပ်ငန်း-Marketing -(၅)ဦး၊ ကြော်ငြာလုပ်ငန်း (Marketing)-(၁၀)ဦး၊ အမှတ်-၇၉၇၊ အခန်း-၁၀၄-ဘီ၊ MAC Tower (II)၊ ဝါးတန်းလမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့်၊ လမ်းမတော်။

---

ကွန်ပျူတာပြုပြင်ရေးကျွမ်းကျင်သူ Hardware Technician -ကျား၊မ၊ လစာ+ကော်မရှင်၊
**ဖုန်း-၀၉ ၄၃၀၉၇၆၃၅**

---

သူရိယဝင်းကုမ္ပဏီလီမိတက်- ယာဉ်မောင်း-ကျား(၅)ဦး၊
**ဖုန်း- ၀၉ ၅၁၁၄၉၃၃ (ရုံးချိန်အတွင်း)**

---

ဂျပန်နိုင်ငံရှိ Sankyo T.Q.Co., Ltd အတွက် မြန်မာအမျိုးသား အင်ဂျင်နီယာ(၂)ဦး၊
**ဖုန်း- ၉၅-၁-၅၇၀၃၂၀၊ ၉၅-၉-၇၃၁၇ ၅၈၅၇**

---

ယာဉ်မောင်း-ကျား(၁)ဦး၊
**ဖုန်း- ၃၇၄၂၈၃**

---

Better Life Education & Career Supporting Centre အတွက် Japanese Language Instructor-ကျား၊မ(၂)ဦး၊ Office Staff-မ(၁) ဦး၊ စားသောက်ကုန်လုပ်ငန်းအတွက်-ကျား(၂)ဦး၊ ဆောက်လုပ်ရေးလုပ်ငန်းအတွက် -ကျား(၃)ဦး၊
**ဖုန်း-၃၈၂၅၂၉**

---

Hair Stylist ကျွမ်းကျင်-မ(၂)ဦး၊ လက်သည်းပန်းချီကျွမ်းကျင်-မ(၂) ဦး၊ ခေါင်းလျှော်၊ မျက်နှာဆေး၊ စက်ဆွဲ-မ(၂)ဦး၊
**ဖုန်း-၀၉-၅၁၆ ၈၄၈၆၊ ၀၉-၅၁၇၈၇၆၄**

---

စားသောက်ဆိုင်တွင် တာဝန်ထမ်းဆောင်ရန်-စာရင်းကိုင်၊ ငွေကိုင်-မ(၄)ဦး။
**ဖုန်း-၀၉ ၇၃၂၀၀၄၈၂**

---

Slim Xpress Body Fitness မှ မ(၂)ဦး အလိုရှိသည်။
**ဖုန်း-၀၉ ၅၀ ၉၆၄၂၈**

---

ဒုတိယတန်းကျောင်းသူ စာပြပေးနိုင်သော ဘွဲ့ရအမျိုးသမီး။
**ဖုန်း- ၅၂၆၆၄၈**

---

Digital Inkjet Printing & Advertising- Marketing -ကျား၊မ၊ ရုံး အကူဝန်ထမ်း(မ)၊ ယာဉ်မောင်း (ကျား)၊
**ဖုန်း-၃၉၆၁၁၆၊ ၃၉၆၂၃၅**

---

E.F.R Hotel Group လက်အောက်ရှိ E.F.R Seconda Casa Hotel (ငွေဆောင်)နှင့် E.F.R Restaurant and Recreation Center (ငွေဆောင်) အတွက် Hotel Manager, စာဖိုမှူး များ၊
**ဖုန်း-၀၁ ၃၈၁၀၁၀၊ ၀၁ ၃၈၁၆၆၁**

---

မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း-ရုံးဝန်ထမ်းအဆင့်(၁)-မ(၁)ဦး၊ ရုံးဝန်ထမ်းအဆင့်(၂)-ကျား၊မ(၁)ဦး၊
**ဖုန်း-၉၅-၁-၂၃၀၀၂၃၆**

---

Myanmar Blue Ocean Agency Co.,Ltd-Executive Tour Operation-M/F (2)Post, Assistant Sales -M/F(2)Post,
**Ph: 95-1-370847, 09-73133094**

---

အချိန်ပိုင်းသန့်ရှင်းရေးဝန်ထမ်း -မ(၂)ဦး။
**ဖုန်း-၀၉-၇၃၁၈၇၇၉၀၄၊ ၀၉-၅၄၁၇၈၈၂**

---

အင်းလျားလမ်းတွင် အသစ်ထပ်မံဖွင့်လှစ်မည့် Restaurant Chef (၁)ဦး၊ Asst. Chef (၂)ဦး၊ Trainee (၃)ဦး၊ Waiter (၈)ဦး၊ Cashier (၁)ဦး၊ Accountant (၁)ဦး၊
**ဖုန်း-၂၁၈၁၅၅-၅၆ (Ext: ၁၄၁၁)**

---

ဖုန်းဆိုင် အရောင်းဝန်ထမ်း - မ(၂)ဦး အလိုရှိသည်။
**ဖုန်း-၀၁-၅၂၃၃၂၅၊ ၀၉-၈၆၂၂၂၆၈**

---

Sales & Marketing Supervisior -ကျား၊မ(၂)ဦး၊
**ဖုန်း-၃၉၂၀၆၅၊ ၃၉၂၀၆၆**

---

**ဝန်ထမ်းအလိုရှိသည်**
1. Store Supervisor - Male/Female 3 Posts, 2. Sotre Keeper - Male/Female 3 Posts, 3. Driver - Male 6 Posts
Nibban Electric & Electronics
**ဖုန်း-၃၈၉၅၂၃၊ ၃၈၄၇၃၀**

---

နာရီဆိုင်အရောင်းစာရေး - မ ၂ ဦး အမြန်အလိုရှိသည်။ (ဘွဲ့ရ၊ အသက် ၂၀-၂၅၊လုပ်သက်ရှိသူ)
**ဖုန်း-၆၆၇၄၉၈၊ ၀၉-၅၅၀၂၈၇၈**

---

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ် ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ် ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။


CHINDWIN COLLEGE
Educating The Mind. Training The Hand.
SCHOOL OF ENGINEERING 3rd Batch
တက္ကသိုလ် တစ်ခုခုမှာ Full Time တက်ရောက်ရင်း ချင်းတွင်းကောလိပ်မှာ Part Time တက်ရောက်ခဲ့ရာက
နိုင်ငံတကာတက္ကသိုလ် တွေမှာ B E (Hons) 3rd year နဲ့ Final Year ကို Direct Entry ရရှိခဲ့ကြသူများ
● ၄၀၂ မှတ် နဲ့ တက္ကသိုလ် ဝင်တန်းအောင်
● AGTI တက်ရင်း ချင်းတွင်းကောလိပ်မှာ HND ၂နှစ်သင်တန်းတက်ရောက်
● B E (Hons) Final Year Direct Entry ရရှိ
Coventry University
ဝေယံဖိုး
● ၃၃၇ မှတ် နဲ့ တက္ကသိုလ် ဝင်တန်းအောင်
● E major တက်ရင်း ချင်းတွင်းကောလိပ်မှာ HND ၂နှစ်သင်တန်းတက်ရောက်
● B E (Hons) Final Year Direct Entry ရရှိ
Coventry University
ထက်မင်းခန့်
● ၃၅၆ မှတ် နဲ့ တက္ကသိုလ် ဝင်တန်းအောင်
● AGTI တက်ရင်း ချင်းတွင်းကောလိပ်မှာ HND ၂နှစ်သင်တန်းတက်ရောက်
● B E (Hons) Final Year Direct Entry ရရှိ
Coventry University
စည်သူဖိုး
● ၂၇၀ မှတ် နဲ့ တက္ကသိုလ် ဝင်တန်းအောင်
● အဝေးသင် Zoo major တက်ရင်း ချင်းတွင်းကောလိပ်မှာ HND ၂နှစ်သင်တန်းတက်ရောက်
● B E (Hons) Final Year Direct Entry ရရှိ
Coventry University
အောင်မိုးဟိန်း
● ၂၆၅ မှတ် နဲ့ တက္ကသိုလ် ဝင်တန်းအောင်
● အဝေးသင် Zoo major တက်ရင်း ချင်းတွင်းကောလိပ်မှာ HND ၂နှစ်သင်တန်းတက်ရောက်
● B E (Hons) Final Year Direct Entry ရရှိ
Coventry University
စိုင်းနေအောင်
● ၄၁၂ မှတ် နဲ့ တက္ကသိုလ် ဝင်တန်းအောင်
● E major တက်ရင်း ချင်းတွင်းကောလိပ်မှာ HND ၂နှစ်သင်တန်းတက်ရောက်
● B E (Hons) Final Year Direct Entry ရရှိ
Coventry University
ရဲမြတ်ဘုန်း
● GCE O' level
● ချင်းတွင်းကောလိပ်မှာ HND ၂နှစ်သင်တန်းတက်ရောက်
● B E (Hons) Final Year Direct Entry ရရှိ
Coventry University
စွမ်းထက်အောင်
● ၂၀၀ မှတ် နဲ့ တက္ကသိုလ် ဝင်တန်းအောင်
● အဝေးသင် Myanmar major တက်ရင်း ချင်းတွင်းမှာ HND ၂နှစ်သင်တန်းတက်ရောက်
● B E (Hons) Final Year Direct Entry ရရှိ
Coventry University
စိုးမိုးအောင်
● ၅၀၄ မှတ် နဲ့ တက္ကသိုလ် ဝင်တန်းအောင်
● AGTI တက်ရင်း ချင်းတွင်းကောလိပ်မှာ HND ၂နှစ်သင်တန်းတက်ရောက်
● B E (Hons) 3rd Year Direct Entry ရရှိ
University of East London
နိုင်အောင်မင်း
JANUARY လအတွက်တန်းခွဲသစ်များ လက်ခံနေပါပြီ။
ဆက်သွယ်ရန် ■ ချင်းတွင်းကောလိပ် (ရန်ကုန်) အမှတ်(၇၅) သိမ်ဖြူလမ်း အောက်ဘလောက် ဖုန်း၀၉-၇၃၀၆၈၃၇၆၊ ၀၁ -၂၉၇၆၇၃
■ ချင်းတွင်းကောလိပ် (မန္တလေး) စံပယ်ဆောင်၊ ဂရိတ်ဝေါတိုက်ခန်းများ၊ ၇၇ × ၇၈ကြား၊ ၃၁ × ၃၂ကြား ဖုန်း- ၀၉ - ၂၀၀၁၂၀၀၊ ၀၂-၇၄၁၇၉
OUR PARTNERS
AUSTON
TEG INTERNATIONAL COLLEGE
Coventry University
WOLVERHAMPTON
edexcel
University of Sunderland

Education
7 DAY NEWS JOURNAL
Vol.10, No.41 · DECEMBER 29, 2011

# ‘အခုလို အလွတ်ကျက်မှတ်မှုကို အခြေပြုတဲ့ပညာရေးစနစ် ဘာကြောင့်ဖြစ်သွားတာလဲတော့ ကျွန်တော်မသိဘူး’

ကျောင်းသားဗဟိုပြုသင်ကြားနည်းစနစ်များ ဖြန့်ဝေပေးခဲ့သော စီမံချက်မှ တာဝန်ရှိသူနှင့် တွေ့ဆုံခြင်း



**နေလင်းထွန်း**

ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)သည် မြန်မာနိုင်ငံရှိ မူလတန်းအဆင့် ဆရာ၊ဆရာမများအတွက် ကျောင်းသားဗဟိုပြုသင်ကြားနည်းစနစ်များ ဖြန့်ဝေပို့ချပေးသောစီမံချက်ကို ၁၇ နှစ်ကာလကြာ ဆောင်ရွက်ခဲ့သည်။ ယခုအခါ မြို့နယ်ပေါင်း ၆၇ မြို့နယ်မှ ဆရာ၊ ဆရာမ ၅၃,၀၀၀ အား ကျောင်းသားဗဟိုပြုသင်ကြားနည်းစနစ်ဖြန့်ဝေခဲ့ပြီး နောက်ယခုနှစ်ကုန်တွင် စီမံချက်ကာလပြီးဆုံးမည်ဖြစ်သည်။ ယင်းစီမံချက်တွင် ဆယ်နှစ်ကျော်ကြာ အဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သော Mr.Takujiro Iro အား မြန်မာနိုင်ငံမှ မထွက်ခွာမီ တစ်ရက်အလိုတွင် တွေ့ဆုံမေးမြန်းထားသည်မှ ကောက်နုတ်ဖော်ပြလိုက်သည်။

**မြန်မာနိုင်ငံကို ၂၀၀၄ ခုနှစ်က ရောက်ရှိလာတယ်လို့သိရတယ်။ အဲ့ဒီတုန်းက အခြေအနေကို ပြောပြပေးပါဦး။**

ဒီကိုလာဖို့ ဖိတ်ခေါ်တဲ့စာ ကျွန်တော်ရတယ်။ ဘာလို့လဲဆိုတော့ ပညာရေးဝန်ကြီးဌာန(မြန်မာ)က မိရိုးဖလာဖြစ်တဲ့ အလွတ်ကျက်မှတ်မှုကို အခြေပြုသင်ကြားနည်းကနေ ကျောင်းသားဗဟိုပြုတဲ့ သင်ကြားနည်းကို တကယ်ပဲပြောင်းဖို့ ဆန္ဒရှိနေခဲ့ပါတယ်။ ဆရာတွေကို စောင့်ကြည့်လေ့လာသုံးသပ်ထားတဲ့စစ်တမ်းတွေမှာ ခင်ဗျားတွေ့နိုင်ပါတယ်။ ကျောင်းတွေကို သွားကြည့်တဲ့အခါမှာ ဆရာတွေက အလွန်ရှေးရိုးကျတဲ့ သင်ကြားနည်းတွေနဲ့ စာသင်ကြားနေကြတယ်။ ရိုက်တာနှက်တာတွေရှိပါတယ်။ အဲ့ဒါကို ကျွန်တော်တို့ ပြောင်းလဲဖို့ ကြိုးစားပါတယ်။ တချို့ဆရာတွေအတွက်ကတော့ အခက်အခဲရှိကောင်းရှိတယ်။ တခြားနည်းလမ်းတွေနဲ့ မသင်ခဲ့ဖူးဘူးလေ။ ဒါပေမဲ့ ဒီမှာသင်တန်းတွေ တက်ပြီးချိန်မှာတော့ ဘယ်လို စာသင်ကြားရမယ်ဆိုတာ သူတို့ စပြီးနားလည်ပါပြီ။

**ဒီစီမံကိန်းရလဒ်အပေါ် ကျေနပ်အားရပါသလား။**

ပြီးခဲ့တဲ့အပတ်ကပဲ ကျွန်တော်တို့ စီမံချက်ကို အကဲဖြတ်စစ်ဆေးလို့ပြီးသွားပါပြီ။ ဒီစီမံချက်က အရမ်းအောင်မြင်ပါတယ်။ အောင်မြင်စွာနဲ့ ပြီးဆုံးသွားတာပါ။ ဆရာ၊ ဆရာမတွေကလည်း သင်ကြားမှုနည်းလမ်းသစ်တွေ ကလေးတွေနဲ့ ထိတွေ့ဆက်ဆံရတဲ့နည်းလမ်းသစ်တွေကိုလေ့လာသင်ယူခဲ့ရတာ ကျေနပ်ပျော်ရွှင်တယ်လို့ကြားရပါတယ်။ ဒါက အလုပ်တာဝန်နဲ့ ပတ်သက်ပြီး ကျွန်တော့်ရဲ့ ကျေနပ်အားရမှုပါ။

**ဆရာဗဟိုပြုသင်ကြားနေတဲ့စနစ်ကနေ ကျောင်းသားဗဟိုပြုသင်ကြားရတဲ့စနစ်ကို ပြောင်းလဲကျင့်သုံးဖို့အတွက် ဒီမှာ ဘယ်လိုအခက်အခဲတွေရှိနေတယ်လို့ထင်ပါလဲ။**

အဲ့ဒီစနစ်က စာသင်ကြားတဲ့ကိစ္စ တစ်ခုတည်းသာမကဘဲ သင်ရိုးညွှန်းတမ်းတွေကလည်း ကလေးဗဟိုပြုသင်ကြားမှုနည်းစနစ်ကို ဦးစားပေးရေးဆွဲဖို့ လိုပါတယ်။ ဒါ့အပြင် သင်ကြားရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းတွေ၊ လွယ်လင့်တကူ သင်ယူနိုင်ခြင်းတွေလည်းရှိဖို့ လိုအပ်ပါတယ်။ ခင်ဗျားသိတဲ့အတိုင်းပဲ အထူးသဖြင့် မြို့ပြမှာ ရှိတဲ့ ကျောင်းစာသင်ခန်းတချို့က အရမ်းကျဉ်းပါတယ်။ ကျောင်းသား ၆၀၊ ၇၀၊ ၈၀ လောက်က စာသင်ခန်းတစ်ခန်းထဲမှာ အားလုံးသင်ကြားရတယ်။ ကျောင်းသားဗဟိုပြုသင်ကြားနည်းနဲ့ သင်ကြားဖို့ နေရာရှားပါးတဲ့အတွက် အခြေအနေက တအားခက်ခဲနေပါတယ်။

**အဲ့ဒီအခြေအနေကို ဘယ်လိုဖြေရှင်းနိုင်မလဲ။**

ဒါပေမဲ့ အဲ့လိုအခြေအနေက ကျောင်းအားလုံးမှာ ဖြစ်နေတာတော့ မဟုတ်ပါဘူး။ ကျေးလက်ဒေသတွေမှာ အဲ့လိုမဟုတ်ပါဘူး။ စီးပွားရေးဖွံ့ဖြိုးပြီး လူဦးရေထူထပ်လာနေတဲ့ နေရာတွေမှာ ကြုံတွေ့နေရတာပါ။ ကျေးလက်ဒေသက တခြားပြဿနာရှိနေပါတယ်။ ကျောင်းသားအရေအတွက် နည်းနည်းပဲရှိတယ်။ စာသင်ခန်းတစ်ခုထဲမှာ အတန်းစုံစုပေါင်းပြီး စာသင်ကြားရတယ်။ တစ်တန်း၊ နှစ်တန်း၊ သုံးတန်း၊ လေးတန်း ကလေးတွေက တစ်ခန်းထဲမှာ အတူတူ စာသင်ရတယ်။ ဆရာတွေအနေနဲ့ ကျောင်းသားတွေကို မတူညီတဲ့သင်ခန်းစာတွေ သင်ကြားရတာဖြစ်လို့ အင်မတန်ခက်ခဲပါတယ်။

စာသင်ခန်းတစ်ခန်းထဲမှာ အတန်းစုံစုပေါင်းပြီး စာသင်ကြားရတယ်။ တစ်တန်း၊ နှစ်တန်း၊ သုံးတန်း၊ လေးတန်း ကလေးတွေက တစ်ခန်းထဲမှာ အတူတူ စာသင်ရတယ်။ ဆရာတွေအနေနဲ့ ကျောင်းသားတွေကို မတူညီတဲ့သင်ခန်းစာတွေ သင်ကြားရတာဖြစ်လို့ အင်မတန်ခက်ခဲပါတယ်။

စာ(၂၂)သို့

ပညာရေးသတင်းတိုများ

## နိုင်ငံခြားဘာသာတက္ကသိုလ် ညနေပိုင်းသင်တန်းများ ယခုလ ၃၀ ရက် နောက်ဆုံး လျှောက်ထားရမည်

**ရန်ကုန်၊ ဒီဇင်ဘာ - ၂၄**

ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်မှ နိုင်ငံခြားဘာသာစကား ညနေပိုင်းသင်တန်းများအတွက် ယခုလ ၃၀ ရက် နောက်ဆုံးလျှောက်ထားရန် သတ်မှတ်ထားသည်။ တရုတ်၊ အင်္ဂလိပ်၊ ပြင်သစ် (ဘာသာပြန်၊ စကားပြန်)၊ ဂျာမန်၊ ဂျပန်၊ ကိုရီးယား၊ ရုရှားနှင့် ထိုင်းဘာသာစကား ညနေသင်တန်းများ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းတက်ရောက်မည့်သူကိုယ်တိုင် လျှောက်လွှာတင်သွင်းရမည်ဖြစ်ကြောင်း သိရသည်။

## ကျူရှင်မတက်နိုင်သူများအတွက် ပညာဒါနသင်တန်းဖွင့်မည်

**ရန်ကုန်၊ ဒီဇင်ဘာ - ၂၂**

ငွေကြေးအခက်အခဲရှိ၍ ကျူရှင်မတက်နိုင်သော တက္ကသိုလ်ဝင်တန်း စာမေးပွဲဖြေဆိုမည့်ကျောင်းသားများအတွက် ပညာဒါနသင်တန်းကိုယခုလကုန်တွင်စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း သဃ်န်းကျွန်းဘူတာအနီးရှိ The Glory သင်တန်းကျောင်းမှသိရသည်။ ကျောင်းသား ၂၀၀ကျော်ကို လက်ခံသင်ကြားသွားမည်ဖြစ်ပြီး စာအုပ်စာတမ်းကြေးများကိုလည်း အခမဲ့ပံ့ပိုးသွားမည်ဖြစ်ကြောင်း သိရသည်။

## နန့်ယန်း ပညာရေးဟောပြောပွဲပြုလုပ်မည်

**ရန်ကုန်၊ ဒီဇင်ဘာ - ၂၃**

စင်ကာပူနိုင်ငံရှိ အစိုးရတက္ကသိုလ်တစ်ခုဖြစ်သော နန့်ယန်းနည်းပညာတက္ကသိုလ်၏ ကျောင်းဝင်ခွင့်ဆိုင်ရာပညာရေးဟောပြောပွဲကို လာမည့် ဇန်နဝါရီလ ၈ရက်၊ နံနက် ၁၀ နာရီမှ ၁၂ နာရီထိ မြေနီကုန်း၊ မနေလှိုင်တာဝါရှိCrownပညာရေးဝန်ဆောင်မှုတွင်ကျင်းပမည်ဖြစ်သည်။ ယင်းတက္ကသိုလ်တွင် ကျောင်းဝင်ခွင့်အတွက် ဇန်နဝါရီနှင့် ဩဂုတ်လများ၌ ခေါ်ယူလေ့ရှိပြီး မဟာဘွဲ့သင်တန်းများ လျှောက်ထားနိုင်ကြောင်းသိရသည်။

## CLMVနိုင်ငံများ၏ပညာရေးသင်ကြားရေးစနစ်တွင် အိုင်စီတီဘာသာရပ် ထပ်မံထည့်သွင်းဖွယ်ရှိ

**ယုဇနကိုကို**

**ရန်ကုန်၊ဒီဇင်ဘာ-၂၁**

**အာဆီယံဒေသတွင်းတွင် ပါဝင်သည့် CLMV (ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်) လေးနိုင်ငံအနေဖြင့် ၎င်းတို့၏ အခြေခံပညာသင်ကြားရေးစနစ်များတွင် အိုင်စီတီဘာသာရပ်ကို လာမည့် နှစ်အနည်းငယ်အတွင်းထည့်သွင်းသင်ကြားသွားနိုင်ဖွယ်ရှိနေကြောင်း သတင်းရရှိသည်။**

အဆိုပါအကြောင်းအရာသည် ယခုလပထမပတ်က နေပြည်တော်ခရိုင်တွင် ကျင်းပပြုလုပ်ခဲ့သည့် အာဆီယံဆက်သွယ်ရေးဝန်ကြီးများအစည်းအဝေးတွင်ဆက်သွယ်ရေးဝန်ကြီးများနှင့် ၎င်းတို့၏ ဆွေးနွေးဖက်နိုင်ငံများက ဆွေးနွေးခဲ့ကြသည့် အာဆီယံဒေသတွင်းအိုင်စီတီနည်းပညာဖွံ့ဖြိုးမှုနှင့် သက်ဆိုင်သည့်စီမံကိန်းတစ်ခုဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှသိရသည်။

ယခုကဲ့သို့ CLMV လေးနိုင်ငံ၏ အခြေခံပညာသင်ကြားရေးစနစ်များတွင် အိုင်စီတီဘာသာရပ်ကို သင်ရိုးညွှန်းတမ်းအဖြစ်ထည့်သွင်းရန် အာဆီယံဝန်ကြီးများနှင့် ဆွေးနွေးဖက်နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးအဖွဲ့ချုပ် (ITU- International Telecom Uniom) တို့က ဝန်ကြီးအဆင့်အစည်းအဝေးတွင် ဆွေးနွေးပြီး အကောင်အထည်ဖော်ရန် အဆိုပြုခဲ့ကြခြင်းဖြစ်သည်။

ယင်းအဆိုပြုချက်သည် အဆိုပါအစည်းအဝေးအပြီးတွင် ထွက်ပေါ်လာသည့် ဝန်ကြီးအဆင့် ပူးတွဲထုတ်ပြန်ချက်တွင် ဖော်ပြထားခြင်းဖြစ်သည်။

ထို့ကြောင့် လာမည့်နှစ်မှစတင်ကာ နှစ်အနည်းငယ်အတွင်း မြန်မာအပါအဝင်ကမ္ဘောဒီးယား၊ လာအိုနှင့်ဗီယက်နမ်နိုင်ငံတို့၏ အစိုးရအခြေခံပညာ သင်ကြားရေးစနစ်များ၌ အိုင်စီတီဘာသာရပ်ကို သင်ရိုးညွှန်းတမ်းများတွင် ထည့်သွင်းသင်ကြားလာတော့မည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ စုံစမ်းသိရှိရသည်။

အထက်ပါအတိုင်းဆုံးဖြတ်ခဲ့ရခြင်းမှာ ဖွံ့ဖြိုးဆဲနိုင်ငံများဖြစ်နေခြင်းနှင့် သတင်းအချက်အလက်နှင့် နည်းပညာပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုများတွင် အခြားသောနိုင်ငံများထက် လိုအပ်ချက်များရှိနေသောကြောင့် အဓိကထားပြီး ဆွေးနွေးခဲ့ကြခြင်းဖြစ်ကြောင်း ယင်းအစည်းအဝေးကို တက်ရောက်ခဲ့သည့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ တာဝန်ရှိသူအချို့ကပြောသည်။

ထို့ပြင် ယင်းနိုင်ငံများတွင် ဆော့ဖ်ဝဲဖွံ့ဖြိုးမှု စီမံကိန်းများနှင့် အိုင်စီတီဆိုင်ရာ သင်ကြားရေးဆရာများပေါ်ထွက်လာရေးနှင့် ဒေသတွင်း၌ အိုင်တီအရင်းအမြစ်နှင့် လေ့လာရေးစင်တာကြီးတစ်ခု တည်ထောင်ရန်တို့ကိုပါပူးတွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ တာဝန်ရှိသူတစ်ဦးကပြောသည်။

မြန်မာနိုင်ငံ၏ အစိုးရပညာသင်ကြားရေးစနစ်များတွင် အိုင်စီတီဆိုင်ရာ ဘာသာရပ်များကို သင်ရိုးညွှန်းတမ်းအဖြစ် ဖြည့်စွက်ထည့်သွင်းသွားမည်နှင့်ပတ်သတ်ပြီး ယခုနှစ်အစောပိုင်းလများက 7Day News အပါအဝင် အခြားမီဒီယာအချို့တွင်ဖော်ပြပါရှိပြီးဖြစ်သည်။

Technology

7DAY NEWS JOURNAL

Vol.10, No.41 · DECEMBER 29, 2011

# ဆယ်လူလာဖုန်းများကို ငါးသိန်းဖုန်းများဖြင့် လဲလှယ်ပေးသွားမည်



ယုဇနကိုကို

ရန်ကုန်၊ဒီဇင်ဘာ-၂၀

ပြည်တွင်းတွင် နှစ်ပေါင်းများစွာ အသုံးပြုလာခဲ့သည့် ဆယ်လူလာဖုန်းများဖြစ်သော ၀၉-၉၀xxxxx နှင့် ၀၉-၉၉xxxxx နံပါတ်များယခင်ကျောက်မျက်ဖုန်းဟု လူသိများသော ဆယ်လူလာဖုန်းများကို လာမည့်နှစ်ဆန်းပိုင်းတွင် ကျပ်ငါးသိန်းတန် မိုဘိုင်းဖုန်းများဖြင့် လဲလှယ်ပေးတော့မည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း မိုဘိုင်း၌ာနမှ အင်ဂျင်နီယာချုပ် ဦးသိန်းဝင်းကဆိုသည်။

ယခုကဲ့သို့ ဆယ်လူလာဖုန်းများကို ဂျီအက်စ်အမ်၊ စီဒီအမ်အေမိုဘိုင်းဖုန်းများနှင့် လဲလှယ်ပေးရခြင်းမှာ ဆယ်လူလာဖုန်းများကို ဖျက်သိမ်းလိုခြင်းနှင့် အသုံးပြုရလွယ်ကူသည့် နိုင်ငံတကာသုံး မိုဘိုင်းဖုန်းများကိုသာ အသုံးပြုလာကြစေရန်အတွက်ဟု အထက်ပါတာဝန်ရှိသူကပြောသည်။

လွန်ခဲ့သည့် ၁၉၉၈ ခုနှစ်ဝန်းကျင်ကပင် စတင်အသုံးပြုခဲ့ကြသည့် အဆိုပါဆယ်လူလာဖုန်းအသုံးပြုသူဦးရေသည် ပြည်တွင်းတွင် အရေအတွက်အားဖြင့် နှစ်သိန်းနှင့် အထက်တွင်ရှိကြောင်း ယင်းဖုန်းများ၏ တန်ဖိုးများသည် သိန်းနှစ်ဆယ်ဝန်းကျင်ဖုန်းများဖြစ်ကြောင်းသိရသည်။

အဆိုပါဖုန်းများကို အင်တာနက်စနစ်များပါရှိသည့်နောက်ဆုံးပေါ် တန်ဖိုးနည်းဖုန်းများဖြင့် လဲလှယ်ပေးလိုက်ခြင်းသည် အသုံးပြုသူများအတွက်ဖုန်းဘေလ်ဆောင်ရခြင်းကို သက်သာသွားစေမည်ဖြစ်ပြီး အင်တာနက်စနစ်ကိုပါ လျှောက်ထားအသုံးပြုလာနိုင်မည်ဖြစ်သည်။


"အစကတည်းက မိုဘိုင်းဖုန်း တွေက ဒီလောက်အထိ ဈေးမကြီးသင့်ဘူးထင်တယ်။ အခုအနေအထားက ဂျီအက်စ်အမ်နဲ့ စီဒီအမ်အေမိုဘိုင်းတွေကခေတ်စားနေတော့ မလဲလို့လည်းမရဘူးလေ။ ဒါပေမဲ့ ဘယ်လောက်ပဲဈေးကျလာတယ် သက်သာလာတယ်ဆိုစေဦး တကယ်တမ်းက ဆင်းမ်ကတ်တစ်ကတ်ရဲ့တန်ဖိုးက ကျပ်သောင်းဂဏန်းတောင်မရှိပါဘူး"ဟု နည်းပညာကုမ္ပဏီတစ်ခုတွင် လုပ်ကိုင်နေသော အသက် ၄၅ နှစ်အရွယ် အမျိုးသားဝန်ထမ်းတစ်ဦးက သုံးသပ်ပြောကြားသည်။

ယခုလက်ရှိတွင် လဲလှယ်ပေးနေသည့် ဖုန်းများမှာ ခြင်းဖုန်း ဟုလူသိများသည့် စီဒီအမ်အေ ၇၂xxxx ဖုန်းများနှင့် ၀၉-၈၀xx xxx ဖုန်းများဖြစ်သည်။

ထိုဖုန်းများကိုလည်း ကျပ်ငါးသိန်းတန် မိုဘိုင်းဖုန်းများဖြင့် လဲလှယ်ပေးနေသည်။

၀၉-၉၉xxxxx နှင့် ၀၉-၉၀ xxxxx ဖုန်းများကို ဇန်နဝါရီလ ပထမပတ်အတွင်း နောက်ဆုံးထားဖျက်သိမ်းသွားမည်ဖြစ်သည်။

# ဂျီအက်စ်အမ်အင်တာနက်စနစ် ချထားပေးခြင်း ခေတ္တရပ်နားပြန်




ယုဇနကိုကို

ရန်ကုန်၊ ဒီဇင်ဘာ-၁၉

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ EDGE အင်တာနက်စနစ်ကိုသတ်မှတ်ထားသည့် လိုင်းအရေအတွက်တစ်သောင်းပြည့်သွားပြီဖြစ်သဖြင့် ချထားပေးခြင်းကို ယခုလ ၁၉ ရက်ကစတင်ကာ ရပ်ဆိုင်းလိုက်ပြန်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

ယခုကဲ့သို့ ဂျီအက်စ်အမ်မိုဘိုင်းဖုန်းများပေါ်တွင် အသုံးပြုနိုင်သော EDGE အင်တာနက်စနစ်ကို ရပ်ဆိုင်းလိုက်ခြင်းသည် ဒုတိယအကြိမ်မြောက်ဖြစ်သည်။

အဆိုပါ အင်တာနက်စနစ်ကို ယခုနှစ် ဖေဖော်ဝါရီလတွင် ပထမဆုံးစတင်ချထားပေးခဲ့ခြင်းဖြစ်ပြီး တစ်ပတ်အတွင်းတွင်ပင် လျှောက်ထားမှုရပ်ဆိုင်းခဲ့သည်။

ဒီဇင်ဘာ ၇ ရက်တွင် ပြန်လည် ချထားပေးခဲ့သည့် အဆိုပါအင်တာနက်စနစ်ကို ၁၈ ရက်အထိသာချထားပေးခဲ့သည်ဟုသိရသည်။

ထို့ကြောင့် ပထမအကြိမ်စတင်လျှောက်ထားခွင့်ပေးခဲ့စဉ်က လိုင်းပေါင်း တစ်သောင်းနှင့် ဒုတိယအကြိမ်တွင် လိုင်းပေါင်းတစ်သောင်းကို ချထားပေးခဲ့သည်။

ယခုကဲ့သို့ ဒုတိယအကြိမ်ပြန်လည်ရပ်ဆိုင်းခဲ့သည့် EDGE အင်တာနက်လျှောက်ထားမှုကို လာမည့် ၂၀၁၂ ဖေဖော်ဝါရီလအတွင်း ပြန်လည်ချထားပေးမည်ဖြစ်ပြီး ယခုကဲ့သို့ ရပ်ဆိုင်းလိုက်ရခြင်းမှာ 3G Network စနစ်နှင့် နည်းပညာပိုင်းများ အဆင့်မြှင့်တင်ခြင်းများပြုလုပ်နေခြင်းကြောင့်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမိုဘိုင်းအင်ဂျင်နီယာချုပ်က 7Day News သို့ ပြောသည်။

GSM EDGE စနစ်သည် ကျပ်ငါးသိန်းတန် မိုဘိုင်းဖုန်းကိုင်ဆောင်သူများသာမဟုတ်ဘဲ ကျပ်ဆယ့်ငါးသိန်းတန် ဂျီအက်စ်အမ်ကိုင်ဆောင်သူများပါ အသုံးပြုနိုင်သည့် စနစ်တစ်ခုဖြစ်သဖြင့် ယခုကဲ့သို့ အရေအတွက် အနည်းငယ်သာ ကန့်သတ်လျှောက်ထားခွင့်ရနေခြင်းသည် အသုံးပြုလိုသူများအတွက် အခက်အခဲဖြစ်စေကြောင်း သုံးစွဲသူ များထံမှ စုံစမ်းသိရသည်။

"အခုပဲ ချပေးလိုက်၊ အခုပဲ ရပ်ထားလိုက်ဆိုတော့နောက်ထပ်လျှောက်ချင်တဲ့ သူတွေအတွက် တကယ်အဆင်မပြေဘူး။ ဘာဖြစ်လို့လဲဆိုရင် ကန့်သတ်ရက်နည်းနည်းလေးဆိုတော့ လူတွေက အရမ်းကိုများနေတာ။ အဲဒီတော့ သွားလျှောက်တဲ့သူတိုင်းပါမရတဲ့ သဘောဖြစ်နေတယ်"ဟု အဆိုပါအင်တာနက်စနစ်လျှောက်ထားခဲ့သူ ပုဂ္ဂလိကကုမ္ပဏီတစ်ခုမှ ဝန်ထမ်းတစ်ဦးကပြောသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ယခုကဲ့သို့ မကြာခဏရပ်ဆိုင်းခြင်းများပြုလုပ်နေသည့် အဆိုပါအင်တာနက်စနစ်၏ ဆက်သွယ်မှုမြန်နှုန်းများသည် သုံးစွဲသူများစိတ်တိုင်းကျ ကောင်းမွန်သည့် အနေအထားတွင် ရှိမနေသေးကြောင်း အသုံးပြုသူများထံမှ စုံစမ်းသိရသည်။

ထိုစနစ်လျှောက်ထားပြီး ကြုံတွေ့ရသော အဆင်မပြေမှုအချို့ကိုလည်း သုံးစွဲသူတစ်ဦးက "ဖုန်းလိုင်းကိုအင်တာနက်သွားဖွင့်တာ တစ်ရက်အတွင်းရမယ်ပြောတာ။ တစ်ပတ်နီးပါးကြာ သွားတယ်။ အင်တာနက်လိုင်းပွင့် သွားတော့လည်း ဘယ်လိုသုံးရမလဲဆိုတာကအခက်တွေ့ပြန်ရော။ အမှန်ဆို လျှောက်လို့ရတဲ့နေရာ တွေမှာ ဒီဝန်ဆောင်မှုနဲ့ပတ်သက်တဲ့ အသေးစိတ်အချက်အလက်တွေကို သေသေချာချာထုတ်ပြန်ထားပေးရင်ပိုပြီးအဆင်ပြေပါလိမ့်မယ်" ဟု ကုမ္ပဏီဝန်ထမ်းအမျိုးသားတစ်ဦးကငင်း၏အတွေ့အကြုံကိုပြောသည်။

ထို့အပြင် ယခုကဲ့သို့ဂျီအက်စ်အမ်ဖုန်းများအတွက် အင်တာနက်လိုင်းများကို လျှောက်ထားရာတွင် ဖုန်းလိုင်းအရေအတွက်မှာ ကန့်သတ်ထားခြင်းကြောင့် အစိုးရသတ်မှတ်ဈေးနှုန်း ကျပ်တစ်သောင်းဖြင့် ဆက်သွယ်ရေးတွင် မလျှောက်ထားနိုင်ကြဘဲ ပွဲစားများကို ကျပ်သုံးသောင်းပေးကာ လျှောက်ထားနေကြရကြောင်း သုံးစွဲသူများကဆိုကြသည်။

EDGE အင်တာနက်စနစ် လျှောက်ထားပြီးကြသူများအနေဖြင့် အင်တာနက်လိုင်းများမပွင့်သေးပါက ဆက်သွယ်ရေးတွင် လျှောက်ထားသူများက မိမိလျှောက်ထားရာ ရုံးများတွင်လည်းကောင်း၊ E-Lite Tech ကုမ္ပဏီတွင် လျှောက်ထားသူဖြစ်ပါက ယင်းကုမ္ပဏီသို့လည်းကောင်း တိုက်ရိုက်ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။






# ကျန်းမာရေးကဏ္ဍအဆင့်မြှင့်ရန် အိန္ဒိယနည်းပညာအကူအညီပေးမည်

**ယုဇနကိုကို**

**ရန်ကုန်၊ဒီဇင်ဘာ- ၂၁**

အိန္ဒိယနိုင်ငံက မြန်မာနိုင်ငံတွင် ကျန်းမာရေးအခန်းကဏ္ဍအတွက် e-Network ဟူသည့် အီလက်ထရွန်နစ် နက်ဝေ့ါခ်ချိတ်ဆက်မှုနည်းပညာကိုအသုံးပြုနိုင်ရန်အတွက် ငွေကြေးဆိုင်ရာအထောက်အပံ့ပေးသွားမည်ဖြစ်ကြောင်း ယခုလ ပထမပတ်က နေပြည်တော်တွင်ပြုလုပ်ခဲ့သည့်အာဆီယံဆက်သွယ်ရေးဝန်ကြီးများအစည်းအဝေးပွဲမှ သတင်းရရှိသည်။

e-Network စီမံကိန်း အတွက်ငွေကြေးဆိုင်ရာထောက်ပံ့မည့်အစီအစဉ်ကိုအဆိုပါအစည်းအဝေးပွဲတွင် အိန္ဒိယနိုင်ငံ၏ ဆက်သွယ်ရေးဝန်ကြီး Mr. Sachin Pilot က ဆက်သွယ်ရေးစာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးသိန်းထွန်းနှင့် သီးသန့်တွေ့ဆုံဆွေးနွေးစဉ် ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆေးရုံများတွင် အမှန်တကယ်ခွဲစိတ်ကုသမှုလုပ်နေသည့် ကျွမ်းကျင်ဆရာဝန်များ၏ လှုပ်ရှားဆောင်ရွက်ပုံအဆင့်ဆင့်ကို ယင်းနက်ဝေ့ါခ် ချိတ်ဆက်ထားသည့် အခြားသောနေရာဒေသတိုင်းရှိ ဆေးရုံများမှ အလုပ်သင်ဆရာဝန်များ၊ ဆေးတက္ကသိုလ်ကျောင်းသားများက တိုက်ရိုက်ကြည့်ရှုနိုင်မည့် ကျန်းမာရေးဆိုင်ရာ ပညာသင်ကြားမှုအစီအစဉ်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆက်သွယ်ရေးစာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းကပြည်တွင်းမီဒီယာများသို့ ပြန်လည်ရှင်းလင်းပြောကြားသည်။

အဆိုပါ အီလက်ထရွန်နစ်နက်ဝေ့ါခ်စီမံကိန်းသည် ဂြိုဟ်တုဆက်သွယ်မှုစနစ်ကို အခြေခံပြီး ဆေးရုံအချင်းချင်း ချိတ်ဆက်မှုများပြုလုပ်သွားမည်ဖြစ်ပြီးနောက်ပိုင်းတွင် အိမ်နီးချင်းနိုင်ငံအချင်းချင်းနှင့်ပါ ချိတ်ဆက်နိုင်ရန် ဆောင်ရွက်ပေးသွားမည်ဟုလည်း သိရသည်။

အိန္ဒိယအနေဖြင့် အဆိုပါစီမံကိန်းအတွက် လိုအပ်သည့် ငွေကြေးပိုင်းဆိုင်ရာများကို ထောက်ပံ့ပေးသွားမည်ဖြစ်ပြီး ယခုလက်ရှိအချိန်တွင် ရန်ကုန်ဆေးရုံကြီးတွင် ယင်းချိတ်ဆက်မှုအတွက် စက်ပစ္စည်းပိုင်းဆိုင်ရာများကို ပြင်ဆင်ပြီးဖြစ်ကြောင်းနှင့် လာမည့် ၂၀၁၂ အတွင်း စတင်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ တာဝန်ရှိသူတစ်ဦးထံမှသိရသည်။

ထို့အပြင် အိန္ဒိယအစိုးရအနေဖြင့် ကျန်းမာရေးဆိုင်ရာ e-Network စီမံကိန်းကိုမြန်မာအပါအဝင် CLMV လေးနိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအပါအဝင် ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့ကိုပါ ငွေကြေးထောက်ပံ့မှုများ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။




## HTC က Apple ကို တရားစွဲဆိုမှု ဆုံးဖြတ်ချက် တရားရုံးရွှေ့ဆိုင်း

**ဝါရှင်တန်၊ ဒီဇင်ဘာ - ၁၃**

တရုတ်တိုင်ပေနိုင်ငံမှ စမတ်ဖုန်းကုမ္ပဏီ HTC က အမေရိကန်နိုင်ငံ၏ Apple ကုမ္ပဏီအပေါ် တရားစွဲဆိုမှု နောက်ဆုံး ဆုံးဖြတ်ချက်ချရေးအတွက် အမေရိကန်တရားရုံးက ထပ်မံရွှေ့ဆိုင်းလိုက်ကြောင်းသိရသည်။

မူပိုင်ခွင့်ချိုးဖောက်မှုများကို စုံစမ်းစစ်ဆေးသည့် အမေရိကန်ကုန်သွယ်ရေးဆိုင်ရာ ခုံရုံးအဖွဲ့ (International Trade Commission) က ၎င်းတို့၏ ဆုံးဖြတ်ချက်အား ထုတ်ဖော်ပြောကြားရန် ဒီဇင်ဘာလ ၁၉ ရက်သို့ ရွှေ့ဆိုင်းလိုက်သည်ဟု HTC အရာရှိတစ်ဦးကပြောသည်။ ယင်းသို့ ဆုံးဖြတ်ချက်ချရန် ရွှေ့ဆိုင်းလာသည်မှာ ယခုဆိုလျှင် နှစ်ကြိမ်ရှိပြီဖြစ်သည်။

အမေရိကန် ကုန်သွယ်ရေးကော်မရှင်၏ ဆုံးဖြတ်ချက်မှာ HTC အတွက် အလွန်အရေးပါပြီး ယခုကိစ္စတွင် ရှုံးနိမ့်ပါက HTC ဖုန်းများအား အမေရိကန်ဈေးကွက်သို့ တင်ပို့ရောင်းချမှုပိတ်ပင်ခံရသည်အထိဖြစ်နိုင်သည်။

ယခု တရားစွဲဆိုမှုအား Apple ထုတ်ကုန်များနှင့် ဂူးဂဲလ်၏ Android စနစ်သုံးစမတ်ဖုန်း များကြားကတိုက်ပွဲဟုလည်းရှုမြင်ကြသည်။ Android စနစ်သုံးဖုန်းများထုတ်လုပ်သည့် အခြားကုမ္ပဏီတစ်ခုဖြစ်သည့် Samsung ကလည်းအလားတူ Apple အား အမှုရင်ဆိုင်ထားကြောင်းသိရသည်။ —*Ref: Reuters*

**တင်ဒါခေါ်ယူခြင်း**

မာလ်တီဆာ အင်တာနေရှင်နယ် အဖွဲ့အစည်းမှ ရခိုင်ပြည်နယ်၊ စစ်တွေနှင့် ရသေ့တောင်မြို့နယ်များ၊ ပေါက်တောနှင့် မြောက်ဦးမြို့နယ်များအတွင်း ဆောင်ရွက်နေသော အခြေခံ အဆောက်အဦးများ [illegible] တည်ဆောက်ရေး [illegible] သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ခြင်း စီမံကိန်းအတွက် ဒေသအတွင်းရှိ ဆောက်လုပ်ရေးလုပ်ငန်း/ကုမ္ပဏီများထံမှ တင်ဒါခေါ်ယူလိုပါသည်။

ခေါ်ယူလိုသောတင်ဒါတွင် မာလ်တီဆာ အဖွဲ့အစည်းမှ သတ်မှတ် ထားသော ဒီဇိုင်းများအတိုင်း အရည်အသွေး ပြည့်မီစွာဖြင့် ပစ္စည်း လက်ခ၊ သယ်ယူပို့ဆောင်ရေးများ အပါအဝင် လုံးဝပြီးစီးအောင် တည်ဆောက်ပေးရန်ဖြစ်ပါသည်။

ဆောင်ရွက်လိုသောလုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**ရသေ့တောင်မြို့နယ်၊**

(၁) ကျေးလက် ကျန်းမာရေးဌာနခွဲ - (၂) လုံး
(၂) (၉၀ပေ×၃၀ပေ) ကျောင်းဆောင်သစ် - (၁) ဆောင်
(၃) (၆၀ပေ×၃၀ပေ) ကျောင်းဆောင်သစ် - (၁) ဆောင်
(မိုးရေလှောင်ကန်နှင့် နှစ်ခန်းတွဲယင်လုံအိမ်သာအပါအဝင်)

**ပေါက်တောမြို့နယ်၊**

(၁) ကျေးလက် ကျန်းမာရေးဌာနခွဲ - (၃) လုံး
(၂) (၉၀ပေ×၃၀ပေ) ကျောင်းဆောင်သစ် - (၁) ဆောင်
(၃) (၈၀ပေ×၃၀ပေ) ကျောင်းဆောင်သစ် - (၁) ဆောင်
(မိုးရေလှောင်ကန်နှင့် နှစ်ခန်းတွဲယင်လုံအိမ်သာအပါအဝင်)

အသေးစိတ်အချက်အလက်များကို စစ်တွေမြို့နှင့် ရန်ကုန်မြို့များရှိ မာလ်တီဆာ ရုံးများတွင် ရယူနိုင်ပါသည်။ [illegible] လက်ရှိလုပ်ငန်း အတွေ့အကြုံရှိသည့် မှတ်ပုံတင်ထားသော ဆောက်လုပ်ရေးလုပ်ငန်းရှင်များကို အောက်ဖော်ပြပါ စစ်တွေမြို့နှင့် ရန်ကုန်မြို့ လိပ်စာများသို့ ၆-၁-၂၀၁၂ ရက်နေ့ နောက်ဆုံးထား၍ တင်ဒါတင်သွင်းရန် ဖိတ်ခေါ် အပ်ပါသည်။

မာလ်တီဆာ အင်တာနေရှင်နယ် အဖွဲ့အစည်းသည် အစိုးရမဟုတ်သောအဖွဲ့ဖြစ်ပြီး ဂျာမနီနိုင်ငံ၊ ကိုလုံးမြို့တွင် ရုံးချုပ် အခြေစိုက်၍ [illegible] ကမ္ဘာ့နိုင်ငံ အနှံ့အပြားတွင် လုပ်ဆောင်နေပါသည်။

Malteser International

**စစ်တွေစီမံကိန်းရုံး**
[illegible]
Email: [illegible]
Ph: (043) 23858, 09-8500463

**ဌာနချုပ်**
[illegible]
Email: [illegible]
Ph: 549001, 09-8622851 - Ext: 17

7DAY NEWS JOURNAL
Vol.10, No.41 • DECEMBER 29, 2011

# မြို့ပြရေးရာ ကျွမ်းကျင်သူတစ်ဦးနှင့် တွေ့ဆုံခြင်း

■ ပြည်သိမ်း

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)



ရန်ကုန်မြို့ ဖွံ့ဖြိုးတိုးတက် သာယာလှပဖို့၊ မြို့ဧရိယာကျယ်ဝန်းလာရန် ချဲ့ထွင်ဖို့ (2040 Structure plan) နှစ်သုံးဆယ်စီမံကိန်းရေးဆွဲပြီး တည်ဆောက်ရန်စီစဉ်နေသည်။ အနာဂတ်တိုးတက်လာမည့် လူဦးရေနှင့် မြို့အကျယ်အဝန်းကို လိုက်ဖက်ရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရက စတင်စီမံခြင်းဖြစ်သည်။

ရန်ကုန်မြို့ အိမ်ခြံမြေဈေးကလည်း ယခုနှစ်အတွင်း တစ်ဟုန်ထိုးတက်နေသည်။ လူဦးရေမှာလည်း တဖြည်းဖြည်း တိုးတက်လာသည်။ စစ်တမ်းတစ်ခု၏ အဆိုအရ ရန်ကုန်တွင် အိမ်ခန်းပေါင်းနှစ်သောင်းဝန်းကျင် နှစ်စဉ်တိုးတက်တည်ဆောက်ရန် လိုအပ်သည်။ ထိုကဲ့သို့ အနာဂတ်ရန်ကုန်မြို့တော်တည်ဆောက်ရေးနှင့်ပတ်သက်၍ နှစ်သုံးဆယ်စီမံကိန်းတွင် အကြံပေးပညာရှင်အဖြစ် ပါဝင်သူ ရန်ကုန်နည်းပညာတက္ကသိုလ် မြို့ပြစီမံကိန်းဖွံ့ဖြိုးရေးဌာနမှ ဂုဏ်ထူးဆောင်ပါမောက္ခ (ငြိမ်း) ဒေါက်တာကျော်လတ်အား တွေ့ဆုံမေးမြန်းထားသည်များမှ ကောက်နုတ်ဖော်ပြလိုက်ပါသည်။

**■ ရန်ကုန်မြို့တော် အဆင့်မြင့်တိုးချဲ့ဖို့ လက်ရှိအစိုးရက နှစ်သုံးဆယ်စီမံကိန်း (Master plan) ရေးဆွဲဖို့လုပ်နေကြပြီ။ ဒီလို မြို့ပြဖွံ့ဖြိုးမှုစီမံကိန်းတွေ လုပ်ရင် ဘယ်အပိုင်းတွေ အဓိက ပါဝင်လုပ်ဆောင်သင့်တယ်လို့ထင်ပါလဲ။**

ရန်ကုန်မြို့နဲ့ပတ်သက်ရင် အပိုင်းနှစ်ပိုင်းရှိတယ်။ ပထမတစ်ပိုင်းက လက်ရှိလုပ်နေတဲ့ အဆင်မပြေသေးတဲ့ လုပ်ငန်းတွေက တစ်ပိုင်း၊ နောက်တစ်ပိုင်းက မြို့တော် ရေရှည်ဘယ်လို တိုးတက်အောင် ဆောင်ရွက်မလဲဆိုတဲ့ အပိုင်းပဲ။ ဥပမာပြောရရင် လက်ရှိဖြေရှင်းနေတဲ့ပြဿနာတွေထဲမှာဆိုရင် ရေပေးဝေရေး၊ ရေမြောင်းစနစ်တို့၊ ရေဆိုးသန့်စင်ခြင်းလုပ်ငန်းတို့၊ ယာဉ်ကြောပိတ်ဆို့မှုလုပ်ငန်းတို့ပဲ။ ဒါ့အပြင် လက်ရှိဖြေရှင်း နေရတဲ့ပြဿနာတွေထဲမှာ မြို့ထဲမှာ အထပ်မြင့်တွေဆောက်တာတို့၊ residential area လို့ခေါ်တဲ့လူနေထိုင်တဲ့နေရာတွေမှာ အဆောက်အအုံတွေဆောက်ချင်တယ်ဆိုတာတွေကို ဖြေရှင်းရတယ်။ ပညာရှင်တွေကလည်း ဆောက်သင့်၊ မဆောက်သင့်ဖြေရှင်းဆောက်ရွက်တာတွေ လုပ်နေရတယ်။ မိုးရွာရင် ရေကြီးတဲ့ပြဿနာကိုလည်း ဖြေရှင်းရတာတွေရှိတယ်။ ဒါနေ့စဉ် ဖြေရှင်းရတဲ့ အချက်တွေပဲ။ လောလောဆယ်ရေရှည်စီမံကိန်းဖြစ်တဲ့ နှစ်သုံးဆယ် စီမံကိန်းကတော့ အခုမှစပြီး တိုင်ပင်ဆွေးနွေးချိန်ပဲ ရှိသေးတယ်။ ဘယ်နေရာမှာ ဘာလုပ်မယ်ဆိုတာ အကောင်အထည်မဖော်ရသေးဘူး။ မြို့ကိုဘယ်နေရာကို တိုးချဲ့မယ်။ ဘယ်လိုလုပ်ဆောင်မယ်ဆိုတာတွေက ပညာရှင်တွေက ဆုံးဖြတ်ပြီးတော့ မြို့တော်ဝန်ကိုတင်ပြီး သဘောတူမှ လုပ်ဆောင်ရမှာပါ။

**■ ရန်ကုန်မြို့ကို ခေတ်မီလှပဖို့ တကယ်လုပ်သင့်တာက ဘယ်လိုအပြောင်းအလဲတွေပါလဲ။**

ရန်ကုန်မြို့ ခေတ်မီလှပဖို့ဆိုတာ ရန်ကုန်က သူနေရာနဲ့သူ လှပြီးသားပဲ။ အာဆီယံတိုင်းပြည်က မြို့တော်တွေထဲမှာ ရန်ကုန်မြို့ဟာ အလှဆုံးလို့ ကျွန်တော်ထင်တယ်။ ရန်ကုန်မှာ စိမ်းလန်းစိုပြည်တဲ့နေရာတွေ အများကြီးရှိတယ်။ ရွှေတိဂုံစေတီတော်ကလည်း ကုန်းမြင့်မှာရှိတဲ့အတွက် အလွယ်တကူ ဖူးနိုင်တယ်။ အထပ်မြင့် အဆောက်အအုံတွေ ကြည့်ချင်ရင်တော့ စင်ကာပူသွားမလား၊ နယူးယောက်၊ တိုကျိုသွားမလား အတူတူပဲ။ ထူးခြားမှုသိပ်မရှိဘူး။ ရန်ကုန်မြို့ကို ရောက်ရင်တော့ အာရှတိုက်ရဲ့ အဆင့်မြင့်တဲ့ယဉ်ကျေးမှုကို ထိန်းသိမ်းတဲ့မြို့အဖြစ်တွေ့နိုင်တယ်။ ဒီသဘောအတိုင်း ထားမယ်ဆိုရင် ဟိုတိုင်းပြည်က မြို့တွေလို ဒီတိုင်းပြည်က မြို့တွေလို ကူးယူဖို့မလုပ်သင့်ဘူး။ တကယ်လုပ်သင့်တာကတော့ မြို့တော်ကို သန့်သန့်ရှင်းရှင်းထားမယ်။ မဖျက်ဆီးသင့်တာ မဖျက်ဆီးဘူး။ တည်ဆောက်မှုတွေကို ကျပ်ကျပ်တည်းတည်း မဖြစ်အောင်လုပ်ဖို့လိုတယ်။ သမိုင်းဝင်ရှေးဟောင်းအဆောက်အအုံတွေကိုလည်း ထိန်းသိမ်းဖို့လိုတယ်။ ပြီးတော့ ရွှေတိဂုံစေတီတော်လို ယဉ်ကျေးမှုအမွေအနှစ်နဲ့ ဘာသာတရားအတွက် အရေးပါတဲ့နေရာကိုကွယ်ပျောက်စေမယ့်အဆောက်အအုံအမြင့်ကြီးတွေ ဆောက်တာတွေကိုလည်း သတိထားသင့်တယ်။

**■ ရန်ကုန်မြို့တော်ကို တိုးချဲ့မယ်ဆိုရင် အဓိကအခြေခံအချက်တွေက ဘာတွေ ထည့်သွင်းစဉ်းစားဖို့လိုပါသလဲ။**

ရန်ကုန်မြို့ကို တိုးချဲ့ဖို့ဆိုရင် အခြေခံအချက်တွေကို တိတိကျကျ ဆောင်ရွက်ပြီးမှ လုပ်သင့်တယ်။ မြို့တော်တစ်ခုအတွက် မရှိမဖြစ် ရေမြောင်းစနစ်၊ ရေဆိုးသန့်စင်စနစ်၊ ရေပေးဝေရေးစနစ်၊ လျှပ်စစ်မီးစနစ်၊ ဆေးရုံ၊ မီးသတ်ဌာန စတာတွေကို အသေအချာ ထည့်သွင်းစဉ်းစားရမယ်။ မြို့ရဲ့ ဘယ်နေရာမှာပဲဖြစ်ဖြစ် အရေးကြီးတဲ့ ဒီဌာနတွေက အလွယ်တကူလက်လှမ်းမီရမယ်။ ဘာဖြစ်လို့လဲဆိုတော့ မြို့သစ်ဆောက်ပြီးရင် လူတွေက သိန်းနဲ့သန်းနဲ့ချီပြီး ပြောင်းရွှေ့ကြမှာ။ ပြီးတော့ ဒီမြို့တွေမှာနေသူတွေ အပန်းဖြေအနားယူဖို့ ပန်းခြံတွေ၊ ရုပ်ရှင်ရုံတွေ လိုတယ်။ စာသင်ကျောင်းတွေလည်း လိုတယ်။ ဒီဟာတွေ ပါဖို့ဆိုရင် စီမံကိန်းရေးဆွဲတာတွေကပဲ တစ်နှစ်လောက်ကြာနိုင်တယ်။ ကြာလည်းကြာသင့်တယ်။ အရင်က မြို့တွေ ချဲ့ထွင်တာ အရမ်းမြန်ခဲ့တယ်။ ၁၉၉၀ နောက်ပိုင်းမှာဆို မြောက်ဘက်မှာ ရွှေပြည်သာ၊ အနောက်ဘက်မှာ လှိုင်သာယာ၊ အရှေ့ဘက်မှ ဒဂုံမြို့သစ်တိုးချဲ့ခဲ့တယ်။ ဒီလို ချဲ့ခဲ့တဲ့အတွက် ၁၉၇၄ ရှေ့ပိုင်းထက် ရန်ကုန်မြို့ဟာ နှစ်ဆကျော်လောက်ကြီးသွားတယ်။ ဒါပေမဲ့ အချိန်တိုအတွင်းမှာ လုပ်ခဲ့တဲ့အတွက် ဒီမြို့တွေမှာ လိုအပ်ချက်တွေက အများကြီးပဲ။ အခြေခံဖြစ်တဲ့ ရေမြောင်းစနစ်တို့၊ ရေဆိုးသန့်စင်စနစ်၊ ရေပေးဝေစနစ်တွေမှာ အခက်အခဲတွေဖြစ်ခဲ့ရတယ်။

**■ ခေတ်မီသာယာလှပတဲ့ မြို့တော်ဆိုတာ ဘယ်လိုအင်္ဂါရပ်တွေ ရှိဖို့ လိုပါသလဲ။**

ခေတ်မီသာယာဖို့က သန့်သန့်ရှင်းရှင်းနဲ့ ရေမြောင်း၊ မိလ္လာစနစ်တွေ ကောင်းဖို့ ရေပေးဝေစနစ်ကောင်းဖို့၊ အမှိုက်သိမ်းစနစ်ကောင်းဖို့ ဒါတွေပဲ လိုတာပါပဲ။ လှပဖို့ကတော့ ရန်ကုန်မြို့က လှပါတယ်။ ဒါပေမဲ့ တချို့နေရာတွေမှာ မှားသွားတာတွေ ရှိတယ်။ အထူးသဖြင့် ရွှေတိဂုံစေတီတော်ဝန်းကျင်မှာ အထပ်မြင့်တွေ ဆောက်တာ ဗုဒ္ဓဘာသာမြို့ဖြစ်ပြီး ရွှေတိဂုံစေတီတော်ကို ကွယ်သွားတာတွေပေါ်လာတယ်။ ဒီလိုပဲ။ ဆူးလေစေတီတော်ဝန်းကျင်မှာလည်း အထပ်မြင့်အဆောက်အအုံတွေပေါ်လာတယ်။ အရင်ကဆို ဆူးလေစေတီတော်ကိုပဲ ဦးစားပေးစဉ်းစားကြတယ်။ ဒါက ဘာကိုပြနေသလဲဆိုတော့ သမိုင်းဝင်အဆောက်အအုံတွေ ထိန်းသိမ်းဖို့လိုတယ်ဆိုတာပဲ။ ဒါက ပြီးခဲ့တဲ့ ၁၅ နှစ်လောက်မှာ ကျွန်တော်တို့ မှားသွားတယ်လို့ ပြောရမှာပဲ။ မဖြစ်သင့်တဲ့ကိစ္စတွေပါ။ လောလောလောလောလုပ်ရတယ့် အခြေအနေကြောင့် အခုလိုဖြစ်ရတာပါ။

**■ ကိုလိုနီခေတ် အဆောက်အအုံတွေနဲ့ ပတ်သက်ပြီး မေးချင်ပါတယ်။ ကိုလိုနီခေတ်အဆောက်အအုံတွေကို ရန်ကုန်နှစ်သုံးဆယ်စီမံကိန်းမှာ ဘယ်လို အသုံးချသင့်တယ်လို့ ထင်ပါသလဲ။**

ကိုလိုနီခေတ် အဆောက်အအုံတွေက CBD လို့ခေါ်တယ်။ Central Business Districnt မြို့တွင်းမြို့နယ်တွေမှာဆို အများကြီးပဲ။ ရန်ကုန်စည်ပင်ရဲ့ စာရင်းမှတ်တမ်းတွေအရဆို အဆောက်အအုံပေါင်း ၁၈၀ ကျော်ရှိတယ်။ ဒါတွေကို ဘယ်လိုအသုံးချမလဲဆိုရင် တချို့သမိုင်းကြောင်းနဲ့ သက်ဆိုင်တဲ့ အဆောက်အအုံတွေ ဆိုဟိုတယ်တို့၊ ကုန်တိုက်တို့မလုပ်သင့်ဘူး။ ဒါတွေကို ဒီတိုင်းပဲ ထိန်းသိမ်းထားသင့်တယ်။ ကိုလိုနီခေတ်အဆောက်အအုံတွေက အနီးနားက မြို့တွေမှာဆို ပျောက်ကုန်ပြီ။ သမိုင်းကြောင်းနဲ့ မဆိုင်တဲ့ အဆောက်အအုံတွေဆိုရင်တော့ အလှအပမဖျက်ဘဲစီးပွားရေးအရ အသုံးချရင်ရပါတယ်။ တစ်ခုပဲ စိုးရိမ်ရတယ်။ ကိုလိုနီခေတ်သမိုင်းဝင် အဆောက်အအုံတွေကို ပြန်ပြုပြင်မယ်ဆိုပြီး လွတ်နေတဲ့ မြေကွက်တွေမှာ ဟိုတယ်တွေဆောက်၊ တခြားအဆောက်အအုံတွေဆောက်ရင် သမိုင်းဝင် အဆောက်အအုံတွေရဲ့ အလှအပကို ကွယ်ပျောက်မှာစိုးရတယ်။

**■ လက်ရှိ ရန်ကုန်မြို့ရဲ့ အိမ်မြေဈေးတွေက အရမ်းကိုမြင့်မားလာတာကြောင့် မြို့ပြစီမံကိန်း ဖွံ့ဖြိုးရေးပညာရှင်တစ်ဦးအနေနဲ့ ရှေ့ဆက်ပြီး ဘယ်လိုဆောင်ရွက်သင့်တယ်လို့ အကြံပြုချင်ပါသလဲ။**

ရန်ကုန်မြို့ အိမ်ခြံမြေဈေးတက်ရတာက ကျွန်တော့်အမြင်ဆိုရင် အချက်သုံးချက်ကို အဓိကပြောချင်ပါတယ်။ တစ်အချက်အနေနဲ့ပြောရရင် ရွှေတောင်ကြားတို့ အင်လျားလမ်းတို့လို သာသာယာယာပြည့်ပြည့်စုံစုံရှိတဲ့နေရာကရှားလို့ပါ။ ဒီနေရာတွေမှာ ရေ၊ မီး ပြည့်စုံလုံလောက်ပြီး ရေမြောင်းစနစ်၊ ရေဆိုးသန့်စင်စနစ်စတာတွေပါ ပြည့်စုံတယ်။ နှစ်အချက်ကတော့ ရန်ကုန်မြို့ဟာ တခြားသောမြို့တွေထက် ဖွံ့ဖြိုးမှုအားကောင်းတဲ့အတွက် အခြားသောမြို့တွေက လူ တွေက လာစုနေကြတာ၊ ရန်ကုန်မြို့မှာ နေထိုင်ဖို့ ဒီလူတွေက ခြံမြေတွေ လာဝယ်ကြလို့ဈေးတက်တာလည်းပါတယ်။ သုံးအချက်ကတော့ ရင်းနှီးမြှုပ်နှံမှုလူတွေအတွက် အခွင့်အလမ်းနည်းပါးမှုကြောင့်လည်းပါတယ်။ Stock Exchange လို ငွေကြေးဈေးကွက်တွေမရှိလို့ ပါတယ်။ ဒါတွေ ဖြေရှင်းဖို့ဆိုရင် ပထမ နယ်မြို့တွေ ဥပမာ လူဦးရေတစ်သိန်းဝန်းကျင်ရှိတဲ့ မုံရွာ၊ တောင်ကြီး၊ မြစ်ကြီးနားလို စတဲ့မြို့တွေကို ရန်ကုန်မြို့နဲ့မခြား ဖွံ့ဖြိုးအောင်လုပ်ပေးသင့်တယ်။ ဘယ်လောက်ထိလဲဆို နိုင်ငံခြားသွားဖို့အတွက် ပတ်စ်ပို့ကိုပါ အဲဒီမြို့တွေမှာတင် လုပ်လို့ရအောင် လုပ်ပေးသင့်တယ်။ ဒါမှ ရန်ကုန်ကို ပြောင်းရွှေ့မှု နည်းလာမှာပါ။ ရင်းနှီးမြှုပ်နှံလိုသူတွေ မြေတန်ဖိုးတွေ အရမ်းမြင့်လာတာကတော့ တခြား အခွင့်ရေးဖြစ်တဲ့ ငွေဈေးကွက်တွေ စက်မှုလုပ်ငန်းတွေ ထူထောင်ပေးပြီး ပြောင်းလဲရင် ရနိုင်တယ်လို့ အကြံပြုချင်ပါတယ်။

**■ ရန်ကုန်မြို့ရဲ့ လူဦးရေနဲ့ မြို့အကျယ်အဝန်းကရောအချိုးအစားညီမျှမှုရှိပါသေးလား။**

ရန်ကုန်မြို့ကို အကြမ်းဖျင်းအားဖြင့်တော့ လူဦးရေငါးသန်းနဲ့ ခြောက်သန်းကြားရှိတယ်လို့သတ်မှတ်လို့ရပါတယ်။ ပတ်ဝန်းကျင်နိုင်ငံက မြို့တွေဖြစ်တဲ့ ဘန်ကောက်တို့၊ ဂျကာတာတို့၊ မနီလာတို့ဆိုရင် Mega City လို့ခေါ်တယ်။ လူဦးရေ ၁၀သန်းကျော်နေပြီ။ ရန်ကုန်မြို့မှာက စိမ်းလန်းစိုပြည်တဲ့ နေရာတွေရှိသေးတယ်။ သိပ်မကျပ်သေးဘူး။ CBD လို့ခေါ်တယ်။ (Central Business District) လို့ခေါ်တဲ့ မြို့တွင်းခြောက်မြို့နယ်မှာတော့ တော်တော်ကျပ်တယ်။ ကျန်တဲ့နေရာတွေကတော့ မဆိုးသေးဘူး။

**■ ရန်ကုန်မြို့ကို အရင်က စင်ကာပူကတောင် အတုယူပြီး တည်ဆောက်ခဲ့ရတယ်လို့ သိရတယ်။ အခုလို ရန်ကုန်မြို့ညစ်နွမ်း ယိုယွင်းသွားရခဲ့ခြင်းရဲ့ အဓိက အချက်တွေက ဘာတွေလဲ။**

ရန်ကုန်မြို့ကိုအရင်က Green City of Asia လို့ခေါ်တယ်။ နောက်ပိုင်း ရန်ကုန်ကိုကျူးကျော်ရပ်ကွက်တွေ ရောက်လာတယ်။ ၁၉၅၈ ခုနှစ်မှာ အိမ်စောင့်အစိုးရတက်လာတော့ အလောတကြီးပဲ သာကေတ၊ တောင်ဥက္ကလာ၊ မြောက်ဥက္ကလာတို့ တိုးချဲ့ခဲ့တယ်။ ဒါက ၂နှစ်အတွင်း ချက်ချင်းတည်တာ ရေမြောင်းစနစ်၊ ရေဆိုးသန့်စင်စနစ်၊ မိလ္လာစနစ်၊ ရေပေးဝေရေးစနစ်တို့ အသေအချာမလုပ်နိုင်ဘူး။ ဒီမြို့တွေရဲ့အကျယ်ကလည်း ရန်ကုန်မြို့ရဲ့ တစ်ဝက်ကျော်လောက်ရှိတယ်။ နောက်ပြီး ရွှေပြည်သာ၊ လှိုင်သာယာ၊ ဒဂုံမြို့သစ်မြို့တွေကလည်း ဒီလိုပဲ။ ဒါကြောင့် ရန်ကုန်မြို့ရဲ့ အဆင့်အတန်းက တဖြည်းဖြည်းလျော့သွားတာ။

**အခုလိုဖြေကြားပေးတာ ကျေးဇူးတင်ပါတယ်။**

7 DAY NEWS JOURNAL
Vol.10, No.41 · DECEMBER 29, 2011

# ယမကာ မယဉ်ကျေးမှု

လှတင့်ဆွေ(ပိန်းဇလုပ်)

ကျွန်တော်တို့နိုင်ငံမှာ အရက်မျိုးစုံ ထုတ်လုပ်နေပါသည်။ အစိုးရကလည်း ထုတ်လုပ်ပါသည်။ ပုဂ္ဂလိကများကလည်း ကုမ္ပဏီကြီးများကလည်း စက်ရုံကြီးတွေဆောက်လုပ်ပြီး ထုတ်လုပ်ပါသည်။ အဆင့်မြင့် အရက်၊ ဘီယာတို့ကိုပြည်ပကလည်း တင်သွင်းပါသည်။ တောရွာများတွင် ဆန်၊ ထန်းလျက်၊ ငရုတ်သီး၊ သစ်ခေါက်တို့ဖြင့်လည်း ချက်အရက်(ထွေးညို) ဆိုပြီး ကိုယ်တိုင်ချက်သောက်ကြပါသည်။ ကချင်တို့၊ ကယားတို့၊ ကရင်တို့၊ ချင်းတို့လိုပြည်နယ်တွေမှာတော့ (တဆေး) ဖြင့် ဖောက်ပြီး ခေါင်ရည်လုပ်သောက်ပါသည်။ ရခိုင်နှင့် တနင်္သာရီတို့လိုရေငန်ရောက်ကမ်းခြေများတွင် ဓနိရည်မှ ချက်သောက်ပါသည်။ ထန်းပင်ရှိသော ဒေသများတွင်ထန်းရည်ခါးလုပ်ပြီးသောက်ကြသည်။ အားလုံးရဲ့ရည်ရွယ်ချက်ကတော့ မူးရန်ပဲဖြစ်ပါသည်။

ထိုအစိုးရ၊ ပုဂ္ဂလိက စက်ရုံတွေကလည်း ရမ်အမျိုးမျိုး၊ ဝီစကီအမျိုးမျိုး၊ ဘီယာတွင်လည်း ပုလင်း၊ ဘူး၊ စည် စသည်ဖြင့် တံဆိပ်၊ အရသာအမျိုးမျိုး၊ ဝိုင်အမျိုးမျိုး ဘီအီးအမျိုးမျိုး၊ တိုင်းရင်းသားဒေသအသီးသီးတွင် ချက်လုပ်နေကြသော ရှမ်းပြည်နယ်ထွက် သီးစုံအရက်များ၊ ကချင်မှ ဆေးစိမ်အရက်များ၊ ကယားမီးဖြတ်များ၊ ကရင်မီးတောက်အရက်များလည်း ထုတ်လုပ်ရောင်းချသောက်သုံးနေကြလေသည်။

နိုင်ငံတော်ပိုင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ သတင်းစာ၊ ပုဂ္ဂလိက မဂ္ဂဇင်း၊ ဂျာနယ်တို့တွင် ကြော်ငြာခွင့်မရှိသောအခါ၊ ကြော်ငြာများ ပိတ်ပင်ထားသောအခါ ရေသန့်လိုလို၊ ဆော်ဒါလိုလို ရောပြီးကြော်ငြာလာသည်။ ဘောလုံးပြိုင်ပွဲတွေ၊ ဂေါက်ပြိုင်ပွဲတွေမှာ စပွန်ဆာပေးပြီး ကြော်ငြာသည်။ လိုင်းကားကြီးတွေရဲ့ ဘော်ဒီမှာ၊ တက္ကစီများရဲ့ အပေါ်ဘုတ်မှာ၊ စားသောက်ဆိုင်၊ ကုန်စုံဆိုင်ကြီးများရဲ့ ဆိုင်နဖူးစည်းမှာ တံဆိပ်ကပ်ပြီး ကြော်ငြာသည်။ စားသောက်ဆိုင်ကြီးများရဲ့ အမည်တတ်သလိုလိုနဲ့ ဆိုင်နာမည်ကသေးသေး ဘီယာတံဆိပ်က ကြီးကြီးကြော်ငြာလေသည်။ ထီး၊ ဖန်ခွက်၊ တစ်ရှုးဘူး၊ ပြက္ခဒိန်၊ စပို့ရှပ်၊ တီရှပ်များဖြင့် ကြော်ငြာသည်။ အချို့အရက်၊ ဘီယာကြော်ငြာများဆိုလျှင် အဖော်အချွတ် အပြအသတွေက ရဲတင်းလွန်းသည်။ သမီးနဲ့ ဖခင်၊ သားနဲ့ မိခင်တွဲမကြည့်ရဲ။ တံဆိပ်ကပ်၍ ကြော်ငြာခွင့်မရှိသောအခါအရောင်ဖြင့် ကြော်ငြာသည်။ ထိုအရောင်သည်ထိုအရက်ကို ကိုယ်စားပြုထားကြောင်း လူတိုင်းသိနေသည်။ လူငယ်များအရက်သောက်ချင်လာအောင်ဆောင်ပုဒ်များလည်းရေးထားသေးသည်။ ဒီအရက်၊ဘီယာကိုပဲသောက်လိုက်ရင်နက်ဖြန်ပဲ ဘဝသာယာတော့မလိုလို၊ ဂုဏ်ပဲရှိသွားတော့မလိုလို၊ ဘယ်မှာလဲ ခွင့်ပြုချက်၊ ဘယ်မှာလဲ ဆင်ဆာဟုသာ ညည်းဆိုလိုက်ချင်ပါသည်။

ကံစမ်းမဲများက ပုံစံမျိုးစုံဖြင့် ဘယ်ကာလမှ ဘယ်ကာလအထိ ဆိုပါကသုံးဘူးသောက်ရင်တစ်ဘူး ချက်ချင်းလက်ဆောင်ပေးမည်။ ပုလင်းအဖုံးကံစမ်းမှုက အဖုံးအတွင်းမှာ ပါသည့်ပုံအတိုင်း ချက်ချင်းထုတ်ယူနိုင်သည်။ အရက်ပုလင်းအဖုံးအတွင်းပါ စာလုံးသုံးလုံးစုဆောင်းမိပါက ဆုငွေကျပ်ဘယ်နှသိန်း၊ ဒါတွေကလည်း ခွင့်ပြုဖို့ ကောင်း၊ မကောင်းစိစစ်သင့်ပေပြီ။

ဆရာတော်ကြီးတစ်ပါး၏ တရားပွဲတွင် ဟောပြော၍ နာခဲ့ရဖူးသည်။ “တို့နိုင်ငံက အခြားနိုင်ငံခြားပြိုင်ပွဲတွေမှာသာ ဆုမရတာ။ ဘီယာတွေဆိုရင် ကမ္ဘာ့ဘီယာအင်အားကြီး နိုင်ငံတွေကပေးတဲ့ ရွှေတံဆိပ်အပြင် ပလက်တီနမ်ဆုပါ ရတယ်လို့ ဖတ်ရဖူးတယ်တဲ့” “ရွှေတံဆိပ်ဆိုရင် တချို့ဘီယာတွေကတစ်ကြိမ်တောင်မကတော့ဘူးတဲ့” ပြောလည်း ပြောစရာပါပေ။ ဘောလုံး၊ ဘော်လီဘော၊ ဘတ်စကက်ဘောတို့တွင်သာ ဆုမရတာ အဲဒီဘီယာတွေကျတော့ ဆုတွေခဏခဏရလို့ ထည်ဝါဝင့်ကြွားလို့ပါတကား။

အရက်ကြော်ငြာများနှင့် ဆိုင်များက တောကြိုအုံကြား၊ ချိုကြိုချိုကြားအထိ ပေါက်ရောက်ပါသည်။ မယုံမရှိကြပါနှင့်၊ အလွန်ခေါင်သော တောထဲတွင် ဆည်တစ်ခု၊ ကားလမ်းတစ်ကြောင်း၊ တံတားတစ်စင်းဆောက်လုပ်မည်၊ ရေနံတွင်းအသစ်တူးမည်ဆိုပါက စီမံကိန်းစတင် တိုင်းတာကတည်းက ပထမဆုံးရောက်လာတာက အရက်၊ ဘီယာကြော်ငြာများနှင့် အတူ အရက်ဆိုင်ငယ်များပင်ဖြစ်ပါသည်။ ဘုရားပွဲများတွင် စတင်ဖွင့်သည့်ဆိုင်က အကြော်ဆိုင်။ ဒါပေမဲ့ ရေနွေးကရားအတွင်းက အရက်။

ယခုနှစ် ၂၀၁၁ ခုနှစ်အတွင်း ပုသိမ်-မုံရွာလမ်းအပိုင်း(၂) ကားလမ်းအား အဆင့်မြှင့်တင်ဖောက်လုပ်ခဲ့စဉ်ကဖြစ်ပါသည်။ စလင်းမြို့နယ်ရှိ ရွာတစ်ရွာအနီးတွင် ကုမ္ပဏီစခန်းချပါသည်။ ရွာက အိမ်ခြေ ၆၀ ခန့် ရှိသည်။ ထိုရွာသားများသည် အရွယ်ရောက်သူအားလုံး ညနေပိုင်း အရက်သောက်စားမူးယစ်နေကြလေသည်။ ရပ်ရွာလူကြီး၊ ရပ်မိရပ်ဖ၊ ဘုန်းကြီးကျောင်းအကျိုးဆောင်၊ ကျောင်းဆရာ စသည့်ရွာကိုထိန်းသိမ်းရမည့်စံနမူနာပြရမည့်သူများပင် မူးနေကြလေသည်။ တစ်ရက်တွင် ၎င်းရွာမှလူကြီးများ အရက်နံ့ကိုယ်စီဖြင့် ကျွန်တော့်ထံရောက်လာကြသည်။ သူတို့ရွာလမ်းကို ကုမ္ပဏီပိုင်စက်ကြီးများဖြင့် မြေဖို့၊ မြေညှိ၊ မြေကြိတ်ပြီး လမ်းပြင်ပေးရန်ကိစ္စဖြစ်သည်။ ကျွန်တော်အခမဲ့ လုပ်ပေးချင်သည်။ ကူညီချင်သည်။ လှူချင်သည်။ ဒါပေမဲ့ကတိတစ်ခုတောင်းသည်။ “ခင်ဗျားတို့ရွာကလူတွေ ၇ ရက်(ရက်သတ္တတစ်ပတ်)အရက်မသောက်ပါဘူးဟု ဝန်ခံကတိလက်မှတ်ထိုးပြီး အရက်မသောက်ပါက ၎င်းလမ်းအား ကျွန်တော်တို့ ကုမ္ပဏီမှ အခမဲ့ဆောင်ရွက်ပေးပါမယ်။ ရွာကိုပြန်ပြီးညှိကြပါ”ဟု ဆိုလိုက်သောအခါ ၎င်းတစ်ဖွဲ့လုံး ပြန်မလာတော့ပါ။ ရွာတွင် လုံးဝညှိလို့ မရဘူးဟုသာ သတင်းကြားမိပါသည်။

အရက်နှင့်ပတ်သက်လို့ ဆရာတော်များ ရေးတာ၊ စာရေးဆရာကြီးများရေးတာ စာအုပ်တော်တော်များပါသည်။ လူထုဦးလှ၏ “အရက်သမားအမှားတစ်ထောင်”ဆိုသော စာအုပ်ကို ကုမ္ပဏီမှ အရက်နေ့စဉ်သောက်နေသော ဝန်ထမ်းတစ်ဦးကို ပေးဖတ်ခဲ့သည်။ ထိုဝန်ထမ်းက ပြောသည်။ လူထုဦးလှခေတ်ကထက် အရက်အမျိုးအစားတွေ၊ အရက်ဆိုင်တွေ၊ ကြော်ငြာတွေ၊ သောက်သုံးသူလူဦးရေ(အရက်သမား)တွေများလာတာကြောင့် အမှားတစ်ထောင်မကနိုင်တော့ဘူး ဆရာတဲ့။ ဟုတ်နိုင်လောက်ပါပေသည်ဟု။



> ကျွန်တော်တို့နိုင်ငံတွင် ဆန်ဖူလုံမှုကို တောနေလူတစ်ဦး တစ်နှစ်စပါး ၁၅ တင်း၊ မြို့နေသူတစ်ဦး စပါး ၁၂ တင်းနှုန်းဖြင့် ထွက်သည်ဆို၏။ ဖူလုံ၍ ပြည်ပသို့ တရားဝင်တင်ပို့နေ၏။ အရက်ကိုတော့ မည်သည့်တွက်နည်းဖြင့် တွက်သည်ကား မသိ၊ သို့သော် ဖူလုံတော့ဖူလုံနေ၏။ အရက်တစ်ပုလင်းမှာ ကလေးပေးမုန့်ဖိုးမျှပင် ရှိသည်ဆိုတော့ ဖူလုံ၍ ဖြစ်ပါမည်။ ဆေးဖြစ်၊ ဝါးဖြစ်ဆိုဆို ဘယ်လိုပြောပြော အသင့်အတင့် သောက်သုံးမှုကိုမဆိုလိုပါ။ ယခုက တစ်နိုင်ငံလုံးသောက်သုံးမှုက လွန်လာပြီဟုထင်သည်။ မိန်းကလေးများပါ သောက်သုံးအားတိုးရန် ကိုရီးယားယဉ်ကျေးမှုက တွန်းပို့နေပြန်၏. . .။

အရက်သောက်သုံးသူနည်းပါးစေရန် အရက်ချက်လုပ်ခွင့်၊ ရောင်းချခွင့်များပေးသော ဌာနမှ အနီ၊ အဖြူလိုင်စင်များ၊ ဟိုတယ်များတွင်ထားသော အရက်ကောင်တာများ၊ စားသောက်ဆိုင်အကြီးအသေးအလိုက် ပူးတွဲရောင်းချသော အရက်ဆိုင်များ၊ ကိုယ်တိုင်ထုတ်လုပ်ရောင်းချသော လိုင်စင်များ(စက်ရုံကိုဟန်ပြသာထားပြီး အရက်အဆီကို ရေရောပြီး အနံ့ထည့်ထားခြင်း)စသော လိုင်စင်အားလုံးကို(၂၀၀၂/၂၀၀၃)ခုနှစ်မှစပြီး အခွန်ဈေးနှုန်းများကို မြှင့်ကောက်ခံခဲ့လေသည်။ ဤသို့အခွန်များတိုးမြှင့်ပြီး အရက်ဈေးများကြီးလာပါက သောက်သုံးသူအရေအတွက် နည်းပါးသွားစေမည့်သဘောပေလော။ ယနေ့အထိတော့ လုံးဝမအောင်မြင်သေးပါ။ ပိုပိုသောက်လာကြသည်ဟုသာ ထင်နေမိတော့သည်။

အရက်ဆိုင်များသည် ဘာသာရေးအဆောက်အအုံများဖြစ်သော ဘုရားစေတီ၊ ဘုန်းကြီးကျောင်း၊ ဓမ္မာရုံတို့နှင့်လည်းကောင်း၊ စာသင်ကျောင်း၊ ရုံးများနှင့်လည်းကောင်း အကွာအဝေးမည်မျှတွင်ဖွင့်လှစ်ရောင်းချရမည်ကို ယစ်မျိုးဥပဒေအရ သတ်မှတ်ပေးထားပြီးဖြစ်ပေသည်။ ယခုခေတ်တွင်မူ ဓမ္မာရုံနှင့်ကပ်လျက်အရက်ဆိုင်၊ ဘုရားပွဲများတွင် ပုံဖျက်ထားသော အရက်ဆိုင်၊ ရုံးများဘေးကပ်လျက်ဝန်ထမ်းသက်သာဆိုသော အရက်ဆိုင်များ(အော်. . တလွဲချည်းပါတကား)။

ယနေ့ခေတ် ဘာသာရေး၊ လူမှုရေးနှင့် သာရေး၊ နာရေးမြင်ကွင်းများတွင်ရော၊ ရှင်ပြုအလှူတစ်ခု၏ အဝင်နေ့နှင့် အလှူပြီးရက်အောင်ပွဲတွင်လည်း အရက်၊ မင်္ဂလာဆောင်၏ အောင်မြင်မှုမင်္ဂလာအထိမ်းအမှတ်သည်အရက်၊ အသုဘတစ်ခု ထမ်းမည့်သူ၊ ကျင်းတူးမည့်သူ၊ ကူညီမည့်သူသည်လည်း ဝမ်းနည်း၍ အရက်။ ထိုသာရေး၊နာရေးပွဲငယ်များတွင်ပင် “သူငယ်ချင်း ယမကာလေးတော့ပါပစေကွာ။ အရက်ဝယ်ထားဟေ့ လာခဲ့မယ်။ နည်းနည်းတော့ တိုက်ပါကွာ” စသဖြင့် စကားခေါ်တတ်၏။

သင်္ကြန်ပွဲတော်သည်လည်းကောင်း၊ ခရစ္စမတ်ပွဲသည်လည်းကောင်း၊ တရုတ်နှစ်သစ်ကူးပွဲသည်လည်းကောင်း အရက်က မဖြစ်မနေပါရမည့် ဧည့်ခံပစ္စည်းဖြစ်နေပြီး အရက်သောက်ပွဲတော်များ ဖြစ်နေကြချေပြီ။

ကျွန်တော်တို့နိုင်ငံတွင် ဆန်ဖူလုံမှုကို တောနေလူတစ်ဦး တစ်နှစ်စပါး ၁၅ တင်း၊ မြို့နေသူတစ်ဦးစပါး ၁၂ တင်းနှုန်းဖြင့် ထွက်သည်ဆို၏။ ဖူလုံ၍ ပြည်ပသို့ တရားဝင်တင်ပို့နေ၏။ အရက်ကိုတော့ မည်သည့်တွက်နည်းဖြင့် တွက်သည်ကား မသိ၊ သို့သော် ဖူလုံတော့ဖူလုံနေ၏။ အရက်တစ်ပုလင်းမှာ ကလေးပေးမုန့်ဖိုးမျှပင် ရှိသည်ဆိုတော့ ဖူလုံ၍ ဖြစ်ပါမည်။ ဆေးဖြစ်၊ ဝါးဖြစ် ဆိုဆို ဘယ်လိုပြောပြော အသင့်အတင့် သောက်သုံးမှုကို မဆိုလိုပါ။ ယခုက တစ်နိုင်ငံလုံး သောက်သုံးမှုက လွန်လာပြီဟုထင်သည်။ မိန်းကလေးများပါ သောက်သုံးအားတိုးရန် ကိုရီးယားယဉ်ကျေးမှုက တွန်းပို့နေပြန်၏။

ဤဆောင်းပါး ရေးနေစဉ်မှာပင် ၁၇-၁၂-၂၀၁၁ ရက်ထုတ် ကြေးမုံသတင်းစာမျက်နှာ(၂)ပါ “ရှောင်ကြဉ်ရမည့်အချက်ငါးချက်” ဟူသော ကြေးမုံသတင်း ရှုထောင့်ကို ဖတ်မိ၏။ တိုက်ဆိုင်ပေစွ၊ သတင်းစာကို နောက်ကျောမှစဖတ်သော၊ နာရေးသတင်းတစ်ခုကိုသာ ရွေးဖတ်သော၊ သတင်းစာ လုံးဝမယူ၊ မဖတ်သော၊ တီဗီတွင် သတင်းလာပါက အီးဗီဒီ၊ ဒီဗီဒီ ပြောင်းလဲကြည့်တတ်သော ချစ်မိတ်ဆွေများအတွက် ထုတ်နုတ်ဖော်ပြသင့်လှပေသည်။

“သေနှင့်အရက်၊ စီးပွားဖျက်ကို၊ တစ်စက်ကယ်မျှ၊ မသောက်ကြနှင့် ရှင်တော်ဟောသည့် အဆိပ်ရည်”ဟု ရှင်မဟာရဋ္ဌသာရ ဆုံးမထားသည်ကို ဖော်ပြထားပါသည်။ “ရေကြည်ကိုလည်း မနှောက်နှင့်၊ သေရည်ကိုလည်း မသောက်နှင့် ရေကြည်ကိုနှောက်က အနည်အမှုန်တို့ ထတတ်သည်။ သေရက်ကို သောက်က အပါယ်ဘုံသို့ ကျတတ်သည်” ဟုလည်း ရှေးစာဆို သတိပေးဆုံးမခဲ့ဖူးကြောင်း ထိုသတင်းစာတွင် ဆိုထားပါသည်။

အပါယ်ဘုံကနောက်မှ ကျသော်လည်း ယခု လောလောဆယ်ဘဝတွင်ပင် စီးပွားပျက်စီးတတ်ပါသည်။ ကျန်းမာရေးထိခိုက်ပါသည်။ သားသမီးများ မျက်နှာငယ်ပြီး ဘဝပျက်တတ်ပါသည်။ အိမ်ထောင်ရေးများ ပျက်စီးတတ်ပါသည်။ မှုခင်းများ ဖြစ်တတ်ပါသည်။

ကျွန်တော်တို့သည် ဗုဒ္ဓယဉ်ကျေးမှု၊ ဗုဒ္ဓစာပေယဉ်ကျေးမှု၊ ပုဂံယဉ်ကျေးမှုနယ်မြေ၊ အမျိုးသားယဉ်ကျေးမှု၊ မြန်မာ့ရိုးရာယဉ်ကျေးမှု စသဖြင့် ထိုသို့ယဉ်ကျေးမှုဆိုသော စကားလုံးကိုယဉ်ကျေးစွာ တွဲဖက်သုံးစွဲလာခဲ့ကြရာ . . .

ယမကာ ယဉ်ကျေးမှုဆိုပါက သင့်လျော်ပါမည်လော။ ထိုယဉ်ကျေးမှုဆိုသော စကားသုံးလုံးထဲတွင် ယမကာဆိုသော စကားလုံးသုံးလုံးက ထဲထဲဝင်ဝင်စိမ့်ဝင်နေပြီလော။ ကျွန်တော့်အနေဖြင့်တော့ ထိုမယဉ်ကျေးသော လူမှုဒုက္ခအပေါင်း ပေးလျက်ရှိသော၊ တရားတော်နှင့် မကိုက်ညီသော အရက်၊ ဘီယာတို့နှင့်ပတ်သက်ဆက်စပ်၍ ထုတ်လုပ်ဖြန့်ဖြူးရောင်းချ၊ ကြော်ငြာ၊ သောက်သုံးနေကြသော နယ်ပယ်ကြီးအား ‘ယမကာ မယဉ်ကျေးမှု’နယ်ပယ်ဟုသာ ခေါင်းစဉ်တပ်မိချေတော့သည်။ ။

7DAY NEWS JOURNAL

# Current Affairs

Vol.10, No.41 • DECEMBER 29, 2011

## ဆယ်စုနှစ်မဟာဗျူဟာမူဘောင်သစ်ကို မဲခေါင်ထိပ်သီးအစည်းအဝေးတွင် အတည်ပြု

**အေးမြကျော်**

**နေပြည်တော်၊ ဒီဇင်ဘာ- ၂၀**

မြန်မာနိုင်ငံတွင်ပထမဆုံးအကြိမ်လက်ခံကျင်းပခဲ့သော မဲခေါင်ဒေသတွင်းနိုင်ငံများထိပ်သီးအစည်းအဝေးတွင်ဒေသတွင်းခြောက်နိုင်ငံမှ နိုင်ငံခေါင်းဆောင်များကလာမည့် ဆယ်စုနှစ်အတွက် မဲခေါင်ဒေသတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်ရာ၌ မဲခေါင်ဒေသခွဲအဖွဲ့ဝင်နိုင်ငံများအားလမ်းညွှန်ပေးနိုင်ရန် ၁၀ နှစ်တာမဟာဗျူဟာမူဘောင်သစ်တစ်ရပ်ကိုအတည်ပြုနိုင်ခဲ့ကြောင်းမြန်မာနိုင်ငံသမ္မတဦးသိန်းစိန်က ဒီဇင်ဘာ ၂၀ ရက်တွင်ပြုလုပ်သောသတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

၂၀၁၂မှ ၂၀၂၂ ခုနှစ်အထိ ၁၀ နှစ်တာမဟာဗျူဟာ မူဘောင်မှာမဲခေါင်ဒေသခွဲ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရင်းအမြစ်စုစည်းရရှိမှုကိုမြှင့်တင်ဆောင်ရွက်ပေးနိုင်မည့်နည်းလမ်းများ ရှာဖွေပေးနိုင်လိမ့်မည်ဟုသမ္မတကပြောကြားသွားသည်။

အဆိုပါ ဆယ်စုနှစ်မဟာဗျူဟာမူဘောင်ကို နေပြည်တော်တွင်ဒီဇင်ဘာ ၁၉၊ ၂၀ ရက်များ၌ ကျင်းပခဲ့သောထိပ်သီး အစည်းအဝေးတွင်ထိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်၊ တရုတ်နှင့် မြန်မာနိုင်ငံတို့မှနိုင်ငံ့ခေါင်းဆောင်များကအတည်ပြုခဲ့ခြင်းဖြစ်သည်။

ပထမအကြိမ်ထိပ်သီး အစည်းအဝေးတွင်အတည်ပြုချမှတ်ခဲ့သော မဟာဗျူဟာမူဘောင်မှာ ၂၀၁၂ ခုနှစ်၌ ပြီးစီးတော့မည်ဖြစ်သည့်အတွက် ယခုကဲ့သို့မူဘောင်သစ်တစ်ရပ်ချမှတ်အတည်ပြုခဲ့ခြင်းလည်းဖြစ်သည်။

လာမည့်ဆယ်စုနှစ်အတွင်း မဲခေါင်ဒေသခွဲအနေဖြင့် အောင်မြင်စွာရှင်သန်ရပ်တည်ရေးအတွက်သာမက မဲခေါင်ဒေသခွဲ၏မျှော်လင့်ချက်ဖြစ်သော ပူးပေါင်းကာ ကြွယ်ဝချမ်းသာပြီး ညီညွတ်မျှတသည့် မဲခေါင်ဒေသခွဲ ဖြစ်လာစေရေး ရည်ရွယ်ကာချမှတ်ရေးဆွဲသည့် မူဘောင်လည်း ဖြစ်သည်။

မြန်မာနိုင်ငံသမ္မတ ဦးသိန်းစိန်နှင့်ထိုင်း၊ဗီယက်နမ်၊လာအို၊ကမ္ဘောဒီးယားနိုင်ငံများမှ ဝန်ကြီးချုပ်များနှင့်တရုတ်နိုင်ငံမှ နိုင်ငံတော်ကောင်စီဝင်တို့က မဟာဗျူဟာမူဘောင်သစ်ကိုမဲခေါင်ထိပ်




**မဲခေါင်ထိပ်သီးခေါင်းဆောင်များစည်းဝေးနေစဉ်**

သီးအစည်းအဝေးတွင်ဆွေးနွေးအတည်ပြုခဲ့ကြခြင်းဖြစ်သည်။

စတုတ္ထအကြိမ်မြောက်အဖြစ်ကျင်းပခဲ့သော မဲခေါင်ထိပ်သီးအစည်းအဝေးတွင် မဟာဗျူဟာမူဘောင်သစ်ကိုအတည်ပြုနိုင်ခဲ့သကဲ့သို့ ဂျီအက်စ်အမ်ပူးပေါင်းဆောင်ရွက်မှုအတွက်ကတိကဝတ်များကိုလည်းနေပြည်တော်ကြေညာချက်ထုတ်ပြန်ကာအတည်ပြုနိုင်ခဲ့သည်။

၁၉၉၂ခုနှစ်ကစတင်ခဲ့သော မဲခေါင်ဒေသခွဲနိုင်ငံများအတွင်း စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုအစီအစဉ်မှာ မဲခေါင်နိုင်ငံများအကြား နယ်ပယ်အသီးသီးတွင်ပူးပေါင်း ဆောင်ရွက်ရေးကိုပိုမိုကျယ်ပြန့်စေခဲ့ကာ ယခုအခါပူးပေါင်းဆောင်ရွက်မှု၏တတိယဆယ်စုနှစ်သို့ပင် ရောက်ရှိနေပြီဖြစ်ကြောင်း သမ္မတက ပြောကြားသည်။

သုံးနှစ်တစ်ကြိမ်အကွာရာစဉ်အလိုက်နိုင်ငံများတွင်ကျင်းပသောမဲခေါင်ထိပ်သီးအစည်းအဝေးကိုကျင်းပခဲ့ပြီးယခုနှစ်တွင်လေးကြိမ်မြောက်အဖြစ် နေပြည်တော်၌ ပြုလုပ်ခဲ့သောထိပ်သီးအစည်းအဝေး၏ အဓိကခေါင်းစဉ်မှာ ‘၂၀၁၂ခုနှစ်အလွန်မဲခေါင်ဒေသခွဲ ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာပူးပေါင်းဆောင်ရွက်ရေးဆယ်စုနှစ်ဆီသို့’ဖြစ်သည်။

## ပြည်ထောင်စုတိုင်းရင်းသားများ ပညာရေးရန်ပုံငွေပွဲတော် ခွင့်ပြုမိန့်ရပြီ

**နေလင်းထွန်း**

**ရန်ကုန်၊ ဒီဇင်ဘာ - ၂၃**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဦးစီးဆောင်ရွက်သော ပြည်ထောင်စုတိုင်းရင်းသားများပညာရေးရန်ပုံငွေ ဂီတဖျော်ဖြေရေးနှင့် ဈေးရောင်းပွဲတော်ကို ဒီဇင်ဘာ ၃၀ ရက်တွင် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပရန် ခွင့်ပြုမိန့်ရရှိပြီဖြစ်ကြောင်း သိရသည်။

ယင်းဂီတဖျော်ဖြေရေးနှင့် ဈေးရောင်းပွဲတော်ကို ယခုလ ၁၅ ရက်တွင် သုဝဏ္ဏအမျိုးသားအားကစားပြိုင်ပွဲရုံ-၁ ၌ ကျင်းပပြုလုပ်ရန် စီစဉ်ထားပြီး ပွဲခွင့်ပြုမိန့်နှင့် ပြပွဲရုံနေရာအခက် အခဲကြောင့် ရက်ရွှေ့ဆိုင်းခဲ့ရခြင်းဖြစ်သည်။




**ရန်ပုံငွေဂီတဖျော်ဖြေပွဲကြော်ငြာဆိုင်းဘုတ်ရှေ့မှ ကားတစ်စီးဖြတ်သွားစဉ်**

ပညာရေးရန်ပုံငွေ ဈေးရောင်းပွဲတော်ကို နံနက် ၉ နာရီတွင် ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်ပြီး ဂီတပွဲတော်အား ညနေ ၃ နာရီမှ ည ၁၁ နာရီခွဲခန့်ထိ နာမည်ကြီးအဆိုတော်များက ဖျော်ဖြေသွားမည်ဖြစ်သည်။

ဂီတပွဲတော်အတွက် ဝင်ကြေးလက်မှတ်များ ရောင်းချသွားမည်ဖြစ်ပြီး ကျပ်သုံးသောင်း၊ ကျပ်နှစ်သောင်း၊ ကျပ်တစ်သောင်းနှင့် ကျပ်ငါးထောင် သတ်မှတ်ထားကြောင်း ယနေ့ပြုလုပ်သော ပြည်ထောင်စုတိုင်းရင်းသားများပညာရေးရန်ပုံငွေ ဂီတဖျော်ဖြေရေးနှင့် ဈေးရောင်းပွဲတော် ဒုတိယအကြိမ်သတင်းစာရှင်းလင်းပွဲမှ သိရသည်။

ပညာရေးရန်ပုံငွေပွဲတော်ကို နှစ်သစ်ကူးကာလသို့ ရက်ရွှေ့ဆိုင်းလိုက်ရခြင်းကြောင့် မေတ္တာဖြင့် ကူညီသီဆိုပေးမည့် နာမည်ကြီး တေးဂီတဝိုင်းတစ်ခုနှင့် နာမည်ကြီးအဆိုတော်အချို့ ဂီတပွဲတော်တွင်ပါဝင်နိုင်တော့မည်မဟုတ်ကြောင်း အဆိုတော် ဆောင်းဦးလှိုင်ကပြောသည်။

ပွဲတော်လုံခြုံရေးအတွက် ရဲတပ်ဖွဲ့အင်အား ၁၀၀၊ ပုဂ္ဂလိကလုံခြုံရေးအဖွဲ့ဖြစ်သော အိတ်ဇဲမှ လုံခြုံရေးအင်အား ၅၀ နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ လုံခြုံရေးအင်အား ၂၅၀၊ စုစုပေါင်း လုံခြုံရေးအင်အား ၄၀၀ ဦး ချထားသွားမည်ဖြစ်ကြောင်း ပညာရေးရန်ပုံငွေပွဲစီစဉ်သူတစ်ဦးဖြစ်သူ ကိုဖြိုးမင်း သိမ်းကပြောသည်။

## ဒေါ်အောင်ဆန်းစုကြည်နှင့် ၈၈ မျိုးဆက် ကျောင်းသားများ တွေ့ဆုံ

**အောင်သူရ**

**ရန်ကုန်၊ ဒီဇင်ဘာ-၂၀**

ငြိမ်းချမ်းရေးနိုဗယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်နှင့် ၈၈ မျိုးဆက်သစ်ကျောင်းသားများတို့သည် ဒီဇင်ဘာ ၂၁ ရက် နံနက် ၁၁ နာရီတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံး၌ တွေ့ဆုံခဲ့ကြောင်း ထိုတွေ့ဆုံပွဲတွင်ပါဝင်ခဲ့သူ ကိုကိုကြီး(စမ်းချောင်း)ကပြောသည်။

“ရွေးကောက်ပွဲမဝင်ဘူး။ ဆန့်ကျင်တယ်ဆိုတဲ့အသံ အန်တီနဲ့ ကျွန်တော်တို့ကြားမှာ ထွက်လာတယ်။ ဆန့်ကျင်တာမဟုတ်ဘူး။ စဉ်းစားလို့မရသေးဘူးဆိုတာကို သွားရှင်းပြတာပါ”ဟု ကိုကိုကြီး(စမ်းချောင်း)က ပြောသည်။

အဆိုပါတွေ့ဆုံပွဲတွင် ၈၈ မျိုးဆက်သစ်ကျောင်းသား ၁၀ ဦး တက်ရောက်ခဲ့ပြီး ၁ နာရီ ၁၅ မိနစ်ကြာတွေ့ဆုံဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ မှတ်ပုံတင်ပြီ

**ထူးသန့်**

**နေပြည်တော် ဒီဇင်ဘာ- ၂၃**

ဦးတင်ဦးနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ ဦးဆောင်သော အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်သည် နိုင်ငံရေးပါတီအဖြစ် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော် မရှင်သို့ ဒီဇင်ဘာ ၂၃ ရက်တွင် လာရောက်မှတ်ပုံတင်ခဲ့သည်။

ဦးတင်ဦးနှင့်ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သော အဖွဲ့ သည် ကော်မရှင်ရုံးသို့ ယနေ့နံနက် ၁၀ နာရီတွင် ရောက်ရှိလာခဲ့ပြီး နောက် ကော်မရှင်ဥက္ကဌ ဦးတင်အေးဦးဆောင်သောအဖွဲ့နှင့် တစ်နာရီခွဲကြာ ဆွေးနွေးခဲ့ပြီး တက်ရောက်လာသော သတင်းထောက်များအား မှတ်တမ်းဓာတ်ပုံများ ရိုက်ကူးခွင့်ပြုခဲ့သည်။

အဆိုပါရုံးမှ နံနက် ၁၁ နာရီ ၃၅ မိနစ်ခန့်တွင် ပြန်လည်ထွက်ခွာကြပြီး ဦးတင်ဦးသည် နေပြည်တော်ပျဉ်းမနားမြို့ ယုဇန(ပေ ၈၀) လမ်း၊ ယုဇနဈေးအနီးရှိ မြို့နယ်ပါတီရုံးတွင် ဒေသခံပါတီဝင်များ၊ ပျော်ဘွယ်၊ ရမည်းသင်းမြို့နယ်များမှ ပါတီဝင်အချို့နှင့်လည်း တွေ့ဆုံခဲ့သည်။

“မွန်းလွဲ ၂ နာရီလောက်ကတွေ့တာဗျ။ ဒီကလူတွေအပြင် ပျော်ဘွယ်နဲ့ ရမည်းသင်းကလူတွေလည်းလာတယ်။ အောင်နိုင်ရေးအဖွဲ့ဖွဲ့ပြီး စည်းစည်းလုံးလုံးညီညီညွတ်ညွတ်နေကြဖို့ပေါ့ဗျာ။ အဲဒီလိုကိစ္စတွေပဲ ဆွေးနွေးမှာကြားသွားတာပါ”ဟု အဆိုပါတွေ့ဆုံပွဲသို့ တက်ရောက်ခဲ့သော ဒေသခံသတင်းထောက်တစ်ဦးက ပြောသည်။

မြန်မာ့လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီကလည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးသို့ ယနေ့လာရောက်၍ ပါတီ မှတ်ပုံတင်ခဲ့ကြောင်းသတင်းရရှိ သည်။

## အရန်ဆန်အတွက် ဆယ်မှတ်ဆန် တန် ၁,၀၀၀ ဝယ်ယူမည်

**အောင်သူရ**

**ရန်ကုန်၊ ဒီဇင်ဘာ - ၂၆**

မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းက အရန်ဆန်အဖြစ်ထားရှိရန် ဆယ်မှတ်ဆန်တန်ချိန် ၁,၀၀၀ အား ထပ်မံဝယ်ယူမည်ဟု အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်ကပြောသည်။

အဆိုပါတန်ချိန် ၁,၀၀၀ ကိုတင်ဒါစနစ်ဖြင့် ဝယ်ယူမည်ဖြစ်ပြီး ဇန်နဝါရီ ၁၀ ရက်တွင် တင်ဒါပိတ်မည်ဟု ဦးရဲမင်းအောင်က ဆိုသည်။

မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းက ပထမအကြိမ်ဝယ်ယူမည့် အရန်ဆန် ၂၅ မှတ်ဆန် တန်ချိန်၁,၀၀၀ အား ဒီဇင်ဘာ ၃၀ ရက် နောက်ဆုံးထား တင်ဒါပိတ်မည်ဟုသတ်မှတ်ခဲ့သည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကလည်း အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်း၍ အရန်ဆန် တန်ချိန်တစ်သိန်းဝယ်ယူမည်ဟု ဒီဇင်ဘာလဆန်းကပြောကြားခဲ့သည်။

ယခုနှစ် စပါးပေါ်ချိန် ပြည်ပဝယ်လက်မရှိသဖြင့် စပါးဈေးမှာ တင်း ၁၀၀ လျှင် ကျပ်သုံးသိန်းဝန်းကျင်သာရှိပြီး ဝယ်မည့်သူမရှိဖြစ်နေကြောင်း တောင်သူများကပြောသည်။

7 DAY NEWS JOURNAL
Vol.10, No.41 · DECEMBER 29, 2011

# တရုတ်ကဝယ်သော ဖရဲသီးနှင့်သခွားမွှေး ဈေးပြုတ်ကျ

**အောင်သူရ၊ မျိုးမင်းဦး**
**ရန်ကုန်၊ ဒီဇင်ဘာ- ၂၄**

တရုတ်နိုင်ငံက အဓိကဝယ်ယူသော မြန်မာ့လယ်ယာထွက်ကုန်သီးနှံ ဖြစ်သည့် ဖရဲနှင့် သခွားမွှေးဈေးနှုန်းများမှာ ရက်ပိုင်းအတွင်း ဈေးပြုတ်ကျသွားသည်။

ဒီဇင်ဘာလလယ်ထိ တစ်ကီလိုလျှင် ၄ ယွမ်ခန့်ရှိသော ဖရဲနှင့် သခွားမွှေးဈေးမှာ ယခုရက်ပိုင်းတွင် တစ်ကီလို ၁.၆၀ ယွမ်အထိ ဈေးကျသွားခဲ့ကြောင်း သတင်းရရှိသည်။ "တရုတ်နိုင်ငံက ထွက်တဲ့ ၂ လပိုင်း ၃ လပိုင်းမှာဈေးကျလေ့ရှိတယ်။ ဒီအချိန်ဈေးကျလေ့မရှိဘူး"ဟု မူဆယ်အခြေစိုက် ကုန်သည်တစ်ဦးကပြောသည်။

ထို့ကြောင့် ဖရဲနှင့်သခွားမွှေး ထွက်ရာဒေသရှိ ကုန်သည်များအား ဖရဲနှင့် သခွားမွှေးဝယ်ယူခြင်းအား ရပ်ဆိုင်းထားရန် အဝယ်ဒိုင်က မှာကြားလာကြောင်း ပဲခူးအရှေ့ပိုင်းမှ ဖရဲကုန်သည်တစ်ဦးကဆိုသည်။

"မန္တလေးက မူဆယ်ကို ဖရဲသီးသယ်ယူတဲ့ သေတ္တာဖိုးက တစ်ကီလိုကို ၁၈ ယွမ် ၆၀ ပြားလောက်ကျတယ်။ အခုဖရဲသီးဈေးက သယ်ယူစရိတ်ပဲရတော့တယ်၊ မကိုက်တော့ဘူး" ဟု ဖရဲကုန်သည်တစ်ဦးကပြောသည်။

မြန်မာနိုင်ငံအနှံ့အပြားတွင် တရုတ်နိုင်ငံသားများက တရားမဝင်လာရောက်၍ ဖရဲနှင့် သခွားမွှေးသီးများ စိုက်ပျိုးခြင်းနှင့်မူဆယ် ၁၀၅ မိုင်တွင် လာရောက်ရောင်းချခြင်းတို့အား တားမြစ်ပေးရန် ဒီဇင်ဘာလဆန်းက ကုန်သည်များက သက်ဆိုင်ရာသို့တင်ပြခဲ့သည်။ ထိုသို့တင်ပြအပြီး နှစ်ပတ်ခန့်အကြာတွင် ဖရဲသီးဈေးပြုတ်ကျနေခြင်းဖြစ်သည်။

"ဖရဲစိုက်ခင်းများတာ နည်းတာနဲ့ ဈေးကွက်ပြောင်းလဲတာ မဟုတ်ဘူး။ တရုတ်နိုင်ငံအတွင်း စိုက်ပျိုးတဲ့ဖရဲစိုက်ခင်းတွေနဲ့ ပြည်တွင်းမှာ လာရောက်လုပ်ကိုင်နေတဲ့ တရုတ်နိုင်ငံသား ဖရဲစိုက်ပျိုးသူတွေရဲ့ အထွက်နှုန်းကအဓိကအရေးပါတယ်။ ဒီဇင်ဘာလကုန်ရက်ပိုင်းမှာ တရုတ်ပြည်တွင်းက ဖရဲခင်းတွေအထွက်ကောင်းတာရော၊ ပြည်တွင်းမှာ စိုက်တဲ့တရုတ်နိုင်ငံသားတွေစိုက်တဲ့ ဖရဲတွေ လှိုင်လှိုင်ပေါ်တာရောကြောင့် ဈေးကွက်မှာထိုးကျသွားတာပါ။ တချို့ဖရဲတောင်သူတွေဆို မူဆယ်ဈေးကွက်အထိတင်ပို့တဲ့ ကုန်တန်ဆာခ ဆုံးတယ်။ ဒါကြောင့် တရုတ်နယ်စပ်ဈေးကွက်ထက် ပြည်တွင်းဈေးကွက်ကိုပြန်လှည့်နေတယ်" ဟုမုံရွာခရိုင်၊ ချောင်းဦးမြို့နယ်၊ ဖရဲကုန်သည်တစ်ဦးက ဈေးကျခြင်းအပေါ် သူ၏အမြင်ကိုပြောသည်။



မုံရွာမြို့နယ်မှ ဖရဲစိုက်တောင်သူများ ဈေးကွက်သို့တင်ပို့ရန် ပြင်ဆင်နေစဉ်

ဓာတ်ပုံ – မျိုးမင်းဦး

"ဒီဇင်ဘာလကုန်ရက်ပိုင်းမှာ ဖရဲသီးဈေးက တစ်လုံးကို တရုတ်နယ်စပ်မှာ ၄ ယွမ်ကနေ ၁ ဒသမ ၈ ယွမ်အထိဈေးကျသွားတယ်။ တချို့ဖရဲကုန်သည်တွေက ဈေးပြန်တက်လာနိုးနိုးနဲ့ တော့ စောင့်ကြည့်နေကြတယ်။ နောက်ဆုံးမှာ ပေါက်တဲ့ဈေးနဲ့ ရောင်းပြီး ရတဲ့ငွေ ပိုက်ပြန်သူတွေလည်းရှိတယ်။ အရင်နှစ်တုန်းက ဖရဲသီးကုန်သည်တွေ ဈေးကောင်းစောင့်ရင်းနဲ့ အသီးတွေ ပုပ်ကုန်လို့ လွှင့်ပစ်တော့ အသီးဖိုးမရတဲ့ အပြင် အမှိုက်ခွန်တောင် ဆောင်ခဲ့ရတာကြောင့် ကျဈေးမှာ ရသလောက်ရောင်းချပြီး ပြန်လာကြတာများတယ်။ ၆ ဘီးယာဉ်တစ်စီးကို ကုန် ၁၀ တန်ဆိုပေမယ့် မူဆယ်ဈေးကွက်မှာ ပျက်စီးမှုကတစ်တန်သတ်မှတ်တဲ့အတွက် ၉ တန်ဖိုးပဲရပြီး တောင်သူက တစ်တန်ကို ဖရဲကုန်သည်ကို အလကားပေးရတယ်။ ကုန်တန်ဆာခဈေးတက်လိုက်၊ဖရဲဈေးကကျလိုက်နဲ့ဆိုတော့ ဖရဲတောင်သူတွေလှိုင်လှိုင်ပေါ်ချိန်မှာ မှန်းချက်မကိုက်ဘူး"ဟု မုံရွာမြို့နယ်သပြေတောကျေးရွာ ဒေသခံ ဖရဲစိုက်ကုန်သည်တစ်ဦးကပြောသည်။

မုံရွာခရိုင်အတွင်း ဖရဲအများဆုံး စိုက်ပျိုးထုတ်လုပ်ရာ ငါးယုန်ကျေးရွာတွင် ၂၀၀၉ ခုနှစ်အတွင်း ဖရဲစိုက်ဧက ၈၀၀ ကျော် စိုက်ပျိုးခဲ့ပြီး တရုတ်နယ်စပ်ဈေးကွက်တွင် ဖရဲကုန်သည်များ ဈေးကစားမှုကြောင့် ဖရဲတောင်သူများ အရှုံးနှင့် ရင်ဆိုင်ခဲ့ရသည့်နောက်ပိုင်းဖရဲစိုက်ပျိုးသူများ သိသိသာသာလျော့နည်းလာခဲ့သည်။ ယခုနှစ် ဖရဲစိုက်ရာသီတွင် ဖရဲစိုက်ဧက ၃၀၀ ဝန်းကျင်ခန့် စိုက်ပျိုးပြီး ယခုနှစ်အတွင်း တစ်နှစ်ပတ်လုံး ဖရဲသီးများ စိုက်ပျိုးထုတ်လုပ်ရောင်းချသူများရှိခဲ့ကြောင်း ငါးယုန်ကျေးရွာဖရဲစိုက်တောင်သူများပြောပြချက်အရသိရသည်။

"ဒီနှစ်ဖရဲထက် သခွားမွှေးကိုတရုတ်ကပိုဝယ်တယ်။ ဖရဲတင်တဲ့ကားတွေရော သခွားမွှေးတင်တဲ့ကားတွေပါ ဒီဇင်ဘာလကုန်ရက်ပိုင်းမှာ နည်းသွားပြီ။ အသီးတွေကတော့ လှိုင်လှိုင်ထွက်နေတုန်းပဲ။ ဈေးကွက်ကလည်း ဖရဲဈေးလိုပေါ့။ တရုတ်ဝယ်လက်ရှိတုန်းက ၁၀၀၀ အထိရောင်းရတဲ့ အသီးတွေ အခု ၅၀၀ လောက်နဲ့ ထုတ်တာတောင် ဝယ်လက်ကနည်းနေသေးတယ်။ တရုတ်နယ်စပ်တင်ပို့တော့လည်း ဈေးကွက်ကထိုးကျပြီး ကုန်တင်ယာဉ်တန်ဆာခတွေများတဲ့အတွက် သိပ်မကိုက်ဘူး။ တချို့ဖရဲ၊ သခွားတောင်သူတွေအမြတ်မရတဲ့အပြင် သုံးလေးသိန်းလောက်စိုက်ပြီး ပြန်ခဲ့ရတယ်"ဟုချောင်းဦးမြို့နယ်မင်းခေါင်ကျေးရွာဒေသခံ သခွားမွှေးစိုက် တောင်သူတစ်ဦးက ပြောကြားသည်။





Photo - AP



Photo - Getty Images

## တစ်ပတ်အတွင်း ထိပ်သီးပုဂ္ဂိုလ်များဖြင့် ဆက်တိုက်တွေ့ဆုံခဲ့သော ဒေါ်အောင်ဆန်းစုကြည်

ဒီဇင်ဘာ ၂၃ ရက်တွင် ဒေါ်အောင်ဆန်းစုကြည်နှင့်ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း နေပြည်တော်၌ တစ်နာရီကြာတွေ့ဆုံစဉ်(အပေါ်ပုံ)။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့်တွေ့ဆုံစဉ်(ယာပေါ်)။ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စယင်းလပ်ရှင်နာဝပ်နှင့် ဒီဇင်ဘာ ၂၀ ရက် ညနေပိုင်းက တွေ့ဆုံစဉ်(ဝဲအောက်)



Photo - Getty Images



Photo - Getty Images

ဂျပန်နိုင်ငံခြားရေးဝန်ကြီး ကွိုင်ချီယိုဂမ်ဘာက ဒီဇင်ဘာ ၂၆ ရက် ညနေပိုင်းတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံပြီးသတင်းစာရှင်းလင်းပွဲပြုလုပ်စဉ်



Photo - Getty Images

အင်န်အယ်လ်ဒီမှ ပါတီခေါင်းဆောင် ဦးတင်ဦး၊ ဒုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးကို တွေ့ရစဉ်

# ပုဂံစေတီပုထိုးများပြုပြင်ရန် ဂျပန်နိုင်ငံမှပညာရှင်စေလွှတ်မည်

အေးမြကျော်

**ရန်ကုန်၊ ဒီဇင်ဘာ-၂၆**

မြန်မာနိုင်ငံ၏ သမိုင်းဝင် ရှေးဟောင်းနယ်မြေဖြစ်သော ပုဂံရှိ စေတီပုထိုးများကိုပြုပြင်ထိန်းသိမ်းနိုင်ရန် ဂျပန်နိုင်ငံမှ ပညာရှင်တစ်ဦးကို လာမည့်နှစ် ဖေဖော်ဝါရီလတွင် မြန်မာနိုင်ငံသို့စေလွှတ်သွားမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီး ကွိုင်ချီယိုဂမ်ဘာက ဒီဇင်ဘာ ၂၆ ရက် ညနေပိုင်းတွင် သတင်းထောက်များနှင့်တွေ့ဆုံစဉ် ပြောကြားသွားသည်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီးသည် မြန်မာနိုင်ငံသို့ ရောက်ရှိနေပြီး ဒီဇင်ဘာ ၂၆ ရက်နံနက်ပိုင်းက မြန်မာနိုင်ငံသမ္မတနှင့် နေပြည်တော်တွင် သွားရောက်တွေ့ဆုံခဲ့သည်။ ညနေပိုင်းတွင် ရန်ကုန်မြို့၌ ဒေါ်အောင်ဆန်းစုကြည်နှင့် သူမ၏နေအိမ်တွင်တွေ့ဆုံခဲ့ပြီး သတင်းထောက်များနှင့် တွေ့ဆုံခဲ့သည်။

ဂျပန်ဘာသာဖြင့် ထုတ်ဝေသောမိုင်နိချိသတင်းစာတွင် ဒေါ်အောင်ဆန်းစုကြည်ရေးသားသော အပန်းဖြေအားလပ်ရက်များ ကိုယ်တိုင်ရေးဆောင်းပါး၌ ပုဂံရှိစေတီများကို သွားရောက်ဖူးမြော်စဉ် တွေ့မြင်ခဲ့ရသော ပြိုပျက်နေသည့်ရှေးဟောင်းစေတီပုထိုးများအကြောင်း ထည့်သွင်းရေးသားထားသည်။ ဂျပန်အစိုးရအနေဖြင့် ယခင်ကလည်း ပုဂံညောင်ဦးဒေသတွင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးနှင့် ရေရရှိရေးတို့အတွက် ဆောင်ရွက်ပေးခဲ့သည်။






7DAY NEWS JOURNAL
Vol.10, No.41 · DECEMBER 29, 2011

# စားကျက်မြေရှားပါးခြင်းက နွားမွေးမြူရေးလုပ်ငန်းများကို အထိနာစေ

**သန်းငွေး**

**ရန်ကုန်၊ ဒီဇင်ဘာ-၂၀**

စက်မှုလုပ်ငန်းများတိုးချဲ့ခြင်းနှင့် အခြားသောအချက်များကြောင့် စားကျက်မြေများဆုံးရှုံးကာ နွားမွေးမြူရေးလုပ်ငန်းများအပေါ် ထိခိုက်ခဲ့ရကြောင်း မြန်မာနိုင်ငံလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဟန်ထွန်းက ပြောသည်။

"အကြောင်းအမျိုးမျိုးကြောင့် တစ်နိုင်ငံလုံးမှာရှိတဲ့ စားကျက်မြေများဆုံးရှုံးကြတယ်။ မြို့ရွာတိုးချဲ့တာ၊ လုပ်ငန်းရှင်ကြီးများ စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးအတွက် လုပ်တာ. . . . လည်းပါတယ်"ဟု ၎င်းကပြောသည်။

"နွားမွေးမြူရေးမှာ စားကျက်မရှိရင်တော့ တိုးတက်ဖို့ခက်ခဲပါတယ်"ဟု မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ (၁)ဦးဝင်းစိန်ကလည်းပြောသည်။

ထို့ကြောင့်နွားအရှင်များနှင့် အေးခဲအမဲသားပြည်ပသို့တင်ပို့သူများသည် နွားမွေးမြူခြင်းမပြုတော့ဘဲ လယ်ယာလုပ်ငန်းခွင်မှ ခိုင်းနွားများကို ဝယ်၍ ပြည်ပတင်ပို့ခြင်းများပြုလုပ်လာကြသည်။

ကမ္ဘာ့ဘဏ်၊ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) နှင့် JICA တို့၏ ပံ့ပိုးမှုဖြင့် နယူးဇီလန်၊ ဆွီဒင်နှင့် ဩစတြေးလျနိုင်ငံများမှ နွားမျိုးကောင်းများတင်သွင်းကာ မွေးမြူခဲ့သော်လည်း မအောင်မြင်ခဲ့ကြောင်း တိရစ္ဆာန်အစာနှင့် အာဟာရပညာရှင် ဒေါက်တာသက်မှူးကပြောသည်။

"စားကျက်စိုက်ခွင့်နဲ့ ထိန်းသိမ်းနိုင်စွမ်းမရှိလို့ပါ" ဟု ဒေါက်တာသက်မှူးကပြောသည်။

ထို့ကြောင့် ၂၀၁၂ခုနှစ်တွင် FAO မှ ပညာရှင်များလာရောက်၍ နွားစာအတွက် မြက်အမျိုးအစား၊ အာဟာရဖြစ်သောအစာနှင့်နွားမွေးမြူနည်းစနစ်များကို သင်ကြားပေးမည်ဖြစ်ပြီး နည်းပညာလွှဲပြောင်းမည်ဖြစ်ကြောင်း ဦးဝင်းစိန်ကပြောသည်။

ယခုအခါ နွားစားကျက်မြေများ ပြန်လည်ဖော်ထုတ်နိုင်ရေး စီစဉ်နေချိန်တွင် နွားအရှင်တင်ပို့မှုကို ယာယီရပ်တန့်ထားသော်လည်း အေးခဲအမဲသားပြည်ပတင်ပို့သူများသည် လယ်ယာလုပ်ငန်းခွင်မှ နွားများကိုသာ ဝယ်ယူသတ်ဖြတ်နေကြကြောင်း သတင်းရရှိသည်။ နိုင်ငံအတွင်း ခိုင်းနွားနှင့်ကျွဲအကောင်ရေ စုစုပေါင်း ၁၇ သန်းရှိကြောင်းသတင်းရရှိသည်။

**TRADEMARK CAUTION**

HEALTHY GAIN INVESTMENTS LIMITED a company incorporated in British Virgin Islands at P.O Box 957, Offshore Incorporations Centre, Road Town, Tortola, British Virgin Islands changed to TECHTRONIC FLOOR CARE TECHNOLOGY LIMITED, a company incorporated in British Virgin Islands at P.O.Box 957, Offshore Incorporations Center, Road Town Tortola, British Virgin Islands which is the Owner and Sole Proprietor of the following Trademarks:-

HOOVER

Reg.No.4/1221/2005
Reg.No.4/3953/2008
Reg.No.4/3951/2008
Reg.No.4/2230/2009
Reg.No.4/12337/2011

Reg.No.4/804/2005
Reg.No.4/3954/2008
Reg.No.4/3952/2008
Reg.No.4/2231/2009
Reg.No.4/12336/20011

In respect of : " Electric suction cleaning machines and parts of such machines; washing machines; electric motors and parts thereof; electric floor polishing, floor waxing and floor scrubbing machines and parts thereof; electric carpet cleaning machines; electric flat irons for dry Ironing and steam ironing".

"Electric suction cleaning machines; carpet cleaning machines and parts thereof; electric cooking utensils; electric flat irons; electric percolators; electric doorbells and chimes; electric burglar alarms; electric vacuum chimney-sweeping apparatus; electric door and window opening apparatus; electric carpet shampooing machines; electric floor polishing, floor waxing and floor scrubbing machines (all for domastic use); washing machines (including clothes washing and dish washing machines); electric motors (not for land vehicles); electric clothes rinsing machines; electric shoe polishing machines; electric window cleaning mahcines and butter chums; other electrical apparatus and equipment; floor polishing, floor waxing and floor scrubbing machines (none being for domestic use); hairdressing machines; ironing machines; mixing machines, (domestic); domestic appliances; saucepan scouring machines; tin opening machines; juice extracting machines; vegetable and fruit squeezing machines; grinding machines (domestic); vegetable-peeling machines; potato chipping machines; vegetable slicing machines; fish cutting and preparing machines; bread or bacon slicing machines; drying machines; installations, apparatus and equipment for lighting, heating, steam generating, cooking, refrigerating, drying, ventilating, air conditioning, water supply and sanitary purposes".

Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myintadvocate@mptmail.net.mm
www.mipadvocate.com
Ph: 371990 29.Dec.2011

အောင်စကြာ
Technical Service Co., Ltd.
ဆေးသိပ္ပံကျောင်းအကျ နှင့် သူနာပြုအကူသင်တန်း
လျှောက်လွှာခေါ်ယူခြင်း
(Sat & Sun)
(Mon to Fri)
Ph: 09-7304521, 09-4032928

## စာ-၁၃၊အချိန်နီးပြီလား သတိထား မှ

ရာသီလာချိန်တွင် သာမန်နာကျင်မှုမျိုးမဟုတ်ဘဲ လွန်လွန်ကဲကဲအိပ်ရာမှမထနိုင်သည်အထိ နာကျင်မှုမျိုးခံစားရသည့်သူများမှာမူ တတ်ကျွမ်းသည့်ဆရာဝန်နှင့် တိုင်ပင်ရန်လိုအပ်လာပြီဖြစ်သည်။

ပြင်းထန်တဲ့ နာကျင်မှုမျိုးမှာ အထူးသဖြင့် အသက်ပိုကြီးတဲ့ အမျိုးသမီးတွေမှာအဖြစ်များကြပြီးနာကျင်မှုမျိုးဖြစ်ရာ ရာသီလာချိန်တစ်လျှောက်လုံးဆက်ပြီး နာကျင်နေပြီး ထိုနာကျင်မှုမျိုးက နေရာလွဲမှားကာ သားအိမ်အတွင်းအသားလုံးနှင့် ရောဂါပိုးဝင်ပြီး မျိုးပွားအင်္ဂါများရောင်ရမ်းခြင်း စသည့်ရောဂါရှိတဲ့အခါတွေမှာဖြစ်တတ်သည်။ ထို့ကြောင့် ဆရာဝန်နှင့်ပြသပြီး ရောဂါရှာဖွေသင့်ကြောင်း ဒေါက်တာစိုးလွင်၏ 'ရာသီမလာခင် လူသတ်ချင်နှင့်ရွှေမင်းသမီးတို့၏ စပ်စပ်စုစုမေးခွန်းများ' စာအုပ်တွင် ရေးသားထားသည်။

ရောဂါမရှိဘဲ နာကျင်မှုများသည် အသက်ကြီးလာသည့်အခါမျိုး၊ အိမ်ထောင်ပြုကလေးမွေးပြီးသည့်အခါမျိုးများတွင် အလိုလိုပျောက်ကင်းသွားကြလေ့ရှိသူများလည်းရှိကြောင်းဒေါက်တာစိုးလွင်ကပြောသည်။

ရာသီလာသည့်အချိန် နာကျင်ကိုက်ခဲသည့်ဝေဒနာအား ခံစားကြရသည့်အပြင် ရာသီမလာခင်တွင်လည်း ဖြစ်ပေါ်လေ့ရှိသည့်စိတ်ခံစားများဖြစ်သည့်လွယ်လွယ် စိတ်တိုခြင်း၊ စိတ်ရှုပ်ခြင်း၊ စိတ်ဓာတ်ကျဆင်းခြင်း၊ အာရုံစူးစိုက်၍မရခြင်း၊ အလိုလိုနေရင်းငိုချင်ခြင်း၊ မောပန်းလွယ်ခြင်း စသည့်စိတ်ပိုင်းဆိုင်ရာလက္ခဏာများအပြင် ကိုယ်ပိုင်းဆိုင်ရာအနေဖြင့် တစ်ကိုယ်လုံး ဖောရောင်လာခြင်း၊ ရင်သားများ တင်း၍နာကျင်ခြင်းကိုယ်အလေးချိန် တိုးလာခြင်း၊ ခေါင်းကိုက်ခြင်းအပြင် ဝက်ခြံများထွက်လာခြင်း စသည်များလည်း ဖြစ်ပေါ်ခံစားကြရသည်။

"အဲလိုအချိန်ဆိုစိတ်ကအလိုလိုနေရင်းကိုမကြည်ဘူးဖြစ်လေ့ရှိတယ်။တစ်ခုခုလာပြောရင် ဘာမှမဟုတ်တာလေးကိုတောင်စိတ်တိုပြီး အဆင်မပြေဖြစ်လေ့ရှိလို့ သတိထားရတယ်"ဟု အသက် ၂၅ နှစ်အရွယ်အမျိုးသမီးတစ်ဦးကပြောသည်။

ထိုသို့ဖြစ်ပေါ်လာခြင်းသည် ရာသီလာခါနီးအချိန်သွေးသားပြောင်းလဲမှုများကြောင့်ဖြစ်ပေါ်သည်ဟု ဆိုနိုင်သော်လည်းအကြောင်းအရာ တိတိကျကျမသိရှိကြောင်းဒေါက်တာစိုးလွင်ကပြောကြားသည်။

လစဉ်လတိုင်း ထိုကဲ့သို့သောဝေဒနာများ ကြုံတွေ့ကြရခြင်း၊ သွေးဆင်းခြင်းသည်သွေးပုပ်များ၊ မသန့်ရှင်းသော သွေးများဆင်းခြင်းဖြစ်ပြီးယုတ်ညံ့သည်ဟုအထင်ရှိသူများလည်းရှိနေပြီး ထိုစကားများသည် မှားယွင်းသော အယူအဆများသာဖြစ်သည်။

ရာသီလာခြင်းသည် အရွယ်ရောက်သောမိန်းကလေးတစ်ယောက်တွင် လစဉ်သားဥအိမ်မှ သားဥတစ်လုံးကြွေသည့်အခါ အမျိုးသား၏သုက်ကောင်နဲ့ထိတွေ့လျှင် ဖြစ်လာမည့်သန္ဓေသားအတွက် သားအိမ်နံရံထူလာပြီး မျိုးမအောင်သည့်အခါ ထူနေသည့်အဆိုပါသားအိမ်အတွင်းမြှေးလေးထဲကွေ့ကျသွားခြင်းဖြင့် တစ်လတစ်လမှန်မှန်ဖြစ်ပေါ်လာခြင်းကြောင့် ရာသီလာခြင်းဖြစ်ပြီး ခန္ဓာကိုယ်အတွင်းရှိမကောင်းသည့်သွေးများ ကျဆင်းသည်ဟူသော အပြောမျိုးများဖြင့် ရာသီလာသည်အား ရှုံ့ရှာခြင်းများ မထားသင့်ကြောင်း ဆရာဝန်များက ပြောကြားသည်။

ထို့အပြင် ရာသီသွေးသည် အပုပ်များဖြစ်သည့်အတွက် ရာသီလာသည့်အချိန် ခေါင်းလျှော်ခြင်း၊ ချဉ်စာစားသုံးခြင်းများကြောင့် သွေးများခန္ဓာကိုယ် အတွင်း ကျန်ရစ်ပြီး လူအားအန္တရာယ်ဖြစ်စေသည့်များဆိုသည်မှာ အစွဲအလမ်းများသာဖြစ်ပြီး ရာသီလာချိန်တွင် မိမိပုံမှန်နေထိုင်သည့်အတိုင်း တစ်ကိုယ်ရေသန့်ရှင်းရေးအားဂရုပြု၍နေထိုင်ခြင်း၊ အားကစားလုပ်ခြင်း စသည်ဖြင့်ပုံမှန်နေ့ရက်များအတိုင်း နေထိုင်နိုင်ပြီး ရာသီပုံမှန်မလာခြင်းများခြင်း၊အလွန်အမင်းကိုက်ခဲခြင်းစသည်များ ကြုံတွေ့လာမှသာ တတ်ကျွမ်းသည့်ဆရာဝန်နှင့်ပြသသင့်ကြောင်း သိရသည်။

ရာသီလာသည့်အချိန် နာကျင်မှုများမဖြစ်စေရန် အစားအသောက်အားဂရုပြုသင့်ပြီး အဆီအဆိမ့်အစားအသောက်များအား လျှော့စားခြင်း၊ ဝမ်းချုပ်လျှင်ပိုမိုနာကျင်စေသည့်အတွက်ဝမ်းမချုပ်စေရန်အသီးအရွက်များ ပိုစားခြင်း၊ အိပ်ရေးဝအောင်အိပ်ခြင်း၊ ကျန်းမာရေးလေ့ကျင့်ခန်းများသည် နာကျင်မှုအား သက်သာစေသည့် အတွက်သင့်တော်သောလေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ရေနွေးနွေးဖြင့်ရေချိုးခြင်း၊ ရေနွေးအိတ်ကို ဆီးစပ်ဗိုက်တွင်ကပ်ပေးခြင်းများသည် နာကျင်မှုသက်သာစေပြီး၊ဆေးလိပ်သောက်ခြင်း၊ဆေးလိပ်ငွေ့ရှူခြင်းများသည်နာကျင်မှုအား ဆိုးရွားလာစေနိုင်ကြောင်း သိရသည်။

7DAY NEWS JOURNAL
Vol.10, No.41 · DECEMBER 29, 2011



CHICKEN SOUP

# ဆယ်ကျော်သက်များနှင့် ခရီးသွားခြင်း

ကိုယ့်ကိုယ်ကိုယ်စိတ်ဝင်စားပြီး ကိုယ့်ရည်ရွယ်ချက်ဝါသနာအတိုင်း လုပ်ခွင့်ရနေရင် လူဟာဘယ်တော့မှ အိုမင်းသွားတယ်လို့ ထင်ရမှာမဟုတ်ဘူး။ သူ့အသက်ကြီးချင်သလောက် ကြီးနေပါစေ။

*- ဘရွန်ဆန် အယ်လ်ကော့တ်*

အိန်ဂျယ်လင်း

"ဟာ၊ မင်းက ကော်စတာရီကာမှာ ကောလိပ်ကျောင်းသားတစ်သိုက်နဲ့သွားပြီး စပိန်စာသွားသင်မလို့ဆို။ ပြီးတော့ တစ်လခွဲတောင်ကြာမှာဆို ဟုတ်လား" လို့ ကျွန်မသူငယ်ချင်းက တအံ့တဩမေးလာတယ်။ "မင်းကွာကြီးကောင်ကြီးမား ပင်စင်စားအရွယ်ရောက်တော့မှ ပေါက်ပေါက်ရှာရှာတွေလုပ်ရသလား။ ကလေးတွေကြားထဲမှာတစ်ကောင်တည်းကြောင်တောင်တောင်ဖြစ်နေမှာပေါ့ကွ။ ဟိုကလေးတွေကမင်းကိုဘယ်စိတ်ဝင်စားမှာလဲ"လို့လည်း သူက အားမနာတမ်းပြောလာပါတယ်။

တကယ်တော့ ကျွန်မကိုယ်တိုင်လည်း သူပြောသလိုမျိုး စိုးရိမ်မှုစိတ်ထဲမှာ ရှိနေတယ်လေ။ ဒါပေမဲ့ ဒီအဖွဲ့တွေအားလုံးနဲ့မိတ်ဆက်ပြီး အစီအစဉ်အကြောင်းရှင်းပြတော့ အဖွဲ့ဝင်တွေထဲမှာ ကျွန်မတို့လို လူကြီးတွေလည်းပါတော့ စိတ်တော့ နည်းနည်းအေးသွားပါတယ်။ လေယာဉ်ပေါ်ရောက်တော့ လူငယ်တွေက သူ့ဘာသာဘာဝအချင်းချင်းစကားစမြည်ပြောပြီး မိတ်ဆွေတွေဖွဲ့ကြတာပေါ့။ နောက်တော့ သူတို့ဝိုင်းကရယ်သံမောသံတွေထွက်လာတယ်လေ။ ဒါသဘာဝပဲမဟုတ်လား။ ကျွန်မလည်း တစ်ယောက်တည်းထိုင်ပြီး စာအုပ်တစ်အုပ်ကိုကောက်ဖွင့်လို့စာဖတ်ချင်ယောင်ဆောင်နေရတာပေါ့။

ကျွန်မတို့လေယာဉ်ဟာ ဆန်ဂျို့စ်ကို ဆိုက်တော့ ကျွန်မတို့တွေအားလုံးကို အင်္ဂလိပ်စကားလုံးဝမပြောတတ်တဲ့ မိသားစုတွေဆီကို ခွဲပြီးပို့လိုက်ကြတယ်လေ။ ကျွန်မတို့ အတန်းစတော့ ကျွန်မတို့မျိုးဆက်နဲ့ ဒီခေတ်ကလေးတွေရဲ့ မျိုးဆက်ကြားက ကွာခြားချက်တွေကို တဖြည်းဖြည်းချင်း တွေ့လာရတယ်။ ကျွန်မက သူတို့လိုတက်တူးမရှိဘူး။ သူတို့အားလုံးက အပေါ်အင်္ကျီ တိုနံ့နံ့နဲ့ အောက်ကချက်က ပေါ်လို့၊ ပြီးတော့စကားပြောရင် "အင်း. . . ဘယ်လိုပြောရမလဲ"ဆိုတာကို အခွန်းတိုင်းနီးပါးမှာ ထည့်ထည့် ပြောတတ်ကြတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မလည်း ကျွန်မနဲ့ သူတို့ကြားက တူညီမှုတွေကို စပြီးရှာရပါတော့တယ်။ ကျွန်မတို့အားလုံး အင်္ဂလိပ်စကားပြောကြတယ်။ ပြီးတော့ စပိန်စာကိုသင်ချင်ကြတယ်။ အတွေ့အကြုံသစ်တစ်ခုကို လိုချင်လို့ ဒီကိုရောက်လာကြတယ်။ ဒီလောက်ဆိုရင် စလို့ရပြီမဟုတ်လား။

စနေ၊ တနင်္ဂနွေလိုနေ့တွေမှာဆိုရင် ကျွန်မတို့အဖွဲ့တွေလေ့လာရေးခရီးတွေ ထွက်ကြရတယ်။ ညအိပ်တော့ ကျွန်မနဲ့လာအိပ်ချင်တဲ့လူ တစ်ယောက်မှရှိမှာမဟုတ်ဘူးလို့ ထင်ထားပေမယ့် ကောင်မလေးနှစ်ယောက်က တစ်ခန်းထဲနေကြရအောင်လို့ လာပြောလို့ သူတို့နဲ့ သုံးယောက်တစ်ခန်းနေဖြစ်သွားခဲ့တယ်။ နောက်တစ်နေ့မှာတော့ အမြဲစိမ်းတောနက်ကြီးထဲကို မီတာ ၅၀၀ လောက်တောက်လျှောက်ခရီးကြမ်းလမ်းလျှောက်ပြီးဆင်းသွားကြတယ်။ အောက်ကနေပြန်တက်ရတဲ့ခရီးကတော့ အတော့်ကိုခက်ခဲပင်ပန်းပါတယ်။ အပေါ်ရောက်တော့ ပမ်လို့ခေါ်တဲ့ ကောင်မကလေးက "ဒေါ်လေးက ဘယ်ဆိုးလို့လည်း အတက်ခရီးမှာ ကျွန်မကိုတောင် ကျော်တက်သွားနိုင်တယ်နော်။ ဒါတောင်ကျွန်မက တစ်ပတ်ကိုလေးရက် လေ့ကျင့်ခန်းပုံမှန်လုပ်နေကျနော်" လို့လာပြောတယ်။ ကျွန်မစိတ်ထဲမှာသူကျွန်မကိုချစ်ခင်လေးစားမှုရှိတယ်လို့လည်း ခံစားလိုက်ရတယ်။



ဆန်ဂျို့စ် ပြန်ရောက်တော့ ကောင်မလေးတစ်သိုက်နဲ့ပေါင်းပြီး ကျွန်မဈေးဝယ်လျှောက်ထွက်ပစ်လိုက်တယ်လေ။ သူတို့ရဲ့ လှပပျိုမျစ်တဲ့ခန္ဓာကိုယ်ကလေးတွေမှာ ဖက်ရှင်ဒီဇိုင်းတွေကို စမ်းပြီးဝတ်ကြည့်နေတာကို ကျွန်မအသာပဲ ကြည့်နေလိုက်တယ်။ သူတို့က အပျိုအရွယ်ကလေးတွေဆိုတော့ ကောင်ကလေးချောချောကလေးတွေမြင်ရင်လည်းအပျော်လိုက်ငမ်းကြသေးတယ်လေ။ ကျွန်မလည်း သူတို့နဲ့ရောပြီး ပျော်သလိုဖြစ်လာတယ်။ တကယ်ဆို သူတို့အရွယ်ကလေးတွေက ငယ်လွန်းလို့ကျွန်မရဲ့ သမီးအရွယ်မဟုတ်မြေးအရွယ်လောက်တောင်ဖြစ်နိုင်ပါတယ်။ ကျွန်မလည်း သူတို့နဲ့အတော်အသားကျသွားပြီးစကားတွေအများကြီးပြောဖြစ်ကြတယ်။ အကြောင်းအရာတွေကတော့ စုံနေတာပဲ။ ဘာသာရေးအကြောင်း၊ မိသားစုအကြောင်း၊ အချစ်အကြောင်း၊ ဘဝအကြောင်းတွေလည်း ပါတာပေါ့။ သူတို့က သူတို့ရဲ့ပြဿနာကလေးတွေမှာ ကျွန်မရဲ့ထင်မြင်ချက်ကိုမေးကြတယ်။ တကယ်ဆို ဒီလိုအကြောင်းအရာတွေကို ကျွန်မမစဉ်းစားဖြစ်ခဲ့တာ ဆယ်စုနှစ်နဲ့ချီပြီးတော့တောင်ကြာနေပြီလို့ ထင်ရတယ်။ အခုတော့ ဒီကိစ္စတွေအကြောင်းပြန်စဉ်းစားရတာ ကျွန်မရဲ့ အတိတ်စာမျက်နှာတွေကိုဖုန်သုတ်ပြီးပြန်ဖတ်ရသလိုမျိုး ရင်ခုန်စိတ်လှုပ်ရှားစရာ ဖြစ်ရတယ်။ သူတို့နဲ့ခင်မင်ရင်းနှီးသွားတဲ့အတွက် နောက်တစ်ပတ်လေ့လာရေးခရီးထွက်တဲ့အခါ အရင်လို အထီးကျန် ကြောင်စီစီ မခံစားရတော့ဘူး။ ဒီတစ်ခါ ခရီးထွက်တော့ သစ်တောအုပ်တစ်ခုနဲ့ တစ်ခုကို ကောင်းကင်ကနေ ကေဘယ်လ်ကြိုးစီးပြီး ကူးရတဲ့ခရီးစဉ်တစ်ခုပါတယ်။ ကောင်းကင်ကနေ သစ်တောအုပ်တွေကိုကြည့်ရတာ ဂေါ်ဖီထုပ်အစိမ်းတွေ အဆုပ်လိုက်အဆုပ်လိုက်ကိုတွေ့နေရသလိုပါပဲ။ ခရီးကနေပြန်တော့ ကျွန်မနဲ့အတူတူ ကယ်လီဆိုတဲ့ကောင်မကလေးကလာထိုင်တယ်။ သူက အရမ်းတက်ကြွထက်သန်တဲ့ကောင်မကလေးပဲ။ သူနဲ့ကျွန်မလည်း အပြန်ခရီးမှာအတော်လေးပေးဖြောင့်သွားခဲ့တယ်။ သူကအစတုန်းက ကျွန်မလိုအဘွားကြီးတစ်ယောက်က သူတို့လိုကျောင်းသူအရွယ်တွေရဲ့အဖွဲ့ထဲမှာပါနေတာတွေ့တော့ 'ဘယ်လိုကြီးလဲဟ'လို့တွေးမိသေးတယ်လို့ပြောတယ်။

ဒါပေမဲ့ အခုတော့ ကျွန်မရဲ့ အသက်အရွယ်ကြီးနေမှုကို သူတို့ အထူးအထွေ သတိမထားမိတော့ပါဘူးလို့ပြောတယ်။ "ဒေါ်ကြီးရဲ့ ပုံစံကို သမီးသဘောကျတယ်။ သမီးကြီးလာရင်လည်း အဒေါ်ကြီးရဲ့ပုံစံမျိုးဖြစ်အောင်နေမယ်" လို့လည်း ပြောသေးတယ်။ သူဒီလိုပြောတော့ ကျွန်မဝမ်းသာပြီး မျက်ရည်တောင် လည်ချင်လာတယ်။

ခရီးစဉ်ပြီးလို့ ကိုယ့်ရပ်ကိုယ့်ရွာပြန်ရောက်တဲ့အခါ ကျွန်မနဲ့ ကျွန်မရဲ့မိတ်ဆွေသစ်ကလေးတွေဟာ ကိုယ့်လမ်းကို ကိုယ်ဆက်လျှောက်သွားကြရမယ်ဆိုတာနားလည်ထားပါတယ်။ ကျွန်မနဲ့သူတို့ကြားမှာဆုံစည်းအောင်ဖန်တီးပေးတဲ့ ခရီးစဉ်နဲ့ စပိန်စကားသင်တဲ့ကိစ္စမျိုးတွေ ထပ်မရှိတော့တဲ့အတွက် သူတို့နဲ့ ဆုံတွေ့စရာအကြောင်းလည်း မရှိတော့ဘူးပေါ့။

ဒါပေမဲ့ ကျွန်မထင်တာ မှားတယ်လေ။ သူတို့ထဲက တချို့နဲ့ ကျွန်မဟာ ဆက်ပြီးခင်မင်ထိတွေ့ဆက်ဆံဖြစ်ခဲ့တယ်။ အထူးသဖြင့် တောင်တက်တာတို့၊ ခရီးကြမ်းထွက်တာတို့ဝါသနာပါတဲ့ ကောင်မလေးတွေနဲ့ ကျွန်မဆက်ပြီး တွဲဖြစ်နေခဲ့တယ်။ ကျွန်မတို့ကြားက ခင်မင်မှုဟာ ကျွန်မတို့ရဲ့ကြားက ကွဲပြားခြားနားမှုတွေအားလုံးထက်ပိုပြီးအားကောင်းနေတယ်ဆိုတာ အသေအချာပဲလေ။ သူတို့ပြောတဲ့လေအတိုင်းပြောရရင် အခု ကျွန်မရထားတဲ့ ဘော်ဘော်အသစ်ကလေးတွေက အမိုက်စားကလေးတွေပဲ လို့ပြောရမှာဖြစ်ပါတယ်။ ။

*Ref: 'Foreign Travel with Twenty-Somethings' by Miriam Hill*

## ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းဖြတ်သန်းရာ ဒေသခံများကို ပညာရေး၊ ကျန်းမာရေးကဏ္ဍအတွက် တစ်နှစ် ဒေါ်လာနှစ်သန်းပေးမည်ဟုဆို

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဒီဇင်ဘာ-၂၀**

မြန်မာ-တရုတ်ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းဖြတ်သန်းသွားရာဒေသခံများ၏ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများအတွက် တရုတ်ကုမ္ပဏီက နှစ်စဉ် အမေရိကန်ဒေါ်လာနှစ်သန်းပေးသွားမည်ဖြစ်ကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယင်းသို့ ပေးရာတွင် ရေနံစိမ်းပိုက်လိုင်းစီမံကိန်းမှ အမေရိကန်ဒေါ်လာတစ်သန်းနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းမှဒေါ်လာတစ်သန်းစီ ပေးသွားမည်ဖြစ်သည်။

အဆိုပါငွေများကိုပိုက်လိုင်းတစ်လျှောက်ရှိဒေသဖွံ့ဖြိုးရေးအတွက် အထောက်အပံ့များပြုလုပ်ရာတွင် အသုံးပြုရန် ပေးအပ်ခြင်းဖြစ်သည်။

မြန်မာ-တရုတ် ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း စီမံကိန်းမှ ပိုက်လိုင်းဖြတ်သန်းရာပြည်နယ်နှင့် တိုင်းဒေသကြီးများအတွက် ပေးအပ်ငွေများနှင့်ပတ်သက်၍ ကန်ထရိုက်စာချုပ်များကို တရုတ်အမျိုးသားရေနံကော်ပိုရေးရှင်း (CNPC) နှင့်ဆောက်လုပ်ရေးကန်ထရိုက်တာများ ဒီဇင်ဘာ ၁၈ ရက်တွင် စွမ်းအင်ဝန်ကြီးဌာနရှိ ရတနာခန်းမတွင် လက်မှတ်ရေးထိုးခဲ့သည်။

အဆိုပါငွေများဖြင့် ဆေးရုံနှင့် ကျေးလက်ကျန်းမာရေးအဆောက်အအုံများကို ဦးစားပေးအဆင့်လေးဆင့်ဖြင့်ဆောင်ရွက်ရန် သတ်မှတ်ထားရာပထမနှင့်ဒုတိယဦးစားပေးအဆင့်လုပ်ငန်းများ ဆောင်ရွက်ရန် အမေရိကန်ဒေါ်လာ၇၄၆,၀၀၀ကျော်ပေးအပ်ခြင်းအတွက် ယင်းနေ့တွင်ပင် လက်မှတ် ရေးထိုးခဲ့ကြကြောင်း သိရသည်။

ထို့ပြင် လမ်းကြောင်းတစ်လျှောက်ရှိ ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့၏ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများအတွက် ကန်ဒေါ်လာခြောက်သန်းကိုလည်း အဆိုပါ စီမံကိန်းမှ ပေးအပ်ထားပြီးဖြစ်ကြောင်း စွမ်းအင်ဝန်ကြီးဌာနမှသိရသည်။

7DAY NEWS JOURNAL
Vol.10, No.41 · DECEMBER 29, 2011

# ကပ္ပိယ ပြဇာတ်

**ဆာသော်ဒိုး**



တစ်နေ့မနက် ဘရိတ်ဖတ်စ်သုံးဆောင်ပြီးသည်နှင့် တစ်ပြိုင်နက် ပက်လက်ကုလားထိုင်တွင်နေရာယူကာ ဖတ်စရာကြွေးကျန်စာအုပ်ပုံကြီးထဲမှ စာတစ်အုပ်ကိုစတင်ဖတ်ရှုဖြစ်ပါပေ၏။ တကယ်တမ်း ဖတ်ရှုလေ့လာလို၍ အသေအချာရွေးချယ်ဝယ်ယူထားသည့် စာအုပ်များမှာ လစဉ်လစဉ်တိုးပွားလာနေရာ တစ်အုပ်ပြီးတစ်အုပ် ပြီးပြတ်အောင်မနည်းကြီးကို ကြံဆောင်အချိန်ပေးဖတ်ရှုနေရပါပေ၏။ သည်ကြားထဲမှာပဲအပတ်စဉ်သတင်းဂျာနယ်အချို့သို့ရေးပေးဖို့ရန် တာဝန်ရှိသည့် စာမူများကိုလည်း အချိန်ခွဲဝေကာ ရေးသားနေရပါပေ၏။

'စာဖတ်ခြင်း'ကား အခြားဘာနဲ့မှမလဲနိုင်သည့်အရသာရှိလှစွာသော အမှုကိစ္စတစ်ခုပါပေ။ စီကာပတ်ကုံးရေးသားခြယ်မှုန်းထားသည့် တစ်ပါးသူ၏ အတွေ့အကြုံများကို အချိန်ခေတ္တခဏငယ်အတွင်း ကိုယ့်ဦးနှောက်နှင့် နှလုံးသားတို့အတွင်း သွတ်သွင်းပြီးသားဖြစ်ကာ ကိုယ်ပိုင်အတွေ့အကြုံအတွေးအကြံများပမာဖြစ်အောင် စာအုပ်များက ကြံဆောင်ပေးကြပါပေ၏။ စာဖတ်ခြင်းအားဖြင့် သင့်တင့်လျောက်ပတ်သောအထွေထွေဗဟုသုတနှင့် ရသအဖုံဖုံကို ကြုံတွေ့ရရှိမှာ မလွဲပါပေ။ 'အလိမ္မာစာမှာရှိ'ဟူသည့် ရှေးလူကြီးတို့၏ မှာခြွေစကားကား ယုံကြည်ကိုးစားစရာပါပေ။

သည်မနက်ခင်းကျွန်ုပ်စတင်ဖတ်ရှုဖြစ်သည့်စာအုပ်မှာ 'ယဉ်ကျေးမှု'နှင့် သက်ဆိုင်သည့် အကြောင်းအချက်များကို စေတနာပို၊ ရသကဲစွာ ဖန်တီးရေးသားပြုစုထားပါသော စာအုပ်တစ်အုပ်ဖြစ်ပါ၏။

ယနေ့အခါ ကမ္ဘာကြီးမှာ ရွာကြီးတစ်ရွာဖြစ်သွားပြီးသကာလ တံတိုင်းအတားအဆီးတို့ ပေ့ါပါးလာကာ သူ့ယဉ်ကျေးမှုနှင့် ကိုယ့်ယဉ်ကျေးမှုမခြားသည့်ပြင် ယဉ်ကျေးမှုအစုစုတို့ပြုပြင်ပေါင်းစည်းကာ ထိပ်တိုက်တိုးနေသောကာလပါပေ။ အနောက်ကမ္ဘာက ယဉ်ကျေးမှုများ အရှေ့တစ်လွှားသို့ ခရီးဆန့်လာ၏။ အရှေ့ကမ္ဘာက ယဉ်ကျေးမှုများ အနောက်ကမ္ဘာသို့ အလည်သွား၍ ပျော်မွေ့ပူးပေါင်း၏။ တောင်မှနေမြောက်၊ မြောက်မှနေတောင် ဥဒဟို သဘောဆောင်ကာ ယဉ်ကျေးမှုချင်း တင်းတင်းကပ်ကပ် ပွေ့ဖက်ကြလျက်နှစ်ကိုယ့်တစ်စိတ်ယဉ်ကျေးမှုအသစ်အသစ်များ ပေါက်ဖွားနေကြကာ ဆက်လက်တိုးပွားရှင်သန်နေကြပါပေ၏။ 'ယဉ်ကျေးမှု' ဟူသည်ကား အဓိပ္ပာယ်များစွာကျယ်ပြန့်သည့်ဝေါဟာရပါပေ။

ကျွန်ုပ်စာဖတ်လာခဲ့သည်မှာ နေ့ဝက်သာသာသို့ရောက်ရှိလာပြီးနောက်နေ့လယ် ထမင်းကို ထုံးစံအတိုင်း နောက်ကျမှစားဖြစ်ပါပေ၏။ ထမင်းစားအပြီးတွင်ကား ခေတ္တခဏအနားယူရန်အလို့ငှာ ဧည့်ခန်းထဲမှာဝင်ရောက်နေရာယူကာ တီဗီရုပ်သံလိုင်းတစ်ခုကို အပြင်းပြေကြည့်ဖြစ်ပါလေ၏။ ဧည့်ခန်းထဲတွင်ကား ဇနီးသည်မှာ သူဒီဇိုင်းထွင်ချုပ်ပေးရမည့်နောက်ထပ်အင်္ကျီအသစ်တစ်ထည်အား ပုံကြမ်းရေးသားနေတာတွေ့ရပါပေ၏။ သမီးငယ်မှာ ကျောင်းစာများလုပ်ပြီး၍ အေးအေးလူလူပန်းချီရေးနေပါလေ၏။ တီဗီဖန်သားပြင်ပေါ်မှာကား နုနယ်ပျိုမျစ်မျိုးဆက်သစ်ကလေးများ၏ ကြော်ငြာဆန်းဆန်းကလေးများလာနေတာတွေ့ရပါ၏။

မကြာခင်မှာ ကြော်ငြာတို့ပြီးသွားပြီးနောက် အစီအစဉ်တစ်ခုလာပေရာ 'ပြဇာတ်'ဟုသိရပါပေ၏။ အနှီ ပြဇာတ်သည်ကား ယနေ့ခေတ် စူပါစတားများဖြင့် အားကောင်းလှပါပေ၏။ ယနေ့အနုပညာ လောကတွင် နေရာကိုယ်စီရရှိနေကြပြီဖြစ်သည့် ပီဘိစူပါစတား Celebrities များမှာ တကယ့်ပြဇာတ်သမားများပမာ မီး၊ စက်တင်၊ တီးဝိုင်းအပို့အငင် စုံညီကောင်းမွန်စွာဖြင့် လူထုပရိသတ်ကို ကပြအသုံးတော်ခံမည့် ပုံသဏ္ဌာန်ပေါ်နေပါပေ၏။

စ၊ စချင်း 'ဆောက်နဲ့ထွင်း' ဆိုသလိုပင် . . . စ၊ စချင်း ခဏမကြာခင်မှာတင် ကျွန်ုပ်မှာ 'ရီမုတ်' ခေါ် အဝေးထိန်းချုပ်ကိရိယာငယ်ကို ယူငင်ကာ တီဗီ၏ အသံအား တိုးတိတ်သွားရန် ကြံဆောင်လိုက်ရပါပေတော့၏။ မည်သည့်အကြောင်းအတွက်လည်းဟူမူကြည့်ရင်းကြားရင်း မျက်နှာတွေသာမက နားတွေပါ ပူလာ၍ဖြစ်ပါ၏။ အများပြည်သူ Public ရှေ့မှောက်မှာ အရှင်လတ်လတ်ဖျော်ဖြေခဲ့ကြပြီးသည်နှင့်တီဗီချန်နယ်ပေါ်တွင် ထပ်မံတင်ဆက်ပေးသည့် အနှီ 'ပြဇာတ်'အား 'ပြဇာတ်'မဟုတ်ဘဲ 'ရေးချ' တိုးကာ 'ပြာဇာတ်' အဖြစ်သာတည်ရှိခဲ့သောကြောင့်ပါပေ။

'ပညာရေး ရန်ပုံငွေပွဲ' အတွက် စိတ်ကောင်းနှလုံးကောင်းတို့ဖြင့် အမှန်အကန်စီစဉ်တင်ဆက်ခဲ့ကြလေသော်ငြား . . . ရွေးချယ်သုံးနှုန်းကြသည့်စကားလုံးတို့သည်ကား 'ချက်အောက်တစ်ထွာ၊ ဒူးအထက်နှစ်ထွာ' မှတ္တမပင်လယ်ကွေ့မှ မထွက်ကြပါပေ။ 'တစ်လုံးနှစ်လုံးစာစီကုံး'လောက်ဆိုလျှင် ပြောလောက်စရာဟု မမြင်နိုင်ကြလေသော်ငြား အပီအပြင်ပြည့်ပြည့်ဝဝအောက်လုံးများ ချည်းသီးသန့်နန်းစတော့ဒလစပ် 'ဖတ်ဖတ် ဖတ်ဖတ်'နှင့် ကြားမြင်နေရပေရာ မောင်နှင့်အစ်မ၊ သားနှင့်အမေအတူတူထိုင်ကြည့်နေလို့မှ မသင့်တော်သည့် အပြုအမူ အပြောင်အပျက်အပြောအပြများပါပေ။ 'ပညာရေး'ပွဲကား 'ပညာမဲ့ပြက်လုံးများ'၏ အောက်တွင် ပိနေပါတော့၏။ သူတို့၏ ပြက်လုံးများကိုနမူနာထုတ်ကာဥပမာထုတ်နှုတ်ပြသဖို့ရာတောင် ကျွန်ုပ်မစွမ်းဆောင်ရဲပါလေ။

ရပ်ကွက်အတွင်း လည်ပင်းဖက် ကြီးပြင်းလာသူအချင်းချင်း အတွင်းသိ အစင်းသိများ လမ်းဘေးစကားဝိုင်းတွေမှာ ပြောင်ကြနောက်ကြသည့်စကားလုံးတို့သည် ကားအများပြည်သူ ပျိုပျိုငယ်ငယ် ရွယ်ရွယ်ကြီးကြီး ကျားကျားမမ သာသနာ့ဝန်ဆောင်များပါမကျန် အမှန်တကယ်ကြည့်ရှုနေကြသည့် တီဗီချယ်နယ်ပေါ်သို့တက်ရောက်နေရာယူတွင်ကျယ်လို့လာခဲ့သည်မှာ ကမ္ဘာ့အံ့ဖွယ်တစ်ပါးသာဖြစ်ပါ၏။

ထိုရောအခါ ကျွန်ုပ်တို့ပြည်မြန်မာမှာ အနှီ တီဗီများစတင်ဝင်ရောက်စ ၁၉၈၀ ကျော်ကျော်ကာလတစ်ဝိုက်ကို ပြန်ပြောင်းကာအောက်မေ့မိပါ၏။ နယ်ပေါင်းစုံမှာ ထိုကာလက တီဗီနှင့် အောက်စက်တွဲကာ ဇာတ်ကားများလိုက်လိုက်ပြသကြပါပေ၏။ စုပေါင်းစပ်ပေါင်းကျခံကြကာ တစ်နေရာမှာစု၍ တီဗီနှင့်အောက်စက်ဆရာကိုငှားကာ အပန်းဖြေခဲ့ကြပါ၏။ စက်ဆရာလုပ်သူက သူ့တွင်ပါလာသောအခွေများကို အောက်စက်တွင်ထိုးထည့်ကာ Play ပေးပါ၏။ ပထမတစ်ကားပြီးလျှင် နောက်ထပ်တစ်ကား ဆက်၍ပြ. . . စသည်ဖြင့် ဖြစ်ပါ၏။

တစ်နေ့သ၌အနှီဗီဒီယိုကြိုက်ရွာသူရွာသားတစ်သိုက်အား နိုင်ငံခြား အခွေတစ်ခွေထိုးကာ ပြသပါလေ၏။ အက်ရှင်စွန့်စားခန်းများကား အသည်းတယားယားရင်တဖိုဖိုဖြစ်စွာကြည့်ကြရပါ၏။ ထိုသို့ကောင်းပြီကောင်းရဲ့နှင့်၊ သည်းထိတ်ရင်ဖိုကြည့်လာခဲ့ကြရာဇာတ်ကားတစ်ဝက်မရောက်မီမှာပင် 'တကယ့် သည်းထိတ်ရင်ဖိုစရာ' ဗလာကျင်းပြီး ခပ်တင်းတင်းမျက်နှာပြောင်တိုက်ကာလသားကြိုက်ဇာတ်ဝင်ခန်းတစ်ခုဖြုန်းဆိုပေါ်လာလေရာ. . စက်ဆရာကိုသာမြကိုဝိုင်း၍ အော်ခေါ်ကြပါပေ၏။ ကိုသာမြကား 'ယိုတာခဏ'နှင့် မပြီး မှောင်မှောင်ကြီး ခပ်ဝေးဝေးမှာ 'တောသွားထိုင်' နေခိုက်ဖြစ်ပါ၏။

ကလေးသူငယ် လူမမယ်မှ အစ အပျို လူပျို အဖေ အမေ အဘိုးအဘွား ဘုန်းကြီးကျောင်းသားများပါမကျန် အမှန်အကန်ဤ တီဗီ၊စက်တို့ကို မည်သို့ပိတ်ဖို့ရန်မသိကြပေရာ. . . ဤအတိုင်းကြီး မိမွေးတိုင်းဖမွေးတိုင်း "ဒန်ဒန့်ဒန်" နေကြရာမှ ကပ္ပိယကြီးဦးဖြူသီး၏ 'စောင်မ' မှုကြောင့်သာ ရွှေပွဲလာအားလုံး အလုံးကြီးတွေကျခဲ့ရပါပေ၏။ ဦးဖြူသီးကား ဟိုးနောက်ဆုံးနားမှ 'လွှားခနဲ' ခုန်ကျော်ထွက်လာကာ သူ့၏ကိုယ်ပေါ် ပတ်ခြုံထားသည့် 'စောင်' ကြီးကို အနှီ တီဗီပေါ်သို့ အုပ်ချလိုက်ပေရာ. . အထက်ပါ 'ဗလာဇာတ်'မြင်ကွင်းကြီးမှာ လုံးဝကွယ်ပျောက်သွားပါလေတော့၏။ သို့လေသော်ငြား ချစ်ကြိုးငြိနေသူနှစ်ဦး၏ 'အသံအက်ရှင်'ကားနားများမှာ ဆတ်ဆတ်ဆတ်ဆတ်သာ ဆက်လက်အသုံးတော်ခံနေခဲ့ပါပေ၏။

ယနေ့ ယခုလည်း ဘကြီးဦးဖြူသီးနှင့် အမျိုးရင်းစွဲမကင်းသည့် ကျွန်ုပ်ဆာသော်ဒိုး တီဗီကိုစောင်နှင့် မအုပ်မိစေကာမူ. . . သူတို့ 'ပြက်လုံးဟုယူဆကာတင်ဆက်နေကြသည့် 'အောက်လုံး'များကို ရီမုတ်ကွန်ထရိုးဖြင့်အပီနှုတ်အလွန်တိုးကာ. . . တိုးကာ. . . တိုးကာဖြင့်သာ. . . မိသားစုချင်းမျက်နှာမပူရစေအောင် ကြံဆောင်ကြိုးပမ်းခဲ့မိပါတော့၏ မိတ်ဆွေ။ ။

## JOKE

### နားမထောင်တတ်သူ

အကွေ့အကောက်အများအပြားနှင့်တောင်ပေါ်လမ်းကျဉ်းတစ်ခုတွင် အမျိုးသားတစ်ယောက် ကားမောင်း၍တက်လာသည်။ ယင်းလမ်းမှပင် အမျိုးသမီးတစ်ဦးတောင်ပေါ်မှကားမောင်း၍ဆင်းလာသည်။

ကားနှစ်စီးရှောင်သောအခါ အမျိုးသမီးက ကားတံခါးမှခေါင်းပြူထွက်ပြီး အမျိုးသားအား "ဝက်" ဟု အော်လိုက်သည်။

အမျိုးသားကလည်း ချက်ချင်းလိုလိုပင် ကားတံခါးကိုဖွင့်၍ "သရဲမ" ဟု ပြန်အော်လိုက်သည်။

နှစ်ဦးစလုံးကားဆက်မောင်းသွားခဲ့ကြရာ အမျိုးသားမောင်းသော ကားမှာတစ်ဖက်သို့ မမြင်ရသော တောင်ပေါ်လမ်းကွေ့တွင် ဝက်တစ်ကောင်ကို တိုက်မိပြီး ချောက်ထဲပြုတ်ကျသွားလေသည်။

### ဖိအား

သတင်းထောက်တစ်ယောက်သည် အသက် ၁၀၄ နှစ်ရှိပြီဖြစ်သော အဘွားအိုတစ်ဦးအား အင်တာဗျူးနေသည်။

**သတင်းထောက်** - အဘွား၊ အသက် ၁၀၄ နှစ်မှာ အဘွားအတွက် အကောင်းဆုံးခံစားမှုက ဘာများလဲ။

**အဘွားအို** - အေး. . . အသက် ၁၀၄ နှစ်မှာ အဘွားအတွက် အကောင်း ဆုံးခံစားချက်ကတော့ သက်တူရွယ်တူတွေရဲ့ ဖိအားပေးခြင်းမခံရတာပဲကွယ်ဟု ပြန်ဖြေပါ၏။

**အယ်ဒီတာချုပ်-** သောင်းစုငြိမ်း။ **အမှုဆောင်အယ်ဒီတာများ-** အားမာန်၊ ငြိမ်းငြိမ်းနိုင်။ **စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်းအယ်ဒီတာ** - စောစည်သူမိုး၊ **သတင်းအယ်ဒီတာများ-** အေးမြကျော်၊ နေလင်းအောင်၊ သီဟ၊ မေဝင်းမွန်။
**အကြီးတန်းသတင်းထောက်-** မြတ်စုမွန်၊ ဇာဇာနီ၊ ယုဇနကိုကို။ **နိုင်ငံတကာသတင်းဘာသာပြန်-** ရဲမင်း၊ ကျော်မျိုးဦး။ **စာပြင်အယ်ဒီတာ-** လုထွင့်ဦး။ **သတင်းထောက်များ-** သဇင်ထွေး၊ ဝေယံမြတ်ဦး၊ ကျော်သီဟ၊ အိဖြူလွင်၊ အိဖြူမွန်၊ ဝတ်ရည်အောင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အောင်သူရ၊ နေလင်းထွန်း၊ ဖိုလ်ဖိုလ်ဝင်း၊ ပြည်သိမ်း၊ သန်းငွေ၊ အေးသူစံ။ **နေပြည်တော်သတင်းထောက်-** ထူးသန့်။ **မန္တလေးသတင်းထောက်များ-** စိုင်းသာအောင်၊ မင်းဒင်၊ ညီညီဇော်။
**နယ်သတင်းထောက်များ-** မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ ။ **စာမျက်နှာဖွဲ့စည်းမှု-** ချစ်ဖိုလ်ဖိုလ်၊ ရှိန်းရှိန်းထိုက်။ **ကွန်ပျူတာစာစီ-** စန်းစန်း၊ နွယ်မွန်ဖြိုး၊ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်။ **သရုပ်ဖော်-** စိုးသော်တာ။
**ဓာတ်ပုံသတင်းထောက်-** အောင်အောင်၊ ဂျေမောင်မောင်(အမရပူရ)။ **ပြင်ပဆက်သွယ်ရေး-** သက်ပိုင်ငွေ။ **လိုဂိုဒီဇိုင်း-** ကျောက်ဆည်။ **ဘဏ္ဍာရေး-** ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး။ **ကြော်ငြာတာဝန်ခံ-** မိုးပပ၊ လင်းလင်းဦး။
**ထုတ်ဝေသူ-** ဦးမျိုးလှိုင်အောင်။ **ပုံနှိပ်စက်-** သုဝဏ္ဏသီဂီပုံနှိပ်တိုက်။ **ဖလင်-** Sunn Colour Separation. **စောင်ရေ-** ၁,၀၀၀။ **ရောင်းဈေး-** ၄၅၀ကျပ်။

7Day News ဂျာနယ်တိုက် - လပြည့်ဝန်းပလာဇာ(၁၀ ထပ်)၊ အမှတ် ၃၇၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း- ၀၉ ၇၃၂၂၄၅၄၁ ၊ ၃၈၆ ၄၅၉ ၊ ၃၇၆ ၅၂၅ ၊ ၃၇၃ ၆၂၉
Fax : 393 458, Website : www.7daynewsjournal.com , E-mail : editor@7daynewsjournal.com
7DAY NEWS Hotline : 73032006

7DAY NEWS JOURNAL

# Business

Vol.10, No.41 · DECEMBER 29, 2011

# ရေထွက်ကုန်ပြည်ပတင်ပို့မှု မတ်လဆန်းမှ ဒီဇင်ဘာလလယ်အထိ ဒေါ်လာသန်း ၄၂၀ ကျော်ရရှိ

**သန်းဌေး**

**ရန်ကုန်၊ ဒီဇင်ဘာ-၂၀**

ယခုဘဏ္ဍာနှစ်အတွင်း ရေထွက်ကုန်များ ပြည်ပတင်ပို့မှုမှာ ဒီဇင်ဘာ ၁၈ရက်အထိ ကန်ဒေါ်လာ ၄၂၂သန်းကျော်ရရှိထားကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရေထွက်ကုန်များကို ပြည်ပသို့တင်ပို့ရာတွင်ပုံမှန်လမ်းကြောင်းများအပြင် မကြာမီက ပြန်လည်ဖွင့်လှစ်ခဲ့သောမြဝတီနယ်စပ်ကုန်သွယ်ရေးဂိတ်မှပါ ပြန်လည် တင်ပို့နေပြီဖြစ်သည်။

"ဒီဇင်ဘာ ၇ ရက်က စပို့နေတာ တစ်ရက်ခြားကို တန် ၂၀ ကျော်စီပို့ရတယ်"ဟု ဒီဇင်ဘာ ၂၀ ရက်တွင် ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ချစ်ကြည်ရေးတံတားကို ၁၉၉၇ ခုနှစ်၊ ဩဂုတ် ၁၅ရက်က စတင်ဖွင့်လှစ်ခဲ့သော်လည်း ၂၀၁၀ ဇူလိုင် ၁၈ ရက်တွင် ပိတ်ထားခဲ့သည်။ ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာ ၅ ရက်၊ နံနက် ၇ နာရီခန့်မှသာ ပြန်လည်ဖွင့်လှစ်ခဲ့သည်။

ထို့ကြောင့် မြန်မာနှင့် ထိုင်းနိုင်ငံတို့ မြဝတီ တံတားပေါ်မှ အပြန်အလှန်တရားဝင်ကုန်သွယ်မှု ပြန်လည်စတင်ခဲ့သောကြောင့် မြန်မာ့ရေထွက် ပို့ကုန်များဖြစ်သော ကျောက်ပုစွန်၊ ရေချိုပုစွန်၊ ကဏန်း၊ ကကတစ်နှင့် ငါးပါးနီများစတင် တင်ပို့လာကြသည်။

"မြဝတီကနေ ရေချိုငါးတော့ မတင်ပို့နိုင်သေးဘူး"ဟု ပြည်ပသို့ရေထွက်ပို့ကုန် တင်ပို့မှုစစ်ဆေးရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း ရေထွက်ကုန်ပစ္စည်း ပြည်ပတင်ပို့မှုမှ ကန်ဒေါ်လာ သန်း ၇၀၀ လျာထားရာတွင် မြဝတီနယ်စပ်ကုန်သွယ်ရေးမှ ကန်ဒေါ်လာသန်း ၂၀ ရရှိရေး သတ်မှတ်ခဲ့သော်လည်း ဒီဇင်ဘာ ၁၈ ရက်အထိ ကန်ဒေါ်လာ ၅၆၄,၀၀၀ သာ ရရှိထားကြောင်း သတင်းရရှိသည်။

ယခုဘဏ္ဍာနှစ်အတွင်း ဒီဇင်ဘာ ၁၈ ရက်အထိ ရေထွက်ကုန်ပြည်ပသို့တင်ပို့မှုတွင် ရေချိုငါးတင်ပို့မှုမှ ကန်ဒေါ်လာ ၇၇ သန်းဖြင့် အများဆုံးရရှိထားပြီး နယ်စပ်ကုန်သွယ်ရေးမှ တင်ပို့ရာတွင် မြိတ်မှကန်ဒေါ်လာ ၆၈ ဒသမ ၅၃၅ နှင့် မူဆယ်နယ်စပ်ကုန်သွယ်ရေးဂိတ်မှ ကန်ဒေါ်လာ ၆၀ ဒသမ ၆၀၃ ရရှိထားကြောင်း သတင်းရရှိသည်။

**စာ(၃၄)သို့**



အအေးခန်းစက်ရုံလုပ်သားများ လုပ်ငန်းခွင်ဝင်နေစဉ်

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၈၀၀ | ၈၁၅ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၈၀၀ | ၈၁၅ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၆၀၅ | ၆၁၅ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၀၃၅ | ၁၀၅၀ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၅ | | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၂၀ | | ကျပ် |
| ၁ ယူနစ် (ပို့ကုန်ရငွေ) | ၈၁၅ | | ကျပ် |

၂၀၁၁ ဒီဇင်ဘာ ၂၄ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။
မှတ်ချက်။ ။ပို့ကုန်ရငွေဈေးနှုန်းသည် ဒီဇင်ဘာ ၂၃ ရက်ဈေးဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၄၁၂ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၆၆၃ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၇၈. ၀၂ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၃၃၆၄ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၅၂. ၇၈ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၉၃၅ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၄၉. ၀၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၁၅၅ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၁. ၂၇ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၀၄၀. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၁,၀၁၁. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၃. ၄၅ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၀. ၉၈၅၆ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၉၀၃ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁. ၀၂၀၃ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၁. ၁၈၉ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၃ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁,၆၀၆. ၀၀၀ |
| ရေနံစိမ်း | စည် | ၁၀၇. ၉၆၀ |
| ငွေ | ၁ အောင်စ | ၂၉. ၀၈၄ |
| ကြေးနီ | ပေါင် | ၃၄၆. ၉၅၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၃. ၁၁၄ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။
၂၀၁၁ ဒီဇင်ဘာ ၂၄ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။

## ငါးမြစ်ချင်းမွေးသူအများစု စပါးပြောင်းစိုက်

**သန်းဌေး**

**ရန်ကုန်၊ ဒီဇင်ဘာ-၂၀**

ငါးမွေးမြူရေးလုပ်ငန်းရှင်အချို့ လုပ်ငန်းအရှုံးဒဏ်မခံနိုင်ကြတော့ဘဲ ငါးကန်ပက်ထုတ်ပြီး စပါးစိုက်ရန်စီစဉ်နေကြကြောင်း မြန်မာနိုင်ငံငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်းဥက္ကဌဦးသန်းလွင်ကပြောသည်။

"ငါးကန်ဧက ၁၀၀၊ ၁၅၀ပိုင်ရှင်တွေ ငါးတွေဖော်ပြီး ဈေးမကောင်းလည်း ရောင်းထုတ်နေတယ်။ ငါးမမွေးတော့ဘဲ သုံး၊လေးလနဲ့ပေါ်တဲ့ စပါးစိုက်ကြကုန်ပြီ"ဟု ၎င်းကပြောသည်။

ထိုသို့လုပ်ငန်းပြောင်းသူ အများစုမှာ ငါးမြစ်ချင်းမွေးမြူသူများဖြစ်ပြီး ပြည်ပမှ အဝယ်ကျဆင်းခြင်း၊ ပြည်တွင်းဈေးကျခြင်း၊ ငါးမွေးမြူထုတ်လုပ်မှုကုန်ကျစရိတ်မြင့်မားမှုနှင့် ချေးငွေအတိုးဒဏ်မခံနိုင်ကြတော့၍ ယခုကဲ့သို့လုပ်ဆောင်နေကြရကြောင်း ငါးမွေးမြူရေးလုပ်ငန်းရှင်တစ်ဦးက ပြောသည်။ ထို့ကြောင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်တွင် ငါးကန်အပေါင်တင်ကာ ငွေချေးထားသူများ သုံးလတစ်ကြိမ်အတိုးပြန်ဆပ်ကြပြီး ဘဏ်ကလည်း ငါးကန်တစ်ဧကလျှင် ကျပ်သုံးသိန်းအထိ ပြန်ချေးပေးသင့်ကြောင်း အဆိုပါဘဏ်၏ ဒါရိုက်တာတစ်ဦးဖြစ်သူ ဦးသန်းလွင်က အကြံပြုထားသည်။

"ငါးမြစ်ချင်းတော်တော်များများမွေးတဲ့သူတွေ ပြုတ်ကုန်ပြီ။ဈေးကွက်မရှိလို့ အသစ်မွေးချင်တဲ့သူလည်းမရှိဘူး"ဟု ၎င်းကပြောသည်။

ထို့ကြောင့် ငါးကန်ရေပက်ပြီး စပါးပျိုးကြသူများအား အချိန်မီကူညီရိုင်းပင်းရန် လိုအပ်နေကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ငါးမွေးကန်ဧက နှစ်သိန်းကျော်ရှိရာ ငါးမြစ်ချင်းငါးမျိုးစိတ်အား ၇၅ ရာခိုင်နှုန်းခန့် မွေးမြူထားကြကြောင်းသတင်းရရှိသည်။



7DAY NEWS JOURNAL
Vol.10, No.41 · DECEMBER 29, 2011

# ရွှေဝယ်လိုအား ထက်ဝက်တိုးလာဟုဆို

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဒီဇင်ဘာ-၂၁**

ပြည်တွင်းရွှေဈေးနှုန်းများကျဆင်းလာခြင်းကြောင့် ရွှေဝယ်လိုအားများ ထက်ဝက်နီးပါးထိ မြင့်တက်နေကြောင်း ရွှေလုပ်ငန်းရှင်များက ပြောသည်။

"ဈေးကျတော့ အဝယ်လိုက်လာတာ တချို့ရက်တွေဆို ပစ္စည်းတောင်ပြတ်တယ်။ ငွေပေးထားခဲ့ပြီး ပစ္စည်းနောက်ရက်မှ လာယူရတာတောင်ရှိတယ်"ဟု ပန်းဘဲတန်းမြို့နယ်ရှိ အောင်သမာဓိ ရွှေဆိုင်မှ တာဝန်ခံက ပြောသည်။

ထိုသို့ ရွှေဝယ်လိုအားများ မြင့်တက်ခြင်းကြောင့် ပြည်တွင်းရွှေဈေးနှုန်းမှာ ကျသင့်သလောက်မကျဘဲရှိနေကြောင်း ရွှေလုပ်ငန်းရှင်အချို့က ပြောသည်။

ရွှေဝယ်လိုအားမှာ ပုံမှန်ဝယ်စုသည့် ဈေးကွက်ဖြစ်သော ဖြတ်စဈေးကွက်၌ပင် ယခုရက်ပိုင်းတွင် ရွှေဝယ်လိုအား ၃၀ ရာခိုင်နှုန်းကျော်ထိ မြင့်တက်လာကြောင်းသိရသည်။ ထို့အတူ ရောင်းအားကောင်းသော အထည်ဈေးကွက်နှင့် ဈေးနှုန်းအကျကြောင့် စီးပွားရေးလုပ်ငန်းရှင်အချို့ ဝင်ရောက်လာသော အပိုင်းဈေးကွက်တို့၏ ရောင်းအားများမှာလည်း ယခုရက်ပိုင်းတွင် သိသာစွာမြင့်တက်လာကြောင်း အောင်သမာဓိမှ တာဝန်ခံကပြောသည်။

ဝယ်လိုအားမြင့်တက်နေခြင်းကြောင့် ကမ္ဘာ့ရွှေဈေးနှုန်းကျဆင်းသလောက် လိုက်မကျဘဲ ရှိနေသည့် ပြည်တွင်းရွှေဈေးသည် ကမ္ဘာ့ဈေးနှုန်းနှင့် ယှဉ်ပါက ကျပ် ၁၅,၀၀၀ ကျော်မြင့် နေသေးကြောင်း သိရသည်။

ကမ္ဘာ့ ရွှေဈေးနှုန်းသည် ပြီးခဲ့သည့် လဆန်းပိုင်းက တစ်အောင်စလျှင် ၁,၇၀၀ ဒေါ်လာကျော်ရှိနေရာမှ ယခုရက်ပိုင်းတွင် ၁,၆၀၀ ဒေါ်လာဝန်းကျင်ရှိနေသည်။

ထို့ကြောင့်ပြည်တွင်းရွှေဈေးနှုန်းမှာလည်း အခေါက်ရွှေတစ်ကျပ်သားလျှင် ၇၂၀,၀၀၀ ကျပ်ကျော်ရှိနေရာမှ ယခုတစ်ပတ်တွင်း၌ ၆၉၀,၀၀၀ ကျပ်ဝန်းကျင်ရှိပြီး ကျပ်ထောင်ဂဏန်းအတက်အကျဖြစ်နေကြောင်း သိရသည်။ ၁၅ ပဲရည်ဈေးနှုန်းမှာ တစ်ကျပ်သားလျှင် ၆၅၀,၀၀၀ ကျပ်ဝန်းကျင်ရှိနေသည်။

"ဝယ်တဲ့သူတွေကတော့ အတက်မှန်းပြီး ဝယ်နေကြတာ၊ ဈေးက ပြန်တော့တက်လိမ့်မယ်။ ဒါပေမဲ့ ကမ္ဘာ့ဈေးအနေအထားအရဆို လတ်တလောတော့ ဆက်ကျနိုင်သေးတယ်"ဟု ရွှေလုပ်ငန်းရှင်တစ်ဦးက ဈေးကွက်အနေအထားအပေါ် ခန့်မှန်းပြောသည်။






## စာ(၃၃) - ရေထွက်ကုန်ပြည်ပတင်ပို့မှု ၂၀၁၁-၁၂ ဘဏ္ဍာရေးနှစ်အတွက် ဒီဇင်ဘာလလယ်အထိ ဒေါ်လာသန်း ၄၂၀ ကျော်ရရှိ မှ

ယခုဘဏ္ဍာနှစ်အတွင်းပြည်ပသို့ရေထွက်ကုန်များ တင်ပို့ရာတွင် လေကြောင်းမှ ကဏန်းနှင့် ငါးရှဉ့်များတင်ပို့မှုမှ ကန်ဒေါ်လာ ၁၂ ဒသမ ၉၇၇ သန်းရရှိထား၍ ယခင်နှစ်များကထက်ပိုမိုခဲ့ကြောင်း သတင်းရရှိသည်။

သို့ရာတွင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အတွင်း ငါးရှဉ့် ပြည်ပတင်ပို့မှုတွင်ကန်ဒေါ်လာ ၂၅သန်းလျာထားသော်လည်း ငါးရှဉ့်ဈေးကောင်းမှုကြောင့် ဒီဇင်ဘာ ၁၈ ရက်အထိ ကန်ဒေါ်လာ ၂၆ ဒသမ ၄ သန်းကျော်ရရှိနေပြီဖြစ်သည်။

**Public Tendering Announcement**

Malteser International requests tenders from local contractors as part of their ***"Improvement of basic infrastructure and integrated disaster preparedness in cyclone and flood prone areas of Rakhine State, Myanmar"*** project in Sittwe/Rathidaung and Pauktaw/Myebon Townships, Rakhine State.

The requested tenders will consist of materials supply, transport, labour costs and the completion of construction works in accordance with Malteser approved designs, quality and standards for the execution of construction works.

The works will be divided into lots as listed below.

**Rathidaung Township**

(1) Rural sub Health Center (RsHC) - (2) units
(2) (90'x30') School Construction - (1) unit
(3) (60'x30') School Construction - (1) unit
(Including basic sanitation facilities and adequate drinking water supply)

**Pauk Taw Township**

(1) Rural sub Health Center (RsHC) - (3) units
(2) (90'x30') School Construction - (1) unit
(3) (80'x30') School Construction - (1) unit
(Including basic sanitation facilities and adequate drinking water supply)

Detailed information including BoQ and Scope of Work will be issued to interested contractors/suppliers at our Programme Office in Sittwe and Country Office in Yangon. Contractors who have proven experience and registered presence in Sittwe and Rathidaung Townships are invited to submit their bids not later than 6-1-2012 to the Sittwe and Yangon address stated below.

Malteser International, a Non-Government Organization (NGO) based in Cologne, Germany, provides humanitarian aid worldwide.

Malteser International

**Sittwe Programme Office:**
85, U Uttama Street,
Kyaung Tat Lann Quarter,
Sittwe Township.
Email: log.nrs.02@gamil.com
Ph: (043) 23858, 09-8500463

**Country Office:**
60, Tharyarwaddy Street
(Between Sayar San St
and New University Rd)
Bahan Township, Yangon
log.co.malteser@gmail.com
Ph: 549001, 09-8622851 - Ext: 17

7 DAY NEWS JOURNAL
Vol.10, No.41 • DECEMBER 29, 2011

7DAY BOOK REVIEW

## မင်းလူ ဝတ္ထုတိုပေါင်းချုပ် (၁၉၇၆- ၂၀၀၅)




စာရေးသက် ၃၅ နှစ်ကျော်လာပြီး လုံးချင်းဝတ္ထုရှည်နှင့် ဝတ္ထုတိုများ ရေးဖွဲ့ခဲ့သည့် မင်းလူ၏ ဝတ္ထုတို (၉၂)ပုဒ်ကိုစုစည်းထားသောဝတ္ထုတို ပေါင်းချုပ်စာအုပ်ဖြစ်သည်။

ဝတ္ထုတိုအများစုမှာ မဂ္ဂဇင်းအသီးသီးတွင် ပုံနှိပ်ဖော်ပြခဲ့သောဝတ္ထုများဖြစ်ကြပြီးမင်းလူ၏ အသော၊ အထေ့လေးများဖြင့် ပေါ့ပေါ့ပါးပါး သွက်သွက်လက်လက် ဖတ်ရှုရမည်ဖြစ်သည်။

မင်းလူ၏ ဝတ္ထုများတွင် ၎င်းထိတွေ့ဆက်ဆံခဲ့သော လူပုဂ္ဂိုလ်များအကြောင်း၊ ရန်ကုန်တက္ကသိုလ်ဝန်းကျင်အကြောင်း၊ ယမကာအကြောင်း၊ ဘောလုံးပွဲအကြောင်း၊ သဘော်သား လောကအကြောင်း၊ စာပေလောကအကြောင်းတို့ဖြင့် ဝေဝေဆာဆာ သိုက်သိုက်ဝန်းဝန်း စီခြယ်ထားသည်ကို ဖတ်ရှုရပါမည်။ ၁၉၇၆ ခုနှစ်မှစ၍ ရေးသားခဲ့သော ဝတ္ထုတိုများဖြစ်ပေရာ တစ်နည်းဆိုရသော် ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်နှင့်နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအစိုးရခေတ်ထိတိုင် ခေတ်အသီးသီး၏ ပုံရိပ်များပြည့်လျှမ်းနေပါသည်။ သဘာဝအုပ်စုဟု ခေါ်ကြသော သာခုမိသားစုမှ ဆင်းသက်လာသူပီပီ မင်းလူ၏ အရေးအဖွဲ့သည် ဒိုးခနဲ၊ ဒေါက်ခနဲရှင်းလင်းပြေပြစ်သောစကားပြေဖြင့် လူပြိန်းနားလည်အောင်ရေးသားထားသလို ယင်းနောက်ကွယ်၌ တွေးစရာချန်ထားခဲ့သော၊မေးခွန်းပုစ္ဆာ အဖြေထုတ်ရမည်ဖြစ်သော အသိကလေးများ ဖျပ်ခနဲလှစ်ဟထားသည်ကို ဖတ်ရှုသူများ ရိပ်စားမိပါလိမ့်မည်။ ဝတ္ထုတိုလေးများကို တစ်ပုဒ်ချင်းဖတ်သွားခြင်းဖြင့် နှစ်ပေါင်းသုံးဆယ်ကျော်အတွင်း မြန်မာ့စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးနှင့် ခေတ်၏ ပြောင်းလဲမှုများအပေါ် ရှုမြင်နိုင်သော ဝတ္ထုတိုလေးများလည်းဖြစ်ကြပါ၏။ အထူးသဖြင့် တစ်ချိန်က ငွေကြေးတန်ဖိုးရှိစဉ် အကြွေ အသပြာလေးများ မည်မျှအရေးပါခဲ့ပုံ၊ လူသုံးကုန်ပစ္စည်းရှားပါး၍ မှောင်ခိုဈေးကွက်အားကိုးကြပုံ၊ ရသောဝင်ငွေအပေါ် စိစစ်သုံးစွဲခဲ့ကြပုံကို မင်းလူ၏ ဝတ္ထုတိုများ၌ မြင်တွေ့ဖတ်ရှုရပါမည်။ အရယ်အမောအသောလေးများဖြင့် အရွှန်းဖောက်ရေးတတ်သောကြောင့် မင်းလူ၏ ဝတ္ထုတိုများသည် ပြိုးပြိုးပြက်ပြက်နှင့် လက်လက်တောက်ပကာ စာဖတ်သူ မငြီးငွေ့အောင် ခေါ်ဆောင်သွားသည်အထိ ပေါ့ပါးသွက်လက်နေပါသည်။ သို့ရာတွင် ဝါကျတိုတိုနှင့် လိုရင်းကိုအမြန်ပေါက်အောင်ရေးတတ်သဖြင့် စကားလုံးတွဲသီစီခြယ်ရာ၌ အမွမ်းအပြောက်ပါသော အဖွဲ့အနွဲ့အားနည်းနေသည်ကိုလည်း သတိထား ဖတ်ရှုမိပါက ခံစားသိရှိနိုင်ပါသည်။ ထိုကဲ့သို့ ဝါကျတိုတိုနှင့် လိုရင်းရောက်အောင်ရေးတတ်သော ဟန်ကပင် မင်းလူဟူ၍ ဖြစ်လာခြင်းလည်း မည်ပေသည်။

"ဝတ္ထုတိုဟူသည် အဘယ်နည်း" ဆိုသော မေးခွန်းကို မဖြစ်မနေဖြေကြားရန် စာရေးဆရာတွင် တာဝန်မရှိ။ သူ၏အလုပ်မှာ ဝတ္ထုတိုတစ်ပုဒ်ကိုရေးသားတင်ဆက်ရန်သာဖြစ်၏။ ထို့အတူ စာဖတ်ပရိသတ်များအနေဖြင့်လည်း ဝတ္ထုတိုဆိုင်ရာ သဘောတရားအယူအဆများကိုနားလည်စရာမလို၊ စာဖတ်တတ်လျှင်လုံလောက်ပြီဟု မင်းလူက ဆိုထားပါသည်။

စာအုပ် အပြင်အဆင်သေသပ်ကောင်းမွန်၍ မဂ္ဂဇင်းရှစ်ချိုးဆိုဒ် စာမျက်နှာလေးရာကျော်ရှိသော ယခုစာအုပ်ကိုစာအုပ်ကမ္ဘာ စာပေတိုက်က တန်ဖိုး ၅,၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

## Knowledge ဗဟုသုတ

### ခြေချောင်းအစွပ်လေးတွေ ဘယ်သူတွေစပြီး ဝတ်တာလဲ

ခြေချောင်းတွင်လက်စွပ်ကဲ့သို့သော ကွင်းလှလှလေးများ ဝတ်ဆင်မှုမှာ ဖက်ရှင်တစ်ခုအဖြစ်နိုင်ငံအများအပြားက လက်ခံဝတ်ဆင်ခဲ့ကြပြီး ယင်း၏သမိုင်းကြောင်းမှာလည်းစိတ်ဝင်စားဖွယ်ကောင်းလှသည်။ အမေရိကန်ပြည်ထောင်စုနှင့်အနောက်နိုင်ငံအတော်များများတွင် ဖက်ရှင်တစ်ခုအဖြစ် တွင်တွင်ကျယ်ကျယ်ဝတ်ဆင်လာကြသည်။

ခြေချောင်းအစွပ်လေးများ ဝတ်ဆင်မှုသမိုင်းကြောင်းမှာ အိန္ဒိယနိုင်ငံမှစတင်ခဲ့ပြီး ဟင်ဒီလူမျိုး အိမ်ထောင်ရှင်အမျိုးသမီးများသည် ဘယ်ဘက်ခြေထောက်၊ ခြေမတွင် ရိုးရာအရခြေချောင်းစွပ်များ ဝတ်ဆင်ကြသည် ဟုဆိုသည်။ ခြေချောင်းအစွပ်များတွင် ဝတ်ဆင်သည့်လူမျိုးအလိုက်ထူးခြားသောအခေါ်အဝေါ် များရှိပြီး၊ အချို့သောယဉ်ကျေးမှုတွင် အမျိုးသားများသည် သန်စွမ်းကျန်းမာမှုကိုရည်ညွှန်းသည့်အနေဖြင့် ခြေမတွင်ခြေချောင်းစွပ်များစွပ်ကြသည်ဟုသိရသည်။ ခြေချောင်းစွပ်ဝတ်ဆင်ရာတွင် အချို့က ခြေထောက်တစ်ဖက်စီတွင် တစ်ကွင်းချင်းသော်လည်းကောင်း၊ ခြေချောင်းငါးချောင်းစလုံးတွင်သော်လည်းကောင်း ဘယ်၊ ညာကြိုက်နှစ်သက်ရာ ခြေထောက်တွင် ဝတ်ဆင်ကြသည်။ အဆိုပါယဉ်ကျေးမှုမှာ အနောက်နိုင်ငံများအထိ ပျံ့နှံ့လာကာဖက်ရှင်ပစ္စည်းတစ်ခုအဖြစ် တွင်ကျယ်လာပြီး ရွှေ၊ ငွေ၊ ပလက်တီနမ်၊ 925 စသည်ဖြင့်ဒီဇိုင်းစုံ၊ ပစ္စည်းစုံဖြင့် ပြုလုပ်ဝတ်ဆင်လာကြသည်။

*—Source:mostexpensivehouses.org*

## တစ်ပတ်တာကံကြမ္မာ

ဒီဇင်ဘာ ၂၈ ရက် မှ ဇန်နဝါရီ ၃ ရက် အထိ

စံဇာကိုဘို

### ARIES မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

စိတ်ချမ်းမြေ့စရာများကြုံမည်။ ကိုယ်တိုင်တွင်လည်းကောင်း၊ မိသားစုတွင်လည်းကောင်း၊ အလုပ်အကြံအစည်များအောင်မြင်မည်။ စိတ်ကူးထားသည်များ အကောင်အထည်ဖော်ပြီး ဘဝအောင်မြင်မှုရမည်။ ပညာအတတ်နှင့်ပတ်သက်သောကံကောင်းမည်။ မထင်မှတ်ဘဲ ခရီးသွားရမည်။ သူတစ်ပါးအတွက်ကူညီရင်းမိမိအတွက်ပါကောင်းကျိုးရရှိမည်။ ပျို့ရွယ်သူများ မေတ္တာရေး ကံကောင်းမည်။ မိတ်ဆွေအကြီးကဲအကူအညီရမည်။

### TAURUS ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

အပြောင်းအလဲသစ်များအား လက်ခံနိုင်သည်။ ပြောင်းလဲမှုနောက်ကွယ်တွင် တိုးတက်မှုအဆင့်ဆင့်ရရှိမည်။ ရုတ်တရက်ဆောင်ရွက်လိုက်သော ကိစ္စများမှ ကောင်းသောအကျိုးဆက်ရမည်။ မိဘအကြီးအကဲကျန်းမာရေးအတွက် စိတ်ပူရမည်။ ကိုယ်ရေးကိုယ်တာကိစ္စများ ဦးစားပေးမရ။ သူတစ်ပါးအတွက် အထောက်ကူရမည်။ မိမိဆောင်ရွက်လိုက်သောကိစ္စမှန်သမျှ လူသိထင်ရှားဖြစ်မည်။ ပစ္စည်းပျောက်တတ်သည်။

### GEMINI မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

အတိုက်အခံများရန်များနှင့် ယှဉ်ပြီးလုပ်ငန်းကိစ္စများ ဆောင်ရွက်ရမည်။ မည်မျှခက်ခဲသောကိစ္စများနှင့်ကြုံစေ အဆုံးပိုင်းတွင် အောင်မြင်မည်။ တစ်ပါးသူအတွက် ရည်စူးဆောင်ရွက်ထားသောကိစ္စများ အဆင်ပြေမည်။ မိမိတွက်ဆောင်ရွက်မှုများ အဆင်ပြေမည်မဟုတ်။ စီစဉ်လုပ်မနေဘဲ ပေါ်ပေါက်သော လုပ်ငန်းများဆောင်ရွက်၍ ထင်ရှားတိုးတက်မှုရမည်။ ကြိုတင်ကြံစည်သောကိစ္စများ ဆောင်ရွက်နိုင်မည်မဟုတ်။

### CANCER ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

အများတကာနှင့် ယှဉ်လိုက်လျှင် ထူးထူးခြားခြားသာ မြင့်သောအနေထားရှိမည်။ အတတ်ပညာနှင့် ပတ်သက်သောကံကောင်းသည်။ စိတ်ကူးအကြံဉာဏ်ကောင်းများနှင့် တိုးချဲ့ဆောင်ရွက်ထားသည်များမှ ထူးခြားတိုးတက်မှုများရရှိမည်။ ငွေကြေးလက်လွန်ခြင်းနှင့်စိတ်အနှောင့်အယှက်ဖြစ်ခြင်းမှ ကင်းလွတ်မည်။ ဥစ္စာဓန တိုးပွားမည်။ အခွင့်အလမ်းသစ်များ ပေါ်ပေါက်အဆင်ပြေခြင်းရှိမည်။

### LEO သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

လူမျိုးကွဲ၊ လူမျိုးခြားနှင့်ဆက်သွယ်ဆောင်ရွက်၍ ကောင်းသောအကျိုးဆက်များရရှိမည်။ ပြဿနာအခက်အခဲများနှင့် ကြုံတွေ့ရမည်။ ပင်ကိုယ်အားဖြင့် အညံ့အဆိုးများမရှိလင့်ကစား ဖြေရှင်းရန် စိတ်ဝင်စားခြင်းမရှိ။ ဤကာလတွင်း မိမိကိုယ်တိုင်ကိုယ်ကျဖြေရှင်းလိုက်ပါက အရာရာအေးချမ်းအဆင်ပြေသွားမည်။ ငွေကြေးကံအထူးကောင်းသည်။ အလုပ်ကိစ္စများ ထူးခြားစွာအောင်မြင်မည်။ အခွင့်အရေးသစ်ပေါ်မည်။

### VIRGO ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

စိတ်ကူးရည်ရွယ်ချက်များ အောင်မြင်၍ ရှိရင်းစွဲဘဝအနေအထားထက်သာလွန်သော တိုးတက်မှုများရရှိမည်။ ဇွတ်လုပ်လိုစိတ်ပေပေတေတေလုပ်လိုစိတ်များလျှော့သင့်သည်။ အာမခံခြင်း၊ တာဝန်ယူခြင်းများ မပြုသင့်။ စာချုပ်လက်မှတ်ထိုးခြင်းမပြုရ။ မိသားစုအတွင်းရေးအပူအပင်များရှိမည်။ လူမှုရေးရှုပ်ထွေးမည်။ နာမည်အောင်မြင်မည်။ မတော်တဆထိရှမှုများ သတိရှိပါ။ မျက်စိနာတတ်သည်။

### LIBRA တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

အလိုရှိရာများကိုရှေ့တိုးဆောင်ရွက်၍ အောင်မြင်မှုအဆင့်ဆင့်ရရှိမည်။ မိမိအပေါ် အကျိုးပေးမည်။ စတင် ဆောင်ရွက်လိုက်သော ကိစ္စများမှ ကောင်းသောအကျိုးဆက်ရရှိမည်။ ခရီးကိစ္စစီစဉ်ထားသည်များ အောင်မြင်မည်။ လူမျိုးကွဲအကျိုးပေးမည်။ ပြဿနာရှိသောကိစ္စများကို တာဝန်ယူကိုင်တွယ်ဖြေရှင်းရမည်။ အိမ်တွင် ကျန်းမာရေးအညံ့ရှိသူပေါ်မည်။ အမှုအခင်းဖြေရှင်းရမည်။

### SCORPIO ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

လမ်းသစ်ထွင်ပြီး ဆောင်ရွက်လိုက်သော ကိစ္စများမှ သစ်လွင်လတ်ဆတ်သော အောင်မြင်မှုများရရှိမည်။ ပျော်ရွှင်စိတ်ချမ်းမြေ့စရာများနှင့်ကြုံရမည်။ အလှူမင်္ဂလာကိစ္စများပါဝင်ပတ်သက်ရမည်။ ကျန်းမာရေးအညံ့ရှိမည်။ စုပေါင်းတွဲဖက်လုပ်ကိုင်သောလုပ်ငန်းများမှ ကောင်းသော အကျိုးဆက်များရရှိမည်။ ကာလရှည်ကြာရည်စူးထားသော ကိစ္စများ အောင်မြင်မည်။ ငွေကြေးကံကောင်းမည်။

### SAGITTARUS ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

တိုးတက်သော အပြောင်းအလဲကောင်းများ ဖြစ်ပေါ်မည်။ လမ်းသစ်ထွင်ပြီး ဆောင်ရွက်ခြင်းဖြင့် အောင်မြင်မည်။ သူစိမ်းလူမျိုးကွဲလူမျိုးခြားကောင်းကျိုးပေးမည်။ ငွေဇကြေးအပျောက်အရှများတတ်သည်။ ငွေလက်လွန်မှုများကြုံမည်။ အရပ်တစ်ပါးနိုင်ငံရပ်ခြားနှင့် ဆက်သွယ်ဆောင်ရွက်သော ကိစ္စများ အောင်မြင်မည်။ ဝန်းကျင်သစ်နှင့် ဆက်ဆံမှုများ အဆင်ပြေမည်။ ပြည်ပခရီးကံပေါ်မည်။

### CAPRICORN မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

ကြန့်ကြာနေသော ရပိုင်ခွင့်များ လက်ဝယ်ပြန်လည်ရရှိမည်။ လုပ်ငန်းခွင်မှ သူများအဖို့ အလုပ်နေရာပြောင်းရွှေ့ကောင်းကြုံမည်။ ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်အကျိုးပေးမည်။ မြှုပ်နေသော ငွေများ ပြန်ပေါ်မည်။ ကာလအတန်ကြာရပ်တန့်ထားသော လုပ်ငန်းများ ဆက်လက်လုပ်ကိုင်နိုင်မည်။ အခက်အခဲများ ကျော်လွှား နိုင်မည်။ မထင်မှတ်ထားသော လုပ်ငန်းလမ်းကြောင်းမှ ငွေဝင်မည်။

### AQUARIUS ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

အလိုရှိရာ ပြည့်စုံမည်။ ဘဝတိုးတက်မည်။ ဘာသာစကား၊ ဓလေ့မတူသောသူများနှင့် တွဲဖက်လုပ်ကိုင်သော လုပ်ငန်းကိစ္စများ ဆောင်ရွက်အောင်မြင်မည်။ စီးပွားရေးကိစ္စ၊ ငွေကြေးကိစ္စများအား စနစ်တကျ အကောင်အထည်ဖော်အောင်မြင်မည်။ နေအိမ်၊ နေရာထိုင်ခင်းနှင့် ပတ်သက်သောကိစ္စများ ဆောင်ရွက်အောင်မြင်မည်။ ခရီးသွားရန် ကိစ္စများဆောင်ရွက်အောင်မြင်မည်။ အလုပ်သစ်များ ချဲ့ထွင်နိုင်မည်။

### PISCES မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

အရာရာအပေါ် သတိနှင့် ယှဉ်ပြီးလုပ်ရမည်။ စကားမတည်သော သူများ၊ ကတိဖျက်သောသူများနှင့် ဆက်ဆံရမည်။ မည်သည့်ကိစ္စကိုမဆို တစ်ကြိမ်မက ဆောင်ရွက်ပြီးမှ အောင်မြင်မှုရမည်။ ကာလရှည်ကြာ ပူးတွဲလုပ်ကိုင်သော မိတ်ဆွေများနှင့် လမ်းခွဲရမည်။ အချိန်ယူစဉ်းစား၍ ဆောင်ရွက်သောကိစ္စများ အဆင်ပြေမည်။ ငွေကြေးကို အကြောင်းပြု၍ မိသားစုတွင် စကားအတိုက်အခံပြောရမည်။

7DAY NEWS JOURNAL
Vol.10, No.41 · DECEMBER 29, 2011

# ၂၀၁၂ ခုနှစ် ကမ္ဘာ့စီးပွားရေး အလားအလာ

**ကြည်နေဝင်းမင်း**




Photo - AFP

ယူရိုဇုန်ကြွေးမြီ အကျပ်အတည်းအားဖြေရှင်းနိုင်လုနီးပြီဟူ၍ ဥရောပခေါင်းဆောင်များက ဈေးကွက်များအား အယုံသွင်းရန် ပျက်ကွက်မှုနှင့် မကြာသေးမီကပေါ်ထွက်လာခဲ့သည့် နိုင်ငံများနှင့် ကော်ပိုရေးရှင်းကြီးများအပေါ် မှုန်မှိုင်းသောအစီရင်ခံစာများကြောင့် ရှေ့လာမည့်နှစ်အတွက်ကမ္ဘာ့ စီးပွားရေးအလားအလာမှာ စိတ်ပျက်ဖွယ်ရာအခြေအနေနှင့် ရင်ဆိုင်နေရသည်။

နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့(IMF)နှင့် အခြားထိပ်သီးဘဏ်များ၏ ရှေ့အလားအလာခန့်မှန်းချက်များမှာလည်း လစဉ်လိုလိုပင် အဆိုးဘက်သို့ လျှော့ချလာခဲ့သည်။ လွန်ခဲ့သောတစ်နှစ်က ၂၀၁၂ ခုနှစ်တွင် ကမ္ဘာ့စီးပွားရေးသည် ၄ ရာခိုင်နှုန်းတိုးတက်မည်ဟု ခန့်မှန်းခဲ့သောအိုင်အမ်ဖက်ဖ်က ၎င်း၏ ကမ္ဘာ့စီးပွားရေးအပေါ် ဇွန်လ ခန့်မှန်းချက်အား ၂ဒသမ၇ ရာခိုင်နှုန်းသာရှိမည်ဟု ပြင်ဆင်ခဲ့သည်။ မကြာခင်က ထုတ်ပြန်ခဲ့သည့်ခန့်မှန်းချက်မှာ ပိုဆိုးပါသည်။

"လတ်တလော ကမ္ဘာ့စီးပွားရေးအခြေအနေဟာ ထူးထူးခြားခြား မြင်မကောင်းပါဘူး။ တော်တော်လေးမှုန်မှိုင်းနေပါတယ်"ဟု အိုင်အမ်အက်ဖ်အကြီးအကဲ မစ္စခရစ္စတင်းလားဂါ့ဒ်က ယခင်ရက်သတ္တပတ်အတွင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ပြောကြားခဲ့သည်။

ဝင်ငွေနည်းပါးသောနိုင်ငံများဖြစ်စေ၊ ထွန်းသစ်စ စီးပွားရေးနိုင်ငံများဖြစ်စေ၊ အလယ်အလတ်နိုင်ငံများဖြစ်စေ၊ စီးပွားရေးအလွန်ရှေ့ရောက်နေသောနိုင်ငံများဖြစ်စေမည်သည့်နိုင်ငံမျှယခုအကျပ်အတည်းမှမလွတ်မြောက်ကြောင်းနှင့် အခြေအနေပင် ပိုဆိုးလာကြောင်းမစ္စလားဂါ့ဒ်ကဆက်ပြောပါသည်။

ယခင် ကမ္ဘာ့ဘဏ် ထိပ်တန်းအရာရှိနှင့်ကယ်လီဖိုးနီးယားတက္ကသိုလ်မှ ပါမောက္ခ၊ ချီလီစီးပွားရေးပညာရှင် ဆဘက်စတီယန်အက်ဒ်ဝပ်ကကမ္ဘာ့စီးပွားရေးကို ဆလင်ဒါအများအပြား ဖြင့်မောင်းနှင်နေသည့်ကားဟု တင်စားပြောဆိုပြီး လက်ရှိတွင် ယင်းဆလင်ဒါများအားလုံး ပုံမှန်အလုပ်လုပ်ပုံမရကြောင်း ပြောပါသည်။

ကမ္ဘာ့အကြီးဆုံး စီးပွားရေးအုပ်စုဖြစ်သော အဖွဲ့ဝင် ၂၇ နိုင်ငံပါ ဥရောပသမဂ္ဂမှာ ၂၀၀၉ ခုနှစ်ကမ္ဘာ့စီးပွားရေးကျကပ်မှ အပြည့်အဝနာလန်မထူနိုင်သေးခင်မှာပင် ဒုတိယစီးပွားကျကပ်အတွင်းသက်ဆင်းနေပြီဖြစ်သည်။ ဂျာမနီနှင့် ဆွီဒင်နှစ်နိုင်ငံသာ ရှေ့နှစ်တွင် စီးပွားရေး အနည်းငယ်တိုးတက်နိုင်သည့် အလားအလာရှိသည်။

"အခုလက်ရှိအခြေအနေမှာ ယူရိုဇုန်စီးပွားရေးကျဆင်းမှာသေချာနေပါတယ်"ဟုနယူးယောက်တက္ကသိုလ် ပါမောက္ခနူရီရယ်ရူဘီနီကဆိုပါသည်။ မစ္စတာနူရီရယ်ရှုဘီနီမှာ ၂၀၀၈ ခုနှစ် ကမ္ဘာ့စီးပွားရေးကျကပ်အားမှန်မှန်ကန်ကန် ဟောကိန်းထုတ်နိုင်ခဲ့ခြင်းအတွက်'Doctor Doom'ဟုနာမည်ထွက်ခဲ့သူဖြစ်သည်။ လောလောဆယ်တွင် စီးပွားရေးကျကပ် မည်မျှပြင်းထန်လေးနက်မည်ဆိုသည့်အတိုင်းအတာကို မခန့်မှန်းနိုင်သေးသော်လည်း ငွေကြေး ဆက်လက်ကျပ်တည်းနေခြင်း၊ အစိုးရကြွေးမြီပြဿနာများ၊ ယှဉ်ပြိုင်မှုနည်းပါးခြင်းနှင့် ဘဏ္ဍာရေး ခြိုးခြံချွေတာမှုအစီအစဉ်များ ဆက်လက်ရှိနေခြင်းကြောင့် စီးပွားရေးကျဆင်းမှုမှာဆိုးရွားလာမည့်အခြေ အနေရှိကြောင်း ၎င်းက ဆိုပါသည်။

ဥရောပ၏ စီးပွားရေးအင်အား အတောင့်တင်းဆုံးဖြစ်သော ဂျာမနီနှင့် ပြင်သစ်နိုင်ငံတို့၏ ကြွေးမြီယုံကြည်စိတ်ချရမှုအဆင့်မှာ အကောင်းဆုံး AAA မှ အဆင့်လျှော့ချခံရဖွယ်ရှိကြောင်း သတိပေးခံထားရသည်။ အစိုးရကြွေးမြီအကျပ်အတည်းအပြင် ဥရောပတစ်ဝန်းမှ နိုင်ငံများသည် အစိုးရအသုံးစရိတ်လျှော့ချရေးအစီအစဉ်များ အပြိုင်အဆိုင်ကြေညာနေကြရာ ယင်းသို့ လျှော့ချမှုများကလာမည့်နှစ်တွင်ဥရောပစီးပွားရေးမှ ကန်ဒေါ်လာ ၃၀၀ ဘီလီယံခန့် နုတ်ယူသွားဖွယ်ရှိသည်။

ယခုနှစ်အတွင်း ကမ္ဘာ့စီးပွားရေးအား ၄၀ ရာခိုင်နှုန်းထက်မနည်းတိုးတက်စေခဲ့သောတရုတ်နိုင်ငံ၏ စီးပွားရေးမှာလည်း အိမ်ခြံမြေပူဖောင်းလေလျော့လာမှုနှင့်အတူ ဒုက္ခတွေ့နေသော ဥရောပနိုင်ငံများသို့ တင်ပို့မှုများလည်း ပြိုလဲလာခဲ့ရာ အလျင်အမြန် စီးပွားရေးနှေးကွေးလာခဲ့သည်။ နိုင်ငံခြားတင်ပို့မှု အလွန်နှေးကွေးလာခဲ့၍ ဩဂုတ်လ ၃၁ ရက်နေ့မှစ၍ ကွန်တိန်နာသင်္ဘောတင်ခများ ၃၉ ရာခိုင်နှုန်းကျဆင်းလာသည်။

အဝယ်တော် မန်နေဂျာများ၏ ညွှန်းကိန်းမှာလည်း ၅၀ အောက်သို့ ကျဆင်းလာခဲ့ရာ ဝယ်လိုအားလျော့နည်းလာခြင်းနှင့်ကုန်ထုတ်လုပ်မှုလျော့ကျလာခြင်းကို သိသိသာသာ ထင်ဟပ်နေသည်။ တရုတ်နိုင်ငံသို့နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုမှာ ၂၈ လအတွင်း ပထမဦးဆုံးအကြိမ်ကျဆင်းလာခဲ့ပြီး ရှန်ဟိုင်းစတော့အိတ်ချိန်းမှ တရုတ်စတော့ရှယ်ယာဈေးနှုန်းများမှာလည်း ၃၃ လအတွင်း အနိမ့်ဆုံးသို့ကျဆင်းလာသည်။

တရုတ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် ယခုနှစ် နောက်ဆုံးသုံးလပတ်တွင် ၇ ရာခိုင်နှုန်းအောက် ကျဆင်းလာနိုင်သည်ဟု လေ့လာသူအများစုက ယူဆပြီး နောက်ဆုံးထွက်ပေါ်လာသောကိန်းဂဏန်းများအရ အိန္ဒိယနိုင်ငံ၏ ဂျီဒီပီမှာလည်း ၆ ဒသမ ၉ ရာခိုင်နှုန်းသို့ ကျဆင်းလာသည်။ အိန္ဒိယနိုင်ငံသုံးငွေ ရူပီး၏ တန်ဖိုးမှာလည်း အမေရိကန်ဒေါ်လာနှင့် နှိုင်းယှဉ်လျှင် အနိမ့်ဆုံးတန်ဖိုးသို့ ကျဆင်းလာခဲ့သည်။

ဘရာဇီးနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာလည်း ရပ်တန့်သွားခဲ့ပြီဖြစ်သည်။ ငွေကြေးဖောင်းပွမှုကို ကာမိစေရန် အတိုးနှုန်းကိုပြင်ဆင်လိုက်ပြီးနောက် ဘရာဇီးနိုင်ငံ၏ စီးပွားရေးမှာ ယခုနှစ် တတိယသုံးလပတ်တွင် မသိမသာ ကျဆင်းလာခဲ့သည်။

တရုတ်၊ ဘရာဇီးနှင့် အိန္ဒိယနိုင်ငံတို့မှာ ပြီးခဲ့သည့်နှစ်အတွင်း ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဓိကမောင်းနှင်ပေးခဲ့သည့် အားကောင်းသောဆလင်ဒါများဖြစ်ပြီး ယင်းဆလင်ဒါသုံးလုံး တစ်ပြိုင်နက်တည်းလိုလို နှေးကွေးလာခြင်းမှာ ၂၀၁၂ ခုနှစ် ကမ္ဘာ့စီးပွားရေးအင်ဂျင်အတွက် အတိတ်နိမိတ်မကောင်းလှပေ။

ရှေ့လာမည့်နှစ်အတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ၂ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းထားသည့် အရှေ့အာရှစီးပွားရေးအင်အားကြီး ဂျပန်နိုင်ငံကိုကြည့်ပါဦး။ ယန်းငွေတန်ဖိုး စံချိန်တင်မြင့်တက်မှုနှင့်တရုတ်နှင့်ဥရောပဈေးကွက်များ ကျဆင်းလာမှုကြောင့် ဂျပန်နိုင်ငံ၏ နိုင်ငံခြားကုန်ပစ္စည်းတင်ပို့မှုများ ခြိမ်းခြောက်ခံနေရသည်။

ဥရောပ၊ ဂျပန်၊ တရုတ်၊ အိန္ဒိယနှင့် ဘရာဇီးဆလင်ဒါများ ပုံမှန်အလုပ်မလုပ်တော့သည့်အချိန်တွင် အင်အားအကောင်းဆုံး အမေရိကန် ဆလင်ဒါကရော ကမ္ဘာ့စီးပွားရေးအင်ဂျင်ကို ပုံမှန်လည်ပတ်စေမည်လား။ အလုပ်လက်မဲ့နှုန်း စားသုံးသူသုံးစွဲမှုနှင့် စီးပွားရေးအချက်ပြ ကိန်းဂဏန်းများအားလုံးက ရှေ့နှစ်တွင် အမေရိကန်၏ စီးပွားရေးအတန်အသင့် ၂ ရာခိုင်နှုန်းတိုးတက်လာနိုင်သည်ဟု ညွှန်းဆိုနေသော်လည်း ကွန်ဂရက်နှင့် အိမ်ဖြူတော်တို့က နိုင်ငံ၏ဘတ်ဂျက်အကျပ်အတည်းအား ဖြေရှင်းရန်လုံလောက်သော နိုင်ငံရေးစိတ်ဓာတ်အင်အားရှိပါ့မလားဆိုသည်မှာ အကြီးအကျယ်မေးခွန်းထုတ်ရမည့်အခြေအနေဖြစ်သည်။

အားလုံးကို ခြုံကြည့်ပါက ၂၀၁၂ခုနှစ်အတွက် ကမ္ဘာ့စီးပွားရေးအလားအလာမှာအလွန်ဆုံးလေးကန်သောဖွံ့ဖြိုးတိုးတက်မှု(သို့မဟုတ်)ဖြစ်နိုင်ခြေပိုရှိသည်မှာ နူးညံ့အားပျော့သောစီးပွားရေးကျဆင်းမှုဖြစ်နိုင်သည်။ သို့သော် ထို့ထက်မက ဆိုးရွားသွားနိုင်သောအနေအထားများလည်းရှိသည်။ ဥပမာ-ဥရောပဘဏ်များပြိုလဲမှု (သို့မဟုတ်) အီတလီကဲ့သို့ ၎င်း၏ ကြွေးမြီများအတွက် ဘဏ္ဍာရေးအရမဖြည့်ဆည်းနိုင်ခြင်းအခြေအနေမျိုးဖြစ်သည်။ ဤနေရာတွင် အိမ်ရာတန်ဖိုးများ လေးနှစ်ဆက်တိုက်ကျဆင်းလာပြီး အလုပ်လက်မဲ့နှုန်း ၂၃ ရာခိုင်နှုန်းအထိ မြင့်တက်လာသော စပိန်ကဲ့သို့ နိုင်ငံများ၏ အခြေအနေကို ထည့်မတွက်ရသေးပေ။

သို့သော် ကမ္ဘာပေါ်တွင် သဘာဝရင်းမြစ်ကြွယ်ဝသောနိုင်ငံများ ဥပမာ-အမေရိကန်၊ ရုရှား၊ အာရပ်နိုင်ငံများနှင့် အခြားသဘာဝသယံဇာတကြွယ်ဝသောနိုင်ငံများက ကမ္ဘာ့စီးပွားရေးကို ထောက်ကန်ပေးထားနိုင်ခဲ့မည်ဆိုလျှင်၊ ယင်းနိုင်ငံများတွင်လည်း နိုင်ငံရေးတည်ငြိမ်နေမည်ဆိုလျှင် စာဖတ်သူများ နှစ်သစ်မှာ ပျော်ရွှင်ပါစေ။



Photo - AFP

*—Ref: 2012 Looks grim*
*By Martin Walker*

နိုင်ငံတော်မှ "ပထမဦးဆုံး" တရားဝင် ဖွင့်လှစ်ခွင့်ရရှိထားသော

## DIAMOND AUTO Showroom

သို့ရောက်ရှိလာသော မော်တော်ကားများအား ယုံကြည်စိတ်ချစွာဖြင့် ဝယ်ယူအားပေးကြသော Coustomer များဖြစ်ကြသည့်

၁။ ဦးသက်နိုင်လွင် (ခ) ဦးတိုးဝါ
၂။ ဦးဇော်နိုင် (နာရီနန်းတော်)
၃။ ဦးဝင်းထိန်
၄။ ဦးမန်းကျော်သူ
၅။ ဦးသန်းထွဋ်စိုး
၆။ ဦးလင်းနိုင်
၇။ ဒေါ်လှရွှေမြင့်
၈။ ဦးကျော်ကျော်သန်းဆွေ
၉။ ဦးလှသိန်း
၁၀။ ဦးခွန်မောင်ညို
၁၁။ ဦးခွန်ကျော်နိုင်
၁၂။ ဦးနိုင်လင်း
၁၃။ Dr. ဒေါ်ခင်အေးမြင့်
၁၄။ ဦးတင်ဇော်မိုး
၁၅။ ဦးသန်းဝင်း
၁၆။ ဦးအောင်လင်း
၁၇။ ဒေါ်အေးအေးမူ
၁၈။ ဦးအောင်မော်
၁၉။ ဦးထွန်းထွန်းသိန်း
၂၀။ ဦးမြင့်သိန်း
၂၁။ ဦးကိုကိုမောင်
၂၂။ ဦးမောင်မောင်
၂၃။ ကိုဝေလင်း
၂၄။ ဦးမြင့်အောင်
၂၅။ ဒေါ်သန္တာဦး
၂၆။ ဒေါ်စမ်းစမ်းဝင်း
၂၇။ ဦးမျိုးကျော်
၂၈။ ဦးအောင်တင်ဝင်း
၂၉။ ဦးကျော်စိုးဝင်း
၃၀။ ဦးကျော်မင်း
၃၁။ ဦးရွှေဝင်း
၃၂။ ဦးကောင်းသက်စံ
၃၃။ ဦးလှမြင့်
၃၄။ ဦးဇော်လင်းဦး
၃၅။ ဦးမျိုးအောင်
၃၆။ ဦးသက်အောင်
၃၇။ ဦးသက်လွင်
၃၈။ ဦးမင်းသူရအောင်
၃၉။ ဒေါ်ဒီနီဝင်း

တို့အား Diamond Auto Services Co., Ltd. မှ အထူးပင်ကျေးဇူးတင်ရှိပါကြောင်းနှင့် နှစ်သစ်တွင် လုပ်ငန်းများ ဆထက်ထမ်းပိုး တိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

MD, Director နှင့် ဝန်ထမ်းများ

DIAMOND AUTO Service Co., Ltd.

No. (150-B), New University Avenue Road, Bahan Township, Yangon, Myanmar.
Office Phone : 01-401590, 01-401591 Fax : 95-01-401590, 01-401591
Website : www.diamondauto-myanmar.com




# Commodity Watch

7DAY NEWS JOURNAL
Vol.10, No.41 · DECEMBER 29, 2011

## Computer

| CPU | Kyats |
|---|---|
| Intel P4 Dual Core 3.0 (E 5700) (775) Processor | 50,560 |
| Intel P4 Core i3 3.3 GHz (1155,2120) Processor | 96,380 |
| Intel P4 Core i5 2.8 GHz (1155,2300) Processor | 139,830 |
| Intel P4 Core i5 3.1 GHz (1155,2400) Processor | 160,370 |
| Intel P4 Core i7 3.4 Ghz (1155,2600) Processor | 235,420 |
| **Motherboard** | |
| MSI G4 1M-P28 (775) | 48,190 |
| MSI PH61A-P35 (B3) | 78,210 |
| ASUS P5G41T-MLX (775) | 48,980 |
| ASUS P8H61-MLX Plus (1155) | 62,410 |
| ASUS P8H67MLE (1155) | 90,850 |
| Gigabyte G41MT-S2(775) | 48,980 |
| Gigabyte P61-USB3 (B3) (1155) | 86,110 |
| Gigabyte H61M-S2 (B3) (1155) | 71,100 |
| **PC Memory** | |
| 1 GB DDR (400) Kingston | 37,920 |
| 1 GB DDR2 (800) Kingston | 13,430 |
| 2 GB DDR2 (800) Kingston | 20,540 |
| 4 GB DDR3 (1333) Kingston | 17,380 |
| **Harddisk** | |
| 500 GB Seagate SATA | 70,310 |
| 1000 TB Seagate SATA | 94,800 |
| 2 TB Seagate SATA | 110,600 |
| **PCI Express Card** | |
| MSI EAH 5450 1GB DDR3 PCI Express Card | 38,710 |
| MSI N430GT 1GB PCI Express Card | 65,570 |
| MSI N430GT 2GB PCI Express Card | 69,520 |
| ASUS ENGTX520 1GB PCI Express Card | 48,980 |
| ASUS ENGT 430 1GB DDR3 PCI Express Card | 60,040 |
| ASUS EHA 6670 Formula 1GB DDR5 PCI Express Card | 90,850 |
| Gigabyte Geforce 210 TC 1GI 1GB PCI Express Card | 40,290 |
| Gigabyte Geforce N430 OC 1GB PCI Express Card | 69,520 |
| **Memory Stick** | |
| Toshiba 4 GB | 6,500 |
| Apacer 4 GB | 7,500 |
| Sony 8 GB | 12,500 |
| Kingston 8 GB | 7,000 |
| **UPS** | |
| Numeric (600 VA) UPS | 31,600 |
| Numeric (1000 VA) UPS | 63,200 |
| Power Pro (650 VA) UPS | 34,500 |
| Power Pro (1200 VA) UPS | 63,000 |
| Star (650 VA) UPS LED | 29,230 |
| Star (650 VA) UPS LCD Display | 30,810 |
| SVC (1200VA) UPS | 60,500 |
| East (650 VA) UPS LED | 31,600 |
| East (1.2KVA) UPS | 59,250 |
| **DVD Writer** | |
| ASUS DVD Writer (SATA) | 22,400 |
| Liteon 8X Blu-ray Disc Combo | 112,000 |
| Liteon DVD Writer (SATA) | 24,000 |
| **အိတ်ဆောင်တီဗီငှက်အဘိတန်** | 160,000 |

Technoland ဆိုင်မှ ဒီဇင်ဘာ(၂၃) ရက်က ကောက်ယူထားသောဈေးနှုန်းဖြစ်သည်။

## Note Book

| Acer | |
|---|---|
| Intel Core i7 2.0Ghz 4GB DDR3,640 HDD,1GB VGA,14.0" | 640,000 |
| Intel Core i5 2.30Ghz 4GB DDR3,640 HDD,1GB VGA,14.0" | 528,000 |
| Intel Core i3 2.10Ghz 2GB DDR3,500 HDD,14.0" | 399,000 |
| Intel DualCore 1.6Ghz 2GB DDR3,640 HDD,256VGA,14.0" | 338,400 |
| Intel Atom 1.66Ghz 2GB DDR3, 320GB HDD,10.1" | 256,000 |
| **Dell** | |
| Intel Core i7 2.0Ghz 6GB DDR3, 640 HDD,1GB VGA,15.6" | 880,000 |
| Intel Core i5 2.30Ghz 6GB DDR3, 640 HDD, 15.6" | 552,000 |
| Intel Core i3 2.10Ghz 4GB DDR3, 500 HDD, 14.0" | 488,000 |
| Intel Atom 1.66Ghz 1GB DDR3, 250 HDD, 10.1" | 304,000 |
| **Lenovo** | |
| Intel Core i7 2.10Ghz 8GB DDR3,750 HDD,2GB VGA,15.6" | 847,200 |
| Intel Core i5 2.3Ghz 2GB DDR3,750 HDD,1GB VGA,14" | 535,200 |
| Intel Core i3 2.2Ghz 2GB DDR3,500 HDD, 14" | 407,200 |

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| SamSung(LCD) | 22-350 | 195,000 |
| LG(LCD) | 22LH15R | 195,000 |
| Sony (LCD) | 22BH300 | 250,000 |
| Toshiba | LZE 21-28 | 120,000 |
| Daewoo | DTU2131NZF | 145,000 |
| | DTU2132NZF | 145,000 |
| **DVD** | | |
| EVD (coeco) | 8082 | 26,000 |
| EVD(sukura) | DVK75 | 30,000 |
| LG | DV276 | 35,000 |
| Toshiba | DV380 | 30,000 |
| Daewoo | 1400S | 49,000 |
| HQ | HDMI999 | 59,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 185,000 |
| Sanyo | SR811 | 499,000 |
| Hitachi | 19AGV7 | 280,000 |
| Panasonic | NR.BT222 | 285,000 |
| **Washing** | | |
| Daewoo | DW900C | 179,000 |
| | DW172C | 199,000 |
| Daewoo | DWF200KR | 320,000 |

မှတ်ချက်– အထက်ပါဈေးနှုန်းများမှာ ဒီဇင်ဘာ(၂၃)ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ(ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၄,၈၀၀ |
| ဘိလပ်မြေ(ယိုးဒယား INSee) | တစ်အိတ် | ၄,၇၀၀ |
| ဘိလပ်မြေ(မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၄,၀၀၀ |
| ဘိလပ်မြေ(ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၄,၅၀၀ |
| အုတ်(ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၉၈ |
| အုတ်(ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၈၅ |
| အုတ်(၈ ပေါက်အုတ်) | တစ်လုံး | ၉၈ |
| အုတ်(၁၀ ပေါက်အုတ်) | တစ်လုံး | ၁၃၅ |
| သဲ(အကြမ်း) | တစ်ကျင်း | ၁၀,၀၀၀ |
| သဲ(အနု) | တစ်ကျင်း | ၁၂,၀၀၀ |
| ကျောက် | တစ်ကျင်း | ၄၀,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၇၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.34mm) | ၁ ပေ | ၉၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၁,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.42mm) | ၁ ပေ | ၁,၁၆၀ |
| Posco ကြယ်စိမ်း(6/7/8 ပေ) | ၁ ပေနှုန်း | ၅၁၀ |
| Posco ကြယ်စိမ်း(9/10 ပေ) | ၁ ပေနှုန်း | ၅၁၅ |
| Posco ကြယ်စိမ်း(11/12 ပေ) | ၁ ပေနှုန်း | ၅၂၀ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ 6/7/8/9/10/11/12) | ၁ ပေ | ၅၃၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင် 6/7/8) | ၁ ပေနှုန်း | ၃၃၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၀၀၀ |

အထက်ပါဈေးနှုန်းများမှာ ဒီဇင်ဘာ(၂၃)ရက်တွင် ကောက်ယူထားသောဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားဖိုဆောင်သုံးသီးနှံဈေးနှုန်းများ

| အမည် | အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ခရမ်းချဉ်သီး(ထိုင်ဝမ်) | ၁ သေတ္တာ | ၁၅,၀၀၀-၁၇,၀၀၀ |
| ပန်းဂေါ်ဖီ | ၁ ထုပ် | ၃၅၀-၅၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၄၀၀-၅၀၀ |
| မုန်လာဥနီ | ၁ ပိဿာ | ၈၀၀-၁,၀၀၀ |
| ဘိုစားပဲသီး | ၁ ပိဿာ | ၁,၅၀၀-၁,၈၀၀ |
| ခရမ်းသီး | ၁ လုံး | ၄၀-၈၀ |
| ရွှေပဲသီး | ၁ ပိဿာ | ၃,၀၀၀ |
| မုန်ညင်းဖြူထုပ် | ၁ ပိဿာ | ၇၀၀-၈၀၀ |
| ငရုတ်သီး(ပီနံ) | ၁ ပိဿာ | ၃,၅၀၀ |
| ငရုတ်ရှည် | ၁ ပိဿာ | ၃,၅၀၀ |
| ငရုတ်ပွ | ၁ ပိဿာ | ၁,၅၀၀ |

ဈေးနှုန်းများမှာ သီရိမင်္ဂလာဈေးမှ ဒီဇင်ဘာ(၂၄)ရက်က ကောက်ယူထားသော လက်ကား ဈေးနှုန်းများဖြစ်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၈၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၄၀၀ |
| ဆန်(ဧယာ) | တစ်ပြည် | ၆၀၀-၁,၀၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၄၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၇၅၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၃,၉၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၆၀၀-၈၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၂,၅၀၀ |
| သကြား | တစ်ပိဿာ | ၁,၂၀၀-၁,၄၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၃,၅၀၀ |
| အာလူး | တစ်ပိဿာ | ၈၅၀-၉၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀-၆၅၀ |
| နို့စိမ်း | တစ်ဘူး | ၅၇၀-၆၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၀၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၃၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးရံ့ | ၁ ပိဿာ | ၂,၀၀၀-၃,၀၀၀ |
| ငါးခူ | ၁ ပိဿာ | ၂,၀၀၀-၃,၀၀၀ |
| ငါးကျည်း | ၁ ပိဿာ | ၂,၀၀၀-၃,၀၀၀ |
| ငါးပြေမ | ၁ ပိဿာ | ၂,၅၀၀-၄,၀၀၀ |
| ငါးပနော် | ၁ ပိဿာ | ၁,၃၀၀-၁,၈၀၀ |
| ငါးရှဉ့် | ၁ ပိဿာ | ၁,၈၀၀-၂,၅၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၂၀၀-၁,၆၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၅၀၀-၃,၀၀၀ |
| ငါးခေါင်းပွ | ၁ ပိဿာ | ၁,၀၀၀-၁,၈၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၂,၈၀၀-၂၄,၀၀၀ |
| ငါးတန် | ၁ ပိဿာ | ၁,၂၀၀-၂,၀၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၁,၆၀၀-၂,၄၀၀ |
| ကကတစ် | ၁ ပိဿာ | ၂,၀၀၀-၄,၀၀၀ |
| ကသဘောင်း | ၁ ပိဿာ | ၂,၀၀၀-၃,၅၀၀ |
| ငါးဘတ်၊ ငါးကြောင်း | ၁ ပိဿာ | ၃,၅၀၀-၇,၅၀၀ |
| ငါးပုဏ္ဏား | ၁ ပိဿာ | ၂,၀၀၀-၄,၀၀၀ |
| ပုစွန်ကြော့ | ၁ ပိဿာ | ၁,၈၀၀-၂,၀၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၀၀၀-၃,၅၀၀ |
| ပုစွန်(ဆတ်သေး) | ၁ ပိဿာ | ၆,၀၀၀-၈,၀၀၀ |
| ပုစွန်(ဆတ်ကြီး) | ၁ ပိဿာ | ၆,၅၀၀-၈,၀၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၂,၀၀၀-၂၆,၀၀၀ |
| ငါးမျိုးစုံ | ၁ ပိဿာ | ၁,၀၀၀-၂,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၀၀၀-၁,၂၀၀ |

ဒီဇင်ဘာ (၂၂)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ကားမျိုးစုံဈေးနှုန်းများ

| ယာဉ်အမျိုးအစား | မော်ဒယ် | အကွာရာ | ဈေးနှုန်း(ကျပ်သိန်း) |
|---|---|---|---|
| စူပါဆလွန်း | ၈၆/၈၇ | လ/သ/အ | ၁၀၀ အောက် |
| စူဇူကီး ဝက်ဂွန် R+ | - | ၁၀ | ၁၅၀ |
| ဆပ်ဖ် | ၉၇ | ၆၀ | ၃၅၀ |
| တိုယိုတာဗင် (CE96) | ၉၀ | ၈က/၉က | ၁၁၀ |
| တိုယိုတာဆလွန်း | ၈၈ | ၃က | ၁၀၀ |
| မတ်တူး | ၉၉ | ၆၀ | ၃၀၀ စွန်းစွန်း |
| ရွှေငါး(2.5g) | ၂၀၀၂ | ၆၀ | ၃၅၀ |
| ပါဂျဲရို | ၉၇ | ၆၀ | ၄၂၀ |

ဒီဇင်ဘာ(၂၄)ရက်က ရန်ကုန်မြို့ရှိ ကားပွဲစားတန်းများတွင်ဖြစ်ပေါ်နေသော မော်တော်ယာဉ်ခေါ်ဈေးနှုန်းများဖြစ်ပါသည်။ယခုရက်ပိုင်းဈေးနှုန်းများ အပြောင်းအလဲရှိနိုင်သည်။

## ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှ ဈေးနှုန်းများ

| | Dec (18) | Dec (19) | Dec (20) | Dec (21) | Dec (22) | Dec (23) | Dec (24) |
|---|---|---|---|---|---|---|---|
| ဓာတ်ဆီ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ |
| ဒီဇယ် | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ |
| Octane ဒီဇယ် | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ |
| Premier ဒီဇယ် | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ |

Environment
7DAY NEWS JOURNAL
Vol.10, No.41 · DECEMBER 29, 2011

# မဲခေါင်ဒေသတွင်းနိုင်ငံများပူးပေါင်းကာဇီဝမျိုးစုံမျိုးကွဲနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးငါးနှစ်တာစီမံချက်ချမှတ်

အေးမြကျော်

**ရန်ကုန်၊ ဒီဇင်ဘာ - ၂၁**

၂၀၁၂မှ ၂၀၁၆ ခုနှစ်အထိ ငါးနှစ်တာအတွင်း မဲခေါင်ဒေသအတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေး အစီအစဉ်နှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေး စောင့်ရှောက်ရေးစကြံကိုဒေသတွင်းခြောက်နိုင်ငံမှ နိုင်ငံ့ခေါင်းဆောင်များက အတည်ပြုနိုင်ခဲ့ကြောင်း မဲခေါင်ထိပ်သီး အစည်းအဝေးအပြီးပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် မြန်မာနိုင်ငံသမ္မတ ဦးသိန်းစိန်က ပြောကြားခဲ့သည်။

ကျင်းပပြီးစီးသွားခဲ့သော မဲခေါင်ဒေသတွင်းနိုင်ငံများ ထိပ်သီးအစည်းအဝေးတွင်ဒေသတွင်း ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေး၊ စွမ်းအင်ချွေတာသုံးစွဲရေး၊ ကာဗွန်ထုတ်လွှတ်မှုမှုလျှော့ချရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာများကိုလက်တွဲပူးပေါင်းကာအလေးပေးဆောင်ရွက်သွားရန် မဲခေါင်ဒေသတွင်း ခြောက်နိုင်ငံခေါင်းဆောင်များက ဆွေးနွေးအတည်ပြုနိုင်ခဲ့ကြသည်။

အဆိုပါထိပ်သီးအစည်းအဝေးတွင် ၂၀၁၂မှ ၂၀၂၂ခုနှစ်အထိ ဆယ်စုနှစ်တစ်ခုအတွက် မဟာဗျူဟာမူဘောင်တစ်ရပ်ကို အတည်ပြုနိုင်ခဲ့ပြီး ယင်းမှာ ဒေသတွင်း နိုင်ငံအချင်းချင်း သက်ဆိုင်ရာ ကဏ္ဍများအလိုက်ပူးပေါင်းဆောင်ရွက်နိုင်ရန် စွမ်းအင်သုံးစွဲရေးကိစ္စများ၊ စားနပ်ရိက္ခာလုံခြုံရေး၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍများနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလက်တွဲဆောင်ရွက်သွားမည့် ကိစ္စရပ်များ ပါဝင်သည်။

ထို့အပြင် အစည်းအဝေးတွင် မဲခေါင်ဒေသတွင်း ဇီဝမျိုးစုံမျိုးကွဲများကို ပူးပေါင်းထိန်းသိမ်းသွားရန်နှင့် ယိုယွင်းနေသော ဒေသတွင်း ဂေဟစနစ်များကို ပူးပေါင်းထိန်းသိမ်းရန်လည်း သဘောတူညီမှုရရှိခဲ့သည်။

မကြာသေးမီကလည်း ကမ္ဘာ့တောရိုင်းတိရစ္ဆာန်များထိန်းသိမ်းရေးအဖွဲ့က မဲခေါင်ဒေသတွင်း ကောက်ယူခဲ့သောစစ်တမ်းနှင့်လေ့လာတွေ့ရှိချက်များအရ မျိုးစိတ်ပေါင်း ၂၀၈ မျိုး အမည်စာရင်းကို ထုတ်ပြန်ကာ ထိန်းသိမ်းရန်လိုအပ်ကြောင်း ထောက်ပြပြောဆိုထားသည်။ အာရှဖွံ့ဖြိုးရေးဘဏ်၏ ကျောထောက်နောက်ခံပြုမှုဖြင့် မဲခေါင်ဒေသတွင်း နိုင်ငံများ အစီအစဉ်ကို ၁၉၉၂ ခုနှစ်တွင် စတင်ခဲ့ပြီး မဲခေါင်ဒေသတွင်း နိုင်ငံများ ထိပ်သီးအစည်းအဝေးကို သုံးနှစ်လျှင် တစ်ကြိမ်ကျင်းပခဲ့ကာ ယခုနှစ်တွင် မြန်မာနိုင်ငံရှိ နေပြည်တော်၌ ဒီဇင်ဘာ ၁၉ နှင့် ၂၀ရက်တို့တွင် ကျင်းပခဲ့သည်။ မဲခေါင်ဒေသတွင်း နိုင်ငံများမှာ မြန်မာ၊ ထိုင်း၊ လာအို၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့် တရုတ်တို့ ဖြစ်ကြသည်။

## WWF က ထုတ်ပြန်သော မဲခေါင်ဒေသတွင်း မျိုးစိတ်သစ်စာရင်းတွင် မြန်မာနိုင်ငံမှ နှာခေါင်းလန်မျောက်ပါဝင်

အေးမြကျော်

**ရန်ကုန်- ဒီဇင်ဘာ ၂၃**

ကမ္ဘာ့တောရိုင်းတိရစ္ဆာန်အဖွဲ့က ထုတ်ပြန်သော မဲခေါင်ဒေသတွင်းတွင် ရှာဖွေတွေ့ရှိခဲ့သော တောရိုင်းတိရစ္ဆာန်မျိုးစိတ်သစ် စာရင်း၌ ထိန်းသိမ်းရန် လိုအပ်နေကြောင်း မီးမောင်းထိုးပြသည့် မျိုးစိတ်စာရင်းတွင် မြန်မာနိုင်ငံရှိမျိုးသုဉ်းရန်အန္တရာယ်နှင့် ရင်ဆိုင်နေရသော နှာခေါင်းလန်မျောက် (snub-nosed monkey) လည်း ပါဝင်ကြောင်း ထိုအဖွဲ့၏ ထုတ်ပြန်ချက်များအရ သိရသည်။



၂၀၁၀ပြည့်နှစ်တွင်မဲခေါင်ဒေသတွင်းနိုင်ငံများဖြစ်သော မြန်မာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နှင့် တရုတ်နိုင်ငံတို့တွင် လေ့လာသုတေသနပြုမှုများ ပြုလုပ်ခဲ့ရာ သိပ္ပံပညာရှင်များ အတွက် လေ့လာထိန်းသိမ်းရန် တောရိုင်းတိရစ္ဆာန် မျိုးစိတ် ၂၀၈ မျိုးစာရင်းကို ဒီဇင်ဘာဒုတိယပတ်က ထုတ်ပြန်ခဲ့သည်။ ထိုစာရင်းတွင် မြန်မာနိုင်ငံ ကချင်ပြည်နယ်သစ်တောများ၌ရှိနိုင်သည်ဟု ခန့်မှန်းထားသော နှာခေါင်းလန်မျောက် ပါဝင်နေခြင်းဖြစ်သည်။

နှာခေါင်းလန်မျောက်၏ ဆံပင်ပုံစံမှာ ဂန္ထဝင်အဆိုတော်အဲဗစ်ပရက်စလေ၏ ဆံပင်ပုံစံနှင့် ဆင်တူသည့်အတွက် အဲဗစ်မျောက်ဟုအချို့ကခေါ်တွင်ကြသော ထိုနှာခေါင်းလန်မျောက်ထိန်းသိမ်းရေးကိုပြည်တွင်းရှိဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးအဖွဲ့အစည်းတစ်ခုဖြစ်သည့် BANCA ကသစ်တောဦးစီးဌာန၏ခွင့်ပြုချက်ဖြင့် ဆောင်ရွက်လျက်ရှိပြီး BANCA ကို နှာခေါင်းလန်မျောက်နှင့်ပတ်သက်ကာ တစ်စုံတစ်ရာမှတ်ချက်ပေးရန် မေးမြန်းရာ ဆိုင်ရာဝန်ကြီးဌာနမှ သတင်းစာရှင်းလင်းပွဲပြုလုပ်ကာ အသိပေးသွားမည်ဟု ပြောသည်။

ကမ္ဘာ့တောရိုင်း တိရစ္ဆာန်ထိန်းသိမ်းရေးအဖွဲ့ (WWF)၏ ထုတ်ပြန်ချက်တွင် နှာခေါင်းလန်မျောက်သည်တွေ့ရှိရန်ခဲယဉ်းသည့်အတွက် မှတ်တမ်းဓာတ်ပုံရိုက်ကူးထားနိုင်ခြင်းမရှိသဖြင့် ပုံတူပန်းချီရေးဆွဲ ဖော်ညွှန်းနိုင်ကြောင်း စစ်တမ်းတွင် ဆိုထားသည်။

WWF ကမဲခေါင်ဒေသတွင်း နိုင်ငံများတွင်တွေ့ရှိခဲ့သောမျိုးစိတ် ၂၀၈ မျိုးမှာ အပင်မျိုးစိတ်၁၄၅ မျိုး၊ တွားသွားသတ္တဝါ ၂၈မျိုး၊ ငါး ၂၅မျိုး၊ ကုန်းနေရေနေသတ္တဝါ ၇မျိုး၊ နို့တိုက်သတ္တဝါ ၂ မျိုးနှင့် ငှက်မျိုးစိတ်တစ်မျိုးတို့ ပါဝင်သည်။ WWF၏ ထုတ်ပြန်ခဲ့သော စစ်တမ်းအရ မဲခေါင်ဒေသတွင်း တစ်ရက်လျှင်ပျမ်းမျှအားဖြင့် မျိုးစိတ်သစ် ၂မျိုးတွေ့ရှိနေကြောင်း သိရသည်။

"၂၀၁၀ပြည့်နှစ်အတွင်းမှာ ရှာဖွေတွေ့ရှိခဲ့တဲ့စာရင်းဟာ သိပ္ပံပညာအနေနဲ့အသစ်ဖြစ်ပေမယ့် မျိုးစိတ်တော်တော်များများဟာ တချို့က ထမင်းစားပွဲဝိုင်းတွေမှာ ရောက်နေပြီး တချို့က ပျက်စီးယိုယွင်းနေတဲ့ဝန်းကျင်မှာ ရှင်သန်အောင် ကြိုးစားနေကြရတယ်။ တချို့ကတော့ မျိုးသုဉ်းပျောက်ကွယ်လုနီးနေကြပါပြီ" ဟု ကမ္ဘာ့တောရိုင်းတိရစ္ဆာန်များ အဖွဲ့က ဒါရိုက်တာ စတူအပ်ချန်မန်က ပြောကြားခဲ့သည်ဟု WWF ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

## Environment Cartoon




လူတိုင်းသာ အစနောက်တိုင်း
လူခနမှုပုံစံအတိုင်း နေထိုင်ကြရင်
နောက်ထပ် ကမ္ဘာ ၃လုံး လိုမယ်။

## သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်မှုအစီအစဉ် တစ်နိုင်ငံလုံးတွင်ပြုလုပ်ရန်ရှိဟုဆို

မြတ်စုမွန်

**ရန်ကုန်၊ ဒီဇင်ဘာ - ၂၄**


သဘာဝဘေးအန္တရာယ်တစ်ခုခု ကျရောက်လာပါက ပျက်စီးဆုံးရှုံးမှုနည်းပါးစေရန်နှင့် ကြိုတင်ကာကွယ်နိုင်ရန် ဒေသခံများအားလုံး ပါဝင်လေ့ကျင့်ပြင်ဆင်နိုင်မည့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုအစီအစဉ်များကို ပြည်တွင်း၊ပြည်ပလူမှုရေးအဖွဲ့အစည်းများနှင့်ပူးပေါင်းကာမြန်မာတစ်နိုင်ငံလုံးရှိဒေသအသီးသီးတွင်ပြုလုပ်သွားမည်ဖြစ်ကြောင်း လူမှုဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးကပြောသည်။

"ကျွန်တော်တို့က ရန်ပုံငွေရရင်ရသလို တစ်နိုင်ငံလုံးမှာလိုက်လုပ်သွားမယ်။ ကလေးတွေ ပါဝင်ပူးပေါင်းနိုင်အောင်လည်း သူတို့စိတ်ဝင်စားမယ့် လက်ထိုးရုပ်သေးသေးလေးတွေနဲ့ပြပြီး ဘေးအန္တရာယ်ခန့်ခွဲမှုအစီအစဉ်တွေကို ပြောမယ်။ အခု ရေဘေးကြုံခဲ့ရတဲ့ ဆိပ်ဖြူမြို့ကိုသွားပြီး ပညာပေးအစီအစဉ်တွေလုပ်ဖို့ စီစဉ်နေပါတယ်"ဟု အဆိုပါအသင်းမှဉက္ကဌ ဒေါက်တာခင်မောင်ဝင်းကပြောသည်။

ယင်းသို့ သဘာဝဘေးအန္တရာယ်ခန့်ခွဲမှုအစီအစဉ်များကို နိုင်ငံအနှံ့ပြုလုပ်သွားနိုင်ရန်အတွက် လူမှုရေးအဖွဲ့အစည်းများပါသည့် Myanmar DRR Consotium Working Group တစ်ခု ဖွဲ့စည်းထားကြောင်းလည်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။

"အန္တရာယ်ဖြစ်လာရင် ဘာလုပ်ရမလဲဆိုတဲ့ ကြိုတင်ပြင်ဆင်မှု၊ သတိပေးစနစ်တွေရှိမယ်ဆိုရင် ကိုယ့်ရပ်ရွာ ကိုယ်စောင့်ရှောက်နိုင်ကြမယ်။ ဒေသခံတွေကိုယ်တိုင်က သဘာဝဘေးဖြစ်ရင် ဘယ်ကိုပြောင်းရွှေ့မယ်၊ ဘယ်အိမ်မှာ သက်ကြီးရွယ်အိုနဲ့ မသန်စွမ်းသူတွေရှိတယ်။ ဘယ်လမ်းကြောင်းက ပြေးမယ်ဆိုတာတွေ ကြိုတင်လေ့ကျင့်ကြတယ်။ ရွာရဲ့မြေပုံနဲ့ လမ်းကြောင်းတွေကို သူတို့ ရွာသားတွေကိုပဲဆွဲခိုင်းမယ်။ တစ်ခုခုဖြစ်ရင် ကြိုလေ့ကျင့်ပေးထားတာတွေက သူတို့မသိစိတ်မှာစွဲနေပြီးသား" ဟု အထက်ပါ ပုဂ္ဂိုလ်က ဆက်လက်ပြောသည်။

လူမှုဖွံ့ဖြိုးတိုးတက်ရေးအသင်း(CDA)သည် ယခုနှစ်အတွင်း ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ရှိ ကျေးရွာ ၁၃ ရွာ၊ ကရင်ပြည်နယ် ဘားအံမြို့ရှိ ရပ်ကွက်ခြောက်ခုတို့တွင် အဆိုပါအစီအစဉ်များပြုလုပ်ခဲ့ကြောင်း သိရသည်။






Tourism
7Day News Journal
Vol.10, No.41 · DECEMBER 29, 2011

# မဟာမုနိဘုရားကြီးတွင် နိုင်ငံခြားသားများအပေါ် ကောက်ခံသောကင်မရာကြေး လျှော့ပေး

အောင်သူရ၊ ညီညီဇော်
မန္တလေး၊
ဒီဇင်ဘာ - ၂၄

မန္တလေးမြို့ မဟာမုနိဘုရားကြီးတွင် နိုင်ငံခြားဧည့်သည်များထံမှ ကင်မရာကြေး ပြောင်းလဲကောက်ခံနေပြီဖြစ်ကြောင်း သတင်းရရှိသည်။

နိုင်ငံခြားဧည့်သည်များကို ကင်မရာကြေးကောက်ခံမှုကြောင့် ဧည့်လမ်းညွှန်နှင့် မဟာမုနိဘုရားကြီး ဝန်ထမ်းများ မကြာခဏ စကားများခဲ့ကြသည်။ ထို့ကြောင့် မဟာမုနိဂေါပကအဖွဲ့က ကင်မရာကြေးကို ယခင်သတ်မှတ်ခဲ့သော နှစ်ဒေါ်လာမှ တစ်ဒေါ်လာသို့ ဒီဇင်ဘာလနောက်ဆုံးပတ်မှ စတင်၍ ပြောင်းလဲကောက်ခံပေးမည်ဖြစ်ကြောင်း ဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးကပြောသည်။ "ကျွန်တော်တို့ ဂေါပကအဖွဲ့ရဲ့ အစည်းအဝေးဆုံးဖြတ်ချက်အရကောက်တာပါ။ နှစ်ဒေါ်လာ ကောက်တာကတော့ ၂၀၀၈ ခုနှစ်ကစတာပါ။ ခုတော့ ဒီလ ၁၉ ရက်နေ့ကစပြီး တစ်ဒေါ်လာပြောင်းကောက်နေပါပြီ" ဟုအဆိုပါတာဝန်ရှိသူကပြောသည်။

ကင်မရာကြေးကို အက်ဖ်အီးစီဖြင့်လည်း ပေးဆောင်နိုင်ပြီး မြန်မာငွေဖြင့်ပေးဆောင်ပါက ၁၀၀၀ ကျပ် ပေးဆောင်ရမည်ဖြစ်သည်။

ယခင်ကကင်မရာကောက်ခံမှုကို မဟာမုနိဘုရားကြီး အရှေ့ဘက်မုခ်တွင်သာ ကောက်ခံခဲ့ပြီး ယခုအချိန်တွင်မူ မုခ်လေးမုခ်၌ ကင်မရာကြေးကောက်ရန်ကောင်တာများ ဖွင့်လှစ်ထားကြောင်း၊ နံနက် ၇ နာရီမှ ညနေ ၄ နာရီအထိ ကောက်ခံမည်ဖြစ်ပြီး ကျန်အချိန်များတွင် တာဝန်မှူးက လိုက်လံကောက်ခံမည်ဖြစ်ကြောင်း သိရသည်။

မဟာမုနိဘုရားကြီးသို့ နိုင်ငံခြားဧည့်သည်များဖြင့် လာရောက်နေကျ ဧည့်လမ်းညွှန်အမျိုးသမီးတစ်ဦးက "နိုင်ငံခြား ဧည့်သည်တွေ အနေနဲ့ကျတော့ ဇုန်ကြေးလည်းပေးထားတယ်။ ကင်မရာကြေးလည်း ထပ်ဆောင်းရတယ်ဆိုတော့ အနှောင့်အယှက်ဖြစ်ကြတာပေါ့။ ကင်မရာပါတယ် သို့သော် မရိုက်ဘူးဆိုရင်လည်း ပေးဆောင်နေရတယ်။ အစ်မတို့ ပေးရတာမဟုတ်ဘူးဆိုပေမယ့် ဧည့်သည်က မပေးချင်တော့ ဘယ်လိုလုပ်ကြမလဲ။ အစ်မတို့က ကြားထဲကနေ တော်တော်လေး အနေရကျပ်တယ်။ ဘုရားကြီးမှာလည်း ခဏခဏ၊ နောက်ပြီး မန္တလေးတောင်ပေါ်မှာရော ကင်မရာကြေးတောင်းတာနဲ့ပတ်သက်ပြီး ပြဿနာတက်ကြတယ်။ ခုလည်း တက်နေဆဲပါပဲ"ဟု ပြောသည်။

"ဇုန်ဝင်ကြေးပေးပြီး ကင်မရာခွန် ထပ်ကောက်ရင် နိုင်ငံခြားသားတွေက မပေးချင်ကြဘူး" ဟု ဂျာမန်ဧည့်လမ်းညွှန်တစ်ဦးက ဆိုသည်။






မန္တလေးမြို့ရှိ မဟာမုနိဘုရားကြီးကို ဆောင်းရာသီတွင် နံနက် ၄ နာရီခွဲမှ ည ၈ နာရီ အထိ နွေရာသီနှင့် မိုးရာသီတွင် နံနက် ၄ နာရီမှ ည ၉ နာရီထိ ဖူးမြော်နိုင်ရန်ဖွင့်လှစ်ထားလေ့ရှိသည်။

မန္တလေးမြို့သို့ သွားရောက်လည်ပတ်သော ကမ္ဘာလှည့်ခရီးသွားများသည် ဇုန်ဝင်ကြေး ၁၀ ဒေါ်လာပေးဆောင်ရပြီး စစ်ကိုင်းနှင့်မင်းဘူးသို့သွားရောက်ပါက သုံးဒေါ်လာ ထပ်မံပေးဆောင်ရသည်။ ယခင်က ကျိုက်ထီးရိုးစေတီတော်သို့ သွားရောက်သော နိုင်ငံခြားသားများထံမှ ကင်မရာကြေးအဖြစ် နှစ်ဒေါ်လာကောက်ခံခဲ့သော်လည်း ယခုနှစ်မှစ၍ မကောက်ခံတော့ဘဲ ဇုန်ဝင်ကြေးအဖြစ်ခြောက်ဒေါ်လာသာကောက်ခံကြောင်း သတင်းရရှိသည်။




## ရထားလက်မှတ်ခ တက်ပြီးနောက် အဝေးပြေးယာဉ်လိုင်း တိုးလာ

ဝေယံ

ရန်ကုန်၊ဒီဇင်ဘာ- ၂၂

ရထားခများဈေးမြင့်တက်ခဲ့ပြီးနောက် ရန်ကုန်-ပြည်ရထား လမ်းတစ်လျှောက်မြို့များသို့ အဝေးပြေးယာဉ်လိုင်းများ တိုးချဲ့ပြေးဆွဲလျက်ရှိကြောင်း သတင်းရရှိသည်။

"ရထားခကတိုးပြီးတော့ ဝန်ဆောင်မှုမပြောင်းဘူး၊ နောက်ကျချိန်တွေမပြောင်းတော့ အခုပြည်ခိုင်ဖြိုးကတစ်လိုင်း၊ အဲကွန်းကားကြီးတွေနဲ့ ဆွဲပေးနေတယ်၊ ပုဂ္ဂလိက လိုင်းတစ်လိုင်းလည်း ဆွဲမယ်ပြောတယ်။ ခရီးမြန်မြန်ရောက်လိုသူတွေတော့ စီးကြပါတယ်"ဟု သဲကုန်းမြို့ဒေသခံတစ်ဦးက ဆိုသည်။

အဆိုပါယာဉ်များမှာ ရထားဘူတာများတည်ရှိရာ ဆင်မြီးဆွဲ၊ သဲကုန်း၊ ပုတီးကုန်း၊ ပေါင်းတည်မြို့များမှတစ်ဆင့် ရန်ကုန်-ပြည်လမ်းမှ အောင်မင်္ဂလာအဝေးပြေးသို့ ပြေးဆွဲပေးနေကြောင်း သိရသည်။

ယဉ်စီးခများမှာ ရထားနှင့်တန်းတူလက်မှတ်တစ်စောင်လျှင် ၄,၅၀၀ ကျပ်ဖြင့် ပြေးဆွဲလျက်ရှိပြီး ပုံမှန် ပြည်လမ်းမှ ပြေးဆွဲနေသော ယာဉ်များ မှာ ၃,၅၀၀ မှ ၄,၀၀၀ ကျပ်သာရှိကြောင်း သိရသည်။

ရထားဘူတာများရှိရာ မြို့များမှာ နှစ် ၂၀ နီးပါး ရန်ကုန်အဝေးပြေးယာဉ်များ မရှိသည့်နောက်ပိုင်း ယခုကဲ့သို့ ပြန်လည်ပြေးဆွဲပေးခြင်းကြောင့် ဝမ်းမြောက်နေကြပြီး ပုံမှန် သက်သောင့်သက်သာစီးလိုသူများမှလွဲ၍ လမ်းခရီးဘူတာတစ်ခုတွင် သတ်မှတ်လက်မှတ်စောင်ရေနည်းသော ရထားအစား အဝေးပြေးယာဉ်ကိုပြောင်းလဲစီးနင်းလိုကြကြောင်း သိရသည်။

## ရန်ကုန်-မော်လမြိုင်၊ ရေး၊ ထားဝယ် ရထားထွက်ချိန် ညပိုင်းသို့ ပြောင်းလဲ

သိမ့်သိမ့်စိုး

ရန်ကုန်၊ ဒီဇင်ဘာ-၂၂

ရန်ကုန်မှ မော်လမြိုင်-ရေး-ထားဝယ်ဆိပ်ကမ်းလမ်းပိုင်းသို့ သွားသော ရထားအချို့ကို ဒီဇင်ဘာ ၂၂ ရက်ကစ၍ ညပိုင်းအချိန်များသို့ပါ ပြောင်းလဲပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

"အခိုကက ခရီးသွားတဲ့ သူတွေအဆင်ပြေအောင် ညပိုင်းပါ ပြေးဆွဲပေးဖို့ အချိန်တွေပြောင်းလိုက်တာပါ" ဟု မြန်မာ့မီးရထား (ရန်ကုန်)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ လမ်းကြောင်းများကို ယခင်က လုံခြုံရေးအခြေအနေကြောင့် နံနက်ပိုင်းများတွင်သာ ပြေးဆွဲပေးခဲ့ခြင်းဖြစ်သည်။

ရန်ကုန်-မော်လမြိုင် ပြေးဆွဲသော ရထားများတွင် အမှတ် ၇၉ အဆန်ရထားတစ်စီးသာ ရန်ကုန်မှ နံနက် ၇ နာရီ ၁၅ မိနစ်တွင် ထွက်ခွာမည်ဖြစ်ပြီး ၃၅ အဆန်ရထားကို ည ၉ နာရီသို့ ပြောင်းလဲပြေးဆွဲမည်ဖြစ်သည်။


မော်လမြိုင်မှ ရန်ကုန်လာသော ရထားများတွင်လည်း အမှတ် ၉၀ အစုန်သည် နံနက် ၇ နာရီ ၁၅ မိနစ်တွင် ပြေးဆွဲပြီး ၃၆ အစုန်ရထားသည် ည ၈ နာရီသို့ ပြောင်းလဲပြေးဆွဲမည်ဖြစ်သည်။

ထို့အတူ မော်လမြိုင်-ရေး ပြေးဆွဲသော ရထားများအနက်မော်လမြိုင်မှထွက်သော ၁၇၁ အဆန်ရထားသည် နံနက် ၇ နာရီတွက်ထွက်မည်ဖြစ်ပြီး ရေးမှထွက်သော ၁၇၂ အစုန်ရထားသည် နံနက် ၆ နာရီခွဲတွင်ထွက်ခွာမည်ဖြစ်သည်။

ရန်ကုန်-မော်လမြိုင်-ရေး-ထားဝယ် ဆိပ်ကမ်းထိ ခရီးစဉ်တောက်လျှောက်ပြေးဆွဲသောရထားများတွင် ရန်ကုန်မှထွက်ခွာသော ၁၇၅ အဆန်ရထားသည် ည ၇ နာရီခွဲတွင် ထွက်ခွာရန် အချိန်ပြောင်းလဲလိုက်ပြီး ထားဝယ်မှထွက်ခွာမည့် ၁၇၆ အစုန်ရထားသည်နံနက် ၆ နာရီတွင် ထွက်ခွာပြေးဆွဲမည်ဖြစ်ကြောင်းသိရသည်။

7DAY NEWS JOURNAL
Vol.10, No.41 · DECEMBER 29, 2011

The Cartoon Logo






















7DAY NEWS JOURNAL
Vol.10, No.41 · DECEMBER 29, 2011

# ရေဘေးသင့်ပြည်သူများ၏ နေအိမ်များ ပြန်လည်တည်ဆောက်ရေးတွင် ကူညီမည်ဟု ဖိလစ်ပိုင်သမ္မတ ပြောကြား



Photo - AFP

**မနီလာ၊ ဒီဇင်ဘာ - ၂၀**

ဖိလစ်ပိုင်သမ္မတ ဘီနစ်နိုအကွီနိုသည် နိုင်ငံတောင်ပိုင်းတွင် ရေလွှမ်းမိုးမှုများကြောင့် ထိခိုက်ခဲ့ရသည့်ပြည်သူများထံ အကူအညီအထောက်အပံ့များ သွားရောက်ပေးအပ်ကာ ပြည်သူများ၏ နေအိမ်များ ပြန်လည်တည်ဆောက်ရေးအတွက် အစိုးရက ကူညီသွားမည်ဟု အာမခံပြောကြားခဲ့သည်။

အကွီနိုသည် ရေလွှမ်းမိုးမှု ဒဏ်ခံခဲ့ရသော မင်ဒါနာအိုကျွန်းသို့သွားရောက်ကာ ကေဂါယန်ဒီအိုရိုနှင့် အီလီဂန်ဆိပ်ကမ်းများကို ကြည့်ရှုစစ်ဆေးခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံတွင် ယခုအခါ ရေဘေးကြောင့် သေဆုံးသူ ၉၅၇ ဦးရှိပြီး ၄၉ ဦး ပျောက်ဆုံးနေဆဲဖြစ်သည်။ ကေဂါယန်ဒီအိုရိုရှိ ကယ်ဆယ်ရေးစခန်းတွင် မိန့်ခွန်းပြောကြားရာ၌ သမ္မတအကွီနိုက "အစိုးရက ခင်ဗျားတို့ရဲ့ နေအိမ်တွေကို ပြန်လည်ကူညီဆောက်လုပ်ပေးဖို့ ကျွန်တော် အာမခံပါတယ်။ ဒါပေမဲ့ အပြန်အလှန်အားဖြင့် ကျွန်တော်တို့ကလည်း အသက်အန္တရာယ်ရှိတဲ့ အဲဒီနေရာတွေကို ခင်ဗျားတို့မသွားဘဲနေကြဖို့ မျှော်လင့်ပါတယ်"ဟု ရေဘေးဒဏ်ခံပြည်သူများကိုပြောသည်။




အာဏာပိုင်များနှင့် တာဝန်ရှိသူများက သေဆုံးသူအများစုမှာမြစ်ကမ်းသဲသောင်ပြင်များတွင်နေထိုင်ကြသူများဖြစ်ကြောင်းဆိုသည်။ ယခုအခါ ရေနစ်မြုပ်သေဆုံးခဲ့သည့် အလောင်းများကို စုပေါင်းသင်္ဂြိုဟ်ခြင်းမပြုမီ အမျိုးအမည် ခွဲခြားမှတ်သားနိုင်ရန် လက်ဗွေနှိပ်ခြင်းနှင့် မျိုးဗီဇနမူနာယူထားခြင်းများ ပြုလုပ်လျက်ရှိသည်ဟု သိရသည်။

ဒီဇင်ဘာ ၁၆ ရက်(သောကြာနေ့)က ကျရောက်ခဲ့သော ဝါရှီမုန်တိုင်းကြောင့် လူပေါင်း ၂၈၄,၀၀၀ မှာ နေရာပြောင်းရွှေ့ခဲ့ရပြီး ယခု မုန်တိုင်းမှာ ၂၀၀၉ ခုနှစ်က မနီလာနှင့် အခြားမြို့များတွင် လူပေါင်း ၄၆၄ ဦး သေဆုံးစေခဲ့သော ကတ်ဆာနာမုန်တိုင်းထက် ပိုမိုပြင်းထန်ခဲ့သည်။

—*Ref: AFP*

# ဘင်္ဂလားဒေ့ရှ်တွင် ငှက်တုပ်ကွေးရောဂါကြောင့် ကြက်နှင့် ကြက်ဥများ သုတ်သင်ဖျက်ဆီး

**ဒါကာ၊ ဒီဇင်ဘာ - ၂၀**

ဘင်္ဂလားဒေ့ရှ်အာဏာပိုင်များသည်ပြီးခဲ့သည့်လမှစ၍ ငှက်တုပ်ကွေးရောဂါစတင်ပေါ်ပေါက်လာမှုကြောင့် ကြက်ကောင်ရေ ၁၄,၀၀၀ နှင့် ကြက်ဥလုံးရေ ၅၀,၀၀၀ ခန့်အား ဖျက်ဆီးပစ်ခဲ့ရကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်အစိုးရ၏ ငှက်တုပ်ကွေးထိန်းချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ၎င်းတို့ သုတ်သင်ခဲ့သောကြက်ကောင်ရေမှာ ၁၃,၇၂၇ ကောင်ဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနသို့ပြောသည်။ ဘင်္ဂလားဒေ့ရှ် နိုင်ငံတွင် ဆောင်းရာသီရောက်ရှိလာသည့် နိုဝင်ဘာ ဒုတိယပတ်မှစ၍ ငှက်တုပ်ကွေးရောဂါပြန်လည်ပေါ်ပေါက်လာကြောင်းခြေရာခံတွေ့ရှိရခြင်းဖြစ်သည်။

ယခုအချိန်ထိ ငှက်တုပ်ကွေးရောဂါပြန့်ပွားမှုမှာ နိုင်ငံတွင်း ခရိုင်လေးခုတွင်သာ ဖြစ်ပေါ်ခဲ့သည်။ အာဏာပိုင်များသည် နိုင်ငံအလယ်ပိုင်း မန်နစ်ဂန်ခရိုင်နှင့် နိုင်ငံအနောက်ပိုင်း ရတ်ချ်ဘာဘီခရိုင်တို့တွင် ကြက်ခြံကြီးနှစ်ခုထဲမှ ကြက်ကောင်ရေ ၁၂,၇၆၂ ကောင်အား သုတ်သင်ဖျက်ဆီးခဲ့ပြီးဖြစ်သည်။

ဘင်္ဂလားဒေ့ရှ် နိုင်ငံတွင် ငှက်တုပ်ကွေးရောဂါကို ၂၀၀၇ မတ်လက မြို့တော်ဒါကာအနီးရှိ မွေးမြူရေးခြံတစ်ခုတွင် ပထမဆုံးစတင်တွေ့ရှိခဲ့သည်။ ၂၀၀၇ ဒီဇင်ဘာနှင့် ၂၀၀၈မတ်လကြားကာလတွင် နိုင်ငံ၏ ခရိုင်ပေါင်း ၄၇ ခု၌ ရောဂါပြန့်ပွားမှုများဖြစ်ခဲ့သည်။

—*Ref: Xinhua*

# တရုတ်နှင့်နယ်စပ်ကို မြောက်ကိုရီးယား ခေတ္တပိတ်ထား

**ဆိုးလ်၊ ဒီဇင်ဘာ - ၂၁**

မြောက်ကိုရီးယားနိုင်ငံသည် ခေါင်းဆောင်ကြီး ကင်ဂျုံအီလ် ကွယ်လွန်ပြီးနောက် တရုတ်နှင့် ၎င်း၏နယ်စပ်ကို ခေတ္တပိတ်ထားခဲ့ကြောင်း သိရသည်။

ထိုသို့ နယ်စပ်ကို ခေတ္တပိတ်ခြင်းမှာ ကင်ဂျုံအီလ်၏ ဈာပနအခမ်းအနားပြင်ဆင်ရန်အတွက်ဖြစ်ပြီး တရုတ်နိုင်ငံဘက်မှ ကုန်သည်နှင့်ဧည့်သည်များ ကူးသန်းရောင်းဝယ်မှု အားလုံးကိုပိတ်ပင်ခဲ့ခြင်းဖြစ်ကြောင်း ဝေါလ်စထရိဂျာနယ်တွင်ဖော်ပြသည်။သို့သော် မြောက်ကိုရီးယားနိုင်ငံသည် ရုရှားနှင့် ၎င်း၏နယ်စပ်ကို ပိတ်ထားခြင်းရှိ၊ မရှိကိုမူ မသိရပေ။

မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအီလ်သည် ပြီးခဲ့သည့် ဒီဇင်ဘာ ၁၇ရက်က ရထားပေါ်တွင် နှလုံးရောဂါဖြင့် ကွယ်လွန်ခဲ့ကြောင်း မြောက်ကိုရီးယားအစိုးရက ကြေညာခဲ့သည်။

—*Ref: UPI*

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.10, No.41 • DECEMBER 29, 2011



## နောက်ကျောဖုံး - မြောက်ကိုရီးယားခေါင်းဆောင်ဟောင်းကို ဂါရဝပြုရန် တောင်ကိုရီးယားအဖွဲ့ရောက်ရှိ မှ

မစ္စတာကင်ဒေးဂျုံနှင့် မစ္စတာကင်ဂျုံအီလ်တို့သည် ၂၀၀၀ ပြည့်နှစ်တွင် ကိုရီးယားနှစ်နိုင်ငံကြား ပထမဦးဆုံး ထိပ်သီးဆွေးနွေးပွဲကိုကျင်းပခဲ့ကြသည်။ ဟွန်ဂျွန်အွန်း၏ ဟွန်ဒိုင်း အုပ်စုမှာ မြောက်ကိုရီးယားဘက်တွင် စီးပွားရေးလုပ်ငန်း စီမံကိန်းများ စတင်ခဲ့သည့်ကုမ္ပဏီဖြစ်သည်။

တောင်ကိုရီးယားကိုယ်စားလှယ်အဖွဲ့သည် ပြုံယမ်းတွင် မြောက်ကိုရီးယားအရာရှိများနှင့် တွေ့ဆုံပြီးနောက် ခေါင်းဆောင်ဟောင်း ကင်ဂျုံအီလ်ဈာပနကို သွားရောက် ဂါရဝပြုမည်ဖြစ်ကြောင်း တောင်ကိုရီးယားနိုင်ငံ ပြန်လည်ပေါင်းစည်းရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင်ဖော်ပြသည်။

တောင်ကိုရီးယားကိုယ်စားလှယ်အဖွဲ့အနေဖြင့် မစ္စတာကင်ဂျုံအီလ်နေရာအား ဆက်ခံသူ မစ္စတာကင်ဂျုံအွန်နှင့် တွေ့ဆုံမည်လားဆိုသည်မှာ ရှင်းရှင်းလင်းလင်းမသိရှိသေးပေ။ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအီလ်သည် အသက် ၆၉ နှစ်တွင် နှလုံးရောဂါကြောင့် ဒီဇင်ဘာ ၁၇ ရက်က ကွယ်လွန်ခဲ့သည်။

နယ်စပ်ဖြတ်ကျော်မှုအားလုံးအတွက် တာဝန်ရှိသော တောင်ကိုရီးယားနိုင်ငံ၏ ပြန်လည်ပေါင်းစည်းရေးဝန်ကြီးဌာနသည် မြောက်ကိုရီးယားနိုင်ငံသို့ ကိုယ်စားလှယ်အဖွဲ့နှစ်ဖွဲ့သာ သွား ရောက်ခွင့်ပေးခြင်းအတွက် ၎င်းတို့၏ခေါင်းဆောင်ဟောင်းအပေါ် ရိုသေလေးစားမှုပြသခြင်းမရှိကြောင်း မြောက်ကိုရီးယားက ပြောဆိုခဲ့သည်။ —*Ref: AFP*

## နောက်ကျောဖုံး - တရုတ်သမ္မတနှင့် ဂျပန်ဝန်ကြီးချုပ် တွေ့ဆုံ မှ

နှစ်ဖက်ဆွေးနွေးမှုများတွင် မစ္စတာကင်ဂျုံအီလ်ကွယ်လွန်ပြီးနောက် ချူလက်နက်ပိုင်ဆိုင်သော မြောက်ကိုရီးယားနိုင်ငံနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများလည်း ပါဝင်ပြီးကိုရီးယားကျွန်းဆွယ်ငြိမ်းချမ်းရေးနှင့်တည်ငြိမ်မှုကို ဆက်လက်ထိန်းသိမ်းထားရန်မှာ ဒေသတွင်း အင်အားကြီးနှစ်နိုင်ငံ၏ ဘုံအကျိုးစီးပွားဖြစ်သည်ဟု မစ္စတာနိုဒါက ပြောကြားခဲ့ကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။ တရုတ်နိုင်ငံသည် မြောက်ကိုရီးယားနိုင်ငံ၏ အရင်းနှီးဆုံး မဟာမိတ်နိုင်ငံလည်း ဖြစ်သည်။

တရုတ်နှင့် ဂျပန်နိုင်ငံတို့၏ ဆက်ဆံရေးမှာ စီးပွားရေးနှင့် နယ်မြေ အငြင်းပွားမှုများကြောင့် မပြေလည်မှုများ ရှိခဲ့သော်လည်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအီလ်ကွယ်လွန်သွားပြီးနောက် ချူကလီးယားလက်နက်ပိုင် ဆိုင်သော မြောက်ကိုရီးယားအပေါ် ပူပန်မှုများ ဦးလှည့်သွားခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံကို ကိုင်တွယ်ရာတွင် တရုတ်နိုင်ငံမှာ အရေးပါသောနေရာတွင် ရှိကြောင်း ဆန်းစစ်လေ့လာသူများကပြောကြားသည်။ ဂျပန်နိုင်ငံမှာ မြောက်ကိုရီးယားနှင့် အဆက်အသွယ် အနည်းအကျဉ်းသာရှိပြီး မစ္စတာကင်ဂျုံအီလ်၏ သားနှင့်ပို၍ဆက်ဆံမှုနည်းပါးကြောင်း သိရသည်။

—*Ref: Xinhua/AFP*

## နောက်ကျောဖုံး - နိုင်ဂျီးရီးယား ဘုရားရှိခိုးကျောင်းများ တိုက်ခိုက်ခံရမှု ဘန်ကီမွန်း ႁတ်ချ မှ



ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ဆုံးရှုံးသွားသောကျန်ရစ်သူမိသားစုဝင်များနှင့် နိုင်ဂျီးရီးယားပြည်သူများထံ ဝမ်းနည်းကြေကွဲကြောင်းဖော်ပြခဲ့သည်ဟု ဘန်ကီမွန်း၏ ပြောခွင့်ရပုဂ္ဂိုလ်က ထုတ်ပြန်ချက်တွင်ဖော်ပြသည်။

နိုင်ဂျီးရီးယားနိုင်ငံတွင်ဂိုဏ်းဂဏ အကြမ်းဖက်လုပ်ရပ်များအားအဆုံးသတ်ရန်နှင့်မည်သည့်ရည်မှန်းချက်အတွက်မဆို ယင်းသို့ အကြမ်းဖက်ခြင်းမှာ တရားမျှတမှုမရှိကြောင်း ဘန်ကီမွန်း၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဘူဂျာမြို့အနီး မာဒါလာဒေသ ဗုံးခွဲမှုတွင် အနည်းဆုံး လူပေါင်း ၂၅ဦးသေဆုံးခဲ့ကြောင်း အဘူဂျာရှိ ဆင်ဟွာသတင်းထောက်ကပြောကြားသည်။

ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်နေစဉ်မှာပင် လူသေဆုံးမှုစာရင်း များပြားလာနိုင်ကြောင်းနှင့် လူ ၂၀၀ ခန့် ပျောက်ဆုံးနေဆဲဖြစ်ကြောင်း သူတော်စင်ထရီဇာကက်သလစ် ဘုရားကျောင်းတွင် ခရစ္စမတ်နေ့စုပေါင်းဝတ်ပြုဆုတောင်းပွဲသို့ တက်ရောက်ခဲ့သူအချို့ကပြောကြားသည်။ —*Ref: Xinhua*



Leader's Profile

# တူနီးရှားနိုင်ငံ ဝန်ကြီးချုပ်ဖြစ်လာမည့် ဟာမာဒီဂျီဘာလီ

ရဲမင်း

မစ္စတာဟာမာဒီဂျီဘာလီသည် တူနီးရှားနိုင်ငံသား အင်ဂျင်နီယာ၊ နိုင်ငံရေးသမားနှင့်ဂျာနယ်လစ်တစ်ဦးဖြစ်သည်။ အလယ်အလတ်သဘောထား အစ္စလာမ်မစ်ပါတီ Ennahda လှုပ်ရှားမှု၏ အတွင်းရေးမှူးချုပ်လည်းဖြစ်သည်။

မစ္စတာဟာမာဒီကို တူနီးရှားနိုင်ငံ ဆိုဆီဒေသတွင် ၁၉၄၉ ခုနှစ် ဇန်နဝါရီ ၁၂ ရက်က မွေးဖွားခဲ့သည်။ တက္ကသိုလ်တွင် စက်မှုအင်ဂျင်နီယာဘာသာရပ်ကို အထူးပြုသင်ယူခဲ့ကာတူးနစ်တက္ကသိုလ်မှ ဘွဲ့ရရှိခဲ့ပြီးနောက် ပြင်သစ်နိုင်ငံတွင်အင်ဂျင်နီယာမဟာဘွဲ့ ဆက်လက်တက်ရောက်ခဲ့သည်။ နေစွမ်းအင်၊ လေစွမ်းအင် လုပ်ငန်းများတွင်ကျွမ်းကျင်သူဖြစ်ပြီး ၎င်းမွေးဖွားရာ ဆိုဆီဒေသမှာပင် ကိုယ်ပိုင်လုပ်ငန်းထူထောင်ခဲ့သည်။

မစ္စတာဟာမာဒီသည်၁၉၈၁ ခုနှစ်မှစ၍ တူနီးရှားအစ္စလာမ်မစ်လှုပ်ရှားမှုတွင် ပါဝင်လှုပ်ရှားခဲ့ပြီး ပါတီမှထုတ်ဝေသည့် အယ်လ်ဖဂျာ(အရုဏ်ဦး) အပတ်စဉ်ထုတ်သတင်းစာ၏ အယ်ဒီတာချုပ်အဖြစ် တာဝန်ယူခဲ့သည်။ မစ္စတာဟာမာဒီသည် ပါတီ၏ အလုပ်အမှုဆောင်ကောင်စီတွင်အဖွဲ့ဝင်တစ်ဦးအဖြစ် ကြာရှည်စွာ ရပ်တည်ခဲ့သလို အင်နက်ဒါပါတီ အတွင်းရေးမှူးချုပ် တာဝန်ကိုလည်း ရယူထားခဲ့သည်။

၁၉၉၀ ပြည့်နှစ်တွင် ပါတီထုတ်သတင်းစာ၌ 'ပြည်သူများအတွက် နိုင်ငံတော်လား၊ နိုင်ငံတော်အတွက် ပြည်သူလား' ဟူသော ဆောင်းပါးအတွက် မစ္စတာဟာမာဒီတွင် တာဝန်ရှိသည်ဟုဆိုကာ တရားရုံးက ဆိုင်းငံ့ထောင်ဒဏ်နှင့် ငွေဒဏ်ချမှတ်ခဲ့သည်။ ယင်းနှစ် နိုဝင်ဘာလမှာပင် 'စစ်ဘက်တရားရုံးများကို ဘယ်တော့ဖျက်သိမ်းမလဲ'ဟူသော အက်ဆေးတစ်ပုဒ် ပါတီသတင်းစာတွင် ထပ်မံပါဝင်လာခဲ့ရာ စစ်ဘက်တရားရုံး၏ တရားရေးအဖွဲ့အစည်းအား ဂုဏ်သိက္ခာကျဆင်းစေမှုဖြင့် မစ္စတာဟာမာဒီအား ထောင်ဒဏ်တစ်နှစ် ချမှတ်လိုက်သည်။

၁၉၉၂ ခုနှစ်တွင် Ennahda ပါတီသည် တူနီးရှားသမ္မတဘင်အလီအား လုပ်ကြံ၍ အစ္စလာမ်မစ်နိုင်ငံထူထောင်မည့် အာဏာသိမ်းရေးအစီအစဉ်ကို ထောက်လှမ်းသိရှိထားသည်ဟု တူနီးရှားအစိုးရကပြောကြားခဲ့သည်။ ယင်းနှစ် ဩဂုတ်လမှာပင် မစ္စတာဟာမာဒီနှင့် Ennahda ပါတီနှင့်ဆက်နွှယ်နေသူ ၁၇၀ ဦးမှာ အစိုးရအား ဖြုတ်ချရန်ကြိုးပမ်းမှုဖြင့် တရားစွဲခံရသည်။ သို့သော် အာဏာသိမ်းမည့်အစီအစဉ်အား ၎င်းအနေဖြင့် မသိရှိကြောင်း မစ္စတာဟာမာဒီကပြောကြားပြီး ၎င်းအား အမှုစစ်ဆေးနေစဉ်အတွင်း နှိပ်စက်ခံရကြောင်း ပြောကြားခဲ့သည်။ ဟာမာဒီတို့အဖွဲ့အပေါ် တရားရုံး၏ ကြားနာစစ်ဆေးမှုမှာ တရားမျှတမှုမရှိဟု နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့(AI)နှင့် လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့တို့ကပြောကြားခဲ့သည်။ သို့သော် ၁၉၉၂ ခုနှစ် ဩဂုတ် ၂၈ရက်တွင် တရားရုံးက မစ္စတာဟာမာဒီအား တရားမဝင် အဖွဲ့အစည်း၌ ပါဝင်မှု၊ နိုင်ငံတော်၏ မူလပုံစံကို ပြောင်းလဲရန်ကြိုးပမ်းမှု စွဲချက်များ ဖြင့် ထောင်ဒဏ် ၁၆ နှစ် ချမှတ်ခဲ့သည်။

အကျဉ်းထောင်တွင် နေထိုင်ခဲ့ရသောအခြေအနေမှာ အလွန်ဆိုးရွားပြီး ထောင်ကျနေသော ၁၅ နှစ်အနက် ၁၀ နှစ်ကျော်မှာ တစ်ဦးတည်း တိုက်ပိတ်ခံထားရသောနှစ်များဖြစ်ခဲ့သည်။ ၎င်းအား ထောင်ချခြင်းနှင့် ဆက်ဆံပုံအပေါ် မစ္စတာဟာမာဒီက ကန့်ကွက်ရင်း အစာငတ်ခံဆန္ဒပြပွဲများဖြင့် တိုက်ပွဲဝင်ခဲ့သည်။ အစာငတ်ခံဆန္ဒပြမှုနှစ်ကြိမ်မှာ ၃၆ ရက်စီကြာမြင့်ခဲ့သည်။ ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ တူနီးရှားနိုင်ငံလွတ်လပ်ရေးအနှစ် ၅၀ ပြည့်အခမ်းအနားတွင် မစ္စတာဟာမာဒီအား ကန့်သတ်ချက်များနှင့် လွှတ်ပေးခဲ့သည်။

၂၀၁၁ ခုနှစ် တူနီးရှားလူထုတော်လှန်ရေးဖြစ်လာချိန်တွင် Ennahda ပါတီအား တရားဝင်မှတ်ပုံတင်ခဲ့ပြီး မစ္စတာဟာမာဒီမှာလည်း ပါတီ၏ ပြောရေးဆိုခွင့်ရှိသူနှင့် အတွင်းရေးမှူးချုပ်အဖြစ် တာဝန် ပြန်လည်ထမ်းဆောင်သည်။ ၂၀၁၁ ခုနှစ် အောက်တိုဘာ ၂၃ ရက် အခြေခံဥပဒေရေးဆွဲရေးညီလာခံ ရွေးကောက်ပွဲတွင် Ennahda ပါတီအောင်ပွဲခံခဲ့ရာ ပါတီက မစ္စတာဟာမာဒီအား ဝန်ကြီးချုပ်နေရာအတွက် အမည်စာရင်းတင်သွင်းထားသည်။

—*Ref: Wikipedia*

## နောက်ကျောဖုံး - ပါကစတန်နိုင်ငံတွင် လာဘ်စားမှုများပပျောက်အောင် လုပ်ဆောင်သွားမည်ဟု နာမည်ကျော်ခရစ်ကက်သမား ကတိပေး မှ

"ဒီနိုင်ငံမှာ တရားမျှတမှုမရှိခြင်းနဲ့ ခြစားမှုတွေကို ပပျောက်အောင်လုပ်ဆောင်မယ်လို့ ကျွန်တော်ကတိပြု ပြောကြားပါတယ်" ဟု အီမရန်ခန်က ပြောကြားခဲ့သည်။ ယခုလူထုစုရုံးမှုမှာအောက်တိုဘာလက လာဟိုးမြို့တွင် ပြုလုပ်ခဲ့သည့် အခမ်းအနားထက်ကြီးကျယ်သည်ဟု ၎င်းကပြောကြားသည်။

"ဒီနိုင်ငံဟာ လာဘ်စားတဲ့လူတွေကြောင့်စုတ်ပြတ်သတ်ခဲ့ရပါတယ်။ အခုဆိုရင် သူတို့အလိုရှိတဲ့ ဘယ်လို ခရစ်ကက်ပွဲမျိုးကိုမဆို ကစားဖို့ ကျွန်တော်အဆင်သင့်ဖြစ်နေပါပြီ"ဟုဩဘာပေးထောက်ခံနေသောလူအုပ်ကြီးအားမစ္စတာခန်ကပြောကြားခဲ့သည်။

—*Ref: The Hindu*



7 DAY NEWS JOURNAL
Vol.10, No.41 · DECEMBER 29, 2011


Photo - AFP

# ချီးကျူးသူတွေရှိသလို ရှုတ်ချသူတွေလည်း ရှိနေပါတယ်

## ယူနက်စကို အထွေထွေ ညွှန်ကြားရေးမှူးချုပ် အီရီနာဘော့ကိုဗာနှင့်တွေ့ဆုံခြင်း

**ကျော်မျိုး**

ကမ္ဘာ့ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းကြီးတစ်ခုဖြစ်တဲ့ယူနက်စကို(UNESCO)ခေါ် ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ကြီးဟာ ပါလက်စတိုင်းနိုင်ငံကိုအဖွဲ့ရဲ့၁၉၅နိုင်ငံမြောက်အဖွဲ့ဝင်အဖြစ်မကြာသေးမီကပဲ လက်ခံခဲ့ပြီဖြစ်ပါတယ်။ ယူနက်စကိုရဲ့ ဒီဆုံးဖြတ်ချက်ဟာ ကုလသမဂ္ဂရဲ့ တင်းပြည့်ကျပ်ပြည့်အဖွဲ့ဝင်ဖို့ စောင့်ဆိုင်းနေရဆဲဖြစ်ပေမယ့်ယခုတော့ကုလရဲ့အရေးပါတဲ့အဖွဲ့တစ်ခုမှာတော့အမေရိကန်နဲ့အစ္စရေးတို့ရဲ့ အပြင်းအထန်ကန့်ကွက်မှုတွေကြားကပဲ ပါလက်စတိုင်းတို့နေရာရသွားခဲ့ခြင်းဖြစ်ပါတယ်။ ဒါပေမဲ့ ယူနက်စကိုအဖွဲ့ကြီးအတွက်တော့ယခုလိုပါလက်စတိုင်းကို အဖွဲ့ဝင်အဖြစ် သမိုင်းဝင် အငြင်းပွားဖွယ်သတ်မှတ်လိုက်တာဟာ တန်ဖိုးတော့ကြီးမားခဲ့ပါတယ်။ အကြောင်းကအမေရိကန်နဲ့ အစ္စရေးဟာ ပါလက်စတိုင်းကို နိုင်ငံအဖြစ် အသိအမှတ်ပြုတဲ့မည်သည့် အဖွဲ့အစည်းကိုမဆို ရန်ပုံငွေခွဲဝေ ထောက်ပံ့မှုတွေ ဖြတ်တောက်ဖို့ ဥပဒေချမှတ်အရေးယူပိတ်ဆို့ထားတာမို့ ဒီအချက်ကြောင့်ပဲ ကုလသမဂ္ဂရဲ့ ယူနက်စကိုအဖွဲ့ကြီးဟာ အဓိကထောက်ပံ့သူ အမေရိကန်ရဲ့ ရန်ပုံငွေမရနိုင်တော့ဘဲ ဘဏ္ဍာရေးအရ အခက်ကြုံရဖွယ်ရှိနေတာဖြစ်ပါတယ်။ ဒါကြောင့် လတ်တလော ရက်ပိုင်းအတွင်းမှာပဲ ယူရိုသတင်းဝက်ဘ်ဆိုက်က ယူနက်စကိုရဲ့ အထွေထွေညွှန်ကြားရေးမှူးချုပ် အီရီနာဘော့ကိုဗာနဲ့ ယူနက်စကိုအဖွဲ့ကြီးရဲ့ အနာဂတ်အကြောင်း မေးမြန်းထားခဲ့တာတွေကို ပြန်လည်တင်ဆက်ပေးလိုက်ပါတယ်။

**ယူနက်စကိုရဲ့ အနာဂတ် ဘယ်လိုရှိမလဲဆိုတာ သိချင်ပါတယ်။**

ဘဏ္ဍာရေးအသုံးအနှုန်းတွေအရ အရေးပါတဲ့ နောက်ဆက်တွဲဂယက်တွေအဖြစ်ကျွန်မပြောရမှာတွေကတော့အမေရိကန်ပြည်ထောင်စုနဲ့ ကျွန်မတို့ရရှိထားတဲ့ ငွေကြေးအထောက်အပံ့မှာ အခက်အခဲတချို့ရှိသွားပါ။ တခြား ပိုကျယ်ပြန့်တဲ့ ဂယက်တွေလည်း ရှိပါသေးတယ်။ နိုင်ငံရေး ပိုဆန်ကောင်းဆန်မယ့်ဂယက်တွေပေါ့လေ။ အဲဒီမှာ ကျွန်မတို့ကို ချီးကျူးသူတွေ ရှိသလို ရှုတ်ချသူတွေလည်းရှိနေပါတယ်။ ပါလက်စတိုင်းကို အဖွဲ့ထဲဝင်ခွင့်ပေးရေးကိစ္စက ကျွန်မတို့(အဖွဲ့)ရဲ့ ဆွေးနွေးစရာစာရင်း Agenda ထဲရှိနေတာ နှစ်ပေါင်း ၂၂နှစ် လောက်ရှိပြီဆိုတာတော့ပြောပါရစေ။ ဒီကိစ္စဟာ (အခုမှ ထဖြစ်တဲ့)အသစ်အဆန်းကိစ္စတစ်ခုမဟုတ်ပါဘူး။ ဒီတစ်ကြိမ်မှာတော့ အဖွဲ့ဝင်နိုင်ငံ ၁၀၇ နိုင်ငံက(ပါလက်စတိုင်းကို)မဲပေးဖို့ ဆုံးဖြတ်ခဲ့ကြတာ အထင်အရှားပဲလေ။

**မဲပေးလိုက်ကြလို့ဘဏ္ဍာရေးအရသွယ်ဝိုက်ဖြစ်လာနိုင်တာ(နောက်ဆက်တွဲပြဿနာဖြစ်နိုင်တာ)တွေက ဘာတွေများလဲ။ ယူနက်စကိုအဖွဲ့ကြီးရော ဘယ်လောက်အထိ ကျဆင်းသွားနိုင်မလဲ။**

ဟုတ်ကဲ့။ အမေရိကန်ပြည်ထောင်စုက(အဖွဲ့ရဲ့) ပုံမှန် ဘတ်ဂျက်မှာ ၂၂ ရာခိုင်နှုန်းကို ထည့်ဝင်နေတာကို စိတ်ထဲမှာ မှတ်ထားမယ်ဆိုရင်ပြီးတော့ သူတို့က အပိုဘတ်ဂျက်စရိတ်တွေအတွက် ဒေါ်လာ ၁၅ သန်းနဲ့ သန်း ၂၀ ကြားလည်း ပေးသေးတယ်ဆိုတော့ အဲဒါကို၊ ၂၂ရာခိုင်နှုန်းကို ကိုယ်စားပြုတဲ့(ငွေပမာဏ) ဒေါ်လာ ၇၂ သန်းမှာ ထပ်ပေါင်းရမှာပေါ့။ ဒီတော့ ကျွန်မတို့ပြောနေတာ တစ်နှစ်ကို သန်း ၁၀၀ ပတ်ဝန်းကျင်လောက်ရှိသွားပြီ။ ဒါ့အပြင် အစ္စရေးကလည်း ၂၀၁၂ အတွက်(အချိုးကျထည့်ဝင်ရမယ့်) ရန်ပုံငွေတွေလည်း ရုပ်သိမ်းသွားပြန်တယ်။ ဒီတော့ ကျွန်မတို့ရဲ့ ဘတ်ဂျက်အနေအထားမှာတော့ အဲဒါတော်တော်လေးတော့အရေးပါနေပါတယ်။

အမေရိကန်ပြည်ထောင်စုဟာ ၂၀၁၁ ဘတ်ဂျက်အတွက်လည်း ဒီနှစ်ထဲမှာ ထည့်ဝင်ထားတာမရှိဘူးဆိုတာသိထားရပါမယ်။ အမေရိကန်ကွန်ဂရက်နဲ့ အမေရိကန်ပြည်သူတွေကိုလည်းကျွန်မ မေတ္တာရပ်ခံထားပါတယ်။ ဒီသတင်းရောက်သွားပြီး ကွန်ဂရက်ကလည်း အမေရိကန်ပေးရမယ့် အချိုးကျရန်ပုံငွေကို ကျွန်မတို့လက်ခံနိုင်အောင် ဥပဒေကိုပြင်ပေးမယ်လို့ ကျွန်မ တကယ်မျှော်လင့်ပါတယ်။

**ဒါဆို ယူနက်စကိုဟာ အဆုံးမှာတော့ အမေရိကန်ဆီကနေ ရန်ပုံငွေရကောင်းရနိုင်မယ့် မျှော်လင့်ချက်လေးတော့ ရှိနေတယ်ပေါ့။**

အဲဒီလိုပဲ မျှော်လင့်ရတာပဲ။

**ဘဏ္ဍာရေးလိုအပ်ချက်ကိုမဖြည့်နိုင်ဘူးဆိုရင် ထိခိုက်နစ်နာနိုင်မယ့် တချို့စီမံကိန်းတွေက အီရတ်မှာ(ယူနက်စကိုက လုပ်ပေးနေတဲ့)တရားစီရင်ရေးစနစ်နဲ့ ရေပေးဝေရေးစီမံကိန်းတွေဖြစ်နေပါတယ်။ ဒီစီမံကိန်းတွေက ရန်ပုံငွေပြတ်လပ်မယ့်အန္တရာယ် ရှိနေပါတယ်။ တခြားအန္တရာယ် ရှိနိုင်တဲ့ စီမံကိန်းတွေရော ရှိပါသေးသလား။**

အရင်ဆုံးအနေနဲ့ပြောရရင် သိပ်အရေးကြီးတဲ့စီမံကိန်းတွေပါ။ အာဖဂန်နစ္စတန်နဲ့ အီရတ်မှာ လုပ်နေတဲ့ ကျွန်မတို့ အစီအစဉ်တွေအားလုံးဟာ ပျက်စီးသွားနိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ရန်ပုံငွေ ၂၂ ရာခိုင်နှုန်းကျော် ရုပ်သိမ်းသွားတယ်ဆိုတော့ စဉ်းစား သာကြည့်ပါတော့။ နောက်လာမယ့်နှစ်တွေအတွက် ပြောရမယ်ဆိုရင်လည်း ဒီနှစ်ထဲကအရှုံးကိုထပ်ပေါင်းထည့်ရမယ်ဆိုတော့ အဲဒါ ၃၀ ရာခိုင်နှုန်းကျော်လောက်ရှုံးသွားပါလိမ့်မယ်။ ဒီတော့ အဲဒါ ကျွန်မတို့ရဲ့ အလုပ်လုပ်နေတဲ့နယ်ပယ်မှာ ထောက်ပံ့နေမှုတွေကို ပျက်စီးစေနိုင်ပါတယ်။

ဒီလိုမျိုး နောက်ထပ်ကိစ္စတစ်ခုလည်းပြောချင်ပါသေးတယ်။ အဲဒါကတော့ ကျွန်မတို့ရဲ့ အစိုးရချင်း ပူးပေါင်းဆောင်ရွက်ထားတဲ့ ပင်လယ်သမုဒ္ဒရာရေးရာကော်မရှင် Intergovernmental Oceanographic Commision ဖြစ်ပါတယ်။ ဒီကော်မရှင်ကလည်း ပါဝင်ပတ်သက်ထားမှုကြီးမားလှတယ်။ အဖွဲ့က ဆူနာမီသတိပေးစနစ်တွေအားလုံးကို တကယ်ပူးပေါင်းဆောင်ရွက်ပေးနေတာပါ။ ဒီနှစ်စပိုင်းတုန်းက ဂျပန်မှာ ငလျင်နဲ့ ဆူနာမီဖြစ်တော့ ကျွန်မတို့ ဆူနာမီသတိပေးချက်ကို ငါးမိနစ်အတွင်း ထုတ်ပြန်နိုင်ခဲ့ပါတယ်။

**တချို့ကတော့ ပါလက်စတိုင်းကို ဝိုင်းမဲပေးပြီး အသိအမှတ်ပြုခဲ့တာဟာ ယူနက်စကိုရဲ့ ဩဇာအာဏာတွေကို အလွဲသုံးစားလုပ်တာပဲလို့မြင်ကြတယ်။ ဒီအဖွဲ့ကြီးက အဲဒီလိုမျိုး နိုင်ငံရေးဆိုင်ရာဆုံးဖြတ်ချက်တစ်ခုကို လုပ်လိုက်တဲ့အတွက်ကြောင့် ကိုယ့်ရဲ့ လုပ်ပိုင်ခွင့်ကိုကျော်လွန်သွားတယ်လို့ရော ညွှန်ကြားရေးမှူးချုပ်အနေနဲ့ ထင်မိပါသလား။**

ဟုတ်ကဲ့။ ကျွန်မအတွက်တော့ ဆုံးဖြတ်ရတာခက်ခဲပါတယ်။ အဲဒါက အဖွဲ့ဝင်နိုင်ငံတွေရဲ့ဆုံးဖြတ်ချက်ပါ။ ဒီကာလလေးမှာ ကျွန်မတို့စိတ်ပျက်မိတာကတော့ ရှင်ပြောသလို ဝေဖန်ရေးမျိုးပဲ။ ဒီသဘောထားကအရာရာကို ဒီနိုင်ငံရေးဆုံးဖြတ်ချက်မှန် ပြောင်းကပဲကြည့်ထားပြီး ကျွန်မတို့လုပ်နေတဲ့ အခြားအရေးပါတဲ့လှုပ်ရှားမှုတွေအားလုံးကို ဂရုမစိုက်တာပါ။

**ယူနက်စကိုဟာ အများပြည်သူတွေအတွက် အဖွဲ့ကိုလှူဒါန်းနိုင်မယ့် Click and Donate လှူဒါန်းရေးအစီအစဉ်ကို စတင်ထားခဲ့တာ သတိထားမိပါတယ်။ အဲဒါ သိပ်အကောင်းကြီးလည်း မဟုတ်သလို ရန်ပုံငွေပမာဏအများကြီးလည်းမရဘူးမဟုတ်လား။**

အဲဒီ့'ယူနက်စကိုသို့လှူဒါန်းရေး'(Donate to UNESCO) လှုပ်ရှားမှုကနေ ဒေါ်လာသန်းပေါင်းများစွာရလိမ့်မယ်လို့ ကျွန်မတစ်ခါမှ မျှော်လင့်မထားခဲ့ပါဘူး။ ဒါပေမဲ့ အဲဒီ့အစီအစဉ်က ယူနက်စကိုက လုပ်ဆောင်နေတာအတွက် ကမ္ဘာ့ပြည်သူတွေဘက်က ယူနက်စကို ကိုထောက်ခံအား ပေးမှုတစ်ရပ်ပါ။ ဒါပေမဲ့ တစ်ချိန်တည်းမှာပဲအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံချင်းစီက အချိုးကျရန်ပုံငွေထည့်ဝင်မှုဟာလည်း လိုက်နာရမယ့်အချက်တစ်ခုဆိုတာ ကျွန်မတို့ သိထားရပါမယ်။ ဒါဟာအဖွဲ့အစည်းကိုလေးစားခြင်းဖြစ်ပါတယ်။ အမေရိကန်ပြည်ထောင်စုဟာလည်း သူ့ဥပဒေကို ပြင်လိမ့်မယ်လို့ ကျွန်မယုံကြည်နေဆဲပါ။

**ယူနက်စကိုရဲ့ ဇဟိုချက်လုပ်ငန်းစဉ်တွေက လွတ်လပ်စွာ ဖော်ထုတ်ခွင့်ရရှိရေး၊ ပညာရေးနဲ့ ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေးမှာ ကူညီရေးကိစ္စတွေဖြစ်တယ်ဆိုတော့ 'အာရပ်နွေဦး'က တင်ဆက်ခဲ့တဲ့ စိန်ခေါ်မှုတွေနဲ့ မျှော်လင့်ချက်တွေကိုရော အဖွဲ့ကြီးက ဘယ်လိုတုံ့ပြန်မှာလဲ။**

'အာရပ်နွေဦး'နဲ့အတူ ကျွန်မတို့ တကယ်ပဲ စိတ်အားထက်သန်ခဲ့ရပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒါဟာ ပိုကောင်းတဲ့ရှင်သန်မှုအတွက် ပိုများပြားတဲ့ လူ့အခွင့်အရေးအတွက် ပိုကြီးမားတဲ့ ဂုဏ်သိက္ခာအတွက် တရားဝင်တဲ့စိတ်ဓာတ်တက်ကြွမှုတစ်ခုဖြစ်ခဲ့လို့ပါ။ 'အာရပ်နွေဦး' ပထမပိုင်းနေ့တွေကစလို့ ကျွန်မတို့ဟာ အဲဒီ့နိုင်ငံတချို့နဲ့အတူ လွတ်လပ်ပွင့်လင်းရေး၊ ဒီမိုကရေစီရေးနဲ့ ကွဲပြားခြားနားတဲ့ နိုင်ငံရေးနဲ့ လူမှုရေးအစီအစဉ်တွေဖြစ်ပေါ်ရေးကို ပူးပေါင်းလုပ်ဆောင်ခဲ့ပါတယ်။

ကျွန်မတို့ရဲ့ သူတို့နဲ့ ပထမဆုံးလုပ်တဲ့ စီမံကိန်းတွေကတော့ တူနီးရှားဂျာနယ်လစ်တွေကို ရွေးကောက်ပွဲတွေအကြောင်း သတင်းယူနည်း၊ ရေးသားနည်းလေ့ကျင့်ပေးတာပါ။ ဒါမျိုးက ယနေ့ကာလမှာ ကျွန်မတို့အတွက် ရိုးရှင်းတဲ့ကိစ္စတစ်ရပ်ဖြစ်နေပေမယ့် သူတို့ကတော့ ဒီလိုအတွေ့အကြုံမျိုးမရှိကြဘူးလေ။ ပြီးခဲ့တဲ့နှစ်တွေတုန်းက အီရတ်မှာ အမေရိကန်ထောက်ပံ့မှုနဲ့ ကျွန်မတို့လုပ်ခဲ့တဲ့ စီမံကိန်းလည်း အရေးကြီးတာပဲ။ အဲဒါက အီရတ်ကလေးတွေအတွက် ကျောင်းစာအုပ်တွေမှာ အနောက်တိုင်း(ဒါမှမဟုတ်)တခြားသော ဘာသာတရားတွေ၊ ယဉ်ကျေးမှုတွေကို ရန်လိုမှုအားလုံး၊ ဆန္ဒစွဲနဲ့ ရှုမြင်မှုအားလုံးကိုဖယ်ထုတ်ပစ်ပြီး ပြုပြင်ပြောင်းလဲခဲ့တာပါ။ ဒါဟာ သိပ်အရေးကြီးတယ်လို့ ထင်ပါတယ်။ လစ်ဗျားမှာလည်း ဒီအတိုင်း ကျွန်မတို့လုပ်ဆောင်သွားမှာပါ။

ပြီးတော့ တူနီးရှား၊ လစ်ဗျား၊ အီဂျစ်တို့က တန်ဖိုးရှိတဲ့ ရှေးဟောင်းယဉ်ကျေးမှုပစ္စည်းတွေကို မှောင်ခိုကုန်ကူးတာ၊ တင်ပို့တာတွေကို ပိတ်ပင်တားဆီးရေး၊ ယဉ်ကျေးမှုအမွေအနှစ်တွေ ကာကွယ်ရေးကလည်း အရေးကြီးပါတယ်။

**ယူနက်စကိုဟာ မကြာသေးမီကပဲ ယဉ်ကျေးမှုအစဉ်အလာအများအပြားကိုလည်း ထိတွေ့မရနိုင်သော'ယဉ်ကျေးမှုအမွေအနှစ်များ'စာရင်းမှာ အသစ်ထပ်မံထည့်သွင်းခဲ့တယ်။ ထိတွေ့မရနိုင်တဲ့ တစ်စုံတစ်ခုကို ဘယ်လိုများ ကာကွယ်စောင့်ရှောက်နိုင်ပါ့မလဲ။**

ဒါဟာ သိပ်စိတ်ဝင်စားစရာကောင်းတဲ့မေးခွန်းပါပဲ။ ထိတွေ့မရနိုင်တဲ့အမွေအနှစ်ဆိုတဲ့ အယူအဆတစ်ခုလုံးကို အာဖရိကအယူအဆတစ်ရပ်အဖြစ် ညွှန်းဆိုခဲ့ကြတယ်ဆိုတာ ကျွန်မပြောပါရစေ။ ဒါပေမဲ့ ဒီနောက်ပိုင်းမှာ တစ်ဆင့်ချင်းပဲ တိုးတက်လာပြီး ကမ္ဘာပေါ်က နိုင်ငံအားလုံးဟာ ထိတွေ့မရတဲ့ အမွေအနှစ်တွေကို ထိန်းသိမ်းရခြင်းအကျိုးကို သိမြင်ခဲ့ကြပါပြီ။ ဒါဟာ ကမ္ဘာပြုမှုဖြစ်စဉ် ဂလိုဘယ်လိုက်ဇေးရှင်းနဲ့လည်း အများကြီးဆက်နွှယ်နေခဲ့တယ်။ အင်မတန်သေးငယ်တဲ့ ဒေသဆိုင်ရာ အစဉ်အလာလေးတွေရဲ့ အရေးပါမှုကိုတောင်မှ သိနားလည်ခြင်းအားဖြင့်၊ လေးစားခြင်းအားဖြင့်၊ ကာကွယ်ခြင်းအားဖြင့် ကျွန်မတို့က ဒီလူ့အဖွဲ့အစည်းတွေကို အင်မတန်ကြီးမားတဲ့ဂုဏ်မာန နဲ့ ကိုယ့်ကိုယ်ကိုယ် လေးစားမှုတို့ကို ပေးအပ်နေတာပါ။

*—Ref: "There are those that praise us, those that accuse us", interview with UNESCO Director - General Irina Bokova. Euronews: Dec.*

7 DAY NEWS JOURNAL

# Entertainment

Vol.10, No.41 · DECEMBER 29, 2011



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

CTALK

# စိုးပြည့်သဇင်ရဲ့ ငြိမ်းအေးရာ

**အသက်ငယ်ရွယ်ပေမယ့် ကျရာဇာတ်ရုပ်ကိုပိုင်နိုင်စွာ သရုပ်ဆောင်နိုင်သည့်အတွက် အနုပညာသမားတိုင်း၏ မှတ်ကျောက်ဖြစ်သော အကယ်ဒမီရွှေစင်ရုပ်တုကိုသူမပိုင်ဆိုင်ထားသည်။ အကယ်ဒမီစိုးပြည့်သဇင်ဆိုသည့် နေရာတစ်နေရာ ရရှိပြီးနောက် ဇာတ်ကားများ၊ ရုပ်ရှင်များဆက်တိုက် ရိုက်ကူးနေရသည့် သူမ၏နေ့စဉ်အချိန်ဇယားများသည် ရိုက်ကွင်းများမှာပင် အချိန်ကုန်ဆုံးရသည်ကများသည်။ အနုပညာသမားတစ်ဦးအဖြစ် လှုပ်ရှားဖြတ်သန်းရင်း ဘဝအမောများကိုဖြေဖျောက်သည့် ငြိမ်းအေးရာကို သူမတွေ့ရှိခဲ့သည်။**

**သူမရှာဖွေတွေ့ရှိခဲ့သည့် ငြိမ်းအေးရာမှာ. . .**

စိုးပြည့်ရဲ့နေ့စဉ်အချိန်ဇယားတွေ၊ ဘဝအမောတွေ၊ စိတ်ဖိစီးမှုတွေကို ခဏတာဖြေဖျောက်နိုင်တဲ့ စိုးပြည့်ရဲ့ အတွေ့အကြုံလေးတစ်ခုကို ပရိသတ်ကို ဝေမျှပေးချင်ပါတယ်။ တစ်လောလေးကမှ ကြုံတွေ့ခဲ့ရပြီး စိုးပြည့်ဘဝနဲ့ယှဉ်ပြောရင် အတွေးအမြင်တွေကို ပြောင်းလဲသွားစေခဲ့တဲ့ အရာလို့ ပြောရင်လည်းမမှားပါဘူး။

အောက်တိုဘာ ၂၂ရက်က ဒါရိုက်တာတစ်ယောက်ဆေးရုံတင်လိုက်ရတဲ့အတွက် စိုးပြည့်နဲ့ ကားရိုက်ပျက်သွားခဲ့တယ်။ ကားရိုက်ပျက်သွားတော့ စိုးပြည့်မှာ ၇၊ ၈ရက်လောက်ရက် အားခဲ့တယ်။ အားလပ်ရက်လေးမှာ ဘာလုပ်ရင်ကောင်းမလဲလို့ စဉ်းစားတယ်။ ခရီးထွက်ပြီး မိသားစုနဲ့ အပန်းဖြေရင်ကောင်းမလား၊ ဒါမှမဟုတ်စိုးပြည့်က တစ်ကိုယ်တော်စီးရီးထွက်ဖို့ လုပ်နေတာရှိတော့ စီးရီးအတွက် ကြိုပြီးဗီစီဒီရိုက်ထားရင်ကောင်းမလားပေါ့။ အမျိုးမျိုးစဉ်းစားကြည့်မိတယ်။ အဲလိုစဉ်းစားရင်း ဒွိဟဖြစ်နေတုန်းမှာပဲ စိုးပြည့်တို့ကိုးကွယ်တဲ့ ဘုန်းကြီးကျောင်းမှာ လစဉ်ပြုလုပ်နေတဲ့ တရားစခန်းအကြောင်းသွားတွေးမိတယ်။ အဲဒီကျောင်းက စိုးပြည့်တို့မိသားစုက လစဉ်တရားစခန်းအတွက် ဆွမ်းတစ်နပ်ဒါနပြုနေတဲ့ကျောင်းပါ။ ဆရာတော်ကြီးကလည်း အင်မတန်သီလ၊သမာဓိနဲ့ပြည့်စုံတဲ့ဆရာတော်ကြီးပါ။ တရားစခန်းလစဉ်လုပ်နေကျအချိန်နဲ့ စိုးပြည့်ကားရိုက်ပျက်သွားတဲ့အချိန်နဲ့ကွက်တိဖြစ်သွားတယ်။ အဲဒါနဲ့ စိုးပြည့်လည်းရတဲ့ အခွင့်အရေးကိုအဆုံးရှုံးမခံဘဲ တရားစခန်းဝင်ဖို့ဆုံးဖြတ်လိုက်တယ်။ယောဂီအများစုကတော့အသက်အရွယ်ကြီးတဲ့ သူတွေပါ။ တိုက်တိုက်ဆိုင်ဆိုင် စိုးပြည့်နဲ့သက်တူရွယ်တူမိန်းကလေးနှစ်ယောက်ပါတယ်။

စာ(၄၉)သို့

# ဆန်တာကလော့စ်ကို အယုံအကြည်မရှိတဲ့ ဂျပ်စတင်ဘီဘာ



**လော့စ်အိန်ဂျလိစ်၊ ဒီဇင်ဘာ - ၁၉**

ကနေဒါလူငယ်ပေါ့ပ်အဆိုတော် ဂျပ်စတင်ဘီဘာက ခရစ္စမတ်ကာလ နီးကပ်လာသော်လည်း ၎င်းသည် ခရစ္စမတ်ဘိုးဘိုးကြီးအဖြစ် သတ်မှတ်ခံရသည့် ဆန်တာကလော့စ်ကို ယုံကြည်ခြင်းမရှိကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

ဂျပ်စတင်ဘီဘာက ၎င်းသည် ငယ်စဉ်မှစ၍ မိခင်၏ သင်ကြားချက်ဖြစ်သော ဆန်တာကလော့စ်မရှိဟူသည့်အချက်ကို စွဲနေခဲ့ကြောင်းဆိုသည်။ ၎င်းက "ကျွန်တော့်အမေက အမြဲပဲ ဆန်တာကလော့စ်မရှိဘူးလို့ ပြောခဲ့ပါတယ်။ သူ့အတွေးအမြင်ကတော့ ကျွန်တော်အသက်ကြီးလာလို့ ဆန်တာကလော့စ်ကို ရှာလို့ တကယ်မတွေ့ခဲ့ရင် ကျွန်တော့်ကို လိမ်ညာမိမှာစိုးလို့ဖြစ်ပါတယ်။ နောက်ပိုင်းမှာ သူက ကျွန်တော့်ကို ဘုရားသခင်အကြောင်းပြောတော့လည်း ကျွန်တော် သိပ်မယုံချင်ခဲ့ပါဘူး"ဟု ပြောသည်။

ဆက်လက်၍ ၎င်းက ယခုနှစ်တွင် ခရစ္စမတ်အတွက် ထူးထူးခြားခြား ဆုတောင်းမရှိကြောင်း၊ မိသားစုဝင်များအားလုံး ကျန်းမာပျော်ရွှင်စေကြောင်း ဆိုသည်။ ဂျပ်စတင်ဘီဘာသည် မကြာသေးမီက ခရစ္စမတ်အယ်လ်ဘမ်ထွက်ရှိထားပြီး ပရိသတ်များ နှစ်သက်ရန်မျှော်လင့်ကြောင်းဆိုထားသည်။ —Ref: Showbizspy

## ဒရမ်မာအသားပေး "အမေ့ကျေးဇူးဆပ်ဖူးချင်တယ်" ဇာတ်ကားရုံတင်တော့မည်

**ကြူကြူဟန်**

**ရန်ကုန်- ဒီဇင်ဘာ ၂၄**

ဟာသဇာတ်ကားများဆက်တိုက်ရုံတင်နေပြီးနောက်တွင် ဒရမ်မာရုပ်ရှင်ကားကြီးဖြစ်ပြီး မိဘမေတ္တာဖွဲ့ 'အမေ့ကျေးဇူးဆပ်ဖူးချင်တယ်' ဇာတ်ကားကို မကြာမီရုံတင်တော့မည်ဖြစ်သည်။

ထိုဇာတ်ကား အထူးပွဲကို ဒီဇင်ဘာ ၂၅ရက်နေ့က သမ္မတရုံတွင်ပြသခဲ့ပြီး ပြေတီဦး၊ သက်မွန်မြင့်၊ နေအောင်၊ မေသန်းနု၊ မင်းသူ၊ လှအဥ္ဇလီတင့်၊ အောင်ခိုင်၊ ဝါဝါအောင်၊ အိစိကွေး စသည့် အနုပညာရှင်များပါဝင်သရုပ်ဆောင်ထားသည်။ ဒါရိုက်တာခင်စောမျိုး(အဖေ့ပညာ)က ရိုက်ကူးထားပြီး ကြောင်ကမ္ဘာရုပ်ရှင်ထုတ်လုပ်ရေးကထုတ်လုပ်သည်။ လူကြိုက်များခဲ့သော အာဒမ်ရယ်၊ ဧဝရယ်၊ ဒသရယ် ဇာတ်ကားပြီးနောက်ပိုင်း ပြန်လည်ရုံတင်သော ဒရမ်မာအသားပေးဇာတ်ကားဖြစ်သည်။

# မွေးနေ့မှာ ကုသိုလ်ပြုခဲ့တဲ့ ဝိုင်းစု

**ကြူကြူဟန်**

**ရန်ကုန်- ဒီဇင်ဘာ ၂၄**

ဒီဇင်ဘာ ၂၄ရက်တွင် ၂၅နှစ်ပြည့်မွေးနေ့ အထိမ်းအမှတ်အနေဖြင့် မန္တလေးမြို့ရှိ မျက်မမြင်ကျောင်း၌ နံနက်စာ ဒါနပြုခဲ့ပြီး ရွှေတိဂုံစေတီရင်ပြင်တော်တွင် ဆီးမီးများကိုးရက်ဆက်တိုက်လှူဒါန်းသည့် ကောင်းမှုကုသိုလ်များပြုလုပ်ဖြစ်ခဲ့ကြောင်း အဆိုတော်၊ သရုပ်ဆောင် ဝိုင်းစုခိုင်သိန်းက ပြောကြားသည်။


ဝိုင်းစု၏မျက်လှည့်စီးရီးထဲမှ သီချင်းချိုချိုအေးအေးများကို လူငယ်များအကြား နှစ်သက်နေကြပြီး မျက်လှည့်ဗီစီဒီကို သကြန်မတိုင်မီထွက်ရှိနိုင်အောင်ကြိုးပမ်းနေကြောင်း ဝိုင်းစုက ပြောကြားခဲ့သည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

7DAY NEWS JOURNAL
Vol.10, No.41 · DECEMBER 29, 2011

# Avatar ဇာတ်ကားနှင့်ပတ်သက်၍ ဂျိမ်းစ်ကင်မရွန်း တရားစွဲခံရပြန်




**လော့စ်အိန်ဂျလိစ်၊ ဒီဇင်ဘာ - ၁၉**

ကမ္ဘာ့ဝင်ငွေအကောင်းဆုံး ဇာတ်ကားတစ်ကားဖြစ်ခဲ့သည့် Avatar ကို ရိုက်ကူးသူ ဒါရိုက်တာ ဂျိမ်းစ်ကင်မရွန်းသည် ထိုဇာတ်လမ်းစိတ်ကူးမှာ မိမိထံမှ ခိုးချထားခြင်းဖြစ်သည်ဟုဆိုကာ သိပ္ပံဝတ္ထုစာရေးဆရာ ဘရိုင်ယန့်မိုးရ်က တရားစွဲဆိုထားကြောင်း သိရသည်။

ကင်မရွန်း၏ ရှေ့နေနှင့် ဖောက်စ်ရုပ်ရှင်ကုမ္ပဏီဘက်ကမူ စွပ်စွဲချက်များကို ငြင်းပယ်ထားသော်လည်း စာရေးဆရာ ဘရိုင်ယန့်မိုးရ်ဘက်ကမူ ကင်မရွန်းနှင့် ဖောက်စ်ရုပ်ရှင်ကုမ္ပဏီတို့ထံမှ လျော်ကြေး နှစ်ဘီလီယံကျော် ရယူလိုကြောင်းတရားစွဲဆိုထားသည်။

စာရေးဆရာမိုးရ်က ကင်မရွန်းသည် Avatar ဇာတ်ကားအတွက် ၎င်းရေးပေးခဲ့သော Aquatica နှင့် Descendants ဇာတ်ကားများ၏ ဇာတ်ညွှန်းများကိုအခြေခံကာ မှီငြမ်းကူးယူခဲ့ကြောင်းဆိုထားသည်။ မိုးရ်သည် ၎င်း၏ အမှန်တကယ်နစ်နာမှုများအတွက် လျော်ကြေးဒေါ်လာ ၁ ဒသမ၅ဘီလီယံနှင့်ပြစ်ဒဏ်လျော်ကြေးဒေါ်လာတစ်ဘီလီယံရယူလိုကြောင်းတရားစွဲဆိုထားသည်။

ယခုလ အစောပိုင်းကလည်း အဲရစ်ရိုင်ဒါဆိုသူ ပုဂ္ဂိုလ်တစ်ဦးက လော့စ်အိန်ဂျလိစ်တရားရုံးတွင် ဂျိမ်းစ်ကင်မရွန်းသည် Avatar ဇာတ်ကားအတွက် ၎င်း၏ ဇာတ်လမ်းစိတ်ကူးကို ရယူခဲ့ကြောင်း တရားစွဲဆိုထားသည်။ —Ref: AP




# ဘရစ်တနေစပီးယား စေ့စပ်ပြီ

**လာ့စ်ဗီးဂတ်စ်၊ ဒီဇင်ဘာ - ၂၀**

အမေရိကန်ပေါ့ပ်အဆိုတော် ဘရစ်တနေစပီးယားသည် ကာလရှည်လက်တွဲလာသည့် သူမ၏ မန်နေဂျာ ဂျေဆင်ထရာဝစ်နှင့် လာ့စ်ဗီးဂတ်စ်မြို့ရှိ ပလန်းနက်ဟောလိဝုဒ်အပန်းဖြေဟိုတယ်တွင် စေ့စပ်ပွဲပြုလုပ်ခဲ့ကြောင်းသိရသည်။

ထိုဟိုတယ်မှ တာဝန်ရှိသူများ၏အဆိုအရ အဆိုတော် ဘရစ်တနေစပီးယားသည် ထရာဝစ်က ၎င်း၏ အသက် ၄၀ ပြည့်မွေးနေ့တွင် စေ့စပ်လက်စွပ်အဖြစ် ပေးအပ်ခဲ့သော ၃ ဒသမ ၅ ကာရက်အလေးချိန်ရှိ စိန်လက်စွပ်ကို ဝတ်ဆင်ထားကြောင်း သိရသည်။

အသက် ၃၀ အရွယ် ဘရစ်တနေစပီးယားနှင့် ထရာဝစ်တို့သည် ၂၀၀၆ ခုနှစ်တွင် စတင်တွေ့ဆုံခဲ့ပြီး ၂၀၀၉ ခုနှစ်ကစ၍ ချစ်သူအဖြစ် လက်တွဲခဲ့ကြခြင်းဖြစ်သည်။ ဂျေဆင်မှာ ဘရစ်တနေးစပီးယားနှင့် လက်ထပ်ဖြစ်ပါက သူမ၏ တတိယမြောက်အိမ်ထောင်ဖြစ်သည်။ —Ref: UPI









7DAY NEWS JOURNAL
Vol.10, No.41 • DECEMBER 29, 2011



# ၂၀၁၁ အော်စကာဆုအတွက် ဇာတ်ကား ၂၆၅ ကား စာရင်းဝင်

**ဘီဘာလီဟေး၊ ဒီဇင်ဘာ - ၁၉**

လာမည့် ၂၀၁၁ အော်စကာဆု ပေးပွဲအတွက် အကောင်းဆုံးဇာတ်ကားဆုရွေးချယ်ရန် ဇာတ်ကားပေါင်း ၂၆၅ ကားကိုရွေးချယ်လျာထားကြောင်း ဟောလိဝုဒ်ရုပ်ရှင်အနုပညာနှင့် သိပ္ပံအကယ်ဒမီကဖော်ပြသည်။

(၈၄)ကြိမ်မြောက် ကျင်းပမည့် ယင်းအော်စကာဆုပေးပွဲအတွက် ယင်းဇာတ်ကားများမှ ဆန်ခါတင်စာရင်းဝင် ဇာတ်ကားများကို ဇန်နဝါရီ ၂၄ ရက်တွင် ကြေညာမည်ဖြစ်သည်။ ထိုစာရင်းတွင် အနည်းဆုံး ဇာတ်ကားငါးကားမှ ဆယ်ကားအထိ ပါဝင်မည်ဖြစ်ကာ ထိုမှအကောင်းဆုံးဇာတ်ကားကို ရွေးချယ်မည်ဖြစ်သည်။ ၂၀၁၀ အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆုကို The King's Speech ဇာတ်ကားက ရရှိခဲ့သည်။ —Ref: UPI

# အောင်မြင်ပြီး လူကြိုက်များသော သီချင်းများကို စီးရီးပြန်ထုတ်မည့် အေသင်ချိုဆွေ

**ကြူကြူဟန်**

**ရန်ကုန်၊ ဒီဇင်ဘာ-၂၁**

အောင်မြင်ပြီး လူကြိုက်များသော သီချင်းများကို ပုံစံပြောင်းပြီး သီဆိုထားသော အေသင်ချိုဆွေ၏ အမှတ်တရစီးရီး 'အနီးဆုံးလူ. . . နမ်းမှာလား'စီးရီးကို ဇန်နဝါရီလ ၄ရက်နေ့တွင်Excellent Creation မှ ဖြန့်ချိတော့မည်ဖြစ်သည်။

ထိုအခွေတွင် ကွေလွင့်သွားပြီဖြစ်သော တေးရေး မောင်သစ်မင်း၏ သီချင်းခြောက်ပုဒ်ပါဝင်ပြီး အောင်မြင်သော တေးရေးဆရာများဖြစ်သည့် ဒီနေ့ပုဏ္ဏက၊ စိုင်းခမ်းလိတ်၊ ညီညီသွင်၊ မင်းချစ်သူ၊ စိုးလင်း၊ မောင်မောင်ဇော်လတ် တို့ ရေးသားထားသည့် တေးသီချင်းစုစုပေါင်း ၁၂ပုဒ်ပါဝင်ကာ လေးဖီးကလပ်တီးဝိုင်းက တီးခတ်ပေးထားသည်။

စိုင်းထီးဆိုင်သီဆိုထားသော နေရာတိုင်းမှာ လမ်းနှစ်သွယ်၊ တင့်တင့်ထွန်း၏ နမ်းမှာလား၊ နှစ်ယောက်တစ်အိပ်မက်၊ ဟေမာနေဝင်း၏ တောင်းတဲ့ဆုနဲ့ပြည့်ဝရစေသား စသည့်သီချင်းများ အဆိုပါတေးစီးရီးတွင်ပါဝင်သည်။

'အနီးဆုံးလူ. . . နမ်းမှာလား'အခွေသည် သူမ၏ ဒုတိယစီးရီးမဟုတ်ဘဲ အမှတ်တရ စီးရီးသာဖြစ်ကြောင်း အေသင်ချိုဆွေက ဒီဇင်ဘာ ၂၁ရက် ကုန်သည်ကြီးများဟိုတယ်တွင် ပြုလုပ်သော တေးစီးရီးမိတ်ဆက်ပွဲတွင် ပြောကြားသည်။ ဒုတိယ စီးရီးကို သင်္ကြန်အပြီးတွင် ထွက်ရှိနိုင်ရန် ကြိုးစားနေကြောင်းလည်း သူမကပြောကြားသည်။

# နှစ်သစ်ကူး ဂီတညများ

**ကြူကြူဟန်**

■ကုန်သည်ကြီးများဟိုတယ်၏ နယူးရီးယားညတွင် အဆိုတော် Ar-T ၊ ဇမ်နူး၊ ကောင်းမြတ်၊ နီနီခင်ဇော်တို့နှင့်အတူ Rainbow Band က တီးခတ်ဖျော်ဖြေမည်ဖြစ်သည်။ ယင်းပွဲကို ညစနာရီခွဲတွင် စတင်မည်ဖြစ်ပြီး ပါဖောမန့်အစီအစဉ်များစွာဖြင့် နယူးရီးယားညကို ကုန်ဆုံးစေမည်ဖြစ်သည်။

■ အိုင်စီအဖွဲ့၏ နယူးရီးယားညဖျော်ဖြေပွဲကို မျှော်စင်ကျွန်းတွင် ပြုလုပ်မည်ဖြစ်ရာ ယင်းပွဲတွင် လေးဖြူ၊ အငဲ၊ မျိုးကြီး၊ ဝိုင်ဝိုင်း၊ R ဇာနည်၊ ဝိုင်းစုခိုင်သိန်း၊ ခင်ဘုဏ်း၊ ဂျင်းနီတို့က သီဆိုဖျော်ဖြေမည်ဖြစ်ပြီး မော်ဒယ်များ၏ ထူးခြားသည့် ဝတ်စုံများ၊ Dancer များနှင့် ဒီဂျေသော် လေး၏ ဖျော်ဖြေမှုတို့ပါဝင်မည်ဖြစ်သည်။

■ဆီဒိုးနား ဟိုတယ်၏ နယူးရီးယားညတွင် Man in Black ခေါင်းစဉ်ဖြင့် သရုပ်ဆောင်လူမင်း၏ ပါဖောမန့်များနှင့် အဆိုတော် ဇော်ဝင်းထွဋ်၊ စိုင်းစိုင်းခမ်းလှိုင်နှင့် ဝိုင်းစုခိုင်သိန်းတို့က အင်ပါယာတီးဝိုင်းနှင့် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်သည်။

■New Year's eve Celebration with Angles & Butterflies ပွဲကို နယူးရီးယားညတွင် ပါ့ခ်ရွိုင်ရယ်ဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။ ယင်း ဖျော်ဖြေပွဲတွင် အဆိုတော် ဇော်ပိုင်၊ L ဆိုင်းဇီနှင့် Me & Ma Girls အဖွဲ့မှ ဖျော်ဖြေပြီး မော်ဒယ်များ၏ တင်ဆက်မှုများပါဝင်မည်ဖြစ်သည်။

■ချက်ထရီယမ် ဟိုတယ်၏ နယူးရီးယားညပါတီပွဲတွင် အဆိုတော်ချစ်ကောင်း၊ အောင်လ၊ ကောင်းမြတ်၊ ခင်ဘုဏ်း၊ Me & Ma Girls တို့နှင့် Ghost Rider တီးဝိုင်းက သီဆိုဖျော်ဖြေမည်ဖြစ်သည်။ ယင်းပွဲကို ည ၇ နာရီခွဲတွင် စတင်မည်ဖြစ်ပြီး နိုင်ငံတကာမှ ဖိတ်ခေါ်ထားသော ပညာရှင်များ၏ ပါဖောမန့်များနှင့် မော်ဒယ်လေးများ၏ ကပြတင်ဆက်မှုများပါဝင်မည်ဖြစ်သည်။

■ အင်းလျားလိတ်ဟိုတယ်၏ နယူးရီးယားညတွင် Wanted, Idiots, Reason၊ စိုင်းစိုင်းခမ်းလှိုင်၊ ရဲလေး၊ ဂျောက်ဂျက်၊ လွှမ်းပိုင်၊ Snare ၊ ကျော်ထွဋ်ဆွေ၊ ကိကိ၊ စန္ဒီမြင့်လွင်၊ ဝိုင်းစုခိုင်သိန်း၊ Bobby Soxer, ဘန်နီဖြိုး၊ မိစန္ဒီတို့က ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်သည်။




**ကြူကြူဟန်**

■စောသက်၏ တတိယမြောက်တေးစီးရီးဖြစ်သည့် "ရင်ဘတ်ကြီးက တောင်းဆိုလို့"စီဒီ၊ဒီဗီဒီကို ဇန်နဝါရီ၇ရက်တွင် ချိုကြည်သာတေးသံသွင်း မှ ဖြန့်ချိတော့မည်ဖြစ်သည်။

ယင်းစီးရီးတွင် ရိန်မိုး၊ ရဲလေး၊ ဩရသ၊ မိုးမိုး၊ ဂျောက်ဂျက်တို့က သီဆိုပေးထားသည်။ နေတိုး၊ ဟိန်းဝေယံ၊ ရဲအောင်၊ စိုင်း၊ စည်တွမ်ခမ်း၊ ဒိန်းဒေါင်၊ ဖိုးသား၊ လှအဥ္ဇလီတင့်၊ ယုသန္တာတင့်၊ စောသက်တို့လည်းပါဝင် သရုပ်ဆောင်ထားပြီး ကိုနိုင်(NVG)၊ ရဲလေးစသည့် ဒါရိုက်တာများက ရိုက်ကူးပေးထားသည်။

## စာ – ၄၇၊ စိုးပြည့်သဇင်ရဲ့ငြိမ်းအေးရာမှ

စိုးပြည့်ရယ်၊ မေမေရယ် နှစ်ယောက် သီရိမင်္ဂလာဗောဓိရိပ်သာ တရားစခန်းမှာ ဝင်ဖြစ်ခဲ့တယ်။ တရားစခန်းဆိုတော့ မနက်၃နာရီထပြီးတော့ ၄နာရီကနေစပြီး ညစနာရီအထိတရားထိုင်ရတယ်။ စိုးပြည့်ရဲ့ပုံမှန်အလုပ်တွေဖြစ်တဲ့ သရုပ်ဆောင်တဲ့ အလုပ်မဟုတ်တော့ အရမ်းကိုပင်ပန်းပါတယ်။

ဒါပေမဲ့ သုံးရက်မြောက်တဲ့နေ့မှာတော်တော်လေးကိုနေသားတကျဖြစ်လာတယ်။ရှုမှတ်မှုသမာဓိအားကလည်းကောင်းလာတယ်။ စိတ်ရဲ့ငြိမ်းအေးမှုကိုစတင်သိလာတဲ့ အခိုက်အတန့်လို့ဆိုရင်လည်း မမှားဘူးပေါ့။

အခုလိုငြိမ်းအေးမှုတွေကို သိရှိလာတဲ့ အချိန်မှာ အရင်ကမငြိမ်းအေးမှုတွေကို တဖြည်းဖြည်းသိလာသလိုခံစားရတယ်။ တရားရှုမှတ်နေရတဲ့ အချိန်မှာ လောဘ၊ ဒေါသ၊ မောဟတွေ အတော်လေးကင်းလာတာကိုသတိထားလာမိတယ်။အဲဒီတော့မှ ငါအရင်က ဘဝကို ဖြတ်သန်းခဲ့ရာမှာခဲ့တာမှာ လောဘ၊ဒေါသ၊မောဟတွေရဲ့ ပူလောင်မှုတွေကို တွေးတောဆင်ခြင်လာမိတယ်။ ကိလေသာတွေကနေ လွတ်မြောက်တဲ့ နည်းကိုဟောကြားပေးခဲ့တဲ့မြတ်စွာဘုရားကိုလည်း ကျေးဇူးတင်လာမိတယ်။ကိလေသာကင်းတော်မူတဲ့ မြတ်စွာဘုရားကိုလည်းပိုပြီး ကြည်ညိုလာမိတယ်။ သံသရာတစ်လျှောက်လုံးမှာလောဘ၊ဒေါသ၊မောဟတွေနဲ့နေလာခဲ့တဲ့ စိုးပြည့်ရဲ့ ပူလောင်မှုတွေကို ဒီဘဝမှာ တင်လွတ်မြောက်ချင်လာမိတော့တယ်။ တရားထိုင်ခြင်းဟာ စိတ်ရဲ့ငြိမ်းအေးမှုကို ခံစားလာရတဲ့အတွက် စိုးပြည့်လို တဒင်္ဂ ငြိမ်းအေးမှုတွေကို ပရိသတ်တွေကိုလည်းပိုင်ဆိုင်စေချင်တယ်။ တရားထိုင်ခြင်းကနေ ငြိမ်းအေးမှုတွေရပြီး နေ့စဉ် ဘဝအမောတွေကြားရုန်းကန်နေရတဲ့ ပရိသတ်ကြီးကိုလည်း စိုးပြည့်လို တရားထိုင်ကြည့်ဖို့ တိုက်တွန်းချင်ပါတယ်။အားလုံးကိုကျေးဇူးတင်ပါတယ်နော်။

## TOP 10 MOVIES IN AMERICA

ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | Sherlock Holmes: A Game of Shadows | Warner Bros. Pic. | ၃၉,၆၃၇,၀၇၉ | ၁ |
| ၂။ | Alvin and the Chipmunks: Chipwrecked! | N/A | ၂၃,၂၄၄,၇၄၄ | ၁ |
| ၃။ | Mission:Impossible - Ghost Protocol | Paramount Pic. | ၁၃,၃၈၅,၂၀၄ | ၁ |
| ၄။ | New Year's Eve | Warner Bros. Pic. | ၂၄,၇၁၆,၁၆၇ | ၂ |
| ၅။ | The Sitter | 20th Century Fox | ၁၇,၉၂၉,၉၈၇ | ၂ |
| ၆။ | The Twilight Saga:Breaking Dawn-Part-1 | Summit Entertainmet | ၂၆၆,၃၂၇,၉၇၄ | ၅ |
| ၇။ | Hugo | Paramount Pic. | ၃၉,၁၅၅,၇၀၉ | ၄ |
| ၈။ | Arthur Christmas | Sony Pic. | ၃၈,၅၀၀,၆၃၀ | ၄ |
| ၉။ | The Muppets | Walt Disney Pic. | ၇၀,၉၉၄,၅၇၁ | ၄ |
| ၁၀။ | Young Adult | Paramount Pic. | ၃,၈၄၃,၀၈၃ | ၂ |

## Movie Review

### Beauty and the Beast




ဘဲလ်သည် လှပထက်မြက်သော အမျိုးသမီးငယ်လေးတစ်ဦးဖြစ်ပြီး ရုပ်ဆိုးသောသတ္တဝါကြီးတစ်ကောင်၏ ရဲတိုက်အတွင်း အကျဉ်းကျခံနေရသည်။ ကျဉ်းထဲကျပ်ထဲရောက်နေသော်လည်း ဘဲလ်က ရဲတိုက်ကြီးရှိခင်မင်စရာကောင်းသော ဝန်ထမ်းများနှင့် မိတ်ဆွေဖွဲ့ခဲ့သည်။ ရေနွေးကရား၊ နာရီအစရှိသူများနှင့် ခင်မင်ရင်းနှီးလာသောအခါ ရဲတိုက်ကြီး၏ အရှင်သခင်မှာ ရုပ်ဆိုးသော်လည်း မင်းသားလေးတစ်ပါးကဲ့သို့ စိတ်ထားကောင်းပြီး နူးညံ့သိမ်မွေ့သည်ကိုသိမြင်လာခဲ့သည်။

၁၉၉၁ ခုနှစ်က ကလေးနှင့် မိသားစုများ အကြိုက်တွေ့ခဲ့ကြသည့်ဇာတ်ကားအား Walt Disney က သုံးဘက်မြင် ရုပ်ကွက် 3Dစနစ်သို့ ပြောင်းလဲ၍ ပြန်လည်ဖြန့်ချိခြင်းဖြစ်သည်။ အက၊ အလှ၊ သီချင်းများနှင့် ပိုမိုရုပ်လုံးကြွနေသော ဇာတ်ကားအား ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၂၃ ရက်နေ့တွင် ဖြန့်ချိမည်ဖြစ်သည်။

Sports
7 DAY NEWS JOURNAL
Vol.10, No.41 · DECEMBER 29, 2011

# ဆီးဂိမ်းအတွက် ဆက်ဆံရေးအရာရှိနှင့် လုပ်အားပေးလူငယ်အရာရှိ ၈၀၀ ခန့် တာဝန်ပေးမည်

အေးမြတ်သူ

**ရန်ကုန်၊ ဒီဇင်ဘာ - ၂၃**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် ဆက်ဆံရေးအရာရှိနှင့် လုပ်အားပေးလူငယ်အရာရှိ ခန့်အပ်ရန် သင်တန်းသား ၇၀၀၊ ၈၀၀ ခေါ်ယူမည်ဖြစ်ကြောင်း အားကစားဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးနော်တောင်ကပြောကြားသည်။

၂၀၁၃ ခုနှစ်တွင် နေပြည်တော်၌ကျင်းပမည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် ဆက်ဆံရေးအရာရှိနှင့် လုပ်အားပေးများအတွက် ပထမအကြိမ်သင်တန်းမှသင်တန်းသား ၁၀၀ ဦးခေါ်ယူမည်ဖြစ်ပြီး ခေါင်းဆောင်ပိုင်း ၅၀ ဦးခေါ်ယူမည်ဖြစ်ကြောင်း ဦးနော်တောင်ကပြောကြားသည်။

ယင်းသင်တန်းကို ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၂၄ ရက်မှ ၃၁ ရက်အထိဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းကာလအတွက် ခရီးစရိတ် (သွား/ပြန်)၊ နေ့စဉ် စားစရိတ်၊ ဝတ်စုံစရိတ်၊ နေရာထိုင်ခင်းနှင့် ထောက်ပံ့ကြေးများပေးမည်ဖြစ်သည်။ ပထမအကြိမ်ပြီးပါကလည်း သင်တန်းသား ထပ်မံခေါ်ယူပြီး ဆက်ဆံရေးအရာရှိနှင့် လုပ်အားပေးလူငယ်စုစုပေါင်း ၇၀၀၊ ၈၀၀ ခန့် လေ့ကျင့်ရွေးချယ် သင်တန်းပေးမည်ဟုဆိုသည်။




**အင်ဒိုနီးရှားဆီးဂိမ်းတွင် လုပ်အားပေးလူငယ်များကို သင်တန်းပေးစဉ်**

ပြိုင်ပွဲကာလအတွင်းတာဝန်ထမ်းဆောင်စဉ် ထောက်ပံ့ကြေးအဖြစ် တစ်နေ့လျှင် ငါးထောင်၊ တစ်သောင်းပေးမည်ဖြစ်ကြောင်းလည်း ဦးနော်တောင်ကပြောကြားသည်။

လျှောက်ထားသူသည် အသက် ၁၈ နှစ်မှ ၃၀ နှစ်အတွင်း နိုင်ငံသားဖြစ်ရန်၊ အမျိုးသား အရပ်ငါးပေလေးလက်မနှင့်အထက်၊ အမျိုးသမီး အရပ်ငါးပေနှစ်လက်မနှင့်အထက်ရှိရန်၊ ပညာအရည်အချင်း အနည်းဆုံး ၁၀ တန်းနှင့်အထက် အောင်မြင်ပြီးသူဖြစ်ရန်လိုသည်ဟုဆိုသည်။ ထို့အပြင် ကွန်ပျူတာကျွမ်းကျင်မှုရှိပါက ထည့်သွင်းဖော်ပြရမည်ဖြစ်ပြီး အင်္ဂလိပ်၊ ထိုင်း၊ မလေးရှား ဘာသာစကားတစ်ခုခုကို ပြောဆိုနိုင်ရမည်ဟုလည်းဆိုသည်။ မိဘအုပ်ထိန်းသူ ခွင့်ပြုချက်ပါရန်၊ ပဋ္ဌာမကျန်းမာရေး ဆေးစစ်အောင်မြင်ပြီးကြောင်း ပြည်သူ့ဆေးရုံ၏ ထောက်ခံချက်တို့နှင့်အတူ နိုင်ငံရေးပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်းထောက်ခံစာ မူရင်းပူးတွဲတင်ပြရမည်ဖြစ်ကြောင်း သင်တန်းသားများတွင် ရှိရမည့် အချက်အလက်များ၌ ဖော်ပြထားသည်။

သင်တန်းသားလျှောက်လွှာများကို ကိုယ်ရေးအချက်အလက်များနှင့်အတူ ပတ်စ်ပို့ဓာတ်ပုံတစ်ပုံ၊ ဓာတ်ပုံအပိုနှစ်ပုံ၊ ရှေ့တည့်တည့်မှ ရိုက်ထားသော လေးလက်မ၊ ခြောက်မအရွယ် ကိုယ်လုံးပေါ်ဓာတ်ပုံတစ်ပုံပူးတွဲ၍ ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲထောက်ခံချက်နှင့် အတူ ဓာတ်ပုံနှစ်ပုံပူးတွဲ၍ ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁၆ ရက် နောက်ဆုံးထားပြီး နေပြည်တော် အားကစားဝန်ကြီးဌာန ဝန်ကြီးရုံး၊ ရုံးအမှတ်(၃၁)သို့ ပေးပို့ရမည်ဖြစ်သည်။

လုပ်အားပေးအတွက် ကန့်သတ်ချက်များပြားလွန်းသည့်အတွက် အမှန်တကယ်လုပ်ကိုင်လိုသူများ မလျှောက်ဝံ့တော့မည်ကို စိုးရိမ်ကြောင်း အားကစားဝါသနာပါသူအချို့က ပြောသည်။ အင်ဒိုနီးရှားဆီးဂိမ်းစ်တွင် လုပ်အားပေးဝန်ထမ်း တစ်သောင်းငါးထောင်ခန့်အပ်ခဲ့သည်။

## ၂၀၁၂ မြန်မာနေရှင်နယ်လိဂ် ချန်ပီယံဆုကြေး ကျပ်သိန်း၁၀၀၀ရမည်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ ဒီဇင်ဘာ- ၂၁**

လာမည့် ၂၀၁၂ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးချန်ပီယံအသင်းမှာ ယခင်ပြိုင်ပွဲများထက် ဆုကြေးငွေ နှစ်ဆရရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။

၂၀၀၉ ခုနှစ်မှစတင်ကျင်းပခဲ့သည့်ယင်းပြိုင်ပွဲ၏ ချန်ပီယံအသင်းအား ဆုကြေးငွေကျပ်သိန်းငါးရာ ချီးမြှင့်ခဲ့သော်လည်း ၂၀၁၂ ဘောလုံးရာသီပြိုင်ပွဲတွင်မူ ဆုကြေးငွေ ကျပ်သိန်းတစ်ထောင်ချီးမြှင့်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ သတင်းရရှိသည်။

ထို့အပြင် ဒုတိယဆုရရှိသောအသင်းအား ကျပ်သိန်း ၇၅၀၊ တတိယရရှိသော အသင်းအား ဆုကြေးငွေ ကျပ်သိန်း ၅၀၀ ချီးမြှင့်မည်ဖြစ်ပြီး စတုတ္ထနှင့် ပဉ္စမရရှိသော အသင်းများအနေဖြင့်လည်း ကျပ်သိန်း ၅၀၀ စီရရှိမည်ဖြစ်ကြောင်းသိရသည်။ ထို့ကြောင့် အဆင့်-၄ နှင့် အဆင့်-၅ အသင်းများအနေဖြင့် ၂၀၁၂ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲမှစတင်၍ ဆုကြေးငွေစတင်ရရှိတော့မည်ဖြစ်သည်။

ပြိုင်ပွဲဝင် ၁၄ သင်းအထိရှိလာမည့် ၂၀၁၂ ဘောလုံးရာသီတွင် တစ်သင်းစီအတွက် ထောက်ပံ့ကြေးငွေကျပ်သိန်းနှစ်ရာစီ ပေးအပ်သွားမည်ဖြစ်ကြောင်းလည်း အဖွဲ့ချုပ်မှ သတင်းထုတ်ပြန်သည်။ လာမည့် ၂၀၁၂ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲသည် ရုပ်သံမူပိုင်ခွင့် ပထမဆုံးရရှိသည့် ပြိုင်ပွဲဖြစ်ပြီး Title စပွန်ဆာအသစ်ဖြင့် ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်အသင်းပိုင်ရှင်များမှာ တစ်ရာသီအတွက် ကျပ်သိန်းထောင်ချီ၍ အသုံးပြုကြရသည်။

မြန်မာဘရူဝါရီကုမ္ပဏီ၏ အဓိကစပွန်ဆာဖြင့်ကျင်းပမည့်ယင်းပြိုင်ပွဲအမည်မှာ MNL Myanmar 2012 ဖြစ်လာမည်ဖြစ်ပြီး ရုပ်သံမူပိုင်ခွင့်အတွက် ပြည်တွင်းရုပ်သံလိုင်း MRTV-4 နှင့် သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။

Title စပွန်ဆာအသစ် MRTV-4 ၏ရုပ်သံထုတ်လွှင့်ချက်များ၊ ဆုကြေးငွေတိုးမြှင့်မှုများနှင့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲအပေါ် တဖြည်းဖြည်း ပရိသတ်စိတ်ဝင်စားမှု လျော့နည်းလာသည့် အခြေအနေအား မည်မျှပြန်လည်ဆွဲတင်နိုင်မည်ကိုမူ စောင့်ကြည့်ရမည်ဖြစ်သည်။



7DAY NEWS JOURNAL
Vol.10, No.41 • DECEMBER 29, 2011

# စာချုပ်သက်တမ်း မပြည့်သေးသော ဘောလုံးသမားကို တရားမဝင် ကမ်းလှမ်းပါက အရေးယူမည်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ ဒီဇင်ဘာ-၂၁**

သက်ဆိုင်ရာ ကလပ်အသင်းနှင့် စာချုပ်သက်တမ်းမပြည့်သေးသည့် ကစားသမားအား အခြားဘောလုံးအသင်းက ကြိုတင်ငွေပေး၍ သဘောတူညီမှု ရယူထားပါက လက်ခံရယူထားသည့်ကစားသမားနှင့်ကမ်းလှမ်းသည့်အသင်းအား ပွဲပယ်နှင့် အမှတ်လျှော့ပြစ်ဒဏ်များချမှတ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် ကစားသမားအပြောင်းအရွှေ့ကိစ္စရပ်များတွင် ရှုပ်ထွေးမှုများ မပေါ်ပေါက်စေရန်အတွက် ၂၀၁၂ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲမှစတင်၍ အပြောင်းအရွှေ့နှင့် သက်ဆိုင်သည့် လုပ်ထုံးလုပ်နည်းများတွင် စည်းမျဉ်းဥပဒေတစ်ရပ်ကို ထည့်သွင်းပြဋ္ဌာန်းလိုက်ခြင်းဖြစ်ကြောင်း အဖွဲ့ချုပ်၏ သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။

ထို့ကြောင့် အထက်ပါအတိုင်း စစ်ဆေးတွေ့ရှိပါက ကြိုတင်ငွေရယူထားသော ကစားသမားအား ပွဲပယ်သုံးလ ပြစ်ဒဏ်နှင့် ငွေပေးသော ကလပ်အသင်းအား သုံးမှတ်လျှော့ပြစ်ဒဏ်ချမှတ်သွားမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် ကြိုတင်ငွေရယူခဲ့၍ ပွဲပယ်သုံးလကျခံရသော ကစားသမားသည် အလားတူဖြစ်ရပ်မျိုး ထပ်မံကျူးလွန်ပါက တစ်နှစ်ပွဲပယ်ပြစ်ဒဏ် ချမှတ်ခံရမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ချက်တွင် ပါရှိသည်။

လာမည့် ကစားသမားအပြောင်းအရွှေ့ကိစ္စရပ်များတွင် သက်ဆိုင်ရာ ကလပ်အသင်းအချင်းချင်းသာ တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်ရတော့မည်ဖြစ်ပြီး မြန်မာနေရှင်နယ်လိဂ်အသင်းများကြားတွင် ကစားသမားများအား တရားမဝင် ချဉ်းကပ်မှုများ ရှိနေကြောင်း သတင်းများ ထွက်ပေါ်လာခဲ့ပြီးချိန်၌ ယင်းစည်းမျဉ်းဥပဒေသစ်ထွက်ပေါ်လာခြင်းဖြစ်သည်။

# ရန်ကုန်တွင် ကျင်းပမည့် အရှေ့တောင်အာရှ ကာယဗလပြိုင်ပွဲ အတန်းရှစ်တန်းပါဝင်မည်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ ဒီဇင်ဘာ-၂၁**



အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၁၁)ကြိမ်မြောက် အရှေ့တောင်အာရှကာယဗလ တံခွန်စိုက်ပြိုင်ပွဲတွင်ကိုယ်အလေးချိန်တန်းရှစ်တန်း ထည့်သွင်းကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါ ပြိုင်ပွဲကို လာမည့် ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီ ၂၂ ရက်မှ ၂၇ ရက်အထိ ရန်ကုန်မြို့၊ မြန်မာကွန်ဗင်းရှင်းစင်တာ၌ကျင်းပပြုလုပ်မည်ဖြစ်ပြီး အမျိုးသားကာယဗလပြိုင်ပွဲ(ကိုယ်အလေးချိန် တန်း)၅၅ မှ ၉၀ ကီလိုတန်းအထိ ပြိုင်ပွဲအတန်း ရှစ်တန်းထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ကာယဗလနှင့်ကာယအလှအဖွဲ့ချုပ်မှသတင်းရရှိသည်။

ပြိုင်ပွဲ၌ အိမ်ရှင်မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများဖြစ်သည့်စင်ကာပူ၊ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယား၊ ဘရူနိုင်း စသည့် ၁၀နိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပြိုင်ပွဲအတန်းတစ်တန်းလျှင် သက်ဆိုင်ရာနိုင်ငံကိုယ်စားပြု အားကစားသမားတစ်ဦးစီ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုထားကြောင်းသိရသည်။

မြန်မာနိုင်ငံသည် အဆိုပါ ပြိုင်ပွဲကို ၁၉၉၆ ခုနှစ်က အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ဖူးသည့်အတွက် ယခုလာမည့် ပြိုင်ပွဲသည် ဒုတိယအကြိမ်မြောက် လက်ခံကျင်းပခြင်းဖြစ်သည်။

၂၀၁၀ ပြည့်နှစ်က စင်ကာပူနိုင်ငံ၌ ပြုလုပ်ခဲ့သည့် ဒသမအကြိမ် အရှေ့တောင်အာရှကာယဗလ တံခွန်စိုက်ပြိုင်ပွဲတွင် မြန်မာကာယဗလအားကစားသမားများက ရွှေနှစ်ခုနှင့် ငွေတစ်ခု ရရှိခဲ့သည်။

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲတွင်လည်း ကာယဗလအားကစားနည်းအား ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# ရန်ကုန်နှင့် ရေဝတီဗိုလ်လုမည့် ကွန်မြူနတီဒိုင်း ကွင်းဝင်ကြေးများအားလုံး လှူဒါန်းမည်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ ဒီဇင်ဘာ-၂၁**

၂၀၁၂ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲမတိုင်မီ ကွန်မြူနတီဒိုင်းပြိုင်ပွဲအဖြစ် ရန်ကုန်ယူနိုက်တက်နှင့် ရေဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်မှရရှိမည့် ကွင်းဝင်ကြေးအားလုံးကို လူမှုရေးအဖွဲ့အစည်းသို့ လှူဒါန်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါ ပြိုင်ပွဲကို မြန်မာနေရှင်နယ်လိဂ်အမှတ်ပေး ချန်ပီယံအသင်းနှင့် ရှုံးထွက်ဖလား(MFF Cup)ချန်ပီယံအသင်းတို့ယှဉ်ပြိုင်ရန်ဖြစ်သော်လည်း ပြီးခဲ့သည့် ၂၀၁၁ ဘောလုံးရာသီတွင်ရန်ကုန်ယူနိုက်တက်အသင်းမှာ အဆိုပါ ပြိုင်ပွဲနှစ်ရပ်လုံးတွင် ဗိုလ်စွဲခဲ့သောကြောင့် အမှတ်ပေးပြိုင်ပွဲ ဒုတိယနေရာရရှိခဲ့သည့် ရေဝတီယူနိုက်တက်အသင်းနှင့် ယှဉ်ပြိုင်ရခြင်းဖြစ်သည်။

ဒီဇင်ဘာ ၃၁ ရက်၊ ညနေ သုံးနာရီခွဲအချိန်တွင် အောင်ဆန်းကွင်း၌ ယှဉ်ပြိုင်ကစားမည့် ၎င်းပွဲစဉ်အတွက် ကွင်းဝင်ကြေးအဖြစ် အထူးတန်းကျပ်တစ်ထောင်နှင့် ရိုးရိုးတန်းကျပ်ငါးရာ သတ်မှတ်ထားပြီး ရရှိသည့်ကွင်းဝင်ကြေးအားလုံးကို လူမှုရေးအဖွဲ့အစည်းတစ်ခုသို့ လှူဒါန်းသွားမည်ဖြစ်ကြောင်း အဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ဒီပွဲစဉ်ကို လာအားပေးတဲ့ ပရိသတ်တွေအနေနဲ့ ပြီးခဲ့တဲ့ ရာသီက အကောင်းဆုံးနှစ်သင်းရဲ့ ယှဉ်ပြိုင်မှုကိုကြည့်ရမှာဖြစ်သလို ကုသိုလ်လည်းရမှာ ဖြစ်ပါတယ်" ဟု အဖွဲ့ချုပ်မှ တာဝန်ရှိသူက ဆိုသည်။ ရန်ကုန်ယူနိုက်တက်နှင့် ရေဝတီယူနိုက်တက် အသင်းတို့သည်လာမည့်ဘောလုံးရာသီတွင် အာရှဘောလုံးအဖွဲ့ချုပ်ဖလား AFC Cup ပြိုင်ပွဲသို့ပါဝင်ယှဉ်ပြိုင်ခွင့် ရရှိထားသော အသင်းများလည်း ဖြစ်သည်။

DKSH

CAREER OPPORTUNITY (For Local Service Only)



## We empower you to grow

**DKSH Services Ltd. (Diethelm & Co., Ltd.)** is a member of DKSH Market Expansion Services Group based in Zurich, Switzerland.
DKSH enables and supports client companies in expanding their businesses in existing markets and launching into new ones. It offers sourcing, marketing, sales, distribution and after-sales services. DKSH provides its partners with fundamental expertise and on-the-ground logistics, covering Asia Pacific, Europe and the Americas with a comprehensive network of 610 business locations operated by more than 22,500 specialists.

We are looking for highly motivated specialist and individuals with a passion for excellence for the following positions based in Yangon –

1. **Resident Manager (Dedicated Team) - (1) Post**
   - Holder of Bachelor Degree (Prefer: Other relevant Marketing Diploma/Degree Holder or MBA)
   - Minimum 5 to 7 years of relevant sales experience with management background, preferably in Pharmaceutical industry
   - Develop and implement sales strategies, and tactical sales plans and programs to achieve targeted revenue goals and consistent revenue growth
   - Identify new revenue opportunities and business development opportunities
   - Proficiency in 4 skills of English and competent with Microsoft applications
   - Either Male or Female
2. **National Distribution Centre Manager - (1) Post**
   - Holder of Bachelor Degree (Prefer: MBA or Other relevant Supply Chain/Logistics Diploma)
   - Minimum 2 to 3 years experience in Supply Chain Management
   - Strong Analytical Skills with a good acumen for numbers
   - Excellent team building & interpersonal skill; collaborative, hands on, and dynamic personalities
   - Fluent proficiency in 4 skills of English and competent with Microsoft applications
   - Age under 40 years
   - Male
3. **National Transport Manager - (1) Post**
   - Holder of Bachelor Degree (Prefer: MBA or Other relevant Supply Chain/Logistics Diploma)
   - Minimum 2 to 3 years experience in Logistics/Fleet Security & Control
   - Good Analytical Skills and strong knowledge and understanding in transportation system in Myanmar
   - Excellent team building & interpersonal skill; collaborative, hands on, and dynamic personalities
   - Fluent proficiency in 4 skills of English and competent with Microsoft applications
   - Age under 40 years
   - Male
4. **Marketing Trainee - (5) Posts**
   - Holder of Bachelor Degree (Prefer: Other relevant Marketing Diploma/Degree Holder or MBA)
   - Brand Management and Marketing Experience in FMCG Industry
   - Assist in the development and implementation of respective supplier's existing and new products
   - Develop and implement integrated Trade Marketing/Promotion plan
   - Analyze, review and recommend Trade Marketing Activities to support the brands
   - Proficiency in 4 skills of English and competent with Microsoft applications
   - Either Male or Female
5. **Financial Analyst - (1) Post**
   - B.Com, CPA or Degree holder with ACCA
   - Minimum 2 to 3 years experience in Financial analysis field
   - Good Analytical Skills and strong knowledge and understanding in database setup
   - Excellent team building & interpersonal skill; collaborative, hands on, and dynamic personalities
   - Fluent proficiency in 4 skills of English and competent with Microsoft applications
   - Age under 40 years
   - Either Male or Female
6. **Assistant Cost Accountant - (1) Post**
   - Holder of Bachelor Degree (Prefer: B Com or LCCI Level III)
   - Ability to understand and interpret complex financial information
   - Minimum 2 years experience in cost accounting is an asset
   - Age under 30 years
   - Can communicate in English and competent with Microsoft applications and ACCPAC software
   - Either Male or Female
7. **Sales Force Effectiveness Analyst - (1) Post**
   - Holder of Bachelor Degree (Prefer: B.Sc.Engg (IT) or B.C.Sc or other relevant IT Diploma)
   - Minimum 2-3 years experience in Client Service related Information System
   - Having good knowledge in RDBMS and Project Management
   - Provide superior clients service to internal and external users
   - Ability to explain technical software, hardware and provide solutions
   - Communicate in English
   - Can travel with short notice
   - Age between 25 or 35 years
   - Either Male or Female
8. **Receptionist - (1) Post**
   - Holder of Bachelor Degree
   - Minimum 1 year experience in relevant field
   - Having a good personality
   - Can Communicate in English
   - Age under 30 years
   - Female

**For all the above posts, candidate must be**
- Independent, well organized, self motivated and team player
- Strong interpersonal and communication skills

**DKSH promises you empowerment to shape the long-term growth of our business as part of an energetic and successful team, thereby positively touching people's lives. Working at DKSH means that you have the opportunity to lead and develop as a leader and also to share an aligned vision while working with like-minded, energized colleagues.**

To Apply: Interested persons who meet above mentioned qualifications are welcomed to submit full CV, detailing Skills, knowledge and experience with recent color passport sized photograph and copies of the testimonials to the address below. **Please mark applied position in front of CV**

I. Alternatively, application can be submitted via Email to -
**Recruitment Specialist**
DKSH Services Ltd. Myanmar
No. 013, Thitsar Road, Yankin Township, Yangon
E-mail: dksh-hrm@myanmar.com.mm

Closing date for applications, **January 7, 2012 (or) until candidate identified.**

II. Note: Only short-listed candidates will be notified. Those not contacted should consider that their application has not been favorably considered.

7 DAY NEWS JOURNAL
Vol.10, No.41 · DECEMBER 29, 2011

# လီဗာပူး-နယူးကာဆယ်၊ ချယ်လ်ဆီး-ဗီလာ ထိပ်တိုက်တွေ့ကြမယ့် ပရီးမီးယားလိဂ်ပွဲစဉ်(၁၉)ပွဲကြိုခန့်မှန်းချက်

**ကိုအေးမြတ်**

ဒီတစ်ပတ် ပရီးမီးယားလိဂ်ပွဲစဉ်(၁၉)မှာတော့ လီဗာပူး-နယူးကာဆယ်၊ချယ်လ်ဆီး-ဗီလာထိပ်တိုက်တွေ့ဆုံမှုတွေပါဝင်နေပါတယ်။ မန်ယူက အိမ်ကွင်းမှာ ဇယားအောက်ခြေက ဘလက်ဘန်းနဲ့ ကစားရမှာဖြစ်သလို မန်စီးတီးကလည်း အိမ်ကွင်းခြေစွမ်းမကောင်းတဲ့ဆန်းဒါးလန်းကို အဝေးကွင်းမှာ သွားရောက်ကစားရမှာမို့ အခြေအနေကောင်းနေပါတယ်။ ခြုံကြည့်ရရင် ဒီတစ်ပတ်က မန်ချက်စတာမြို့ခံနှစ်သင်းအတွက် လွယ်ကူတဲ့ရက်သတ္တပတ်ဖြစ်လာနိုင်ပါတယ်။

**<u>ဒီဇင်ဘာ ၃၁၊ စနေ။</u>**

**နံနက် ၂း၁၅ နာရီ**

**လီဗာပူး-နယူးကာဆယ်**

**ပထမအကျော့ရလဒ် ၃-၀**

လီဗာပူးတို့ နိုင်ခြေများတဲ့ပွဲပါပဲ။ ဒါပေမဲ့ အဝေးကွင်းခြေစွမ်းမာကျောတဲ့ အသင်းတွေထဲမှာ နယူးကာဆယ်လည်း ပါဝင်နေတာမို့ ပထမအကျော့တုန်းကလို ဂိုးပြတ်ဖို့တော့ မလွယ်ပါဘူး။ လက်ရှိမှာ လီဗာပူးအိမ်ကွင်းရှုံးပွဲမရှိသေးပေမယ့် ဒီပွဲ နိုင်ရင်တော့ ဂိုးနည်းမယ်ထင်ပါတယ်။ နယူးကာဆယ်သရေရဖို့ အခွင့်အရေးလည်းရှိတယ်။

**ည ၇း၁၅ နာရီ**

**မန်ယူ-ဘလက်ဘန်း**

**ပထမအကျော့ရလဒ် ၁-၁**

မန်ယူတို့အိမ်ကွင်းမှာတော့ မဖြစ်မနေ အနိုင်ရဖို့လိုပါတယ်။ ဇယားအောက်ခြေက ဘလက်ဘန်းကို ဂိုးများများသွင်းဖို့ထက် ခြေစွမ်းအသာနဲ့ အနိုင်ရအောင်ပဲ မန်ယူတို့ ကြိုးစားသွားမှာပါ။ မန်ယူ နှစ်ဂိုးလောက်တော့ရနိုင်တယ်။

**ည ၉း၃၀ နာရီ**

**အာဆင်နယ်-ကျူပီအာ**

**ပထမအကျော့ရလဒ် ၁-၁**

ပထမအကျော့မှာ သရေကျခဲ့တာကို မမေ့သေးရင် အာဆင်နယ်တို့ အနိုင်သုံးမှတ်ရဖို့ အရေးကြီးတာ သိထားရပါမယ်။ အာဆင်နယ်ကစားပုံဒီနောက်ပိုင်းပြန်ကောင်းလာတာမို့ ကျူပီအာတို့ အဝေးကွင်းနိုင်ပွဲမရနိုင်ဘူး။ အာဆင်နယ် ဂိုးနည်းနည်းနဲ့ ကပ်နိုင်မယ့်ပွဲပါ။

**ဘော်လ်တန်-ဝုလ်**

**ပထမအကျော့ရလဒ် ၁-၀**

ဇယားအောက်ခြေက အိမ်ရှင်ဘော်လ်တန်တို့ အိမ်ကွင်းသုံးမှတ် ရသင့်တဲ့ပွဲပါ။ ဝုလ်ဟာ အဝေးကွင်းနိုင်ပွဲတစ်ပွဲသာရှိသေးတဲ့အသင်းဖြစ်တာမို့ဘော်လ်တန် ဒီပွဲကိုနိုင်ရင် ဇယားရပ်တည်မှုအဆင့်တက်လာမှာပါ။ ဘော်လ်တန် တစ်ဂိုးလောက်နဲ့ နိုင်ခြေရှိတယ်။




**ချယ်လ်ဆီး-ဗီလာ**

**ပထမအကျော့ရလဒ် ၃-၁**

ချယ်လ်ဆီးအတွက်အိမ်ကွင်းမှာအနိုင်ရသင့်တဲ့ပွဲပါ။ဗီလာဟာ ချယ်လ်ဆီးအိမ်ကွင်းမှာ ဒီ ၂ နှစ်အတွင်း မနိုင်ဖူးသေးဘူး။ စတာရစ်၊ မာတာ၊ ရာမီးရက်စ်တို့နဲ့ အထိုင်ကျလာနေတဲ့ ချယ်လ်ဆီးကပဲ နှစ်ဂိုးလောက်နဲ့ ဦးဆောင်သွားမှာပါ။

**နော်ဝစ်ချ်-ဖူလ်ဟမ်**

**ပထမအကျော့ရလဒ် - မရှိ**

ဒီနှစ်သင်းအတွက် ယခုတစ်ကြိမ်က လိဂ်မှာ ပထမဆုံးတွေ့ဆုံမှုပါပဲ။ ဒုတိယအကျော့ကိုတော့ မတ်လမှာ ဆက်ကစားမှာဖြစ်တယ်။ လိဂ်နောက်ဆုံး ငါးပွဲမှာ တစ်ပွဲသာရှုံးထားတဲ့ အိမ်ရှင်နော်ဝစ်ချ်ကို ဂိုးအနည်းနဲ့ ရွေးချင်တယ်။ ဖူလ်ဟမ်အမြင့်ဆုံးသရေပဲရဖို့ရှိပါတယ်။

**စတုတ်စီးတီး-ဝီဂန်**

**ပထမအကျော့ရလဒ် ၀-၁**

စတုတ်က အိမ်ကွင်းရှုံးပွဲနည်းတဲ့အသင်းစာရင်းမှာပါဝင်နေ ပါတယ်။ ဇယားအောက်က ဝီဂန်တို့ သရေရင်ပဲ ကျေနပ်ရမှာပါ။ ပုံမှန်ခြေစွမ်းအရတော့ စတုတ်ကပဲ ကပ်နိုင်သွားမယ့်ပွဲမျိုးပါ။

**ဆွမ်းဆီး-စပါး**

**ပထမအကျော့ရလဒ် ၀-၁**

ဆွမ်းဆီးဟာ အိမ်ကွင်းကစားရခက်တဲ့အသင်းပါ။ ဒါပေမဲ့ စပါးတို့ အလယ်တန်းအားသာတာမို့ ဖိကစားပြီး ကပ်နိုင်ခြေရှိတယ်။ ဆွမ်းဆီး ဂိုးအရင်ရရင်တော့ သရေပွဲဆီဦးတည်သွားနိုင်တယ်။ စပါးကိုကြိုက်ပြီး နှစ်သင်းပေါင်း သွင်းဂိုးနည်းမယ့်ပွဲပါ။

**<u>ဇန်နဝါရီ ၁၊ တနင်္ဂနွေ။</u>**

**ည ၇း၀၀ နာရီ**

**ဝက်စ်ဘရွန်း-အဲဗာတန်**

**ပထမအကျော့ရလဒ် ၁-၀**


နှစ်သင်းစလုံး ဇယားမှာ ရပ်တည်မှုသိပ်မကွာသလို ပြီးခဲ့တဲ့နောက်ဆုံးပွဲတွေမှာလည်း ကိုယ်စီနိုင်ပွဲရထားခဲ့ကြတယ်။ ဝက်စ်ဘရွန်းတို့ ဒီရာသီ အိမ်ကွင်းရှုံးပွဲများနေပေမယ့် ခြေစွမ်းမပြနိုင်သေးတဲ့ အဲဗာတန်ကို အနိုင်ယူဖို့တော့ မခက်ခဲနိုင်ပါဘူး။ အိမ်ရှင် ဝက်စ်ဘရွန်းဘက်ကပဲ ဂိုးအနည်းနဲ့ ရပ်တည်ရမှာပါ။

**ည ၉း၃၀ နာရီ**

**ဆန်းဒါးလန်း-မန်စီးတီး**

**ပထမအကျော့ရလဒ် ၀-၅**

ဇယားထိပ်က မန်စီးတီးတို့ အဝေးကွင်းဆိုပေမယ့် ဖိကစားသွားနိုင်တဲ့ပွဲပါပဲ။ မန်စီးတီးဟာ လက်ရှိအချိန်ထိ အဝေးကွင်းရှုံးပွဲတစ်ပွဲသာရှိသေးတာမို့ ဆန်းဒါးလန်းတို့အိမ်ကွင်းမှာ သရေရရင်ပဲ ကျေနပ်ရမှာပါ။ မန်စီးတီး နှစ်ဂိုးလောက်ရနိုင်တယ်။






7 Day News Journal
Vol.10, No.41 • DECEMBER 29, 2011




Photo - AFP

# တ ုတ်စီးပွားရေးတိုးတက်မှု ၂၀၁၂ တွင် ၇ ဒသမ ၉ ရာခိုင်နှုန်းသာ ရှိမည်ဆို

**ဟောင်ကောင်၊ ဒီဇင်ဘာ - ၂၂**

ရင်းနှီးမြှုပ်နှံမှုဘဏ်များ၊ စီးပွားရေးပညာရှင်များနှင့် အချက်အလက်ဆန်းစစ်လေ့လာသူအများစုက ၂၀၁၂ ခုနှစ်အတွက် တရုတ်စီးပွားရေးအပေါ် အဆိုးမြင်ဖြင့် ခန့်မှန်းထားကြောင်းသိရသည်။

ဟောင်ကောင်အခြေစိုက် ရင်းနှီးမြှုပ်နှံမှုဘဏ် နိုရူမာနိုင်ငံတကာက ဒီဇင်ဘာ ၁၉ ရက်တွင် ထုတ်ပြန်သည့် ခန့်မှန်းချက်အရ တရုတ်နိုင်ငံ၏ စီးပွားရေးမှာ ၂၀၁၂ ခုနှစ်တွင် ၇ ဒသမ ၉ ရာခိုင်နှုန်းသာ တိုးတက်မည်ဟု ဖော်ပြထားသည်။

ယင်းမှာ အဆိုးဆုံး ကြိုတင်ဟောကိန်းထုတ်ပြန်မှုဖြစ်သော်လည်း ကမ္ဘာ့စီးပွားရေးမှာ ၂၀၁၂ ခုနှစ်တွင် စိန်ခေါ်မှုများနှင့် ကြုံတွေ့ရမည်ဆိုခြင်းကိုကျွမ်းကျင်သူအများစုက လက်ခံထားသည်။ တရုတ်နိုင်ငံ၏ စီးပွားရေး တိုးတက်မှု ၈ ရာခိုင်နှုန်းအောက် ရောက်ခဲ့သည့် နောက်ဆုံးအချိန်မှာ အာရှ-ပစိဖိတ်ဒေသ ဘဏ္ဍာရေးအကျပ်အတည်း ကြုံတွေ့ခဲ့စဉ် ၁၉၉၈ ခုနှစ်ကဖြစ်သည်။

တရုတ်နိုင်ငံ၏ စီးပွားရေးသည် နှစ်စဉ် ၁၀ ရာခိုင်နှုန်းကျော် မြန်နှုန်းမြင့် တိုးတက်ခဲ့ရာမှ ထိုထက်နှေးကွေးသောနှုန်းသို့ပြောင်းလဲလာနေသည်ဟု တရုတ် ဗဟိုဘဏ်တတ်သိပညာရှင်အကြံပေး မစ္စတာ အိုင်ဘင်းကလည်း ပြောကြားသည်။

ခက်ခဲသောစီးပွားရေးအခြေအနေကို ကာမိစေရန် ပြည်တွင်းဝယ်လိုအားတိုးတက်လာစေရေးအတွက်နည်းလမ်းမျိုးစုံအသုံးပြုရမည်ဟု တရုတ်ကျွမ်းကျင်သူက ဆက်လက်ပြောကြားသည်။

—*Ref: Chinapost*

## ဆီးရီးယားအရေးကို ကုလသမဂ္ဂအရေးယူဆောင်ရွက်ရန် ဆီးရီးယားအတိုက်အခံများ တိုက်တွန်း

**ဒမတ်စကတ်၊ ဒီဇင်ဘာ - ၂၂**

ဆီးရီးယားသမ္မတဘာရှားအယ်လ် အာဆတ်သည် နိုင်ငံကို အုပ်ချုပ်ရန် မထိုက်တန်တော့ကြောင်း အမေရိကန်က ပြောကြားချိန်မှာပင် ကုလသမဂ္ဂလုံခြုံရေးကောင်စီနှင့် အာရပ်အဖွဲ့ချုပ်ကြီး အနေဖြင့် အရေးပေါ် အစည်းအဝေးများ ခေါ်ယူကျင်းပရန် ဆီးရီးယားအတိုက်အခံအဖွဲ့ ဆီးရီးယားအမျိုးသားကောင်စီက တိုက်တွန်းလိုက်သည်။

အတိုက်အခံများသည် ပြည်ပနိုင်ငံများ၏ ကြားဝင်မှုအတွက် တွန်းအားပေးနေကြောင်း ဆီးရီးယားလက်ရှိအစိုးရကအတိုက်အခံများအား စွပ်စွဲပြောကြားသည်။ အတိုက်အခံများသည် အာရပ်အဖွဲ့ချုပ် ကြားဝင်ညှိနှိုင်းပေးထားသောလေ့လာသူများကိစ္စကိုလည်း ပျက်စီးအောင်ကြံဆောင်ပြီး တွေ့ဆုံဆွေးနွေးရေးကိုလည်း လျစ်လျူရှုနေကြောင်း ဆီးရီးယားအာဏာပိုင်များက စွပ်စွဲကြသည်။

ယခုရက်သတ္တပတ်အတွင်း အရပ်သားရာချီ၍ အသတ်ခံခဲ့ရကြောင်း သတင်းများကို တုံ့ပြန်ရာ၌ 'ဇီဝါယားတောင်ပေါ် အစ်ဒလစ် အထူးသဖြင့် ဟွမ်စ်မြို့တွင် အစိုးရက အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများကိုဆွေးနွေးရန်' ကုလသမဂ္ဂလုံခြုံရေးကောင်စီ အရေးပေါ် အစည်းအဝေးကျင်းပရေး ဆီးရီးယားအမျိုးသားကောင်စီက တိုက်တွန်းခဲ့သည်။

အာရပ်အဖွဲ့ချုပ်ကြီးအနေဖြင့်လည်း သွေးစွန်းသောအစုလိုက်အပြုံလိုက်သတ်ဖြတ်မှုများကို ရှုတ်ချရေးအတွက် အရေးပေါ် အစည်းအဝေးပြုလုပ်ရန်လည်း ဆီးရီးယားအတိုက်အခံအဖွဲ့က ပန်ကြားခဲ့သည်။

—*Ref: AFP*



7 DAY NEWS JOURNAL
Vol.10, No.41 · DECEMBER 29, 2011

# ဝမ်းနည်းခြင်းအထိမ်းအမှတ်ကာလ ပြီးဆုံးသွားပါက မြောက်ကိုရီးယားနှင့် အမေရိကန် အလုပ်လုပ်လို

**ဝါရှင်တန်၊ ဒီဇင်ဘာ - ၂၂**
ကွယ်လွန်သွားသော မြောက်ကိုရီးယားခေါင်းဆောင်အတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်ကာလ ပြီးဆုံးသွားပါက မြောက်ကိုရီးယားနိုင်ငံနှင့် အလုပ်လုပ်ရန်မျှော်လင့်ကြောင်း အမေရိကန်နိုင်ငံက ပြောကြားပြီး မြောက်ကိုရီးယားအစိုးရနှင့် တယ်လီဖုန်းအဆက်အသွယ်ရှိကြောင်း အမေရိကန်ကအတည်ပြုပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံနှင့် အနာဂတ် သံတမန်ရေးဆက်သွယ်မှုအကြောင်းကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဗစ်တိုးရီးယားနူလန်က သတိထားပြောကြားခဲ့သည်။ သို့သော် ရှေ့အနာဂတ်ကာလတွင် ဆင်းရဲသော မြောက်ကိုရီးယားသို့ အမေရိကန်နိုင်ငံက စားနပ်ရိက္ခာအကူအညီပေးရေးဖြစ်နိုင်ခြေကို ဆွေးနွေးနိုင်ရန် မျှော်လင့်ကြောင်း ကန်ပြောခွင့်ရပုဂ္ဂိုလ်ကဆိုသည်။

"ဒီကိစ္စတွေမှာ ကျွန်မတို့ ဆက်ပြီး အလုပ်လုပ်ချင်တာက တော့သေချာပါတယ်"ဟု စားနပ်ရိက္ခာနှင့် အာဟာရအကူအညီအားရည်ညွှန်း၍ မစ္စနူလန်ကပြောကြားသည်။

အမေရိကန်နိုင်ငံက ရယူလိုသော သတင်းအချက်အလက်ကို ကိုရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံအား ရှင်းရှင်းလင်းလင်း ပြောကြားထားပြီးဖြစ်ကြောင်း၊ သို့သော် ဝမ်းနည်းကြေကွဲမှုကာလ ပြီးဆုံးသည်အထိ ညွှန်ကြားချက်အသစ်များ ထွက်ပေါ်မလာနိုင်သေးသည်ကိုလည်း အလေးထားကြောင်း မြောက်ကိုရီးယားနိုင်ငံ၏ တရားဝင်အခေါ်အဝေါ်ကို သုံးနှုန်း၍ ကန်ပြောခွင့်ရပုဂ္ဂိုလ်က ဆက်လက်ပြောကြားသည်။

အမေရိကန်နှင့် မြောက်ကိုရီးယားအရာရှိများသည် မြောက်ကိုရီးယားနိုင်ငံသို့ မည်သို့သော အစားအသောက်များ အကူအညီပေးမည်နည်းဆိုသောကိစ္စနှင့်ပတ်သက်၍ ယခင်ရက်သတ္တပတ်အတွင်း ဘေဂျင်းမြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြောင်းသိရသည်။

—*Ref: AFP*





Photo - AFP

# လစာငွေအခွန် ကင်းလွတ်ခွင့် သက်တမ်းတိုးရန် အိုဘားမားရှင်းလင်းပြောကြားမည်

**ဝါရှင်တန်၊ ဒီဇင်ဘာ - ၂၂**
အမေရိကန်သမ္မတ ဘားရက်အိုဘားမားသည် လစာငွေ အခွန်လျှော့ချထားခြင်းကို ဆက်လက်သက်တမ်းတိုးရန် အရေးကြီးပုံကို လူသိရှင်ကြား ရှင်းလင်းပြောကြားမည်ဖြစ်ကြောင်း အမေရိကန်အစိုးရအရာရှိကြီးတစ်ဦး၏ အဆိုအရသိရသည်။

ယင်းလစာငွေ လျှော့ချရေးအစီအစဉ်အား သက်တမ်းတိုးရေးအတွက် ရီပက်ဘလေကန်များကို ဖိအားပေးရန် အိုဘားမားက အခမ်းအနားတစ်ရပ်တွင် ရှင်းလင်းပြောကြားသွားလိမ့်မည်ဟု ကန်အရာကြီးကပြောသည်။

အမေရိကန်နိုင်ငံသား သန်း ၁၆၀ အတွက် အခွန်လျှော့ချပေးခြင်းအစီအစဉ်ကို သက်တမ်းတိုးရန်ညှိနှိုင်းထားခြင်းကို တားဆီးနေခြင်းအတွက် ရီပက်ဘလေကန်လွှတ်တော်အမတ်များမှာ နိုင်ငံရေးဖိအားနှင့်အကြီးအကျယ်ရင်ဆိုင်နေရပြီး မီဒီယာများ၏ အလိုမကျမှုနှင့်လည်း ကြုံတွေ့နေရသည်။ ရီပက်ဘလေကန်များကို ထောက်ခံသည့် စာစောင်များကပင် ၎င်းတို့အား ဝေဖန်မှုများ ပြုလုပ်လာသည်။

သို့သော် လွှတ်တော်မှ ရီပက်ဘလေကန်အမတ်များက ၎င်းတို့၏ရပ်တည်ချက်ကိုအလျှော့မပေးဘဲ ယင်းကိစ္စကို ခရစ္စမတ်အားလပ်ရက်ပြီးမှ ထပ်မံ ညှိနှိုင်းမည်ဟု ပြောကြားကြသည်။ ယင်းအခွန်လျှော့ပေါ့မှုကို သက်တမ်းမတိုးပါက အခြေမခိုင်သေးသော နိုင်ငံ၏ စီးပွားရေးနာလန်ထမှုကို ထိခိုက်နိုင်ကြောင်း သမ္မတအိုဘားမားကပြောကြားသည်။

ထို့အပြင် ဥပဒေကြောင့် လူပေါင်းနှစ်သန်းခန့်မှာ အလုပ်လက်မဲ့ အကျိုးခံစားခွင့်များ ဆုံးရှုံးသွားနိုင်ကြောင်းသိရသည်။

—*Ref: AFP*

# အီရန်ရေနံတင်ပို့မှု ပိတ်ပင်ခြင်းနှင့်ပတ်သက်၍ အမေရိကန်၊ ဥရောပနှင့် အာရပ်နိုင်ငံများ ဆွေးနွေးနေ

**ဝါရှင်တန်၊ ဒီဇင်ဘာ - ၂၀**
အီရန်နိုင်ငံမှ ရေနံတင်ပို့မှုနှင့် ၎င်း၏ ဗဟိုဘဏ်နှင့် ဆက်ဆံရေးကိုပါ တရားဝင်ပိတ်ပင်မှုချမှတ်ခဲ့ပါက ကမ္ဘာ့စွမ်းအင်ဈေးကွက် ဆက်လက်တည်ငြိမ်စေရေးအတွက် အမေရိကန်နိုင်ငံ၊ ဥရောပမဟာမိတ်များနှင့် အရေးပါသော အာရပ်နိုင်ငံများအကြား ဆွေးနွေးတိုင်ပင်နေကြောင်း ဝေါလ်စထရိဂျာနယ်ကဖော်ပြသည်။

ယင်းသို့ ပိတ်ပင်မှုများ ချမှတ်လိုက်ပါကအီရန်နှင့်အနောက်နိုင်ငံများအကြား ပေါ်ပေါ်ထင်ထင်စီးပွားရေးထိပ်တိုက်ရင်ဆိုင်မှုဖြစ်ပေါ်လာမည်ဖြစ်ကြောင်း အမည်မဖော်လိုသူ အမေရိကန်နှင့် ဥရောပအရာရှိများအားကိုးကား၍ သတင်းတွင်ဖော်ပြသည်။

ဤသို့ ပိတ်ပင်တားဆီးမှုများချမှတ်ခဲ့ပါက ဟောလ်မုဒ်စ်ရေလက်ကြားကို ပိတ်ပစ်မည်ဟု အီရန်နိုင်ငံက အကြိမ်ကြိမ် ခြိမ်းခြောက်ထားသည်။

အီရန်နိုင်ငံသည် နျူကလီးယားသုတေသနအစီအစဉ်ပြုလုပ်သလို အယောင်ဆောင်၍ နျူလက်နက်တစ်မျိုးပိုင်ဆိုင်ရန်ကြိုးစားနေကြောင်း အနောက်နိုင်ငံများက စွပ်စွဲထားပြီး ယင်းကို အီရန်နိုင်ငံက ငြင်းဆို၍ ၎င်းတို့၏ နျူအစီအစဉ်မှာ အရပ်ဘက်စွမ်းအင်နှင့် ဆေးပညာရည်ရွယ်ချက်များသာရှိကြောင်း ပြောသည်။

မကြာသေးမီ ရက်သတ္တပတ်များအတွင်း အီရန်နိုင်ငံသည် ရေနံတင်ပို့မှုနှင့် ဗဟိုဘဏ်အပေါ် ပိတ်ဆို့တားဆီးမှုများကိုရင်ဆိုင်ရန် အသင့်ရှိကြောင်း အီရန်အရာရှိများကပြောကြားခဲ့သည်။

—*Ref: AFP*


အကောင်းဆုံးကိုက်ခဲဖျားနာပျောက်ဆေး Xcel® ကိုသာရွေး
အိပ်ဆ်ဆဲလ်
ပါရာစီတမောလ်
Xcel Paracetamol BP Suspension 60 ml
ကလေးများအတွက် စတော်ဘယ်ရီနှင့် နာနတ်အရသာနှစ်မျိုး ပေါင်းစပ်ပါဝင်သည့် ကိုက်ခဲဖျားနာပျောက်ဆေးရည်
Paracetamol suspension 120mg/ 5ml
Xcel® Paracetamol
Each tablet contains Paracetamol BP 500 mg
Paracetamol Tablet 500mg
သောက်ရန်လွယ်ကူသောဆေးခဲပုံစံနှင့် အရွယ်အစား
eXcellent relief from pain and fever.
Xcel Tablet (အိပ်ဆ်ဆဲလ်) တွင် အာနိသင်ပြည့်အစွမ်းထက် Paracetamol 500mg ပါဝင်သောကြောင့် ဖျားနာခြင်း၊ ခေါင်းကိုက်ခြင်းနှင့် နာကျင်ကိုက်ခဲမှုဝေဒနာအမျိုးမျိုးတို့ကို ထိရောက်လျင်မြန်စွာ အကောင်းဆုံးသက်သာ ပျောက်ကင်းစေပါသည်။
Marketed by:
Network Marketing Limited
Yangon, Myanmar
ACI
Manufactured by:
ACI Limited
Narayanganj, Bangladesh


ကမ္ဘာကျော် ချောင်းဆိုးပျောက်ဆေး WOODS'
လည်ချောင်းယား၍ဆိုးသော
ချောင်းခြောက် ဆိုးခြင်းများအတွက်
WOODS' PEPPERMINT ANTITUSSIVE
ဝု(ဒ်)
ချောင်းဆိုးပျောက်ဆေးရည်
ချွဲသလိပ်ကပ် ၍ဆိုးသော
ချောင်းဆိုးခြင်းများအတွက်
WOODS' PEPPERMINT EXPECTORANT
(၆)နှစ်
ကလေးမှစ၍
သောက်နိုင်ပါသည်။

7 DAY NEWS JOURNAL

# International

Vol.10, No.41 · DECEMBER 29, 2011



Photo - AFP

## နိုင်ဂျီးရီးယား ဘုရားရှိခိုးကျောင်းများ တိုက်ခိုက်ခံရမှု ဘန်ကီမွန်း ရှုတ်ချ

**အဘူဂျာ၊ ဒီဇင်ဘာ - ၂၆**

နိုင်ဂျီးရီးယားနိုင်ငံတွင် လူအများအပြား သေဆုံးဒဏ်ရာရရှိစေခဲ့သော ခရစ်ယာန်ဘုရားရှိခိုးကျောင်းများအားပစ်မှတ်ထား၍ တိုက်ခိုက်မှုများအပေါ် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက အပြင်းထန်ဆုံး အသုံးအနှုန်းများဖြင့် ရှုတ်ချလိုက်သည်။ တိုက်ခိုက်မှုများမှာ နိုင်ဂျီးရီးယားနိုင်ငံ မြို့တော်အဘူဂျာ ဆင်ခြေဖုံးဒေသနှင့် အရှေ့မြောက်ပိုင်း ဂျို့စ်မြို့တွင်ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

**စာ(၄၅)သို့**

## တရုတ်သမ္မတနှင့် ဂျပန်ဝန်ကြီးချုပ် တွေ့ဆုံ



Photo - AFP

**ဘေဂျင်း၊ ဒီဇင်ဘာ - ၂၆**

တရုတ်သမ္မတ ဟူကျင်တောင်နှင့် ဂျပန်ဝန်ကြီးချုပ် ယိုရှီဟီကိုနိုဒါတို့သည် ဒီဇင်ဘာ ၂၆ ရက်က ဘေဂျင်းမြို့၌ တွေ့ဆုံဆွေးနွေးခဲ့ပြီး မဟာဗျူဟာမြောက် အရေးပါကာ နှစ်နိုင်ငံလုံးအတွက် အကျိုးဖြစ်ထွန်းစေသည့် ဆက်ဆံရေးကို တိုးတက်အောင်လုပ်ဆောင်ရန် သဘောတူညီခဲ့ကြောင်း ဆင်ဟွာသတင်းတွင်ဖော်ပြသည်။

ခေါင်းဆောင်နှစ်ဦး၏ တွေ့ဆုံမှုမှာ ဩဂုတ်လနှောင်းပိုင်းတွင် ဂျပန်ဝန်ကြီးချုပ်အဖြစ် မစ္စတာနိုဒါ ဖြစ်လာပြီးနောက်ပိုင်း ဒုတိယအကြိမ်တွေ့ဆုံမှုဖြစ်သည်။ အချိန်တိုလေးအတွင်း မစ္စတာနိုဒါနှင့် နှစ်ကြိမ်မြောက် တွေ့ဆုံရခြင်းအတွက် ဝမ်းမြောက်ကြောင်း မစ္စတာဟူက ပြောကြားခဲ့သည်။

**စာ(၄၅)သို့**

## ပါကစ္စတန်နိုင်ငံတွင် လာဘ်စားမှုများပပျောက်အောင် လုပ်ဆောင်သွားမည်ဟု နာမည်ကျော်ခရစ်ကက်သမား ကတိပေး

**ကရာချိ၊ ဒီဇင်ဘာ - ၂၆**

ပါကစ္စတန်နိုင်ငံ ကရာချိမြို့တွင် ဒီဇင်ဘာ ၂၅ ရက်က ပြုလုပ်ခဲ့သည့် နိုင်ငံရေးလှုပ်ရှားမှုတစ်ခု၌ ခရစ်ကက်ကစားသမားဟောင်း နိုင်ငံရေးသမား အီမရန်ခန်အပေါ် ထောက်ခံသောအားဖြင့် အမျိုးသမီးများနှင့် ကလေးများအပါအဝင် လူပေါင်း အမြောက်အမြား တက်ရောက်ခဲ့ကြောင်းနှင့် ယင်းမှာ အီမရန်ခန်၏ ပါတီမှာ ပါကစ္စတန်နိုင်ငံတွင် နိုင်ငံရေးအင်အားစု အသစ်ပေါ်ထွက်လာခြင်းကို ပြသနေကြောင်း Hindu သတင်းတွင် ဖော်ပြသည်။

ပါကစ္စတန်နိုင်ငံအား စတင်တည်ထောင်သူ ခေါင်းဆောင်ဟောင်း အလီဂျင်းနား၏ ဂူဗိမာန်အနီး ပြုလုပ်ခဲ့သည့်အခမ်းအနား၌ လူပေါင်းတစ်သိန်းခန့် တက်ရောက်ခဲ့ကြသည်။ ၎င်း၏ပါတီသည် လာမည့်နှစ် ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့ပါက နိုင်ငံအတွက် အစပျိုးမှုအသစ်တစ်ရပ် ပေါ်ထွန်းလာမည်ဖြစ်ကြောင်း အီမရန်ခန်က ကတိပြုပြောကြားခဲ့သည်။

**စာ(၄၅)သို့**

## မြောက်ကိုရီးယားခေါင်းဆောင်ဟောင်းကို ဂါရဝပြုရန် တောင်ကိုရီးယားအဖွဲ့ရောက်ရှိ




Photo - AFP

**ဒိုရိုဆန်၊ ဒီဇင်ဘာ - ၂၆**

တောင်ကိုရီးယားသမ္မတဟောင်းတစ်ဦး၏ဇနီးနှင့် စီးပွားရေးလုပ်ငန်းရှင်အမျိုးသမီးတစ်ဦးတို့သည် ကွယ်လွန်သူ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအီလ်ကို နောက်ဆုံးဂါရဝပြုရန် နယ်စပ်ဒေသအား ဖြတ်ကျော်သွားပြီဖြစ်ကြောင်းသိရသည်။

တောင်ကိုရီးယားသမ္မတ ကင်ဒေးဂျုံ၏ဇနီး လီဟီဟိုး (၈၉ နှစ်)နှင့် ဟွန်ဒိုင်းအုပ်စု ဥက္ကဋ္ဌအမျိုးသမီး ဟွန်ဂျွန်အွန်း (၅၆ နှစ်)တို့သည် နှစ်ရက်တာနေထိုင်စဉ်အတွင်း မြောက်ကိုရီးယားအရာရှိများနှင့်လည်း တွေ့ဆုံသွားမည်ဖြစ်သည်။

**စာ(၄၅)သို့**



7 DAY NEWS JOURNAL
Vol.10, No.41 • DECEMBER 29, 2011



# နိုင်ငံတကာအသိုက်အဝန်းတွင် မြန်မာ၏ထိုက်တန်သောနေရာကို ပြန်ယူရန်ဆောင်ရွက်မည်ဟု သမ္မတပြောကြား

အေးမြကျော်

နေပြည်တော်၊ ဒီဇင်ဘာ ၂၀

နိုင်ငံတကာအသိုင်းအဝိုင်းတွင် မြန်မာနိုင်ငံ၏ ထိုက်တန်သောနေရာကိုပြန်လည်ရရှိရန်ဆောင်ရွက်သွားမည်ဟု သမ္မတဦးသိန်းစိန်က မဲခေါင်ဒေသတွင်းနိုင်ငံများထိပ်သီးအစည်း အဝေးအဖွင့်မိန့်ခွန်းတွင်ပြောကြားသွားခဲ့သည်။

စတုတ္ထ အကြိမ်မြောက် မဲခေါင်ဒေသတွင်း နိုင်ငံများ ထိပ်သီးအစည်းအဝေးကိုနေပြည်တော်တွင် လက်ခံကျင်းပခဲ့ပြီး ထိပ်သီးအစည်းအဝေးတွင်နာယကအဖြစ်ဆောင်ရွက်နေသော သမ္မတဦးသိန်းစိန်က မြန်မာနိုင်ငံအနေဖြင့် မိတ်ဆွေနိုင်ငံများ၊ ကုလသမဂ္ဂအဖွဲ့ကြီး၊နိုင်ငံတကာအဖွဲ့အစည်းများ အပါအဝင် နိုင်ငံတကာ အသိုက်အဝန်းနှင့်လက်တွဲလုပ်ဆောင်ရန် အဆင်သင့်ရှိကြောင်း အဖွင့်မိန့်ခွန်းတွင်ထည့်သွင်းပြောကြားသွားခဲ့သည်။



နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် ထိုင်းဝန်ကြီးချုပ်ယင်လပ်ရှင်နဝပ်တို့ မဲခေါင်ဒေသတွင်းနိုင်ငံများ ထိပ်သီးအစည်းအဝေးအတွင်း ဒီဇင်ဘာ ၂၀ ရက်၌ တွေ့ဆုံဆွေးနွေးစဉ်

ဓာတ်ပုံ - အေးမြကျော်

ထိုလုပ်ဆောင်မှုများသည် ဒေသတွင်း ငြိမ်းချမ်းရေးနှင့် ကြီးပွား တိုးတက်ရေးအတွက် အထောက်အကူဖြစ်စေမည်ဟုလည်း သမ္မတကပြောကြားသွားခဲ့သည်။

နေပြည်တော်၊ မြန်မာကွန်ဗန်းရှင်းစင်တာတွင်လက်ခံကျင်းပသော ၄ ကြိမ်မြောက် မဲခေါင်ဒေသတွင်းနိုင်ငံများ ထိပ်သီးအစည်းအဝေးတွင် ထိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်နိုင်ငံများမှဝန်ကြီးချုပ်များတက်ရောက်ခဲ့ကြပြီး တရုတ်ဝန်ကြီးချုပ်ကိုယ်စား နိုင်ငံတော်ကောင်စီဝင် မစ္စတာ တိုက်ပင်းကော်တက်ရောက်ခဲ့သည်။

## ဂျပန်နိုင်ငံသို့လာရောက်လည်ပတ်ရန် ဒေါ်အောင်ဆန်းစုကြည်အား နိုင်ငံခြားရေးဝန်ကြီးဖိတ်ခေါ်

အေးမြကျော်

ရန်ကုန်၊ ဒီဇင်ဘာ-၂၆

မြန်မာနိုင်ငံသို့ရောက်ရှိနေသော ကမ္ဘာ့တတိယစီးပွားရေးအင်အားအကြီးဆုံးနိုင်ငံ ဂျပန်နိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီး ကွိုင်ချီယိုဂမ်ဘာက ဒေါ်အောင်ဆန်းစုကြည်အား ဂျပန်နိုင်ငံသို့ လာရောက်လည်ပတ်ရန်ဖိတ်ခေါ်ခဲ့ကြောင်း ဝန်ကြီးက ဒီဇင်ဘာ ၂၆ ရက်တွင် သတင်းထောက်များနှင့်တွေ့ဆုံစဉ်ပြောကြားသည်။

"မတ်လတုန်းက ဂျပန်နိုင်ငံအရှေ့ပိုင်းမှာ မြေငလျင်ကြီးလှုပ်ခတ်တုန်းက ဒေါ်အောင်ဆန်းစုကြည်က အားပေးစကားပြောကြားခဲ့ဖူးပါတယ်။ ဂျပန်နိုင်ငံမှာ အရှိန်အဟုန်နဲ့ ပြန်လည်ထူထောင်လျက်ရှိတဲ့ အနေအထားကို လက်တွေ့လာရောက်ကြည့်ရှုဖို့ မျှော်လင့်နေပါတယ်"ဟု ဂျပန်နိုင်ငံခြားရေးဝန်ကြီးက ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံအပြီး သတင်းထောက်များနှင့်တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်ကလည်း "ကျွန်မကို ဂျပန်နိုင်ငံကိုလာလည်ဖို့ဖိတ်တာကျေးဇူးတင်ပါတယ်။ ဂျပန်ကိုမရောက်တာလည်း ကြာပါပြီ။ နောက်ထပ်ပြီး သွားချင်တဲ့ဆန္ဒလည်းရှိပါတယ်။ ဂျပန်နိုင်ငံကိုဒီတစ်ခါသွားပြီးလို့ရှိရင် မကြာမီကာလမှာ ကျွန်မတို့နိုင်ငံလည်း ဒီလိုပဲ တိုးတက်နိုင်တယ်ဆိုတဲ့ အမြင်မျိုးနဲ့ ကျွန်မသွားကြည့်ချင်တာ ဖြစ်ပါတယ်" ဟုပြောကြားခဲ့သည်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီးသည် မြန်မာနိုင်ငံသို့ ဒီဇင်ဘာ ၂၅ ရက်က ရောက်ရှိခဲ့ပြီး ၂၆ ရက်တွင် နေပြည်တော်၌ မြန်မာနိုင်ငံသမ္မတ ဦးသိန်းစိန်နှင့် တွေ့ဆုံခဲ့ကာ ညနေပိုင်းတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် ၄၅မိနစ်ကြာ တွေ့ဆုံဆွေးနွေးခဲ့သည်။

## လွတ်လပ်ရေးနေ့နှင့် ပြည်ထောင်စုနေ့တွင် လွတ်ငြိမ်းချမ်းသာခွင့် ထပ်မံပေးဖွယ်ရှိ

ရန်ကုန်၊ ဒီဇင်ဘာ-၂၆

လာမည့် လွတ်လပ်ရေးနေ့(ဇန်နဝါရီ ၄)နှင့် ပြည်ထောင်စုနေ့(ဖေဖော်ဝါရီ ၁၂)တို့တွင် အကျဉ်းသားများကိုလွတ်ငြိမ်းချမ်းသာခွင့် ပေးနိုင်ဖွယ်ရှိကြောင်း ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၏အဆိုကိုကိုးကား၍ငြိမ်းချမ်းရေးအကျိုးဆောင်ပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

ဒီဇင်ဘာ ၂၁ နှင့် ၂၂ ရက်တို့တွင် ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့ခေါင်းဆောင် ဦးအောင်မင်းက ကေအင်န်ယူ၊ မွန်ပြည်သစ်ပါတီတို့နှင့် တွေ့ဆုံစဉ် ထိုအဖွဲ့များမှ လွတ်ငြိမ်းချမ်းသာခွင့်နှင့်ပတ်သက်၍ မေးမြန်းသောအခါ လာမည့် လွတ်လပ်ရေးနေ့နှင့် ပြည်ထောင်စုနေ့များတွင် အခါကြီး၊ ရက်ကြီးများဖြစ်၍ လွတ်ငြိမ်းချမ်းသာခွင့်ပြုမည်ဟုထင်ကြောင်း ဖြေကြားခဲ့သည်ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်အစိုးရလက်ထက်တွင် ၂၀၁၁ ခုနှစ် မေလ ၁၇ ရက်တွင် အကျဉ်းသား ၁၄၆၀၀ ကျော်နှင့် အောက်တိုဘာ ၁၂ ရက်တွင် အကျဉ်းသား ၆၃၅၀ ကျော် လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့သည်။

## မျက်နှာဖုံး – ခရစ္စမတ်တေးသံတွေ တိုးတိတ်ခဲ့တဲ့ည မှ

မြန်မာ့တပ်မတော်နှင့် KIA (ကချင်လွတ်လပ်ရေးတပ်မတော်) တို့ ၂၀၁၁ ဇွန်လကစတင်ဖြစ်ပွားခဲ့သော စစ်ပွဲများကြောင့် ထွက်ပြေးလာရသော စစ်ပြေးဒုက္ခသည် အများစုမှာ ခရစ်ယာန်ဘာသာဝင်များ အများဆုံးဖြစ်ပြီး ၎င်းတို့မှာ ခရစ္စမတ်ပွဲတော်ကို နှစ်တိုင်းလိုလို ပျော်ရွှင်စွာ ဖြတ်သန်းနေခဲ့သူများလည်းဖြစ်သည်။

ယခုနှစ်တွင် ခရစ္စမတ်ပွဲတော်ကို လွမ်းဆွတ်စွာနှင့် ဖြတ်သန်းရတော့မည်ဟု ကဖူးဒေသခံ စစ်ဘေးတိမ်းရှောင်လာသော အမျိုးသမီးငယ်တစ်ဦးက ပြောသည်။

"ကျွန်မတို့က ဧည့်သည်တွေဆိုတော့ မပျော်ပါဘူး။ ရွာမှာဆိုခရစ္စမတ်လရောက်ရင် တစ်အိမ်တက်ဆင်း သီချင်းလိုက်ဆိုကြတယ်။ ဘုရားကျောင်းမှာအကတွေပြိုင်ကြတယ်။ ပျော်စရာကောင်းတဲ့ ရွာရဲ့ဘုရားကျောင်းကို လွမ်းတယ်" ဟု သူမကရွာမှ ခရစ္စမတ်ပွဲတော်ကို လွမ်းဆွတ်စွာ ဖွင့်ဟသည်။ တိုက်ပွဲများကြောင့် ထွက်ပြေးလာသောဒုက္ခသည်များသည် မြစ်ကြီးနား၊ ဝိုင်းမော် စသည့်မြို့များမှ ဘုရားကျောင်းနှင့် ဘုန်းကြီးကျောင်းများတွင် ခိုလှုံလျက်ရှိသည်။

တိုက်ပွဲများကြောင့် မိမိတို့နေရပ်မှ ရှောင်တိမ်းလာရသော ဒေသခံ ဒုက္ခသည်များမှာ လေးသောင်းကျော်ရှိလာပြီဖြစ်သည်။

တပ်မတော်နှင့်ကေအိုင်အေတို့ကြား ဖြစ်ပွားနေသော တိုက်ပွဲများကို အဆုံးသတ်နိုင်ရန်အတွက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ဒီဇင်ဘာ ၁၀ ရက် ရက်စွဲဖြင့် ထိုးစစ်များကို ရပ်တန့်ပြီး မိမိကိုယ်ကိုခုခံခြင်းမှလွဲ၍ ပစ်ခတ်ခြင်း၊ စစ်ကြောင်းချီခြင်းများကို မပြုလုပ်ရန် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ထံသို့ စာတစ်စောင်ပေးပို့ခဲ့သည်။ ထို့နောက်ပိုင်း ဒီဇင်ဘာ တတိယပတ်မှစတင်ပြီး စစ်ဘေးဒုက္ခသည်စခန်းများသို့ကုလသမဂ္ဂ အဖွဲ့အစည်းများက သွားရောက်ကူညီခွင့်ရပြီးနောက်ပိုင်း တိုက်ခိုက်မှုများ ရပ်တန့်သွားပြီဖြစ်ကြောင်း ဒေသခံအများက ပြောသည်။

ယခုနှစ် မြစ်ကြီးနားမြို့၏ ခရစ္စမတ်သည် ခါတိုင်းနှစ်ကထက်သိသိသာသာထူးခြားခြောက်ကပ်နေသည်။ ယခင်နှစ်များက ယခုချိန်ရောက်လျှင်ဘုရားကျောင်းက ထွက်လာသော သီချင်းသံများ၊ ခရစ္စမတ် လိုက်ဆိုကြသော လူငယ်များ၏ သီချင်းဆိုသံများ ကြားနေကြရသည်။ ယခုနှစ်တွင်မူ ခရစ္စမတ် သီချင်းလိုက်ဆိုသံများ မကြားရသလို ခရစ္စမတ်ညရောက်လျှင် ဘုရားကျောင်းက ကျင်းပလေ့ရှိသော ရှိုးပွဲများလည်း မကျင်းပတော့ပေ။

"ခါတိုင်းနှစ်က ခရစ္စမတ်ညဆို ဘုရားကျောင်းမှာ ရှိုးပွဲတွေလုပ်တယ်။ ဒီနှစ်တော့ ဘုရားဝတ်ပြုပြီးတာနဲ့ နေ့လယ် ၁ နာရီမှာအကတွေရှိုးပွဲ အစီအစဉ်တွေကို အကျဉ်းချုပ်လုပ်လိုက်ရတာပေါ့" ဟု ခရစ်ယာန် သင်းအုပ်ဆရာတစ်ဦးကလည်း ပြောသည်။

သို့သော် ကချင်နှစ်ခြင်းအသင်းတော် KBC က ဒီဇင်ဘာလ ၂၀ ရက်တွင်ဒုက္ခသည်များကိုအားပေးခြင်းအနေဖြင့်ယင်းတို့နေထိုင်သည့် ဘုရားကျောင်း ၁၄ ကျောင်းတွင် ခရစ္စမတ်သီချင်းများ လိုက်လံ သီဆိုပေးခြင်း၊ အလှူငွေပေးအပ်ခြင်းများ ပြုလုပ်ပေးသည်။

ယခုအခါမြစ်ကြီးနားမြို့တွင် ည ၆ နာရီဆိုလျှင် လူသူမရှိတော့ဘဲ ခြောက်ကပ်နေသည်။ လုံခြုံရေးများ တင်းကျပ်စွာ ချထားသည်။

ဒေသခံများမှာလည်း စိုးရိမ်စိတ်များကြောင့် ယခုနှစ် ခရစ္စမတ်ပွဲတော်ကိုတိတ်ဆိတ်စွာဖြတ်သန်းနေကြလေသည်။

ထို့ကြောင့် မြစ်ကြီးနားမြို့တွင် ဒီဇင်ဘာ ၂၅ရက် ညမှာ ထူးထူးခြားခြား တိတ်ဆိတ်နေလေသည်။

## မြန်မာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရာတွင် လူထုအကျိုး ဦးစားပေးမည်ဟု ဂျပန်နိုင်ငံခြားရေးဝန်ကြီးပြောကြား

အေးမြကျော်

ရန်ကုန်၊ ဒီဇင်ဘာ-၂၆

ဂျပန်နိုင်ငံအနေနှင့်မြန်မာနိုင်ငံနှင့်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ရာတွင်ပြည်သူလူထု တိုက်ရိုက်အကျိုးရှိနိုင်သော အခြေခံလူနေမှုကဏ္ဍကို ဗဟိုပြုလုပ်ဆောင်သွားမည်ဟု ဂျပန်နိုင်ငံခြားရေးဝန်ကြီး ကွိုင်ချီယိုဂမ်ဘာက ဒီဇင်ဘာ ၂၆ ရက်က သတင်းထောက်များနှင့်တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံသည်မြန်မာနိုင်ငံနှင့်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ရန် ရင်းနှီးမြှုပ်နှံမှုများအတွက် စတင်ညှိနှိုင်းရန် သဘောတူညီမှု ရရှိထားပြီဖြစ်ကြောင်းလည်း ဝန်ကြီးက ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံအနေနှင့် မြန်မာနိုင်ငံတွင် အထူးသဖြင့် ဆင်းရဲမှုပပျောက်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍများကိုအလေးအနက်ထားဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။

မြန်မာနိုင်ငံသမ္မတဦးသိန်းစိန်၏တောင်းဆိုချက်အရသီလဝါဆိပ်ကမ်းတွင် အထွေထွေဖွံ့ဖြိုးရေးလေ့လာဆန်းစစ်ချက်များကိုပါဝင် လုပ်ဆောင်ပေးသွားရန်လည်းရှိကြောင်း ဝန်ကြီးကပြောကြားခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်ကလည်း သတင်းထောက်များနှင့်တွေ့ဆုံစဉ် "လူသားဆိုင်ရာဖွံ့ဖြိုးမှုဆိုင်ရာ အကူအညီတွေပေးတဲ့အခါမှာတိုင်းရင်းသားဒေသတွေမှာလည်း တန်းတူညီတူပေးဖို့လိုတယ်ဆိုတာ ရှင်းပြခဲ့ပါတယ်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနဲ့တရားဥပဒေစိုးမိုးရေးဟာ ဆက်နွယ်နေတယ်ဆိုတာကိုထောက်ပြခဲ့ပါတယ်။ ဒီမိုကရေစီအဆောက်အအုံတွေခိုင်မာမှုလည်း စီးပွားရေးတိုးတက်မှုကခိုင်မာနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ဂျပန်နိုင်ငံအနေနဲ့ စီးပွားရေးနဲ့ ပတ်သက်လို့၊ လူသားချင်းစာနာရေးနဲ့ပတ်သက်လို့၊ ဖွံ့ဖြိုးမှုနဲ့ပတ်သက်လို့ ကူညီတဲ့အခါမှာ ကျွန်မတို့ရဲ့ ဒီမိုကရေစီအဆောက်အအုံခိုင်မာရေးကိုထည့်သွင်းစဉ်းစားလိမ့်မယ်လို့ယုံကြည်ပါတယ်" ဟု ပြောကြားသွားခဲ့သည်။ ဂျပန်ဝန်ကြီးသည် သတင်းထောက်များနှင့်တွေ့ဆုံစဉ်"ကျွန်တော် မြန်မာနိုင်ငံကို လာတဲ့အခါ အထူးခံစားမိတာတစ်ခု ရှိပါတယ်။ မြန်မာပြည်သူလူထုမျက်နှာအနေအထားက အရမ်းကိုပြုံးပြုံးရွှင်ရွှင်ရှိတယ်။ အနာဂတ်ရည်မှန်းချက်ရှိတယ်လို့ ကျွန်တော်ခံစားမိပါတယ်။ ဒီမိုကရေစီအရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ လူနေမှုဘဝ မြှင့်တင်ရေးအတွက် ဂျပန်အစိုးရအနေနဲ့ မြန်မာနိုင်ငံကိုဝိုင်းဝန်းကူညီဖို့ဆန္ဒရှိပါတယ်" ဟုပြောကြားခဲ့သည်။ ဂျပန်နိုင်ငံခြားရေးဝန်ကြီးတစ်ဦးအနေနှင့် ၂၀၀၂ ခုနှစ်နောက်ပိုင်း ၉ နှစ်ကြာမြင့်ချိန်တွင် ပထမဆုံးလာရောက်သော ခရီးစဉ်တစ်ခုဖြစ်သည်။

7DAY NEWS JOURNAL
Vol.10, No.41 · DECEMBER 29, 2011

## သမဝါယမပညာရှင်များ ထပ်မံမွေးထုတ်ရန်စီစဉ်

ကျော်သီဟ

**ရန်ကုန်၊ ဒီဇင်ဘာ- ၂၆**

သမဝါယမကောလိပ်များတွင် အခမဲ့ပညာသင်ကြားရေးစနစ်အကောင်အထည်ဖော်လျက်ရှိပြီး ပညာရှင်(Youth Co-operator) များ မွေးထုတ်ရန်ရှိကြောင်း သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးအုန်းမြင့်က ၂၄ ရက်တွင် ကျင်းပသည့် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးတွင် ပြောကြားသွားသည်။

"သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်အတွက် သမဝါယမလုပ်ငန်းများအား စနစ်တကျစီမံခန့်ခွဲနိုင်မည့် သမဝါယမစီးပွားရေးပညာရှင် (Youth Co-operator) များ မွေးထုတ်နိုင်ရန် စီစဉ်ဆောင်ရွက်နေတယ်"ဟု ယင်းအခမ်းအနားမိန့်ခွန်းတွင် ပြောကြားခဲ့သည်။

ထို့အပြင် သမဝါယမဝန်ကြီးဌာနအောက်ရှိ သမဝါယမကောလိပ်များနှင့် ယွန်းပညာကောလိပ်(ပုဂံ)တို့တွင် အဆင့်မြှင့်တင်နိုင်ရေးအတွက် သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာများကို ပညာရှင်များနှင့် ညှိနှိုင်းပြီး ပြင်ဆင်ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်းနှင့် သမဝါယမကောလိပ်များတွင် အခမဲ့ပညာသင်ကြားရေးစနစ်အကောင်အထည်ဖော် လုပ်ဆောင်လျက်ရှိကြောင်း ပြောကြားသွားသည်။

သမဝါယမစီးပွားရေးပညာရှင်များ မွေးထုတ်ပေးနိုင်ရန် သမဝါယမကောလိပ်များနှင့် ယွန်းပညာကောလိပ်(ပုဂံ)တို့တွင် ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ပထမနှစ်တက်ရောက်မည့် ကျောင်းသား၊ကျောင်းသူများအား ငွေ ၂၈၅ သိန်းကျော် ထောက်ပံ့ဆောင်ရွက်ပေးခဲ့သည်။ အဆိုပါ ယွန်းပညာကောလိပ်(ပုဂံ)တွင် ၂၀၁၁-၂၀၁၂ ပညာသင်နှစ် တက်ရောက်မည့် ကျောင်းသား၊ ကျောင်းသူများအား ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆို အောင်မြင်သူ ၁၈၇ ဦးအား တက်ရောက်ခွင့်ပြုခဲ့သည်။

# အထက်တန်းရှေ့နေများကို တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များတွင် လိုက်ပါဆောင်ရွက်ခွင့်ပြုရန် အသနားခံတင်ပြမည်

နေလင်းထွန်း

**ရန်ကုန်၊ဒီဇင်ဘာ - ၂၃**

အထက်တန်းရှေ့နေများအား တိုင်းဒေသကြီးတရားလွှတ်တော်နှင့် ပြည်နယ်တရားလွှတ်တော်များတွင် အမှုလိုက်ပါဆောင်ရွက်ခွင့်ပြုရန် ပြည်ထောင်စုတရားသူကြီးချုပ်သို့ အသနားခံ တင်ပြလျှောက်ထားမည်ဖြစ်ကြောင်း ဝါရင့်အထက်တန်းရှေ့နေများက ပြောသည်။

၂၀၁၀ပြည့်နှစ်ထိကျပ်သိန်းပေါင်းငါးထောင်နှင့်အထက်တန်ဖိုးရှိသော တရားမမှုများကို တိုင်းဒေသကြီးနှင့် ပြည်နယ်တရားရုံးများတွင် အထက်တန်းရှေ့နေများ လိုက်ပါဆောင်ရွက်ခဲ့ကြကြောင်း၊ ယခုအခါ တရားရုံးများ ပြင်ဆင်ဖွဲ့စည်းလိုက်ခြင်းကြောင့် ယင်းတရားမမှုများကို အထက်တန်းရှေ့နေများက ဆက်လက်လိုက်ပါဆောင်ရွက်ခွင့်မရရှိတော့ကြောင်းသိရသည်။

အထက်တန်းရှေ့နေများ တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များတွင် အမှုလိုက်ပါခွင့်မရရှိတော့သဖြင့် အမှုသည်များအနေဖြင့် တရားလွှတ်တော်ရှေ့နေ ထပ်မံငှားရမ်းရသောကြောင့် အထက်တန်းရှေ့နေများကို ပေးအပ်ပြီးသော ရှေ့နေခများ ပြန်လည်တောင်းဆိုခြင်း၊ ယင်းကဲ့သို့ လိုက်ပါခွင့်မရရှိသဖြင့် အမှုသည်များက အထင်လွဲမှားကာ အထက်တန်းရှေ့နေများကို နှိမ့်ချပြောဆိုဆက်ဆံလာခြင်း၊ မူလအမှုအပ်နှံစဉ်က တိုင်းဒေသကြီးနှင့် ပြည်နယ်တရားရုံးများအထိ လိုက်ပါခွင့်ရရှိကြောင်း ပြောဆို၍ အမှုလက်ခံခဲ့သည့်အပေါ် လှည့်ဖျားသည်ဟု သံသယဖြစ်လာခြင်းများ ကြုံတွေ့လာကြရခြင်းကြောင့် ခေတ်အဆက်ဆက် တိုင်းဒေသကြီးနှင့် ပြည်နယ်တရားရုံးများအားလုံးတွင် အမှုလိုက်ပါခွင့်ရရှိသူများဖြစ်၍ အထက်တန်းရှေ့နေများအပေါ် သက်ညှာထောက်ထားစွာဖြင့် တိုင်းဒေသကြီးတရားလွှတ်တော်၊ပြည်နယ်တရားလွှတ်တော်များတွင် လိုက်ပါဆောင်ရွက်ခွင့်ပြုရန် အသနားခံ တင်ပြလျှောက်ထားသွားမည်ဖြစ်ကြောင်း ဝါရင့်အထက်တန်းရှေ့နေတစ်ဦးဖြစ်သော ဦးခင်ဇော်(မရမ်းကုန်း)ကပြောသည်။

တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်များတွင် အထက်တန်းရှေ့နေများ လိုက်ပါခွင့်ရရှိရေး အစည်းအဝေးအား ယခုလ ၂၂ ရက်တွင် မရမ်းကုန်းမြို့နယ်၊ ရှစ်မိုင်လမ်းဆုံ၊ မြို့ပြအိမ်ရာမြောက်ဘက်ခြမ်းရှိ ဥပဒေပညာဒါနသင်တန်း၌ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပြီး အထက်တန်းရှေ့နေ ၁၇ဦး တက်ရောက်၍ အတည်ပြုခဲ့ကြသည်။

# ဒေါ်အောင်ဆန်းစုကြည် လွှတ်တော်အမတ်ဖြစ်ရန် ကိုက်ညီကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြောကြား

ထူးသန့်

**နေပြည်တော်၊ ဒီဇင်ဘာ- ၂၃**

ဒေါ်အောင်ဆန်းစုကြည်သည် လွှတ်တော်အမတ်ဖြစ်ရန် ကိုက်ညီကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက သတင်းထောက်တစ်ဦး၏ မေးမြန်းမှုနှင့် ပတ်သက်ပြီး ပြန်လည်ပြောကြားခဲ့သည်။



သူရဦးရွှေမန်းနှင့် ဒေါ်အောင်ဆန်းစုကြည်

ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ ဒေါ်အောင်ဆန်းစုကြည်နှင့် တစ်နာရီခန့်ကြာ တွေ့ဆုံခဲ့ပြီးနောက် တက်ရောက်လာသော သတင်းထောက်များအား အခိုက်အတန့်အားဖြင့် တွေ့ဆုံခဲ့ရာတွင် သတင်းထောက်တစ်ဦးက ဒေါ်အောင်ဆန်းစုကြည်နှင့်ပတ်သက်ပြီး လွှတ်တော်အမတ်ဖြစ်လာရန် ကိုက်ညီမှုရှိ၊ မရှိမေးမြန်းခဲ့ရာ ၎င်း၏လေ့လာမှုအရ ကိုက်ညီပါကြောင်း ပြန်လည်ပြောကြားခဲ့ခြင်းဖြစ်သည်။

နောက်ထပ်တွေ့ဆုံရန် အခြေအနေနှင့် ပတ်သက်ပြီး မေးမြန်းရာတွင်လည်း လွှတ်တော်အတွင်းရောက်ရှိလာပါက အမြဲတမ်းတွေ့နေရမည်သာဖြစ်ကြောင်း ပြန်လည်ပြောကြားခဲ့သည်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဒေါ်အောင်ဆန်းစုကြည်နှင့် မတွေ့ဆုံမီ သတင်းထောက်များအား မိနစ် အနည်းငယ်တွေ့ဆုံကာ ဒေါ်အောင်ဆန်းစုကြည်အားကြိုဆိုကြောင်း၊ လွှတ်တော်အတွင်း ပူးပေါင်းဆောင်ရွက်သွားရန်ရှိကြောင်း ပြောဆိုခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် ယခုကဲ့သို့လာရောက်တွေ့ဆုံခြင်းမှာ လွှတ်တော်အတွင်း မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများကို လာရောက်လေ့လာလို၍ဖြစ်ကြောင်း၊ အခြေခံဥပဒေများရှိပြီးဖြစ်သော်လည်း လွှတ်တော်အတွင်း လုပ်ထုံးလုပ်နည်းများကို လာရောက်လေ့လာလိုကြောင်း ဒီဇင်ဘာလ ၄ ရက်က စာဖြင့် ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။ လွှတ်တော်ဘက်ကလည်း ကြိုဆိုသည့်အနေဖြင့် အကြောင်းပြန်ကာ တွေ့ဆုံခဲ့ခြင်းဖြစ်ကြောင်း ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦး၏ ပြောကြားချက်အရသိရသည်။

ယနေ့တွေ့ဆုံမှုအခမ်းအနားတွင် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး NLD မှ ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ ဦးခွန်သာမြင့်နှင့် ဒေါက်တာငယ်ငယ်တို့တက်ရောက်ကြသည်။

ဒေါ်အောင်ဆန်းစုကြည်အား ယခုကဲ့သို့ ရွေးကောက်ပွဲဝင်ကာ လွှတ်တော်အတွင်း ပါဝင်လာစေချင်တာ ကြာလှပြီဖြစ်ကြောင်း၊ အမျိုးသားလွှတ်တော်အတွင်း ပါဝင်လာစေချင်တာကြာလှပြီဖြစ်ကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌဦးခင်အောင်မြင့်ကလည်း သတင်းထောက်များနှင့် ဒီဇင်ဘာ ၂၃ ရက်တွင် တွေ့ဆုံရာ၌ ထည့်သွင်းပြောကြားသွားသည်။

ဒေါ်အောင်ဆန်းစုကြည် ရောက်ရှိမလာမီ တက်ရောက်လာသော သတင်းထောက်များနှင့် တွေ့ဆုံရာ၌ "ဒီလိုဖြစ်စေချင်တာကြာလှပြီ။ အစောကြီးကတည်းက ပါစေချင်တာ" ဟု အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ပြောကြားခဲ့ခြင်းဖြစ်သည်။

အမျိုးသားလွှတ်တော် ဧည့်ခန်းမအတွင်းဥက္ကဋ္ဌနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ယနေ့မွန်းလွဲ ၁နာရီ၁၅မိနစ်မှစ၍ ၁၅ မိနစ်ခန့် တွေ့ဆုံခဲ့သည်။ ထိုသို့မတွေ့ဆုံမီ သတင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးရန် သတ်မှတ်ပေးထားသော နေရာနှင့် တွေ့ဆုံမည့်နေရာအကြားအကွာအဝေးနှင့် ပတ်သက်ပြီး သတင်းထောက်တစ်ဦးက မေတ္တာရပ်ခံသဖြင့် အဆင်ပြေပြေ ရိုက်ကူးနိုင်စေရန် လိုလိုလားလားပင် ခွင့်ပြုပေးခဲ့သည်။

# နိုင်ငံတကာစံနှင့်အညီ ရေးဆွဲနေသော လူမှုဖူလုံရေးဥပဒေမူကြမ်း လာမည့်လွှတ်တော်တွင် တင်သွင်းမည်

မြတ်စုမွန်

**ရန်ကုန်၊ ဒီဇင်ဘာ- ၂၄**

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့က လူမှုဖူလုံရေးဥပဒေသစ် (မူကြမ်း)ကို အပြီးသတ်ရေးဆွဲလျက်ရှိကြောင်း ဒီဇင်ဘာ ၂၄ရက်ထုတ် ကြေးမုံသတင်းစာတွင် ဖော်ပြပါရှိသည်။

အဆိုပါ လူမှုဖူလုံရေးဥပဒေသစ်အတည်ပြုပါက သက်ပြည့်အငြိမ်းစားခံစားခွင့်၊ သဘာဝဘေးအန္တရာယ်ကြုံတွေ့ရသည့်အခါ ကျန်းမာရေးနှင့် ထောက်ပံ့ကူညီမှုများခံစားခွင့်၊ နာမကျန်းခြင်းကြောင့် လုံးဝအလုပ်လုပ်ကိုင်နိုင်စွမ်းမရှိမှု အကျိုးခံစားခွင့်နှင့် အလုပ်လက်မဲ့အကျိုးခံစားခွင့်များလည်းရရှိနိုင်ရန် စီစဉ်ဆောင်ရွက်နိုင်မည်ဟု ဒီဇင်ဘာ ၂၃တွင် နေပြည်တော်၌ ပြုလုပ်ခဲ့သည့် Human Resource Development in ICT for Social Security Scheme အလုပ်ရုံဆွေးနွေးပွဲတွင် အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်ကပြောသည်။

ယင်းဥပဒေသစ်(မူကြမ်း)ကို အပြီးသတ်ရေးဆွဲလျက်ရှိပြီး နိုင်ငံတကာစံများနှင့်အညီဖြစ်စေရန် ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးများသို့ တင်သွင်းရန်စီစဉ်လျက်ရှိကြောင်း ယနေ့ထုတ်ကြေးမုံသတင်းစာတွင် ဖော်ပြပါရှိသည်။

"ဝန်ကြီးဦးအောင်ကြည်က အိုင်တီလုပ်ငန်းနဲ့ပတ်သက်ပြီး မြန်ဆန်တွင်ကျယ်ဖို့လိုအပ်တဲ့အကြောင်းပြောတယ်။ အဓိကကတော့ လူ့စွမ်းအားအရင်းအမြစ်တည်ဆောက်ရေးဆွေးနွေးပွဲပါ။ လူမှုဖူလုံရေးဥပဒေမူကြမ်းစာအုပ်လေးလည်းထွက်နေပြီ။ အဓိကပွိုင့်ကတော့ဝန်ထမ်းတွေ၊အလုပ်သမားတွေအတွက် လူမှုဖူလုံရေးဆုငွေ၊ အသက်ကြီးလို့ပင်စင်စားတဲ့အခါမှာ ခံစားခွင့်တွေရှိပါတယ်။ ဝန်ထမ်းတွေအတွက် အင်မတန်ကောင်းတဲ့အချက်တွေပါတယ်" ဟု အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို တက်ရောက်ခဲ့သည့် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းမှ အမှုဆောင် ဦးအောင်အောင်က 7Day News သို့ပြောသည်။

ထို့ပြင် အလုပ်သမားဝန်ကြီးဌာနလူမှုဖူလုံရေးအဖွဲ့တွင် တိုးတက်များပြားလာမည့် လုပ်ငန်းများအား နိုင်နင်းစွာ ဆောင်ရွက်နိုင်စေရန် Information and Technology Section (IT Section) ဌာနတစ်ခုဖွဲ့စည်းနိုင်ရေးအတွက်ယင်းအလုပ်ရုံဆွေးနွေးပွဲကို ပြုလုပ်ရခြင်းဖြစ်ကြောင်း သိရသည်။

# အစိုးရနှင့် ကေအင်န်ယူ အပစ်အခတ်ရပ်စဲရေး သဘောတူလက်မှတ်ရေးထိုးရန် နီးကပ်လာ

**အားမာန်၊ အိဖြူမွန်**
**ရန်ကုန်၊**
**ဒီဇင်ဘာ-၂၆**

ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဖော်ဆောင်ရေးအဖွဲ့နှင့် ကေအင်န်ယူ(ကရင်အမျိုးသားအစည်းအရုံး) တို့ လာမည့်ဇန်နဝါရီ ၁၂ ရက်တွင် ကရင်ပြည်နယ် ဘားအံမြို့၌တွေ့ဆုံဆွေးနွေးပွဲတွင် အပစ်အခတ်ရပ်စဲရေးသဘောတူလက်မှတ်ရေးထိုးနိုင်ရန် ကိုးဆယ်ရာခိုင်နှုန်းကျော် သေချာနေကြောင်းငြိမ်းချမ်းရေးအကျိုးဆောင်တစ်ဦးက ပြောသည်။

"အဓိကကတော့ အပစ်အခတ်ရပ်စဲဖို့ဆွေးနွေးမှာ။ သဘောတူညီချက်ရဖို့ ၉၅ ရာခိုင်နှုန်းကတော့သေချာတယ်လို့ထင်တယ်။ ၅ ရာခိုင်နှုန်းကတော့ ကံတရားပဲပေါ့" ဟု ငြိမ်းချမ်းရေး အကျိုးဆောင်တစ်ဦးက သူ၏အမြင်ကိုပြောသည်။

ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုအဖွဲ့ခေါင်းဆောင်တစ်ဦးဖြစ်သော ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးအောင်မင်းနှင့် ကေအင်န်ယူလက်နက်ကိုင်အဖွဲ့မှတာဝန်ရှိသူများ နှစ်လအတွင်း သုံးကြိမ်တွေ့ဆုံဆွေးနွေးခဲ့သည်။ ဒီဇင်ဘာ ၂၁ ရက်က တတိယအကြိမ် တွေ့ဆုံဆွေးနွေးမှုအပြီး စတုတ္ထအကြိမ်တွေ့ဆုံမှုကိုကရင်ပြည်နယ် ဘားအံမြို့တွင် တွေ့ဆုံရန်သဘောတူခဲ့သည်။ ဒီဇင်ဘာ ၂၂ရက်တွင် ဦးအောင်မင်းနှင့် မွန်ပြည်သစ်ပါတီတို့ တွေ့ဆုံဆွေးနွေးခဲ့သေးသည်။

"ဆွေးနွေးပွဲပေါ်မှာ မူတည်ပါတယ်။ အဲဒီနေ့ကျရင်တော့သိရမှာပေါ့"ဟုကေအင်န်ယူမှအတွင်းရေးမှူး ဖရိုစောဒေးဗစ်တောက ဘားအံ အစည်းအဝေးနှင့်ပတ်သက်၍ မေးမြန်းမှုကို ဖြေကြားသည်။ ၎င်းက ဦးအောင်မင်းနှင့် ပတ်သက်၍လည်း အောက်ပါအတိုင်း သဘောထားမှတ်ချက်ပေးသည်။ "ပွင့်လင်းတယ်။ အစက ပြောသလိုပဲ တာဝန်ယူနိုင်တဲ့ဟာကို (ငြိမ်းချမ်းရေးရရှိရန် ဆောင်ရွက်နေမှုများ)တာဝန်ယူနိုင်စွမ်းရှိတဲ့သူလို့ပဲ မြင်ပါတယ်"။

ဖရိုစောဒေးဗစ်တောကပင် တွေ့ဆုံဆွေးနွေးမှုများနှင့် ပတ်သက်၍လည်း "ဦးအောင်မင်းနဲ့ တစ်ခါထက်တစ်ခါပိုပြီးရင်းနှီးမှုရလာတယ်။ သူကပွင့်လင်းတယ်။ ပြောသင့်ပြောထိုက်တာတွေပြောပါတယ်။ အလုပ်သဘောတွေတဲ့အချိန်မှာ ဘားအံမှာ ထပ်တွေ့ဖို့ သဘောတူညီချက်ရခဲ့တယ်။ သွားရေး၊ လာရေးမှာ လုံခြုံရေးရဖို့ ဝန်ကြီးဘက်က သဘောတူညီမှုရခဲ့တယ်။ သွားရေး၊ လာရေးဆိုတာက မြဝတီကနေ ဘားအံကို သွားမယ့်အပိုင်းကိုပြောတာ" ဟု ၎င်းက ပြောသည်။

ဦးအောင်မင်းခေါင်းဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့မှာ ဒီဇင်ဘာ ၂ ရက်က ရှမ်းပြည်တပ်မတော် တောင်ပိုင်း (SSA)နှင့်အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုလက်မှတ်ရေးထိုးနိုင်ရန် ဆောင်ရွက်နိုင်ခဲ့သည်။



*ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့ခေါင်းဆောင် ဦးအောင်မင်းနှင့် KNU အတွင်းရေးမှူး ဖဒိုစောဒေးဗစ်တောတို့ ဆွေးနွေးနေစဉ်*

# ပြည်ပရောက်မြန်မာအလုပ်သမားများကို ဝင်ငွေခွန်ကင်းလွတ်ခွင့်ပြု

**ထိုင်း၊ မလေးရှား၊ စင်ကာပူတွင်ပါ ပုဂ္ဂလိကဘဏ်များ သွားရောက်ဖွင့်လှစ်ရန်စီစဉ်**

**သတင်းအဖွဲ့**
**ရန်ကုန်၊ ဒီဇင်ဘာ - ၂**

ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်နေသော မြန်မာအလုပ်သမားများက ပေးဆောင်ရသောဝင်ငွေခွန်ကိုလာမည့်ဇန်နဝါရီ ၁ရက်မှစတင်၍ ကင်းလွတ်ခွင့်ပြုလိုက်ကြောင်းပြည်ထောင်စုအစိုးရအဖွဲ့က တရားဝင်ကြေညာသည်။

"ဟုတ်ပါတယ်။ ကက်ဘိနက်အစည်းအဝေးမှာဆုံးဖြတ်လိုက်တာ။ နယူးရီးယားဖြစ်တော့မင်္ဂလာရှိတဲ့သတင်းကိုထုတ်ပြန်ပေးလိုက်တာ"ဟု အစိုးရအဖွဲ့မှ အဆင့်မြင့်အရာရှိတစ်ဦးက 7Day News သို့ အတည်ပြုပြောကြားသည်။ အစိုးရအဖွဲ့မှအထက်ပါဆုံးဖြတ်ချက်ကိုယနေ့ကျင်းပပြုလုပ်သောပြည်ထောင်စုဝန်ကြီးများ၏အစည်းအဝေးတွင် အတည်ပြုဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်းလည်း သတင်းရရှိသည်။ ပြည်ပတွင်အလုပ်လုပ်ကိုင်နေသော မြန်မာအလုပ်သမားများက နိုင်ငံခြားငွေအမျိုးအစားဖြင့်ပေးဆောင်ရသည့်ဝင်ငွေခွန်ကို ဝင်ငွေခွန် ဥပဒေပုဒ်မ-၅၊ ပုဒ်မ ခွဲ(ခ)အရ ကင်းလွတ်ခွင့်ပြုခြင်းဖြစ်ကြောင်း ပြည်ထောင်စုအစိုးရအ ဖွဲ့၏ အမိန့်ကြေညာစာတွင် ဖော်ပြထားသည်။ အထက်ပါဆုံးဖြတ်ချက်ကြောင့် ၂၀၁၂ ဇန်နဝါရီ ၁ ရက်မှစ၍ ပြည်ပအလုပ်သမားများအနေဖြင့် ဝင်ငွေခွန်လုံးဝပေးဆောင်စရာမလိုတော့ပေ။

ထို့အပြင် မြန်မာနိုင်ငံသားများ အများဆုံးသွားရောက်လုပ်ကိုင်နေသောနိုင်ငံများဖြစ်သော ထိုင်း၊ မလေးရှား၊ စင်ကာပူနိုင်ငံတို့တွင် မြန်မာတိုင်းရင်းသားလုပ်ငန်းပိုင် ပုဂ္ဂလိကဘဏ်များ သွားရောက်ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်ကြောင်းလည်း အထက်ပါတာဝန်ရှိသူက ဆက်လက်ပြောကြားသည်။ ထိုသို့ ပုဂ္ဂလိကဘဏ်များ သွားရောက်ဖွင့်လှစ်ရန်စီစဉ်ခြင်းမှာ ပြည်ပရောက် မြန်မာအလုပ်သမားများ၏ မိသားစုထံပြန်ပို့ငွေများကို တရားဝင်လမ်းကြောင်းအား အသုံးပြု၍ပို့ဆောင်နိုင်ရန်ဖြစ်ပြီး၊ တရားမဝင် ဟွန်ဒီငွေလွှဲစနစ် ပပျောက်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်းလည်း ၎င်းကရှင်းပြသည်။

အထက်ပါသုံးနိုင်ငံတွင် ပုဂ္ဂလိကဘဏ်များ သွားရောက်ဖွင့်လှစ်ရန်အတွက် စိတ်ပါဝင်စားပြီး နိုင်ငံခြားငွေများစွာကို ကိုင်တွယ်၍ လုပ်ကိုင်စီမံနိုင်မည့် ဘဏ်များထဲမှ စိစစ်ရွေးချယ်သွားမည်ဖြစ်ကာ ယခုအခါ မည်သည့်ဘဏ်များကို သွားရောက်ဖွင့်လှစ်ခွင့်ပြုမည်ကိုမူ မဆုံးဖြတ်ရသေးကြောင်း သတင်းရရှိသည်။

ပြည်ပနိုင်ငံများတွင် သွားရောက်လုပ်ကိုင်နေသော မြန်မာအလုပ်သမားသုံးသန်းကျော်ရှိပြီး တရားဝင်သွားရောက်လုပ်ကိုင်နေသူမှာ ခုနစ်သိန်းနီးပါးရှိကြောင်း အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမြင့်သိန်းကပြောသည်။ သို့သော် ထိုင်းနိုင်ငံတစ်နိုင်ငံတည်းမှာပင် မြန်မာအလုပ်သမားသုံးသန်းမှ လေးသန်းအတွင်း ရှိနိုင်ကြောင်း ထိုင်းနိုင်ငံရောက် မြန်မာ အလုပ်သမားများအရေးဆောင်ရွက်နေသော အင်န်ဂျီအိုများမှ တာဝန်ရှိသူအချို့က ပြောသည်။ ထိုင်းနိုင်ငံပြီးလျှင် မလေးရှားနိုင်ငံမှာမြန်မာအလုပ်သမားများ ဒုတိယအများဆုံးသွားရောက်လုပ်ကိုင်နေသောနိုင်ငံဖြစ်သည်။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဌာနက ၂၀၁၁ ဩဂုတ်လ ၁၉ ရက်တွင် ပြည်ပရောက်မြန်မာ အလုပ်သမားများပေးဆောင်နေရသော ဝင်ငွေခွန်ကို ၁၀ ရာခိုင် နှုန်းမှ ၂ ရာခိုင်နှုန်းသို့ လျှော့ချပေးခဲ့သည်။ သို့သော် အဆိုပါ ဝင်ငွေခွန်လျှော့ပေါ့ပေးမှုမှာ ခြောက်လတည်းအတွက်သာဖြစ်ခဲ့သည်။

"အခွန်မဆောင်ရတော့ဘူးဆိုတော့ ကောင်းတာပေါ့။ တခြား နိုင်ငံတွေမှာလည်း ကောက်မှ မကောက်တာ။ ဒူဘိုင်းမှာ မြန်မာ သံရုံးမရှိတော့ ကိုင်ရိုနဲ့ အီဂျစ်ကို လှမ်းပြီးအခွန်ဆောင်ရတယ်။ တစ်နှစ် တစ်ခါလောက်ဆောင်ကြ တယ်။ တချို့က ပတ်စ်ပို့သက် တမ်းတိုးမှ ပေါင်းဆောင်ကြတာလည်းရှိတယ်။ အဲဒါဆိုရင်တော့ ဒဏ်ကြေးနည်းနည်းတော့ ပေးရတာပေါ့။ ကိုယ်တိုင် ဘဏ်သွားတာတို့၊ ဘာတို့မလုပ်နိုင်ရင် ပွဲစားကလုပ်ပေးတယ်။ တစ်ယောက်ကို ဒူဘိုင်းငွေ ၁၀၀ လောက်တော့ ပေးရတယ်။ အခွန်ဆောင်ရတဲ့အ တွက် သံရုံးဆီက ဝန်ဆောင်မှု ဘာမှပြန်မရဘူး။ အခွန်ဆောင် ထားတာတောင် ပတ်စ်ပို့အသစ်ပြန်လုပ်ရင် နည်းမျိုးစုံနဲ့ ရစ်သေးတာ။ အခွန်ဆောင်နေရတာက အပိုထွက်ငွေလိုဖြစ်နေတာ။ အခွန်မဆောင်ရတော့ဘူးဆိုတော့ အလုပ်ရှုပ်တာ အများကြီးသက် သာသွားတာပေါ့"ဟု ယူအေးအီးနိုင်ငံတွင်သွားရောက် အလုပ်လုပ်ကိုင်နေသူတစ်ဦးက ပြောသည်။

# သီရိလင်္ကာမှ ဗုဒ္ဓစွယ်တော်ကို ပင့်ဆောင်ရန် လတ်တလော အစီအစဉ်မရှိသေး

**မင်းဒင်**
**မန္တလေး၊**
**ဒီဇင်ဘာ-၂၆**

သီရိလင်္ကာနိုင်ငံတွင် ကိန်းဝပ်စံပယ်နေသည့် လက်ယာဘက်စွယ်တော်မြတ်အားမြန်မာနိုင်ငံသို့ပင့်ဆောင်နိုင်ရေးသည်လတ်တလောအခြေအနေအရမဖြစ်နိုင်သေးဘဲတစ်နေ့တွင်ဖူးမြော်ခွင့်ရနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအကြောင်းအရာအား ဒီဇင်ဘာ ၂၃ ရက်တွင် မန္တလေးမြို့၌ဗုဒ္ဓမြတ်စွယ်တော် စတုတ္ထအကြိမ် ဒေသစာရီကြွချီအပူဇော်ခံခြင်းနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲတွင် သတင်းထောက်တစ်ဦး၏မေးမြန်းချက်အပေါ် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသူရဦးမြင့်မောင်က ဖြေကြားခဲ့ခြင်းဖြစ်သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကိန်းဝပ်စံပယ်နေသည့် လက်ဝဲဘက်ဗုဒ္ဓမြတ်စွယ်တော်သည်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ ယခုကြွချီလာမှုအပါအဝင် လေးကြိမ်ပင့်ဆောင်ပူဇော်ခဲ့ပြီးဖြစ်သည်။

ဆဋ္ဌသင်္ဂါယနာတင် အခမ်းအနား ကျင်းပခဲ့သည့် ၁၉၅၅ ခုနှစ်တွင်ပထမအကြိမ်ဂလကြာပူဇော်မှုနိုင်ခဲ့ပြီး ပြည်ပတစ်နိုင်ငံတွင် အကြာဆုံး အပူဇော်ခံနိုင်ခဲ့ခြင်းဖြစ်သည်။ ၁၉၉၄ ခုနှစ်တွင် ဒုတိယအ ကြိမ်၊ ၁၉၉၆ တွင် တတိယအကြိမ်နှင့် ယခု ၂၀၁၂ ခုနှစ်တွင် စတုတ္ထအကြိမ်ပင့်ဆောင်ပူဇော်နိုင်ခဲ့ခြင်း ဖြစ်သည်။

သီရိလင်္ကာနိုင်ငံရှိဗုဒ္ဓမြတ်စွယ်တော်သည် ယင်းနိုင်ငံ၌ပင် ဗုံးခွဲတိုက်ခိုက်မှုဖြင့် ကြုံခဲ့ရခြင်းကြောင့် စိုးရိမ်ကြောင့်ကြမှုများဖြင့် တင်းကျပ်မှုများရှိကြောင်း သူရဦးမြင့်မောင်က ဆက်လက်ပြောသည်။

"သီဟိုဠ်က စွယ်တော် ဒီကိုပင့်ဖို့ဆိုတာ ကျွန်တော်တို့နဲ့ သီဟိုဠ်စွယ်တော်နဲ့က ရေစက် မဆုံသေးဘူး။ တစ်နေ့နေ့ ဆုံနိုင်ပါတယ်။ သီဟိုဠ်စွယ်တော်သမိုင်းကြောင်း သိရသလောက်တော့ သူတို့နိုင်ငံမှာကို ဗုံးခွဲခံရတယ်။ ဒါကြောင့် စိုးရိမ်ကြောင့်ကြမှုများတယ်။ ကြုံကြိုက်ရင်တော့ ဖူးရမှာပါ"ဟု ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားခဲ့သည်။

# လွတ်လပ်ခြင်းအနုပညာ ရုပ်ရှင်ပွဲတော် ဇာတ်ကား ၅၃ ကားကို ဆန်ခါတင် ရွေးချယ်

**ဝေယံ**
**ရန်ကုန်၊ ဒီဇင်ဘာ-၂၆**

လွတ်လပ်ခြင်းအနုပညာရုပ်ရှင်ပွဲတော် Art of Freedom တွင် ဝင်ရောက်ယှဉ်ပြိုင်သည့်ဇာတ်ကား ၁၈၈ ကားမှ ပထမအဆင့် ဆန်ခါတင် ၅၃ ကားရွေးချယ်ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

ဝင်ရောက်ယှဉ်ပြိုင်သည့် ဇာတ်ကားပေါင်း ၁၈၈ ကားမှ ပထမအဆင့်ဆန်ခါတင် ၅၃ကားကိုအကဲဖြတ်အဖွဲ့ဝင်များဖြစ်ကြသည့်ဒါရိုက်တာမင်း ထင်ကိုကိုကြီးနှင့် ဇာဂနာတို့ကရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ထို၅၃ကားမှ Best Docoumentary၊ Best Short film၊ Best Animation flim၊ Audiance Choise Award၊ Young Telented Award ဆုငါးဆုအတွက် ကားများကို ဒေါ်အောင်ဆန်းစုကြည်၊ ဇာဂနာ၊ မင်းထင်ကိုကိုကြီးနှင့် ရုပ်ရှင်ပွဲတော်သို့လာရောက်ကြည့်ရှုကြမည့် ပရိသတ်များက ထပ်မံရွေးချယ်သွားမည်ဖြစ်သည်။ ရုပ်ရှင်ပွဲတော်ကို ဒီဇင်ဘာလ ၃၁ ရက်တွင် တော်ဝင်စင်တာ၌ ဒေါ်အောင်ဆန်းစုကြည်နှင့် တာဝန်ရှိသူများက ဖွင့်လှစ်ပေးသွားမည်ဖြစ်သည်။ ဇန်နဝါရီ ၁ ရက်မှ ၃ ရက်အထိ ပထမအဆင့်ရွေးချယ်ခံရသည့် ဇာတ်ကား ၅၃ ကားကို ပြသကာ ဇန်နဝါရီ ၄ရက်တွင် ဆုရကားများအား ဆုပေးပွဲကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

7DAY NEWS JOURNAL
Vol.10, No.41 · DECEMBER 29, 2011

# ထိုင်းသို့ အလုပ်သွားလုပ်မည့်သူများ ရန်ကုန်တွင် မှတ်ပုံတင်ပြုလုပ်နိုင်ပြီ

**ပြည်သိမ်း၊ အေးမြတ်သူ**

**ရန်ကုန်၊ ဒီဇင်ဘာ – ၂၆**

ထိုင်းနိုင်ငံသို့ တရားဝင် သွားရောက်အလုပ်လုပ်လိုသူများ အနေဖြင့်ရန်ကုန်မြို့ရှိအလုပ်အကိုင်နှင့်အလုပ်သမားရှာဖွေရေးရုံးများတွင် တိုက်ရိုက်မှတ်ပုံတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း အလုပ်သမားဝန်ကြီးဌာနက တရားဝင်ထုတ်ပြန်ထားသည်။

ကြားပွဲစားများ၏ ခေါင်းပုံဖြတ်မှု၊ လူရောင်းစားခံရခြင်း၊ လုပ်ခလစာမရခြင်း၊ အမဲ့အလုပ်ခိုင်းစေခြင်း၊ အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေတွင် အလုပ်လုပ်နေရခြင်းတို့ကို ကာကွယ်ရန် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီက ကြားခံဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း အဆိုပါကြေညာချက်မှတစ်ဆင့်သိရသည်။

ထို့ပြင် ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ ယာယီနိုင်ငံကူးလက်မှတ်၊ ပြည်ပအလုပ်အကိုင်သက်သေခံကတ်ပြားစသည့် အရေးကြီးသည့် လက်မှတ်များထုတ်ပေးနိုင်ရန် ဇန်နဝါရီ ၇ ရက်မှစတင်၍ ပြည်ပ၌ အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီက မြို့ငါးမြို့တွင် ရုံးများ ဖွင့်မည်ဟု အဆိုပါကော်မတီက သတင်းထုတ်ပြန်ထားသည်။

ယာယီ နိုင်ငံကူးလက်မှတ်၊ ပြည်ပအလုပ်အကိုင်သက်သေခံကတ်ပြား၊ နိုင်ငံသားစိစစ်မှုလုပ်ငန်း၊ ၎င်းတို့၏ သားသမီးများအတွက် သက်သေခံလက်မှတ်ထုတ်ပေးခြင်းတို့ကို ထိုင်းနိုင်ငံ ချင်းမိုင်၊ မဟာချိုင်၊ ဘန်ကောက်၊ စမွတ်ပရာကန်၊ ဆူရက်ထနီဒေသတို့တွင်ပြုလုပ်ပေးမည်ဖြစ်ကြောင်း အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အလုပ်သမားဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က ပြောကြားခဲ့သည်။

(လက်ရှိ ရန်ကုန်မြို့တွင် ဆောင်ရွက်ပေးမည့်လုပ်ငန်းများ၌ မှတ်ပုံတင်ခြင်း၊ ရွေးချယ်ခြင်း၊ ခေါ်စာစောင့်ခြင်းတို့ ပြုလုပ်စေပြီး ခေါ်စာရလျှင် ရန်ကုန်မှ မြဝတီ၊ ကော့သောင်းတို့မှတစ်ဆင့်ဖြစ်စေ၊ ရန်ကုန်မှ လေကြောင်းလိုင်းဖြင့် တိုက်ရိုက်သွားနိုင်မည်ဖြစ်ကြောင်းသိရသည်။)

အဆိုပါလုပ်ငန်းများကို ယခင်က တာချီလိတ်၊ မြဝတီ၊ ကော့သောင်းမြို့တို့တွင်သာလုပ်ကိုင်နိုင်သည်။ ယင်းမြို့များတွင် လုပ်ကိုင်ရာ၌ ရက် ၂၀ မှ ၄၅ ရက်အထိ စောင့်ဆိုင်းရသောကြောင့် နေစရိတ်၊ စားစရိတ်ကုန်ကျမှုများပြားသည်။ ထို့အပြင် အချို့အလုပ်သမားများသည် အတွေ့အကြုံဗဟုသုတနည်းပါးခြင်း၊ လူမှောင်ခိုများ၏ မြူဆွယ်မှုကောင်းခြင်းတို့ကြောင့်လူကုန်ကူးခြင်းလည်း ခံရမှုရှိကြောင်းသိရသည်။

## ရေခွန်လျှော့နည်းရန် မ ိုးမသားပြုလုပ်သူများကို အရေးယူမည်ဆို

**ကျော်သီဟ**

**ရန်ကုန်၊ ဒီဇင်ဘာ– ၂၆**

ရေမီတာအခွန် လွတ်ကင်းအောင် ရေမီတာရှေ့မှ ပိုက်သွယ်တန်း၍ ရေသွယ်တန်းအသုံးပြုနေသူများအား ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ရေနှင့်သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ဒီဇင်ဘာ ၂၃ ရက်တွင်ပြောကြားခဲ့သည်။

ရန်ကုန်မြို့တော်အတွင်း စည်ပင်မှ ပေးဝေလျက်ရှိသော ရေများအား အစိုးရဌာနများ၊ ပုဂ္ဂလိကလုပ်ငန်းများနှင့် အိမ်သုံးရေခများအား မီတာစည်းကြပ်ကောက်ခံမှုကို ဒီဇင်ဘာဒုတိယအပတ်မှ စတင်လုပ်ကိုင်လျက်ရှိပြီး၊ အချို့ကို ပုံသေနှုန်းဖြင့် ကောက်ခံလျက်ရှိကြောင်းသတင်းရရှိသည်။

"တချို့က ရေမီတာတပ်တယ်။ ရေမီတာရှေ့ကဖောက်သုံးတယ်။ ဥပဒေနဲ့အရေးယူလို့ရတယ်။ တရားမဝင်ရေမီတာရှေ့ပိုက်ကနေ ဆက်သွယ်ထားတာတွေ့ရင် အရေးယူသွားမယ်" ဟု ယင်းဌာနမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

အဆိုပါ ရေမီတာကို မြို့တော်စည်ပင်သာယာရေးကော်မတီမှတပ်ဆင်ပေးလျက်ရှိပြီး မူရင်းဈေး၌ပင် ၄၇ ပြားကျော် အရှုံးခံ၍ ဖြန့်ဝေလျက်ရှိသည်ဟု ဆိုသည်။ လက်ရှိနှုန်းထားများမှာ အစိုးရဌာနနှင့် အိမ်သုံးများအား ရေတစ်ဂါလန်လျှင် ၂၅ ပြား၊ စီးပွားရေးသုံးတစ်ဂါလန် ၃၅ ပြားနှုန်းဖြင့်သာ ကောက်ခံကြောင်းနှင့် ရေမီတာများတပ်ဆင်မှု၌ ချို့ယွင်းပျက်စီးမှုများနှင့် တပ်ဆင်ရန်ကျန်ရှိနေမှုများအား ဒီဇင်ဘာလတွင်း၌စည်းရုံးပညာပေးဆောင်ရွက်လျက်ရှိနေကြောင်း အထက်ပါပုဂ္ဂိုလ်က ဆက်လက်ပြောကြားသည်။

ယခုကဲ့သို့ ပြုလုပ်ရခြင်းမှာ ရေပြုန်းတီးမှု ကာကွယ်ရေးအတွက်ဖြစ်ပြီး အစွန်အဖျားအထိ ရေရှိမှုရှိစေရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့နေ လူထုအတွက် လစဉ်ရေပေးဝေရေးဌာနက ရေဂါလန်သန်း ၁၆၀ ပေးဝေရာတွင် လေလွင့်ဆုံးရှုံးမှု ၄၀ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

# အမျိုးသမီးများ၏ အရေးပါမှု စာတမ်းတစ်စောင်ပြုစု

**မြတ်စုမွန်**

**ရန်ကုန်၊ ဒီဇင်ဘာ– ၂၀**

မြန်မာနိုင်ငံ၏စီမံအုပ်ချုပ်မှုကဏ္ဍနှင့် အများပြည်သူဆိုင်ရာ ဆုံးဖြတ်ချက်များချမှတ်ရာတွင် အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုများအကြောင်းကို နိုင်ငံတကာ အင်န်ဂျီအိုသုံးခုက ပြည်နယ်နှင့်တိုင်းဒေသကြီးခုနစ်ခု၌ လေ့လာသုတေသနပြုကာ အနှစ်ချုပ်စာတမ်းတစ်စောင်ရေးဆွဲနိုင်ခဲ့ကြောင်း အဆိုပါ စာတမ်းမိတ်ဆက်ပွဲတွင် Oxfan မှ Policy Coordinator ဒေါ်ဂျန်နီဆွေဆွေမြင့်က ပြောသည်။

နိုင်ငံတကာ အင်န်ဂျီအိုများဖြစ်သည့် Oxfan, Action Aid နှင့် CARE တို့ ပူးပေါင်းကာ လေ့လာသုတေသနပြုမှုအားနည်းနေသေးသည့် အဆိုပါအကြောင်းကို ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာမှ ၂၀၁၁ ခုနှစ် ဇန်နဝါရီအထိ ရခိုင်၊ ကချင်၊ ကယားနှင့် ရှမ်းပြည်နယ်များ၊ မကွေး၊ မန္တလေးနှင့် ဧရာဝတီတိုင်းဒေသကြီးများတွင် လေ့လာခဲ့ကြောင်း ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးဗဟိုဌာနတွင် ကျင်းပသည့် 'အခွင့်အလမ်းသာရခဲ့လျှင် မြန်မာနိုင်ငံတွင် အများပြည်သူဆိုင်ရာဘဝ၌ အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှု' အနှစ်ချုပ်စာတမ်း မိတ်ဆက်ပွဲတွင် အထက်ပါပုဂ္ဂိုလ်ကပြောသည်။

လေ့လာတွေ့ရှိထားသည့် သုတေသနစာတမ်းသည် အများပြည်သူဆိုင်ရာဘဝ၊ အရပ်ဘက်ပြည်သူဆိုင်ရာ အဖွဲ့အစည်းများ၊ ကျေးရွာအဆင့်ကော်မတီများနှင့် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများတွင် အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုနှင့် လူမှုဘဝ၊ ယဉ်ကျေးမှုနှင့် ဘာသာရေးဆိုင်ရာ အယူအဆနှင့် အလေ့အထများတွင် အမျိုးသမီးများ၏ ပါဝင်မှုနှင့် မပါဝင်မှုများကြောင့် အကျိုးသက်ရောက်မှုများကိုလေ့လာသုတေသနပြုထားခြင်းဖြစ်သည်ဟုဆိုသည်။



ရန်ကုန်မြို့မှ အမျိုးသမီးများကို တွေ့ရစဉ်

ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

Women's Protection Technical Working Group (WPTWG) ၏ အဖွဲ့ဝင်နိုင်ငံများဖြစ်သော Oxfan, Action Aid နှင့် CARE တို့က အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုနှင့် ပတ်သက်၍ စံသတ်မှတ်ချက်များ၊ ယုံကြည်မှုများ၊ အယူအဆများ၊ အတားအဆီးများနှင့် အခွင့်အလမ်းများကို သိရှိနိုင်ရန် ရွေးချယ်သတ်မှတ်ထားသည့် ရပ်ရွာဒေသများတွင် လေ့လာခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

Women's Protection Technical Working Group (WPTWG) သည် နာဂစ်မုန်တိုင်းအပြီးတွင်ပြည်တွင်းပြည်ပ အင်န်ဂျီအိုများ၊ ကွန်ရက်အဖွဲ့များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများအကြား ကွန်ရက်တစ်ခုဖြစ်ပြီး၊ အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရန်နှင့်တန်းတူညီမျှအခွင့်အရေးရရှိစေရန် လုပ်ဆောင်လျက်ရှိကြောင်း အဆိုပါအဖွဲ့မှ သိရသည်။

# ကုလားတန်မြစ်ကြောင်း ဘက်စုံစီမံကိန်းအချက်အလက်များ ဒေသခံများ ပိုမိုသိရှိအောင် ဆောင်ရွက်မည်ဟုဆို

မေဝင်းမွန်

**ရန်ကုန်၊ ဒီဇင်ဘာ– ၂၄**

အိန္ဒိယ မြန်မာနှစ်နိုင်ငံအကျိုးအတွက် ပူးပေါင်းလုပ်ကိုင်သည့် ကုလားတန်မြစ်ကြောင်းဘက်စုံစီမံကိန်းနှင့်ပတ်သက်၍ အင်န်ဂျီအိုများ၏ လေ့လာတွေ့ရှိချက်များကို အိန္ဒိယအစိုးရဘက်မှ တာဝန်ရှိသူများက လက်ခံမှုများရှိပြီး ဒေသခံများကိုကျယ်ကျယ်ပြန့်ပြန့်သိနားလည်စေရန် ရှင်းလင်းတင်ပြရန်နိုင်ရေးအတွက် သက်ဆိုင်ရာကုမ္ပဏီတာဝန်ရှိသူများကပူးပေါင်းဆောင်ရွက်ကြောင်း မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယသံရုံးမှတာဝန်ရှိသူနှင့် ဆွေးနွေးမှုပြုလုပ်ခဲ့သည့် ဂျီဒီအိုင်(မြန်မာ)မှ အမှုဆောင်ဒါရိုက်တာဦးဆလိုင်းအိုက်ဇက်ခင်က ပြောကြားသည်။

ကုလားတန်မြစ်ကြောင်း ဘက်စုံစီမံကိန်းနှင့်ပတ်သက်၍ ဒေသခံပြည်သူများသိရှိနားလည်ကာစိုးရိမ်မှုကင်းစွာနေထိုင်ပြီး ပူးပေါင်းဆောင်ရွက်နိုင်ရန်နှင့် ဒေသရေရှည်ဖွံ့ ဖြိုးတိုးတက်ရေးအတွက် ရခိုင်နှင့် ချင်းပြည်နယ်ဝန်ကြီးချုပ်များထံသို့လည်း ဒီဇင်ဘာလ ၂၁ ရက်က မေတ္တာရပ်ခံစာပေးပို့ထားကြောင်း စီမံကိန်းနှင့်ပတ်သက်၍ စစ်တမ်းကောက်ယူလေ့လာထားသည့် ဂျီဒီအိုင်(မြန်မာ)မှသိရသည်။

စီမံကိန်းနှင့်ပတ်သက်သော အကျိုးအမြတ်အပါအဝင် လုပ်ငန်းစဉ်များကိုဒေသခံပြည်သူများကိုရှင်းပြအသိပေးရန်နှင့်သဘောထားအမြင်များကို တောင်းခံရန်၊ သဘာဝပတ်ဝန်းကျင်၊လူမှုရေးနှင့်ကျန်းမာရေးဆိုင်ရာသက်ရောက်မှုဆန်းစစ်ချက်များကို ဒေသခံပြည်သူများအား အသိပေးထုတ်ပြန်ပေးရန်၊ လူမှုစီးပွားထိခိုက်နစ်နာမှုရှိပါက စနစ်တကျလေ့လာဖော်ထုတ်ကာ ထိုက်သင့်သောစီမံဆောင်ရွက်ပေးမှုကို ဒေသခံပြည်သူကိုယ်စားလှယ်များနှင့်ညှိနှိုင်းဆောင်ရွက်ပေးရန်၊ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်သည့်ကုမ္ပဏီများမှဒေသခံများနှင့်ညှိနှိုင်းဆောင်ရွက်ရန်၊ ကုလားတန်မြစ်ကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် နိုင်ငံတော်အစိုးရအနေ ဖြင့်တိုးမြှင့်ဆောင်ရွက်နိုင်ရန် စသည့်အချက်များကို တင်ပြထားသည်ဟုဆိုသည်။

"ဒီစီမံကိန်းကိုမကောင်းဘူးတို့၊ ရပ်ပစ်ဖို့တို့အတွက် စစ်တမ်းကောက်ယူဆောင်ရွက်တာမဟုတ်ပါဘူး။ ဒေသခံတိုင်းရင်းသားတွေ နစ်နာမှုမရှိစေဖို့အတွက် ညှိနှိုင်းဆွေးနွေးစေလိုတာဖြစ်ပါတယ်။ အိန္ဒိယသံရုံးအနေနဲ့သန့်ရှင်းသောစီမံကိန်းလို့ပြောတဲ့ဒီစီမံကိန်းနဲ့ပတ်သက်ပြီး လေ့လာချက်တွေကိုဒေသခံတွေကို ချပြဖို့ဆွေးနွေးတာကို သဘောတူကြပါတယ်။ အဲဒီဘက်က တာဝန်ရှိသူတွေကလည်း လိုအပ်ရင် သူတို့ကိုယ်တိုင်ရှင်းလင်းတင်ပြဖို့လုပ်မယ်လို့ဆိုပါတယ်" ဟုဦးဆလိုင်းအိုက်ဇက်ခင်ကပြောကြားသည်။

ကုလားတန်မြစ်ကြောင်းဘက်စုံစီမံကိန်းကို အိန္ဒိယနှင့်မြန်မာအစိုးရတို့ပူးပေါင်း၍ ၂၀၀၉ ခုနှစ်ကစတင်အကောင်အထည်ဖော်ခဲ့ရာ လာမည့် ၂၀၁၃ ခုနှစ်တွင်ပြီးစီးရန်ရည်မှန်းထားသည်ဟုသိရသည်။

ကုလားတန်မြစ်ကြောင်း ဘက်စုံစီမံကိန်းမှာ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ရခိုင်ပြည်နယ် စစ်တွေ၊ ပုဏ္ဏားကျွန်းနှင့် ကျောက်တော် မြို့တို့တွင်သက်ရောက်မှုရှိပြီး စီမံကိန်းနှင့်ပတ်သက်သောလေ့လာမှုများကို ဂျီဒီအိုင်(မြန်မာ)အဖွဲ့နှင့် ရခိုင်ကမ်းရိုးတန်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသင်းတို့က ပြီးခဲ့သည့်အောက်တိုဘာလအတွင်းကတွေ့ဆုံမေးမြန်းလေ့လာမှုပြုလုပ်ခဲ့ခြင်းဖြစ်သည်။